

# အနန္တ

## တန်ခိုးတော်ရှင်

# ဗုဒ္ဓ

ဦးအောင်သိန်းမြတ်

ဦးအောင်သိန်းမြတ်

# အနန္တတန်ခိုးတော်ရှင်ဗုဒ္ဓ

[ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် ၉၄၅၅]

နီလာ-စာပေ

အမှတ် ၈၃ / ၈၅၊ ၅၁—လမ်း၊
အရှေ့ပိုင်းစာတိုက် ရန်ကုန်မြို့။
ဖုန်း ၁၆၉၄၄

ပုံနှိပ်ခြင်း။ ။ပထမ အကြိမ်

မျက်နှာဖုံးရိုက်။ ။ချင်းတွင်း

စောင်ရေ။ ။(၂၀၀၀)

မျက်နှာဖုံးပန်းချီ။ ။ပန်းချီ မောင်ငွေထွန်း

အတွင်းဒီဇိုင်း။ ။ဒေ ဝင်း

ထုတ်ဝေသည့်လ။ ။၁၉၇၇-ခု ဖေဖော်ဝါရီလ

အဖုံး ဘလောက်။ ။သောင်းလှ

တန်ဖိုး။ ။ရှစ်ကျပ်

ပုံနှိပ်သူ။ ။ဦးချင်အောင် (မြဲ-၀၂၀၇)
လယ်သားပုံနှိပ်တိုက်
အမှတ် ၅၊ လမ်း ၁၀၀၊
ကန်တော်ကလေးဝတိုက်၊
ရန်ကုန်မြို့က ပုံနှိပ်သည်။

ထုတ်ဝေသူ။ ။ဦးကြည်အေး (မြဲ-၀၈၁၆)
လင်းလင်းစာအုပ်တိုက်၊
အမှတ် ၁၊ ၅-လမ်း၊
၄-ရပ်ကွက်၊ သာကေတ
ရန်ကုန်မြို့က ထုတ်ဝေသည်။

# ရှေးဦးစကား

ကျွန်ုပ်သည် ဤ အနန္တတန်ခိုးတော်ရှင်ဗုဒ္ဓ အမည်ရှိသော စာအုပ်ကို ရေးသားရန် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်ကပင် စတင် စိတ်ကူးခဲ့မိပေသည်။ သို့သော် အကြောင်းမညီညွတ်သဖြင့် မရေးသားဖြစ်ခဲ့ပေ၊ ယခုအခါတွင်မူ ဤစာအုပ်ကို ရေးသားလိုသောစိတ်ဆန္ဒသည် ကျွန်ုပ်အား တွန်းထိုးလှုံ့ဆော်ခဲ့ပြီဖြစ်ရာ လောကီ၊ လောကုတ် နှစ်ပြာသောအကျိုးအတွက် ကြိုးစားအားထုတ်၍ ရေးသားပါမည်။

ဤစာအုပ်ကို အနန္တတန်ခိုးတော်ရှင်ဗုဒ္ဓ ဟူ၍ အမည်ပေးပါသည်။

သို့တစေ ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ ရေတွက်ပိုင်းခြား၍ မရနိုင်ကောင်းသော ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် တန်ခိုးတော်အနန္တတို့ကို မည်သူသည် ကုန်စင်

အောင် သိမြင် ဖော်ပြနိုင်ပါမည်နည်း။ ကြီးကျယ်လှသောမြင့်မိုရ်တောင်မင်းကို ခါးကျိုးစိမ့်သောငှာ ဆံခြည်မျှင် တချောင်းဖြင့် ထိုးနှက်သကဲ့သို့သာ ရှိချေမည်တည်း။

မြူမှုန်တမှုန်နှင့်မဟာပထဝီ မြေကြီးအထုသည် မနှိုင်းယှဉ်နိုင်ပေ။ အဆမည်မျှ ကွာခြားပါသည်ဟူ၍လည်း သချ်ာနည်းဖြင့် မဖော်ပြနိုင်ပေ။

ထိုနည်းတူစွာပင် ဤစာအုပ်ငယ်သည် မြူမှုန်ဖြစ်၍ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တန်ခိုးတော်အနန္တသည် မဟာပထဝီမြေကြီးအရာဖြစ်ပါပေသည်။ ရေတွက်ခန့်မှန်း၍ မရနိုင်သော ဘုန်းတော်ဂုဏ်တော် အနန္တအနက်မှအလွန်သေးငယ်သောအကြောင်းအရာ ကလေးများသာ ဖြစ်ချေတော့သည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည်ရေတွက်ပိုင်ခြား ခန့်မှန်း၍မရနိုင်သော အနန္တတန်ခိုးတော်ရှင်ကြီး ဖြစ်သော်လည်း တန်ခိုးပြာဋ္ဌိဟာကို အားမပေးပေ။ ချီးမွမ်းတော်မူခြင်း မရှိချေ။

အခါတပါး၌ မြတ်ဗုဒ္ဓဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ ထိုပြည်၌ရှိသော တိတ္ထိတို့သည် မဟာသမုဒ္ဒရာရေကို ခန်းခြောက်စိမ့်သောငှာ အပ်ဖျားဖြင့်ကော်ခတ်ကြသကဲ့သို့ ဗုဒ္ဓမြတ်စွာအားရင်း၊ ဗုဒ္ဓမြတ်စွာ၏ တပည့်သား သံဃာတော်အရှင်မြတ်များအားရင်း၊ နည်းအမျိုးမျိုးဖြင့် နှောက်ယှက်ကြ၏။ ပုတ်ခတ်ကြ၏။

လူတို့သည် ခန္ဓာကိုယ်အတ္တဘော၏ မတည်မြဲသောသဘောကို ထင်လင်းသိလွယ်ရန် တိမ်သောဉာဏ်ရှိကြ၏။ ယင်းခန္ဓာ၏ ဆင်းရဲမှုကို ဆင်းရဲမှုဟူ၍ သိမြင်ရန်ကား ပို၍ဝေးကြ၏။ ထိုခန္ဓာ

ကောင်၏ အလိုမလိုက် အကြိုက်မပါသော အဖြစ်ကိုမူပို၍သိမြင်ရန် ပညာနှိုးနှဲကြ၏။

တဖန် ထိုတရားတို့ကို နာကြားရန်လည်း သာမန်လူနတို့ ထုံးစံအတိုင်း ဝန်လေးကြသည်။

သို့ရာတွင်အထူးထူးအဆန်းဆန်းလုပ်ကိုင်ပြသခြင်းတို့ကိုမူစိတ်ဝင်စားကြလေသည်။ ထိုသို့ ပြုလုပ်ပြသနိုင်သူအား ခယ ချဉ်းကပ်ကြသည်။ ဤနိမ့်ပါးသော လူ့သဘောကို နှောကျေအောင် သိသော တိတ္ထိတို့သည် သာမန်လူတို့ ဆောင်ရွက်နိုင်သော အမှုထူး၊ ကိစ္စထူး၊ အမှုဆန်း၊ ကိစ္စဆန်းများကို ဆောင်ရွက်ပြကြသည်။ ထိုအခါ အဆိုးအကောင်း မသိရှာသူတို့မှာ တိတ္ထိများ ထံ ချဉ်းကပ် ခစားကြသည်။ ကိုးကွယ်ကြသည်။

ဤနည်းဖြင့် အခြံအရံ တပည့်တပန်း များပြားလာသော ထိတ္ထိတို့သည် အခြံအရံ မာန်မာန ယစ်မူးလာကြသည်။ ဗုဒ္ဓရှင်တော်မြတ်နှင့် တပြည့်သားသံဃာတော် အရှင်မြတ်များကို ထိပါး ပုတ်ခတ်လာကြသည်။

"ရှင်ကြီးဂေါတမကား" တရားသာ ဟောတတ်သည်။ တန်ခိုးဣဒ္ဓိပါဒ်အရာတွင် ငါတို့ကို မမှီချေ။ စသည်ဖြင့် နေရာတကာတွင် ကြွေးကြော်ကြသည်။ သူတို့၏ တပည့်တပန်းများကလည်း သူတို့၏ ဆရာများ အသံအတိုင်း လိုက်လံဝါဒ ဖြန့်ချိကြလေသည်။ တိတ္ထိတို့ကို အဟုတ်ကြီး ထင်သူကလည်း ထင်ကြ၏။ ဟုတ်လိမ့်နိုးနိုးဖြင့် ချဉ်းကပ်ကိုးကွယ်လာကြ၏။

သို့ဖြစ်စေကာမူ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်မတ်သော ယုံကြည်မှု ရှိသူတို့ကား ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌

ယုံမှားသံသယလုံးဝမဝင်ဘဲ ကြံ့ခိုင် နေကြသူများရှိသလိုတိတ္ထိ တို့၏ လေမုန်တိုင်းဒဏ်ကြောင့် ယုံမှားသံသယ ရှိသူတို့လည်း ရှိလာကြလေသည်။

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌ သက်ဝင်ယုံကြည်ကြသော လူများကလည်း တိတ္ထိတို့ကို ပြန်ရှုံ့နှုတ်ဖြင့် ထိုးစစ်ဆင်ကြသည်။ နီးစပ်ရာများသို့ချဉ်းကပ်၍ တိတ္ထိတို့၏ ပရိယာယ်ကို နားမယောင် ကြရန် စည်းရုံးကြသည်။ သိမ်းသွင်းကြသည်။

သို့လော သို့လောဖြင့် ယုံမှားသံသယဖြစ်နေသော သူဌေး တယောက်သည် ရာဇဂြိုဟ်ပြည်၌ ပေါ်ပေါက်လာခဲ့လေသည်။ ထိုသူဌေးသည် တိတ္ထိဂိုဏ်းက စည်းရုံးလျှင်လည်း ခေါင်းမညိတ်၊ ဗုဒ္ဓ တပည့်များက သိမ်းသွင်းရာတွင်လည်း ခေါင်းမညိတ် ဘဲ အကြံထုတ်နေခဲ့လေသည်။

"လောကတွင် အမှန်တရားဟူသည် မုချရှိရမည်။ အမှား ချည်းကား ဖုံးလွှမ်းမနေနိုင်။ သို့ကြောင့် အမှားနှင့်အမှန်၊ အတုနှင့်အစစ်ကို ခွဲခြားနိုင်ရန် ကြံမှဖြစ်မည်"

ဟု တွေးတောကာ စန္ဒကူးသပိတ်တလုံး ပြုလုပ်လေသည်။ အတက်အခက် အဖုအထစ်မရှိသော သစ်လုံးကြီး တလုံးကို ရှာဖွေသည်။ အလွန်ရှည်သော တိုင်ထိပ်တွင် စန္ဒကူးသပိတ်ကို ချိတ်ကာ တိုင်ကို မြေတွင်စိုက်ထူ၍ ဤသို့ ကျေညာလိုက်လေသည်။

"လောကတွင် တန်ခိုးဣဒ္ဓိပါဒ်ရှိသော ပုဂ္ဂိုလ်များအမှန် ပင် ရှိငြားအံ့။ ဤသပိတ်ကို လှေကားမထောင်၊ ပေါင်ခွင်မ ထိုး၊ ငြမ်းမကူဘဲ ကောင်းကင်ခရီးဖြင့် လာရောက် ဆောင်ယူ ကြကုန်လော့"

---

ဗုဒ္ဓမြတ်စွာ၏တပည့်သား သံဃာတော်များသည် အတောင်ရှစ်ဆယ်မျှ မြင့်သောတိုင်ထိပ်တွင် ချိတ်ဆွဲထားသော စန္ဒကူးသပိတ်ကို အရေးထားစရာဟု မထင်ကြချေ။

တိတ္ထိများကမူ ရာဇဂြိုဟ်တပြည်လုံး ဟိုလေး တကျော်ဖြစ်လျက် လူတိုင်းလိုလို စိတ်ဝင်စားနေသော ဤသပိတ်ကိုသာ လက်ဝယ်ရရှိလျှင် ရာဇဂြိုဟ် တခွင်၌ ငါတို့မှုချတန်ခိုးထွားပြီဟု ယုံကြည်နေကြ၏။

ထို့ကြောင့် တိတ္ထိဂိုဏ်းများ အဆက်မပြတ် ရောက်ရှိလာကြ၏။ တပည့်တပန်းများ ခြံရံလာသော တိတ္ထိ အကြီးအကဲများသည် ကောင်းကင်သို့ ပျံတက်မည့် ဟန်ပြုကြရာ တပည့်များက–

"ဤသပိတ်မျှဖြင့် တန်ခိုးမပြပါရန်"ဝိုင်းဝန်းတောင်းပန်ကြ၏။ယင်းသို့ အကြီးအကဲကိုတောင်းပန်သူက တောင်းပန်နေကြစဉ် ကျန်တပည့်များက"သူဌေးကြီး၊ဘာမှ ယုံမှား သံသယ ရှိမနေနဲ့။ ကျုပ်တို့ဆရာဟာ သိပ်တန်ခိုးကြီးတယ်။ ဘာမဟုတ်တာလေးနဲ့ ဈာန်ပျံပြရမှာ မကောင်းပါဘူး။ လှူလိုက်ပါ"ဟု သွေးဆောင်ကြ၏။

သူဌေးကြီးကား ခေါင်းမာလှ၏။ "ဘယ်သူဘဲ ဖြစ်ဖြစ်၊ ဘာဘဲဖြစ်ဖြစ်၊ ကျုပ်သပိတ်ကို ကောင်းကင်ခရီးက လာနိုင်သူမှသာရရမယ်"ဟု ပြတ်သားစွာ ငြင်းဆိုလိုက်၏။

အချို့သော တိတ္ထိဂိုဏ်းများကလည်း "ကျုပ်တို့ဂိုဏ်းအကြီးအကဲကို အဲဒီသပိတ်လှူရင် ငွေကြေး ဘယ်ရွှေဘယ်မျှ ပေးမည်" ဟု လာဘ်ပေး၍ငင်း၊ "ကျုပ်တို့ဂိုဏ်းဆရာကို အဲဒီသပိတ် မပေး

လူ့ရင် မည်သို့ဖြစ်စေမည်”စသည်ဖြင့် ခြိမ်းခြောက်၍ငင်း၊ စန္ဒကူး သပိတ်ကို ပရိယာယ်နှင့် ရယူရန် ကြိုးစားသူများလည်း ရှိကောင်း ရှိမည်သာ ဖြစ်ပေသည်။

စန္ဒကူးသပိတ်သည် တိုင်ထိပ်၌ ရှိမြဲရှိနေ၏။ တိတ္ထိများက လည်း တဖွဲဖွဲ့ပြီးတဖွဲလာပြီး ကြိုးစားဆဲရှိ၏။ တရက်မှ နှစ်ရက်၊ နှစ်ရက်မှ သုံးရက် စသည်ဖြင့် ခုနစ်ရက်သို့ တိုင်လာခဲ့၏။

“အတောင်ချစ်ဆယ်မျှသာ မြင့်သော ဤတိုင်ထိပ်ရှိ စန္ဒကူး သပိတ်ကိုရယူရေးသည် မထေရ်ကြီး ရဟန္တာကိုယ်တော်ကြီးများ အတွက် အသေးအဖွဲ့မျှသာ ဖြစ်သည်။ သို့ကြောင့် အရှင်မြတ် များလာရောက် မယူဆောင်ကြသည့်အတွက် ဤသပိတ်သည် ရှိမြဲရှိနေ၏။ သို့သော် ယင်းသို့ယူနိုင်သူ ပေါ်ပေါက်မလာခြင်း ကိုအကြောင်းပြု၍ အချို့သောသူများသည် သံဃာတော် အရှင် မြတ်များနှင့် အရှင်မြတ်တို့၏ ဖခင် မြတ်စွာဘုရားသခင်ကိုပါ တိတ္ထိတို့နှင့် တတန်းတစားတည်း မြင်ကြထင်ကြပေတော့မည်။ ဈာန်အဘိညာဉ်ရသော ရဟန်းတော်များကို အထင်သေး ပုတ် ခတ်စကားပြောမိလာသည့် အခြေအနေမျိုး ဖြစ်လာလေ၏။

ထိုနေ့ နံနက်အချိန်တွင် အရှင်မောဂ္ဂလ္လာန်မထေရ်နှင့် အရှင် ပိဏ္ဍောလမထေရ်နှစ်ပါးတို့ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရန် ပြင်ဆင်နေကြ၏။ အရှင်နှစ်ပါးသည် စန္ဒကူးနီသပိတ်နှင့် စပ် လျဉ်း၍ ဖြစ်ပေါ်နေသော သတင်းစကားများကို ကြားသိကြ ပြီး ဖြစ်သည်။

လူအပေါင်းတို့သည် ဗုဒ္ဓသာသနာတော်၌ ယုံမှားသံသယ ဖြစ်ကာ ကျူးလွန်ပြစ်မှားရှိကြလျှင် အပြစ်ကြီးလေးကြတော့

မည်ကို သနားခြင်းကရုဏာ ဖြစ်ပေါ်လာကြ၏။ ထို့ကြောင့် အရှင်မောဂ္ဂလ္လာန်မထေရ်က အရှင်ပိဏ္ဍောလမထေရ်အား တိုက်တွန်းလေ၏။ ပရိသတ်အပေါင်းအား တန်ခိုးပြာဋိဟာ ပြ၍ စန္ဒကူးသပိတ်ကို ယူရန် တိုက်တွန်းလေ၏။

ထို့ကြောင့် အရှင်ပိဏ္ဍောလမထေရ်သည် ဈာန်သမာပတ် ဝင်စားလျက် ကောင်းကင်ယံသို့ ပျံကြွလေသည်။ တဖန် အလွန်ကြီးမားကျယ်ပြန့်သော ကျောက်ဖျာကြီး တချပ်ကို ခြေမဖြင့် ညှပ်လျက် ရာဇဂြိုဟ်မြို့ပေါ်သို့ ပျံကြွလာလေ၏။ ရာဇဂြိုဟ်မြို့အလုံးမှာ နေ့အခါပင် ဖြစ်စေကာမူ နေရောင်လုံးဝ ကွယ်ပျောက်သွားချေသည်။

လူအပေါင်းလည်း "အကြောင်းမည်သို့နည်း"ဟု ကောင်းကင်သို့မော့ကြည့်ကြရာ ကျောက်ဖျာကြီးကို ခြေမကြားတွင် ညှပ်လျက် ပျံဝဲနေသော မထေရ်ကို မြင်ကြရလေ၏။ "ကျောက်ဖျာကြီးကြီး၊ မထေရ်ကငယ်ငယ်ကလေး၊ လွတ်ကျသွားမှဖြင့်...." ဟု စိုးရိမ်စိတ် ဖြစ်ပေါ်လာကြ၏။

မှန်ပေသည်။

ကျောက်ဖျာကြီးသာ လွတ်ကျခဲ့သော် ရာဇဂြိုဟ်တမြို့လုံး အမှုန်အစ ရှာမရဘဲ ကျောက်ဖျာအောက်တွင် ပျောက်ကွယ်သွားရန် သေချာလှပေသည်။ ထို့ကြောင့် ထိုင်၍ ရှိခိုးကြ၏။ တောင်းပန်ကြ၏။ ငယ်သံပါအောင် အော်ကြ၏။

"အရှင်ဘုရား....ကျောက်ဖျာကြီးကိုမြဲမြဲညှပ်ထားပါ။မတော်တဆ လွတ်ကျရင် တပည့်တော်တို့ တမြို့လုံး ပြားချပ်သွားပါလိမ့်မယ်"

"မထေရ်မြတ်၊ ကျောက်ဖျာကြီးကို တော်ရာလွတ်ရာ ယူသွားပါ၊ ကြောက်လှပါပြီ"

တမ္ဗိုလုံး ရုတ်ရုတ်သဲသဲနှင့် အုတ်အော်သောင်းတင်း ဖြစ်သဖြင့် ထွက်ကြည့်သော စန္ဒကူးသပိတ်ဒါယကာသူဌေးကြီးသည် မထေရ်မြတ်ကို မြင်သွားလေပြီ။ "တန်ခိုးဣဒ္ဓိပါဒ်ရှိသူများမှာ မည်သူတွေ"ဟု သူသဘောပေါက်သွားလေပြီ။

"အရှင်မြတ်ဘုရား၊ တမ္ဗိုလုံးလဲ ထိတ်လန့်တကြား ဖြစ်ကုန်ပါပြီဘုရား၊ ဒါကြောင့် ကျောက်ဖျာကို တော်ရာမှာထားပြီး ဒီသပိတ်ကို ကြွရောက် အလှူခံတော်မူပါဘုရား"

အရှင်ပိဏ္ဍောလမထေရ်သည် ကျောက်ဖျာကို မူလနေရာသို့ ပို့လိုက်ပြီးလျှင် စန္ဒကူးသပိတ်ကို ကောင်းကင်ခရီးဖြင့် လာရောက် ဖြုတ်ယူသွားလေ၏။

အရှင်ပိဏ္ဍောလမထေရ်၏ အပြုအမူကား အကျိုးကြီးပေ၏။ ကြီးမားပုံမှာ ဤသို့ဖြစ်လေ၏။ လူတို့သည် အရှင်ပိဏ္ဍောလ မထေရ်၏ တန်ခိုးပြာဋိဟာကို ဖူးမြော်ကြရပြီးနောက် ပြောကြဆိုကြ၊ ဆွေးနွေးကြ၏။ ဝေဖန်ကြ၏။

"ဘုရားသားတော် တပည့်မျှသာဖြစ်သော အရှင်ပိဏ္ဍောလသည်ပင် ဤမျှ တန်ခိုးရှိပါက သားတော်ကြီး တပည့်ကြီးများ ဖြစ်ကြသော ရဟန်းတော်များဆိုလျှင် သာ၍သာ၍ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံကြလိမ့်မည်။ ရဟန်းတို့၏ ဆရာဖြစ်သော မြတ်စွာဘုရားမှာမူ အဘယ်မှာ ဆိုဘွယ်ရာ ရှိတော့အံ့နည်း။ ရေတွက်ပိုင်းခြား ခန့်မှန်းမရနိုင်သော တန်ခိုးဖြင့် ပြည့်စုံမည်မှာ မုချသာတည်း"

ဗုဒ္ဓမြတ်စွာကိုယ်တော်ရှင်အား တိုး၍ တိုး၍၊ ဆင့်၍ ဆင့်၍၊ ကြည်ညိုသဒ္ဓါပွားကြသည်။ သာသနာ၌ သက်ဝင် ယုံကြည်သူတွေ များပြားလာသည်။ တိုးပွားသည်ထက် တိုးပွားလာသည်။ ရဟန်းသာမဏေတို့မှာလည်း ကြီးမားသော လာဘ်လာဘကို ရရှိကြလေသည်။

ယင်းနှင့်ဆန့်ကျင်ဘက်ဖြစ်ရပ်မှာအသီးအသီးအသကအသကသော တိတ္ထိတက္ကတွန်းဂိုဏ်းများတွင် ယုံကြည်သက်ဝင်သူများအဆမတန် ယုတ်လျော့သွားခြင်းနှင့် လာဘ်လာဘ တိတ်ဆိတ်ခြင်းပင် ဖြစ်ပေတော့သည်။

သို့ရာတွင် ဗုဒ္ဓရှင်တော်ဘုရားသည် စန္ဒကူးသပိတ်ယူငင်သောအရှင်ပိဏ္ဍောလ၏ ကိစ္စဖြစ်ပွားပြီးနောက် ရဟန်းတို့အား ပညတ်တော်မူလေသည်။

“မည်သည့် ရဟန်းသာမဏေမျှ တန်ခိုးဣဒ္ဓိပါဒ် မပြရ” ဟူသတည်း။

ယနေ့အခါတွင် အချို့သော ဘုရားပုထိုးများ၌ “တံခွန်တိုင်” တမျိုးကို တွေ့နိုင်ကြပေ၏။

ရှိရင်းစွဲ တံခွန်တိုင်မှာ လေ၌တလူလူ လွင့်နေသော တံခွန်လုံးကို တိုင်ထိပ်တွင် ချိဆွဲထားပေသည်။ ဤကား အဝတ်ကို ပြုလုပ်သော တံခွန်လုံးပေတည်း။ ယင်းကဲ့သို့ပင် စက္ကူအဝတ်ကို အပြားလည်းလုပ်၍ ချိတ်ဆွဲသော တံခွန်ပြားလည်း ရှိပေသေးသည်။ ထိုမှတဆင့် တက်၍ ကြာရှည်ခံစေရန် ဟူသော ရည်ရွယ်ချက်၊ ဖူးမြင်ရသူတို့ သဒ္ဓါပွားစေရန် ဟူသော စေတနာဖြင့်

သစ်သားကို ပြုလုပ်၍ ရွှေချထားသော တံခွန်လုံး တံခွန်ပြား များ ပေါ်ပေါက်လာခဲ့ပါသည်။

ဤတံခွန်လုံး၊ တံခွန်ပြားချိတ်ဆွဲသော တိုင်ကို တံခွန်တိုင်ဟု ခေါ်၏။ တံခွန်တိုင်ထိပ်တွင် များသောအားဖြင့် ဟင်္သာရုပ် များရှိကာ အရုပ်၏ နှုတ်သီးဖျားတွင် တံခွန်ကို ချိတ်ဆွဲလေ့ရှိ ကြပေ၏။ တံခွန်တိုင်၏ ခြေရင်းဝယ် နတ်ရုပ်လေးရုပ် နှစ်ရုပ် စသည် ရှိပေသည်။

ယင်းနည်း မြင်တွေ့နေကျ တံခွန်တိုင်များ တည်ထားသည့် အတိုင်း ရှိသော်လည်း တံခွန်မပါသော တိုင်များကိုလည်း ပုထိုး ဘုရားများ၊ ရင်ပြင်တွင် ရံဖန်ရံခါ တွေ့ရတတ်၏။ ထိုတိုင်များ၏ ထိပ်ဖျားဝယ် ရဟန်းတပါးနှင့် သပိတ်တလုံးၡ၏။ တိုင်ခြေရင်း တွင် တိုင်ကို ဖက်တက်ရန် ကြိုးစားနေကြသော တိတ္ထိတက္ကတွန်း များကို မတော်မလျော် ရုပ်သွင်ဖြင့် တွေ့ကြရသည်။

ဤတိုင်မျိုးကား ဖော်ပြပါ စန္ဒကူးသပိတ်ရယူတော်မူသော အရှင်ပိဏ္ဍောလနှင့် တိတ္ထိတို့အကြောင်းကို ဖော်ပြသော ဇာတ် ကွက် ဇာတ်ခန်း ဖြစ်ပေသည်။

စာကို ပြန်၍ ဆက်ပါမည်။

"ဗုဒ္ဓမြတ်စွာကိုယ်တော်သည်လာဘ်လာဘပေါများစေသော သာသနာဝင်ဦးရေ လျင်မြန်စွာ တိုးပွားစေသော တန်ခိုးပြခြင်း ကို အဘယ်ကြောင့် ပိတ်ပင်တော်မူရပါသနည်း"

အရှင်ပိဏ္ဍောလသည် သူ့ပါရမီ သူ့ဉာဏ်ပညာအလျောက် ဈာန်အဘိညာဉ် ရရှိသည်။ သူရရှိသော ဈာန်အဘိညာဉ်နှင့် လျော်ညီသော တန်ခိုးဣဒ္ဓိပါဒ်ကို ပြနိုင်စွမ်းသည်။

အရှင်ပိဋကကျောလ၏ တန်ခိုးဣဒ္ဓိပါဒ်ကိုမြင်ရပြီးသော အကြင်သူသည် တန်ခိုးမပြနိုင်သော ရဟန်းတပါးပါးကို တွေ့မြင်ရချေသော် ဆင်ခြင်တုံကင်းမဲ့စွာ ကဲ့ရဲ့မိငြားအံ့။ ထိုသူတွင် အပြစ်ဖြစ်တော့မည်။ ရဟန်းတွင်လည်း အနှောက်အယှက် ဖြစ်ရပေတော့မည်။

တဖန် တန်ခိုးဣဒ္ဓိပါဒ်ကို အထင်ကြီးပြီး မြတ်စွာဘုရားသာသနာတော်၌ သက်ဝင်ယုံကြည်ခြင်းထက် မြတ်စွာဘုရား၏ တရားတော်ကို လေးမြတ်ကြည်ညိုသောကြောင့် သက်ဝင်ယုံကြည်ခြင်းက သာလျှင် အဓိပ္ပါယ်ရှိ၍ လိုလားအပ်ပေသည်။

မြတ်စွာဘုရားသည် အကာထက် အနှစ်ကိုသာလိုလားတော်မူပေသည်။

ထိုမှတပါး တန်ခိုးဣဒ္ဓိပါဒ်သည် နိဗ္ဗာန် ရွှေပြည်မြတ်သို့ရောက်ရာ ရောက်ကြောင်းလည်း မဟုတ်ပေ။ အကြောင်းမသင့်ပါက အနည်းငယ်မျှသော ဈာန်အဘိညာဉ် တန်ခိုးကို မှီခိုကာထောင်လွှား မာနဖြင့် ဒေဝဒတ်ကဲ့သို့လည်း မှားယွင်းနိုင်ပေသေးသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားသည် တန်ခိုး ဣဒ္ဓိပါဒ်ကို ချီးကျူးတော် မမူပေ။

သို့ရာတွင်–

စန္ဒကူး သပိတ်အရေးအခင်းတွင် မရှုမလှ အရေးနိမ့်ခဲ့သော တိတ္ထိတို့သည် "မြတ်စွာဘုရားက တန်ခိုးမပြရဟု" ပညပ်တော်မူ

သည့် သတင်းကို ကြားကြရသည်တွင် ဉာဏ်နီ ဉာဏ်နက်ထုတ်ကာ လှည့်လည် ကြွေးကြော်ကြပြန်လေသည်။

"ရဟန်းဂေါတမဟာ၊ မြတ်သောအမျိုးမှ လာသောကြောင့် ဉာဏ်အမြော်အမြင် အတန်အသင့် ရှိပါပေသည်။ ထို့ကြောင့် သာ သူ့တပည့် ရဟန်း သာမဏေတွေ တန်ခိုးမပြရဟု ပိတ်ပင် လိုက်ခြင်းဖြစ်သည်။ ပိတ်ပင်လိုက်ခြင်းမှာ ငါတို့ တက္ကဒွန်းများ က တန်ခိုးကို မချုပ်တည်းဘဲ လွှတ်ပေးလိုက်သော အခါမျိုး တွင် သူ၏ တပည့်တဦးဦး လာရောက်ယှဉ်ပြိုင်မိပါက သူ၏ တပည့်ရဟန်းများ ရှုံးနိမ့်ကာ သူ၏ ဂုဏ်ကိုပါ ထိခိုက်မည်ကို မြင်သောကြောင့် ဖြစ်သည်"

ထိုမှ တဆင့်တက်၍ "ရဟန်းဂေါတမ၏ တပည့်တပန်းများ သည် အမှန်ပင် တန်ခိုးပြပါမူ အချိန်မရွေး ငါတို့နှင့် တန်ခိုး ပြိုင်လှည့်"ဟု စိန်ခေါ်ညာလိုက်လေသည်။

ညာဝါး ဖျန်းသမ်းမှုတွင် ဘေဒင်ရ လောက်သော တိတ္ထိတို့၏ လှည့်လည် ကြွေးကြော်မှုကြောင့် အချို့လူများ ထင်ယောင် ထင်မှား ဖြစ်လာကြရပြန်သည်။ နောက်ဆုံးတွင် ပြည့်ရှင်မင်း ကိုယ်တိုင်ပင် မနေသာတော့ဘဲ ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်ကာ အကြောင်းစုံကို လျှောက်ထားရသည်အထိ အရေးအခင်းမှာ ကြီးကျယ်လာလေသည်။

ထို့ကြောင့်ပင် မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနီးရှိ သရက်ပင်ရင်းတွင် ရေ မီး အစုံစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း ဖြစ်ပေသည်။ "ရေ မီး အစုံစုံ" ဟူသည်မှာ၊ မွေး ညှင်းတော် တပေါက်မှ ရေထွက်လျှင် ကပ်လျက် မွေးညှင်း

တော် တပေါက်မှ မီးထွက်နေခြင်းပင် ဖြစ်သည်။ ဤသို့ ရေ, မီး အစုံစုံ တန်ခိုး ပြာဋိဟာကို ပြတော်မူသောပွဲသို့ ရောက်ရှိလာသော ပရိတ်သတ်ကြီးမှာ အံ့ချီးရှုမကုန်သော ကိုယ်တော်၏ အသရေကို ဖူးမဝ ရှုမငြီး ကြည်ညိုမဆုံး ဖြစ်နေဆဲမှာပင် မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ တရားတော်မြတ်ကို ဟောကြားတော်မူရန် တာဝတိံသာသို့ ကြွသွားတော်မူသည်။

ဤကဲ့သို့ အံ့ဩမကုန် ချီးကျူး၍မနိုင် ဖြစ်နေကြသော လူထု ပရိတ်သတ်ကြီးမှာ မြတ်စွာဘုရားကို ဖူးမျှော်လိုသော ဆန္ဒပြင်းပြလျက် ရှိကြသည်။ ထို့ကြောင့်မြတ်စွာဘုရား ပြန်ကြွ မလာမချင်း ဇေတဝန်ကျောင်းကောင်းဖြင့် စောင့်နေခဲ့ကြသည်။ ဤအခါမှ စ၍ မြတ်စွာဘုရား တာဝတိံသာမှ ကြွမြန်းလာစဉ် ဆီးမီးထွန်းညှိ ပူဇော်ကာ ကြိုဆိုခြင်းကို အကြောင်းပြု၍ သီတင်းကျွတ် မီးပူဇော်ပွဲပေါ်ပေါက်လာသည်ဟု ဆိုကြကုန်၏။

အချုပ်ကို ဆိုရသည်ရှိသော် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် တန်ခိုး ပြာဋိဟာကိုအားပေးတော် မမူပေ။ "တန်ခိုးပြာဋိဟာ" ဟူသည် သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ကြောင်း တရား မဟုတ်သောကြောင့် ဖြစ်၏။

သို့ဖြစ်လျှင် ဗုဒ္ဓ၏ ဥပါသကာတယောက် ဖြစ်သော ကျွန်ုပ် အဘယ့်ကြောင့် တန်ခိုးဣဒ္ဓိပါဒ် အကြောင်းကို စာတစောင် ပေတဖွဲ့ ရေးနေရပါသနည်း။

အကြောင်းကား ဤသို့ ဖြစ်ပါသည်။

---

နီလာစာပေ

လွန်ခဲ့သော နှစ်ပေါင်း ၂၀-ကိုပင် ပြန်ကောက်ခွင့် ပြုစေလိုပါသည်။

ထိုအချိန်က အလွန် နာမည်ကြီးသော ရောင်စုံမြင်ကွင်းကျယ် အင်္ဂလိပ် စကားပြော ရုပ်ရှင်ကားတကားကို ကျွန်ုပ် ကြည့်ရှုရလေသည်။ လူကြိုက် အလွန်များသည့်အတွက် ရန်ကုန်မြို့တွင် သီတင်းပတ်ပေါင်း များစွာ ပြသသွားခဲ့ပေသည်။ ရုပ်ရှင်ကား အမည်မှာ The Ten Commandments. ပညပ်တော်ဆယ်ပါးဟူ၏။

ဇာတ်လမ်း၏ နိဂုံးချုပ်တွင် ဤသို့ ပါရှိ၏။

မိစ္ဆာဒိဋ္ဌိ ဘုရင်သည် ခရစ်ယာန် သမ္မာဒိဋ္ဌိ ဝင်များအား ကြီးမားသော စစ်တပ်ကြီးဖြင့် လိုက်လံတိုက်ခိုက် သတ်ဖြတ်သည်။ သမ္မာဒိဋ္ဌိဝင်များလည်း အသက်နှင့်ကိုယ် အိုးစား မကွဲရေးအတွက် အားသွန် ပြေးကြရာ ရှေ့တွင် မြစ်ကြီးတသွယ် ခြားနေလေတော့သည်။ ရှေ့တွင်မြစ်၊ နောက်တွင် ရန်သူ။

ရန်သူက သတ်မည်မှာ သေချာ၏။ မြစ်ထဲ ဆင်းပြေးပါက ရေစီးနှင့် မျောပါပြီး တနေရာရာတွင် သွားရောက် ငြိနေ တင်နေနိုင်သေးသည်။ သို့ကြောင့် မြစ်ထဲသို့ ဆင်းပြေးကြရာ မြစ်ရေပြင်သည် ကျောက်ကျောတုံးကြီးကို ဓားဖြင့် ခွဲချပြီး ဘေးသို့တွန်းပေးလိုက်သကဲ့သို့ ထက်ခြမ်းကွဲသွား၏။ အလယ်၌ ဖုံနေသော မြေလမ်းသည် ပေါ်လာ၏။ ယင်းလမ်းဖြင့် ခရစ်ယာန် သမ္မာဒိဋ္ဌိများ ပြေးသွားကြလေသည်။

နောက်မှ ဒလကြမ်းလိုက်လာသောမိစ္ဆာဒိဋ္ဌိဘုရင်၏တပ်သားများမှာမှင်သက်မိလျက် တအံ့တဩဖြင့် ငေးမော ငိုင်တွေနေ

ကြလေသည်။ အမျက်မာန်စောင် ကြီးလှသော ဘုရင် ကိုယ်တိုင် လည်းဘာလုပ်ရမှန်းမသိ ဖြစ်သွားလေသည်။

ရှေးမှ ပြေးသော သမ္မာဒိဋ္ဌိများ ကမ်းပေါ်သို့ ရောက်လုဆဲ အချိန်ဝယ် မိစ္ဆာဘုရင် သတိရလာကာ သူ၏ ရထားတပ်နှင့် မြင်းတပ်ကြီးကို "ရန်သူအား ချေမှုန်းလော့"ဟု အမိန့်ပေးနိုင် ၏။ များပြားသော ဗိုလ်ထု စစ်သည်များသည် သမ္မာဒိဋ္ဌိတို့ ပြေးသော မြစ်အတွင်း မြေလမ်းအတိုင်း ပြေးဆင်းသွားကြရာ အားလုံး မြစ်ထဲ ရောက်ရှိချိန်၌ နှစ်ခြမ်းပြတ် မြစ်ကြီးသည် ခါးပြန်ဆက်ကာ စီးမြဲ စီးဆင်းနေလေသည်။

ခက်ထန် မာန် မာန ထောင်လွှားသော ဘုရင်ယုတ်မှာ မြစ် ကမ်းပေါ်တွင် တဦးတည်း ကျန်ခဲ့ကာ မျက်နှာကို လက်ဝါးအုပ် လျက် ကလေးငယ် တယောက်အလား ရှိုက်ကြီးတငင် ငိုကြွေး ရှာလေသတည်း။

မြစ်ကွဲခန်းကို မြင်ရသော သူများသည် "ဟာ....၊ တယ်ဟုတ် ပါလား။ သိပ်တန်ခိုးကြီးတာဘဲ" စသော အာမေဋိတ်သံများ ဖြင့် မြည်တမ်းကြလေသည်။ ငယ်ရွယ်သော ကလေးများ၊ လူ ငယ်များနှင့် ဗုဒ္ဓဘာသာတွင် အကြားအမြင် နည်းပါးသော သူများသည် မွေးကတည်းက မိမိတွင် ပါလာသော လက်များ၊ ခြေများကို မသိသကဲ့သို့ ရှိကြချေ၏။

ထိုမျှသာ မကသေး။ ရုပ်ရှင်ကုမ္ပဏီ တခုကလည်း သာသနာ ဝင် ဇာတ်လမ်းတခုကို ရိုက်ထုတ်ရာတွင် ထိုမြစ်ကွဲခန်းကို ခါ တော်မှီ ကူးယူလိုက်ပြန်လေသည်။ ကျွန်ုပ်သည် ရုပ်ရှင်ရုံတွင်း၌ ကြားရသော အသံများကိုမူ ဘာသာပေါင်းစုံ ပါဝင်သော

ကြောင့် သည်းခံနိုင်သော်လည်း ရုပ်ရှင်သမားများ အတွက်မူ စိတ်ဆင်းရဲမိလေသည်။

ရုပ်ရှင်မည်သည် အများ ပြည်သူတို့ ကောင်းသော အသိတရား၊ အလင်္ကာနှင့် ဗဟုသုတတို့ကို ဖြန့်ချိပေးရန် တာဝန်ရှိ၏။ ဒါရိုက်တာနှင့် ထုတ်လုပ်သူတို့ ဗဟုသုတ နည်းသည့်တိုင်အောင် ဇာတ်ညွှန်း ရေးသူနှင့် ပင်မဝတ္ထု ဇာတ်လမ်း ရေးသူတို့ ဗဟုသုတ ပြည့်စုံသင့်ပေ၏။

ထို့ကြောင့် ဒါရိုက်တာနှင့် ထုတ်လုပ်သူတို့က ရေကဲ့ခန်းကို အတုယူရန် ကြိုးစားစဉ်မှာပင် ဇာတ်ညွှန်းသမား၊ ဝတ္ထုသမား စသူများသည် အသိပညာပေးရန် တာဝန်ရှိသည် ထင်၏။ ဗုဒ္ဓဘာသာ ဇာတ်လမ်းတွင် အခြား သာသနာရေး ဇာတ်လမ်းမှ အခန်းကို ကူးမချစကောင်း။ ခမ်းနားခြင်း၊ ကြီးကျယ်ခြင်းနှင့် အံ့ဖွယ်ရာ ကောင်းခြင်းတို့ကို ရိုက်ကူးလိုလျှင် ဤသို့-ဤသို့သော အကြောင်းအရာများ၊ အဖြစ်အပျက်များ ရှိသည်။ စသည်ဖြင့် ညွှန်ပြသင့်ကြပေသည်။

"ရွှေဦးစကား"၏ အစကို ပြန်ကောက်ရသည် ရှိသော်-ကျွန်ုပ်သည် ဖော်ပြခဲ့သော အကြောင်းကြောင့်ပင် လွန်ခဲ့သော နှစ်ပေါင်း ၂၀-က စတင်၍ ဤစာအုပ်ကို ရေးသားရန် ဆန္ဒဖြစ်ပေါ်ခဲ့လေသည်။

သို့ရာတွင် ကျွန်ုပ်သည် မိမိ၏ စိတ်ကူးဆန္ဒကို အကောင်အထည် မဖော်မိခဲ့ချေ။ နေ့ရွှေ့၊ ညရွှေ့၊ လရွှေ့၊ နှစ်ရွှေ့နှင့် နှစ်ပေါင်း ၂၀-ကျော်မည်သာ ကျော်မည်။ မလျှော့သော ကြာမြင့်ခြင်းဖြင့် ကြာမြင့်ခဲ့လေသည်။

---

နိလာစာပေ

လွန်ခဲ့သော ၁၄-၅ နှစ်က ဂမုန်းရောဂါ ထခဲ့ကြ၏။ ဇာတ်သိမ်းခန်းတွင် ဂမုန်းစာအုပ် ထုတ်သူနှင့် ဂမုန်း ရောင်းသူများသာ စီးပွား ဖြစ်ကြလေသည်။

ယနေ့ အချိန်တွင် မ,စမည့် ပုဂ္ဂိုလ်၊ မ,စနိုင်သော တန်ခိုးရှင် ရှာဖွေ ဆည်းကပ်သော ရောဂါ ထလာပြန်သည်။ ထိုပုဂ္ဂိုလ်အများစုသည် ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဖြစ်ကြပါလျက် အဘယ်ကြောင့် "မိမိကိုယ်သာလျှင် ကိုးကွယ်ရာဖြစ်သည်"ဆိုသောစကားကို မေ့လျော့နေကြသနည်း။

ထို့ပြင် "တန်ခိုးရှင်မို့ ကိုးကွယ်ပါသည်။ ဣဒ္ဓိပါဒ်ရှင်မို့ ဆည်းကပ်ပါသည်" ဆိုလျှင်လည်း "ထိုသို့သော ပုဂ္ဂိုလ်တို့ထက် အဆပေါင်း မည်ရွေမည်မျှ တန်ခိုးကြီးပါသည်ဟု သချာဖွဲ့တွက်ဖော်ပြရန်မစွမ်းအောင် တန်ခိုးကြီးသော အနန္တတန်ခိုးတော်ရှင် ဗုဒ္ဓကိုအဘယ့်ကြောင့် မေ့ကျန် ကျော်လွှားသွားကြရသနည်း"

ဗုဒ္ဓမြတ်စွာသည် လူသားတို့၏ ဝိသမလောဘ၊ လူသားတို့၏ ဖြတ်လမ်း လိုက်လိုသော အကျင့်ကို၊ ဝသီကို သိတော်မူသောကြောင့် မည်သူတဦးတယောက်ကိုမျှ လောကီဘရားများဖြင့်မ,စတော်မူခြင်း မရှိပေ။ သံသရာဘေးမှ ကင်းဝေးရာ ကင်းဝေးကြောင်းလောကုတ္တရာ ရတနာစစ် ရတနာမှန်ဖြင့်သာ မ,စစောင့်ရှောက်တော်မူခဲ့လေသည်။

လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ထက် မြတ်သော၊ တန်ခိုးကြီးသူ အပေါင်းထက်လည်း တန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသာ လူသားတို့အား လောကီရတနာများဖြင့် မ,စတော်မူလိုခဲ့လျှင် ဘုရားပွင့်တော်မူရာ ဒေသတခုလုံး ဗုဒ္ဓဘာသာဝင်

ချည်း ဖြစ်ကုန်ပေလိမ့်မည်။ သို့ရာတွင် ဗုဒ္ဓမြတ်စွာသည် "ရွှေကို လို၍ ကိုးကွယ်ခြင်း၊ ငွေကိုလို၍ ကိုးကွယ်ခြင်း" စသော မသန့်ရှင်းသော ကိုးကွယ်မှုကို အလိုမရှိသောကြောင့် လေးကီရတနာများဖြင့် မ,စတော်မမူခဲ့ခြင်း ဖြစ်၏။

အကြင်သူသည် နိုင်းဖွဲ့၍မကုန်သော ဂုဏ်တော်ဖြင့် ပြည့်စုံသော အရာကိုမေးလားငြားအံ့၊ ထိုသူအား ရတနာသုံးပါးကို ညွှန်ပြရပေလိမ့်မည်။ အံ့ချီး၍မကုန်နိုင်သော ဘုန်းတော်အနန္တ၊ ကံတော် အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တကို သိရှိကြည်ညိုလိုငြားအံ့၊ ဗုဒ္ဓမြတ်စွာကို ညွှန်ပြရပါမည်။

ဗုဒ္ဓမြတ်စွာသာလျှင် အနန္တတန်ခိုးတော်ရှင် ဖြစ်သည်မဟုတ်။

ဗုဒ္ဓမြတ်စွာ၏ဆံတော်၊အံတော်၊ညှပ်ရိုးတော်စသောမွေတော်ဓာတ်တော်များ သည်ပင်လျှင် အံ့ချီးဘွယ်သော တန်ခိုးတော် အနန္တဖြင့် ပြည့်စုံကြောင်းကို မိမိတို့ ကိုးကွယ်သော ဘာသာတရား၏ အံ့ချီးဘွယ်ရာများကို မကြားဘူး၊ မသိဘူးသေးသူများအတွက် ဒါဌာဓာတုဝင်ကျမ်းကို မှီငြမ်းပြုလျက် ဤမည်သော "အနန္တ တန်ခိုးတော်ရှင် ဗုဒ္ဓ" ကို ရေးသား ပြုစု လိုက်ရပါကြောင်း။

---

နိုလှ၁၀၁၄ပေ



# မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

မြတ်စွာဘုရားရှင်၏ ဘိုးတော် အဉ္စနမင်းနှင့် ဒေဝဒဟရှင်ရသေ့တို့ တိုင်ပင် တွက်ချက်စီရင်ပြီး၊ 'နဝစန္ဒကိန်း' ဖြင့် သက္ကရာဇ် ဖြိုခဲ့ပြီးနောက်၊ ထိုချေကြွင်း ၂-ခုဖြင့် ဆက်လက် ရေတွက်လာခဲ့သော ကောဇာသက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လရာသီ၊ တနင်္လာနေ့ ညဉ့်ဦးယံပေတည်း။

မြတ်စွာဘုရားသည် ညဉ့်ဦးယံ၌ မလ္လာမင်းတို့အား တရားဟောတော်မူ၏။

သန့်ကောင်ယံ အချိန်တွင် သုဘဒ်ပရိဗိုဇ်ကို ဆုံးမတော်မူသည်။

မိုးသောက်ယံဝယ် ရဟန်းတို့အား ဆုံးမတော်မူ၍ ပုဏ္ဏမီ အင်္ဂါနေ့နံနက် လင်းအားကြီးအချိန်တွင် တကုဋေ နှစ်သန်း လေးသိန်းသော သမာပတ်တို့ကို ဝင်စားပြီးမှ စတုတ္ထဈာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏ အဆုံး၌ အလုံးစုံသောသင်္ခါရ တရားတို့၏ ကုန်ငြိမ်းရာနိရောဓသစ္စာကိုအာရုံပြု၍ မဟာ ဝိပါက်ပထမ အာ-သင်္ခါရိက သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဘဝင်စိတ်ဟုဆိုအပ်သော အဗျာကတဖြစ်သော ဒုက္ခသစ္စာဖြင့် စုတေခြင်းဟုဆိုအပ်သော ဝိပါက်ကမ္မဇရုပ်အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန် စံလွန်တော်မူလေ၏။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူသောအခါ စကြဝဠာ တိုက်တသောင်းလုံး သွက်ခါ လှိမ့်လူးသည်။ ပြင်းထန်ကျယ်လောင်သော အသံများဖြစ်ပေါ် လာလေသည်။

ထိုလှုပ်ရှားမှုနှင့် ထိုအသံများကြောင့် လူများမှာ ထိတ်လန့်ကြသည်။ တုန်လှုပ်ခြောက်ချား ကြသည်။ ထူးဆန်းသော အတိတ်နိမိတ်များလည်း ဖြစ်ပေါ်လာလေသည်။ ကောင်းကင်တွင်လည်း မိုးသားတိမ်လိပ် မရှိစေကာမူ ကြောက်လန့်ဘွယ်ရာထစ်ချုန်းပြီး လျှပ်စစ်လျှပ်နွယ်များ လက်ပြက်လာလေသည်။

အရှင်ကောင်းတို့၊ သတ္တလောက၌ အကျုံးဝင်သော၊
သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံသော၊ လူနတ်တို့၏ ဆရာဖြစ်-

တော်မူသော၊ အားဆယ်ပါးဖြင့် ပြည့်စုံတော်မူသော၊ သစ္စာလေးပါးတရားတို့ကို သိတော်မူပြီးသော မြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုသေး၏။

အခြားသော သူတို့မှာကား အဘယ်မှာ သေခြင်းကင်းပါမည်နည်း။ ထိုသတ္တလောက၌ အကျုံးဝင်သော သတ္တဝါ အားလုံးသည် ခန္ဓာငါးပါးဆိုသည့် အတ္တဘောကို မုချ ပစ်ကြရလိမ့်မည်။

သဟံပတိဗြဟ္မာမင်းသည် ထိုကဲ့သို့ အဓိပ္ပာယ်ရှိသော သံဝေဂစကား ပြောဆိုသည်။ ထို့အတူ သိကြားမင်းလည်း နိဗ္ဗာန်ချမ်းသာကို ချီးမွမ်းလိုသဖြင့်–

အို–အရှင်တို့၊ သင်္ခါရ တရားတို့သည် အမြဲမရှိပါတကား။ ဖြစ်ခြင်း၊ ပျက်ခြင်း သဘော ရှိကြလေသည်။ ဖြစ်ပြီးနောက် ချုပ်ငြိမ်းကြသည်သာတည်း။ ထိုတရားတို့၏ ကင်းငြိမ်းရာ နိဗ္ဗာန်သည်သာလျှင် ချမ်းသာစွ။

အရှင် အနုရုဒ္ဓါ မထေရ်သည်လည်း သံဝေဂ စကားကို မြွက်ကြားတော် မူပြန်သည်။

အိုအရှင်တို့၊ တဏှာကင်းစင်တော်မူပြီးသော မြတ်စွာဘုရားသည် စုတေစိတ်ကျ၍ ပရိနိဗ္ဗာန် စံဝင်တော်မူပြီ။ လောကဓံတရားရှစ်ပါးတို့ မထိပါးနိုင်အောင် တည်ကြည်သည့်စိတ် ရှိတော်မူသော၊ သည်းခံခြင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ထွက်သက်ဝင်သက်တို့ မရှိတော့ပြီ။

နိလာစာပေ

မြတ်စွာဘုရားသည် ကာယိကဝေဒနာကို တွန့်တိုခြင်း မရှိသော စိတ်ဖြင့် သည်းခံတော်မူ၏။ မြတ်စွာဘုရား၏ သင်္ခါရတရားတို့မှလွတ်ခြင်းသည် ဆိမ်းကဲ့သို့ဖြစ်ခဲ့ချေပြီ။

ညီတော်အာနန္ဒာဟု လူသိများသော အရှင်အာနန္ဒာကမူ ဗုဒ္ဓမြတ်ရှင် ပရိနိဗ္ဗာန်စံဝင်တော်မူစဉ် ဖြစ်ပျက်သော အကြောင်း အရာတို့ကို သံဝေဂပြုတော်မူပေသည်။ စကြဝဋ္ဌာအနန္တ၌ တဆူ တည်းသာ ရှိသော ဤနေမင်းကြီး ကွယ်လေသည့် သတင်းကို ကြားကြသော ရဟန်းများသည် မြတ်စွာဘုရား၏ ခြေတော်ရင်း သို့ စုဝေးရောက်ရှိလာကြသည်။

ထိုရဟန်းများတွင် ပုထုဇဉ် ရဟန်းလည်း ပါဝင်သည်။ သောတာပန်၊ သကဒါဂါမိ ရဟန်းများလည်း ပါဝင်ကြသည်။ ယင်းတို့သည် အဖဘုရား၏ တရားကို သတိမမူနိုင်ကြဘဲ ရင်ဘတ် ကို ထု၍ ငိုသူကငို၊ အလောင်းတော်ကို ခေါင်းဆိုက်၍ ငိုသူကငို၊ မြေတွင်းလူးလှိမ့်၍ ငိုသူကငိုဖြင့် အင်ကြင်းဥယျာဉ် တခုလုံး ပွက်လောရိုက်သွားလေသည်။

"အင်မတန်ဘုန်းကြီးတဲ့ ငါတို့အဖဘုရား ပရိနိဗ္ဗာန်ပြုတာ မြန်လိုက်တာ"

မြတ်စွာဘုရား၏ ဘုန်းတော်တန်ခိုးတော်တွင် အာရုံများ သည့် ရဟန်းများမှာ ဘုန်းတော်ကို ထုတ်ဖော်ပြီး ငိုကြ၏။

"ကောင်းတဲ့စကားကိုသာ ဆိုတော်မူလေ့ရှိတဲ့ ဘုရား။ အခု တော့ ပရိနိဗ္ဗာန်ပြုတာ မမြန်ဘူးလားဘုရား"

ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို အလေးထားသော ရဟန်းတို့ မှာ ဘုရားအတွက် မချိတင်ကဲ အော်ဟစ် ငိုယိုကြသည်။

---

နိလာစာပေ

"လူသုံးပါးတို့ရဲ့ မျက်စိနဲ့တူတဲ့ ကိုယ်တော်ဘုရား၊ မြန်မြန်ဆန်ဆန်ကြီးဘဲကွယ်ပါပေါ့လားဘုရား"

သို့သော် အနာဂါမ်ရဟန်းနှင့် ရဟန္တာများကမူ ငိုကြွေးခြင်း မရှိကြပေ။ သူတို့သည် ကာမရာဂ အညစ်အကြေး ကင်းစင်ကြ၏။ ဗျာပါဒအပူလည်း မလောင်နိုင်တော့ပေ။ ထို့ကြောင့် မြတ်စွာဘုရား၏တရားကို သတိကောင်းစွာ ရကြသည်။ သိကြသည်။ ဆင်ခြင်နိုင်ကြသည်။

"တကယ်တော့ သင်္ခါရတရားဆိုတာ အတည်အမြဲ မရှိပါကလား။ ဒီတရားမှာ အကျုံးဝင်တဲ့ ဗုဒ္ဓမြတ်စွာကိုလည်း မပျက်မစီး မသေပျောက်အောင် ဘယ်လိုလုပ်လို့ ရနိုင်ပါ့မလဲ"

တရား လက်မလွတ်သော ပုဂ္ဂိုလ်များမှာ အေးချမ်းသော်လည်းတရားသတိလစ်သော ရဟန်းတို့၏ငိုကြွေးသံမှာမူ အင်ကြင်းဥယျာဉ်တခုလုံးကို ဖုံးလွှမ်းနေ၏။ ရူးမတတ် အသဲကွဲမတတ် ငိုကြွေးနေကြ၏။ တပါးသူတို့အား တရားရေအေး တိုက်ကြွေးလေ့ ရှိသော ရဟန်းများကိုယ်တိုင်က မြင်မကောင်းရှုမကောင်း ငိုနေကြပုံကို အရှင်အနုရုဒ္ဓါ မြင်လေသည်။ အမြင်မတော်ခြင်းကိုလည်း သိတော်မူသည်။

သိတော်မူသည်နှင့်အညီ ရဟန်းတို့ကို ခေါ်တော်မူ၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတို့ကို သတိရဆင်ခြင်ရန် သတိပေးသည်။ "ရဟန်းတွေတောင် မမြဲတဲ့တရားကို မဆင်ခြင်နိုင်ရင် ကျန်တဲ့လူတွေ ဘာပြောစရာလိုလဲဟု နတ်တို့ ကဲ့ရဲ့ကြမည်" စသည်ဖြင့် မိန့်တော်မူ၏။

နတ်တို့မှာလည်းအနာဂါမိမဂ်ဆိုက်ပြီးသော နတ်တို့မှတပါး ကျန်နတ်များမှာ နတ်ပြည်ပျက်မျှ ငိုယိုအော်ဟစ် ကြသည်။ ကောင်းကင်ကို မြေကြီးသဖွယ် သဘောထား နေထိုင်ကြသော နတ်တို့မှာ ကောင်းကင်တွင်ပင် ဆံပင်ဖရိုဖရဲ လက်မြှောက် ခြေမြှောက် အော်ဟစ်ငိုယိုကြသည်။ သတင်းဆိုးကို ကြားလျှင် ကြားချင်း မတ်တတ်မှ လဲသောနတ်လည်းလဲ၊ လူးလိမ့်ငိုသော နတ်လည်း ငိုနှင့် ကြေကွဲဘွယ်အခါချိန် ဖြစ်လေသည်။

မြေကြီးတွင် နေထိုင်သော နတ်တို့မှာလည်း ခြေပြတ်သူကဲ့သို့ ဘိုင်းကနဲလဲသူကလဲ လိမ့်သူလိမ့်၊ ဆံပင်ဆွဲသူကဆွဲနှင့် ဖရိုဖရဲ ငိုကြွေးကြလေသည်။

ရဟန်းများမှာ ငိုကြွေးခြင်းဖြင့် တတိယညဉ့်ကို ကုန်လွန်ခဲ့တော့၏။ အရှင်အနုရုဒ္ဓါနှင့် အရှင်အာနန္ဒာတို့မှာလည်း ဗျာပါဒ မီးလောင်သော ရဟန်းများကို တရားဓမ္မစင်အေးဖြင့် လောင်း၍ နှစ်သိမ့်ပေးရင်း အရုဏ်တက်အချိန်သို့ ရောက်ရှိလာတော့သည်။ သို့ကြောင့် အရှင်အနုရုဒ္ဓါသည် အရှင်အာနန္ဒာအား ကုသိနာရုံ ပြည်သို့ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်သည့် သတင်းကို ပေးပို့ရန် စေလွှတ်လိုက်လေ၏။

ကုသိနာရုံ ပြည်တွင်းသို့ အရှင်အာနန္ဒာ ရောက်သွားချိန်ဝယ် ထိုပြည်၏ အရှင်မလ္လာမင်းတို့သည် မင်းကွန်းသဘင်၌ စည်းဝေး တိုင်ပင်နေကြချိန် ဖြစ်၏။ သူတို့သည် မထေရ်မြတ်အား မြင်လျှင် မြင်ချင်း ခရီးဦးကြိုပြုကာ နေရာထိုင်ခင်း ပေးကြသည်။ မထေရ် မြတ်သည် ရောက်မဆိုက်ပင် သတင်းဆိုးကို မိန့်ကြားတော်မူ၏။

"ဝါသိဋ္ဌမျိုးနွယ်ဖြစ်သော မလ္လာမင်းတို့"

ဆွမ်းအကြောင်းလည်းမပြော၊ ကွမ်းအကြောင်းလဲ မဟဘဲ၊ တည်ငြိမ်စွာဖြင့် စကားစတင်သဖြင့် မလ္လာမင်းများ နားစွင့် အာရုံစိုက်နေကြသည်။

"ငါတို့အဖ မြတ်စွာဘုရားဟာ သက်တော် ၈၀၊ ဝါတော် ၄၅ အရမှာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီ၊ လုပ်စရာ ကိုင်စရာများကို ပြင်ဆင်ကြပေတော့"

မလ္လာမင်းများ မျက်လုံးပြူး မျက်ဆံပြူးဖြင့် ပါးစပ်ဟလျက် မယူနိုင်အောင် ဖြစ်နေကြဆဲတွင် အရှင်မြတ်သည် ကြွမြန်းသွား လေ၏။

"အမယ်လေး၊ မြတ်စွာဘုရား မရှိတော့ဘူးတဲ့ဟဲ့"

တဦးတယောက်ကစပြီး သံကုန်ဟစ်ကာ ငိုကြွေးလိုက်တော့ မှ မင်းကွန်း တခုလုံး ငိုသံများ ဖုံးလွှမ်း သွားလေတော့၏။ မင်းယောကျ်ားနှင့် အမှုထမ်း မင်းချင်းယောကျ်ားတို့၏ ငိုဟစ်သံ ကို ကြားရသူတိုင်း တအံ့တသြ ပြေးလွှား ချဉ်းကပ်လာကြ၏။

"ဟဲ့-ဟဲ့-ဘာဖြစ်ကြတာလဲ။ မင်းကွန်းတခုလုံး မသာအိမ် ဖြစ်နေပါရောလား"

"ငါးပါးသော မျက်စိအမြင်ရှိတော်မူသော မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသည့် သတင်းကို ကြားရသည့်အခါ ထိုသူသည် သူရူးသဖွယ် မချိတင်ကဲ အော်ဟစ်လျက် ပြေးထွက် သွားလေ၏။

ဘုရင့်မိဖုရား၊ အိမ်ရှေ့မိဖုရား စစ်သူကြီးမယား၊ စသော မင်းမိန်းမများမှာလည်း ဣန္ဒြေ သိက္ခာကိုမျှ မဆောင်နိုင်မထိန်း နိုင်ကြတော့ဘဲ ဆံပင်ဖားလျား ခါးဝတ်ကျွတ်လျက် သတိလစ် ကုန်တော့သည်။

"ဘုရားသေမယ့်အစား ငါသေလိုက်ပါတော့" ဆိုကာ မြေ ၌ ပစ်၍ ပစ်၍ လဲသူများလည်း ရှိ၏။ တက်မတတ် ချက်မတတ် အော်ဟစ် ငိုကြွေးရင်း မြေ၌လူးလှိမ့် ငိုသူလည်းရှိ၏။

အရဟံဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားမရှိ တော့သည့် သတင်းသည် ကုသိနာရုံတပြည်လုံးကို လျှပ်တပြက် အတွင်း အကြောဆိုင်းစေခဲ့လေသည်။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ကွယ်ပြီဆိုသည့် သတင်းကြောင့် ကုသိနာရုံ တပြည်လုံး၏ အ လုပ်အကိုင်များ ရပ်တန့်သွားကာ ကြောက်မက်ဘွယ်ရာ ငိုကြွေး သံကြီး ပေါ်ပေါက်လာလေ၏။

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ရှင် မြတ်ဘုရား၏ ကွယ်ပသတင်း ကြောင့် ဖြစ်ပေါ်လာသော ကြောက်မက်ဘွယ် ငိုကြွေးသံကြီး ကို ကြားရသော ကြေးငှက်နှင့် တိရစ္ဆာန်များမှာ ထိတ်လန့်

လျက် ဟိုပုံ့သည်ပြေးဖြင့် ရှတ်ရှတ်သဲသဲ ဖြစ်ကုန်ကြ၏။ သည်နေရာ ပြေးလည်း သည်အသံကြီး၊ ဟိုနေရာပြေးလည်း သည်အသံကြီးကြားရ၏။ ကျေးငှက်တိရစ္ဆာန်တို့မှာ ကြောက်လန့်တကြားဖြင့် ခြေဦးတည့်ရာ ပြေးလွှားကြတော့ရာ လောက ကမ္ဘာမြေကြီး ပျက်စီးသည့်အလား ချောက်ချားဘွယ်ရာ အသံဗလံများနှင့်သာ ဖုံးလွှမ်း နေလေတော့၏။

မလ္လာမင်းတို့မှာ စိုသော မျက်ရည်ဖြင့်ပင် လုပ်ဆောင်စရာများကို စီမံခန့်ခွဲကြရသည်။ သူတို့သည် သားမယား အခြံအရံများနှင့် အမျိုးမျိုးသော ပန်းနံ့သာ မောင်းကြေးနင်းနှင့် အမျိုးစုံသော တူရိယာ၊ ဆွမ်းခဲဘွယ်ဘောဇဉ်နှင့် ပုဆိုးသင်္ကန်းငါးရာကို ယူဆောင်လျက် ရုပ်ကလာပ်တော်ရှိရာသို့ စုရုံးလာကြသည်။

ဥပဝတ္တန အင်ကြင်းတောသည် ကုသိနာရုံပြည်၏ တောင်တံခါး အကွေ့တွင် ခကဲချင်းယှဉ်၍ တည်ရှိသည်။ ထိုအင်ကြင်းတော အတွင်းဝယ် တန်ဆောင်းပြာသာဒ်များကို အလျင်အမြန် ဆောက်လုပ်ကြသည်။ မဏ္ဍပ်ကနား အမိုးဗိမာန် မျက်နှာကျက် တံခွန် ကုက္ကာများ စိုက်ထူ ဆောက်လုပ်ကြသည်။

သုဂတဂုဏ်တော်နှင့် ပြည့်စုံတော်မူသော ဘုရားအား အကအခုန်များဖြင့် ပူဇော်ကြသည်။ အသီအဆို အတီးအမှုတ်များဖြင့်လည်း ပူဇော်ကြသည်။ ကခုန်တီးမှုတ် သီဆိုတီးမှုတ်နေကြသည့် ကြားမှ လူးလိမ့် ငိုကြွေးသူများကလည်း ငိုကြွေးနေကြသည်။

ဒုတိယနေ့ ပုဆိုးဗိတာန်၊ ပုဆိုးမဏ္ဍပ်များ ပြုလုပ်လျက် ပူဇော်ကြ၏။ ပန်းနံ့သာ ဆီမီး တီးမှုတ် ကခုန် သီဆိုခြင်းတို့ဖြင့် ပူဇော်၍ ပူဇော်ကြ၏။ ဤသို့ဖြင့် ၆ ရက်လုံးလုံး ပူဇော်ပြီး နောက် ၇ ရက်မြောက်နေ့တွင်အလောင်းတော်ကို သယ်ဆောင် သဂြိုဟ်ရန် စီစဉ်ကြသည်။

မလ္လာမင်းတို့၏ အစီအစဉ်မှာ ဤတောင်တံခါးကွေ့ အင် ကြင်းတောမှ အလောင်းတော်ကို မြို့ပြင်တောင်မျက်နှာအတိုင်း သယ်ယူသွားပြီးလျှင် မြို့ပြင်တွင်ပင် မီးသဂြိုဟ်ရန် ဖြစ်ပေသည်။ ထိုအစီစဉ်အရ အားကောင်းမောင်းသန် မလ္လာမင်း ရှစ်ယောက် တို့ကို သန့်ရှင်းစင်ကြယ်စေပြီး အလောင်းတော်ကို သယ်ယူ ရန် အထမ်းခိုင်းကြသည်။

သို့သော်မြတ်စွာဘုရား၏ ရုပ်အလောင်းတော်သည်လုံးဝမ ရွှေ့ မရ။ (ဆံခြည်တခြမ်းမျှမရွေ့ချေ။) သို့ကြောင့် အရှင်အနုရုဒ္ဓါ အံ့ချဉ်းကပ် စုံစမ်းကြရ၏။ နတ်တို့၏ အလိုနှင့် လူတို့၏ဆန္ဒ မညီညွတ်သောကြောင့် ဖြစ်ကြောင်း သိကြရလေသည်။

နတ်တို့က....

လောကဝိဒူဂုဏ်တော် ဖြင့် ပြည့်စုံသောဘုရား၏ ရုပ်ကလာပ် ကို မြို့မြောက်မျက်နှာသို့ သယ်ယူကာ မြောက်တံခါးမှဝင်ပြီး မြို့လယ်အရပ်ကို လှည့်လည် ဖြတ်သန်းလိုကြ၏။ ထိုကမှ မြို့အရှေ့ မင်္ဂလာတံခါးမှ ထွက်၍ မကုဋဗန္ဓ အရပ်တွင် သဂြိုဟ်ရန် ဆန္ဒ ရှိကြသည်။ မကုဋ ဗန္ဓအရပ်မှာ မလ္လာမင်းတို့ မင်္ဂလာပြုသော အရပ် ကောင်းမွန်သော မြေကြန်အင် လက္ခဏာရှိသောကြောင့် အဆန်းတကြယ် မွမ်းမံထားသောနေရာ ဖြစ်ချေသည်။

ဗုဒ္ဓမြတ်စွာ၏ အလောင်းတော်ကို ဖုတ်ကြည်းသဂြိုဟ်ရေးတွင် မလ္လာမင်းတို့ လက်လျှော့ လိုက်ကြ ရသည်။ "နတ်တွေလဲ နောက်ဆုံး ပူဇော်ခြင်းနဲ့ ပူဇော်ချင်ကြမှာဘဲ" ဟူသော စာနာ အတွေးဖြင့် နတ်တို့သဘောကို လိုက်လျှောလိုက်ကြခြင်း ဖြစ်ပေ သည်။

မလ္လာမင်းတို့လိုက်လျှောသည့် သတင်းတို့ ကြားလျှင်ကြား ချင်း မန္ဒရဝနတ်ပန်း၊ ထင်ရှားသော ပန်းများကို ကုသိနာရုံ တပြည်လုံး ဖုံးလွှမ်းသွားလေ၏။ ဥပဝတ္တန အင်ကြင်းတောတွင် ကား ပြောဘွယ်ရာ မရှိတော့ပြီ။

အလောင်းတော် ဝန်းကျင်ဝယ် နတ်နှင့် လူတို့ ရောသွေး နေကြသည်။ နတ်တို့ကလည်း နတ်ပစ္စည်း အမွှန်အမြတ်များ ဖြင့်ပူဇော် သက္ကာပြုသလို လူကလည်း လူ၏ အကောင်းဆုံးပန်း နံ့သာ နံ့သာပြောင်းဖြင့် ပူဇော်ကြသည်။ နတ်တူရိယာ လူ တူရိယာ တို့လည်း ခြိမ့်ခြိမ့်မြမ်းနေလေတော့၏။

နောက်တနေ့တွင် ဗုဒ္ဓမြတ်စွာ၏ အလောင်းတော်ကိုသယ်လာ ကြလေသည်။ မြို့၏ တောင်ကွေ့မှ အနောက်သို့ သယ်သည်။ အနောက်မျက်နှာမှ မြောက်မျက်နှာသို့ သယ်သည်။ မြောက် မျက်နှာ မြောက်တံခါးမှ ဝင်လာသော အလောင်းတော်ကို ပန်းနံ့သာဖြင့် ပူဇော်ကြသည်။ မျက်ရည်ဖြင့် ပူဇော်ကြသည်။

စစ်သူကြီး မဟာဗန္ဓုလ၏ဇနီး မုဆိုးမကလေး မလ္လိကာ ကား သူ၏ အဖိုးအထိုက်ဆုံး ပစ္စည်းဖြင့် ပူဇော်ရန် ပြင်ဆင် ထားသည်။ ထိုပစ္စည်းမှာ "မဟာလတာ" တန်ဆာ အမည်ရှိ သော ကိုယ်ဝတ်ပစ္စည်း ဖြစ်ပေသည်။

---

နိလာစာပေ

ခင်ပွန်း မဟာဗန္ဓုလ ကွယ်လွန်ချိန်မှစ၍ မသုံးစွဲဘဲ ထားခဲ့သော ဤပစ္စည်းမှာ ကျောင်းဒါယိကာမကြီး ဝိသာခါ၏ မဟာလတာ တန်ဆာနှင့် တူညီပေသည်။ ရတနာခုနစ်ပါးဖြင့် ဆင်ယင်သော ယင်းပစ္စည်းကို မလ္လိကာသည်နံ့သာရေဖြင့်ကောင်းစွာဆေးကြောကာ ကလာပ်ပေါ်တင်လျက် အလောင်းတော်ကို စောင့်ဆိုင်းနေလေ၏။

အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်ဖြင့်ပြည့်စုံတော်မူပြီးသော မြတ်စွာဘုရား၏ အလောင်းတော်သည် မြို့လယ်သို့ ကြွချီလာလေသည်။ မလ္လိကာလည်း ဆီးကြို၍ မဟာလတာတန်ဆာကို အလောင်းတော်အား ဦးခေါင်းမှ ခြေဖျားထိ စွပ်၍ လှူဒါန်းလိုက်လေ၏။ ရွှေအဆင်းဖြင့် တင့်တယ်သော ဗုဒ္ဓမြတ်စွာသည် ရတနာခုနစ်ပါးဖြင့် ပြုလုပ်ထားသော ဤအဝတ်ကို ဆင်ယင်လိုက်သည်တွင် အတိုင်းထက်အလွန် ကြည်ညိုဘွယ်ရာ ဖြစ်သွားလေ၏။

ယင်းအဖြစ်ကို မလ္လိကာ မြင်လျှင် ကြီးစွာသော ဝမ်းမြောက်မှု ဖြစ်ပေါ်လာသည်။

"အရှင်ဘုရား၊ အကျွန်ုပ်သည် နိဗ္ဗာန်မရောက်မီ စပ်ကြား ၃၁ ဘုံ၌ ကျင်လည်နေရသမျှသော ဘဝတိုင်း၌ အလှအပတန်ဆာမဆင်ဘဲနှင့် ဆင်သကဲ့သို့ လှသောကိုယ် ဖြစ်ရပါလို၏ဘုရား"

မလ္လိကာ၏ ဆုတောင်းအဆုံးတွင် အလောင်းတော်သည် မကုဋဗန္ဓန အရပ်သို့ ဆက်လက် ကြွချီသွားလေ၏။ မလ္လာမင်းတို့၏ မင်္ဂလာမြေပြင်တွင် ထူးဆန်းကြီးကျယ်သော တန်ဆောင်း

ပြာသာဒ်နှင့် မဏ္ဍပ်ကန္နားများ အသင့်ရှိနေကြပေ၏။ အလောင်းတော်ကို မြင့်မြတ်သော နေရာ၌ တင်ထားပူဇော်ကြသည်။

ဤသည့် နောက်တွင် ဆောင်ရွက်စရာကား မီးသင်္ဂြိုဟ်ရန်ကိစ္စသာ ကျန်တော့၏။

သို့သော် မင်းတကာတို့၏ မင်း၊ ဆရာတကာတို့၏ ဆရာ ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာကို ထင်ရာမြင်ရာနည်းဖြင့် သင်္ဂြိုဟ်၍ မဖြစ်ချေ။ဦးဆောင်ဦးရွက်ပြုမည့်သာဓုကိုဠနဒါယကာမှာလည်း ပြည့်ရှင်မင်းပင်ဖြစ်ရာ နောင်တသက်လုံး ပြောစရာ အဖြစ်မခံနိုင်ချေ။

ထို့ကြောင့် အရှင်အာနန္ဒာထံ ချဉ်းကပ်လျှောက်သားကြရ၏။

"မြတ်စွာဘုရား၏ အလောင်းတော်ကို မည်သို့မည်ပုံ စီရင်ပြီး သင်္ဂြိုဟ်ရပါမည်လဲ ဘုရား"

"ဝါသိဋ္ဌ အမျိုးတို့၊ ဗုဒ္ဓရှင်ပင်၏ အလောင်းကို သင်္ဂြိုဟ်ရာတွင် စကြဝတေးမင်း၏ အလောင်းရုပ်ကလာပ်ကို သင်္ဂြိုဟ်သကဲ့သို့ သင်္ဂြိုဟ်ရရိုးထုံးစံ ရှိပေသည်"

"စကြဝတေး မင်းတို့၏ အလောင်းကို မည်ကဲ့သို့သော အဆောင်အရွက်များဖြင့် ဖုတ်ကြည်းသင်္ဂြိုဟ် ပါသလဲ ဘုရား"

"စကြဝတေးမင်း၏ အလောင်းကို မလျှော်မဖွပ်ရသေးသော ပုဆိုးဖြင့် ပထမ ရစ်ပတ်ရသည်။ ညက်စွာ ဖတ်အပ်ပြီးသော၊ ကောင်းစွာ နှပ်အပ်ပြီးသော ဝါဂွမ်းဖြင့် ဒုတိယ ထပ်ရပတ်ရသည်။ တဖန် မလျှော်ဖွပ်ရသေးသော ပုဆိုးသစ်ငါးရာဖြင့် တတိယ ရစ်ပတ်ရသည်။ စတုတ္ထသော်ကား ဆီပြည့်သော ရွှေ

ဇလားတွင် အလောင်းတော်ကိုထည့်၍ အပေါ်မှ ရွှေဇလားတခု ဖြင့် ဖုံးအုပ်ရသည်။ ပဥ္စမမှာမူ ပန်းနံ့သာ ထင်းပုံပြု၍ အလောင်းတော်ကိုတင်ကာ မီးသင်္ဂြိုဟ်ရသည်။ ဆဋ္ဌမအဆင့် နောက်ဆုံးတာဝန်ကား ခရိုးလေးခုတို့၏ဆုံရာဝယ် စကြဝတေး မင်း၏ စေတီကို တည်ထားရပေသည်"

မလ္လာမင်းတို့သည် အရှင်အာနန္ဒာ၏ မိန့်တော်မူသည့်အတိုင်း မြတ်စွာဘုရား၏ အလောင်းတော်ကို စီရင်ပြီး နောက်ဝယ် အတောင် ၁၂၀ မြင့်သော နံ့သာထင်းပုံပေါ်သို့ တင်လိုက်ကြ သည်။

ထိုနေ့သည် ကဆုန်လပြည့်ကျော် ၆ ရက်နေ့ည ဖြစ်၏။

မလ္လာမင်းတို့အထဲမှ အကြီးအချုပ် လေးယောက်သည် အလောင်းတော်ကို မီးတိုက်ရန် မိမိတို့ကိုယ်ကို ရေမိုးသန့်စင် သည်။ ခေါင်းလျှော်သည်။ အစာမကျေသေးသော ပုဆိုးများကို ဝတ်သည်။ တယောက်တမျက်နှာစီ ရပ်ကာ နံ့သာထင်းပုံကို မီး စတင်ရှို့လေတော့သည်။

လေးယောက်၏ အင်အားဖြင့် ထင်းပုံကို မီးမစွဲသော် မလ္လာ မင်း ဦးရေနှစ်ဆတိုးကာ ရှစ်ယောက် အင်အားဖြင့် မီးရှို့ပြန် သည်။မီးကားမစွဲငြိချေ။ထို့ကြောင့် နှစ်ဆတိုးပြီး တကျိပ်ခြောက် အင်အားဖြင့် မီးရှို့ပြန်သည်။ မီးမစွဲလောင်ပေ။

နံ့သာထင်းပုံကို မီးရှို့သော အင်အားသည် သုံးကျိပ်နှစ် ယောက် ဖြစ်လာချေသည်။ သူတို့သည် မီးစွဲလောင်သော နည်း ပညာရှိသမျှကို သုံးစွဲကြ၏။ ထန်းရွက်ယပ်ဖြင့် ယပ်သည်။ ပြောင်းတံဖြင့် မှုတ်သည်။ ဖိုတည်ကာ ဖိုကျင်ထိုးသည်။ သို့သော်

လည်း အလောင်းတော် တင်ထားသော နံ့သာထင်းပုံကိုကား မီးမစွဲချေ။

လူ့လောကတွင်ရှိသော မီးမွှေးနည်း၊ မီးစွဲလောင်စေသော နည်း၊ မီးရှို့သောနည်း၊ နည်းပေါင်းစုံလင်ခဲ့ပေပြီ။ အရာဝတ္ထု တစုံတခုကို မီးစွဲလောင်စေသော နည်းမှန်သမျှ စုံစေ့ပြီ။ ရက်တာ အားဖြင့်လည်း ခုနစ်ရက် ကြာမြင့်ခဲ့၏။ မီးမစွဲလောင်၊ မလွှာ မင်းတို့လည်း လက်လျှော့ကာ အရှင်အနုရုဒ္ဓါထံ ချဉ်းကပ်ကြရ လေတော့သည်။

"အရှင်ဘုရား၊ မီးစွဲလောင်စေသော နည်းပေါင်းရှိသမျှဖြင့် ဖတ်ဖတ်မောအောင် ဆောင်ရွက်သော်လည်း နံ့သာထင်းပုံကို မီးမစွဲပါဘုရား"

အရှင်အနုရုဒ္ဓါသည် အံ့ဩထူးကဲသော အဖြစ်၏ ဇစ်မြစ်ကို ဆင်ခြင်သုံးသပ်ကြည့်တော်မူရာ နတ်တို့ အဓိဋ္ဌာန်ပြုထားသော ကြောင့် မီးမလောင်ကြောင်း သိမြင်တော်မူလေသည်။

မြတ်စွာဘုရား၏ တပည့်သားတော် "အသီတိ" မဟာ သာဝကရှစ်ကျိပ် ရှိတော်မူကြသည်၊ ဤရှစ်ကျိပ်သော မဟာ သာဝကတို့၏ အလုပ်အကျွေးများထဲမှ ဟပည့်ဒါယကာ၊ ဒါယိကာမများ ကွယ်လွန်ခဲ့ကြရာ ရှစ်သောင်းသော နတ်များ ဖြစ်ကြလေသည်။

မြတ်စွာဘုရား၏ အလောင်းတော်ကို ပူဇော်ကြသူတို့တွင် ထို နတ်ရှစ်သောင်းတို့လည်း ပါဝင်ကြ၏။ ထိုနတ်ရှစ်သောင်းထဲတွင် အရှင်မဟာကဿပမထေရ်ကြီးကို ကြည်ညိုသောနတ်ရှစ်ယောက် တို့လည်း ပါဝင်ရာ သူတို့သည် ကိုယ်တော်ကြီးအား ရဟန်း

ပရိသတ်ထဲ၌ မတွေ့မမြင်ကြသဖြင့် စုံစမ်းကြည့်ကြ၏။ ရှင်မဟာကဿပသည် တပည့်သံဃာများ ခြံရံ၍ ခရီးရှည် လှည့်လည်သွားနေရာမှ ဗုဒ္ဓမြတ်စွာကို ဖူးမျှော်ရန် တပည့်သံဃာများဖြင့် လာနေပြီဆိုသည့်အကြောင်းကို သိကြလေ၏။

ထို့ကြောင့် နတ်ရှစ်ယောက်တို့ အမိန့်ခံနေကြလေသည်။

"ငါတို့ဆရာ မဟာကဿပမထေရ်သည်မြတ်စွာဘုရားသခင်၏ ခြေတော်အစုံကို ရှိခိုးရန် အဝေးရှည်သောခရီးဝေးမှ ကြွလာတော်မူလျက်ရှိ၏။ ငါတို့ဆရာ မဟာကဿပသည် မြတ်စွာဘုရားအား မဖူးမျှော် မကန်တော့ရသေးသမျှ ကာလပတ်လုံး ဤထင်းပုံကို မီးမစွဲပါစေသတည်း"

ထိုအကြောင်းကြောင့် နံ့သာထင်းပုံကို မီးမစွဲလောင်ကြောင်းကို အရှင်အနုရုဒ္ဓါမထေရ်သည် ဆင်ခြင်မိသဖြင့် မလ္လာမင်းတို့အား အကြောင်းစုံကို ရှင်းပြတော်မူလိုက်လေသည်။

"ဒါယကာတို့၊ အရှင်မဟာကဿမထေရ် ဆိုက်ရောက်မလာသေးသောကြောင့် နတ်တို့ အမိန့်ချက်အတိုင်း အခလောင်းတော်ကို မီးမစွဲခြင်း ဖြစ်ပေသည်"

"သို့ဖြစ်လျှင် ထိုအရှင်သည် အဘယ်အရပ်မှ ကြွလာမှာပါလဲ ဘုရား"

"ပါဝါမြို့မှ ကြွလာတော်မူနေပြီ ဒါယကာတို့"

အရှင်အနုရုဒ္ဓါထံမှ သတင်းစကားကို ကြားရပြီးသည့်နောက် ဝယ် မလ္လာမင်းတို့သည် အရှင်မဟာကဿပနှင့် နောက်ပါ ရဟန်းတော်များကို ကြိုဆိုရန် ခရီးလမ်းကို ပြင်ဆင်ကြသည်။

---

နိလာစာပေ

ဆန်းကြယ်စွာ တန်ဆာဆင်ထားကြသည်။ ဆွမ်းကွမ်းနှင့် နေရာတို့ကိုလည်း စီစဉ်ထားကြသည်။

ကုသိနာရုံပြည်သားတို့သည် အရှင်မဟာကဿပကို လည်းတဆန့်ဆန့် စောင့်မျှော်ရင်း ဆိုမြည်တမ်းမိကြသည်။

"ဖအင်း၊ ဘုရားမြတ်စွာ၏ အလောင်းတော်ကို မီးစွဲမလောင်ခြင်းမှာ အရှင်မဟာကဿပ၏ တန်ခိုးကြောင့်ပေဘဲ။ ရှင်မဟာကဿပသည် ဖြူသလော၊ မဲသလော၊ မြင့်သလော၊ မှုသလော၊ ပိန်သလော၊ ဝသလော ငါတို့ မသိ၊ ဘယ်လိုဘဲဖြစ်ဖြစ်၊ ဤတန်ခိုးကြီးသော အရှင် ရောက်မလာသေးသမျှ ကာလပတ်လုံးနံ့သာထင်းပုံကို မီးစွဲမှာ မဟုတ်ပေဘူး"

( ၃ )

ကုသိနာရုံပြည်သားတို့မျှော်တာင့်တ ဖြစ်နေသော မဟာထေရ်ကြီးအရှင်မဟာကဿပသည် အရှင်အနုရုဒ္ဓါ မြွက်ကြားတော်မူသည့်အတိုင်း အမှန်ပင် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာတော်မူဆဲ ရှိသေး၏။ အရှင်၏ နောက်ဝယ် အခြံအရံရဟန်းငါးရာတို့ ပါလာပေသည်။ သူတို့အားလုံး၏ ရည်ရွယ်ချက်ကားကုသိနာရုံတွင် သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်ရှင်ကို ဖူးမြင်ရန် ဖြစ်ချေ၏။

---

နီလာစာပေ

အရှင်မဟာကဿပ၏ နောက်ပါ ရဟန်းငါးရာတို့သည် များသောအားဖြင့် ကြမ်းကြမ်းတမ်းတမ်း နေထိုင်သွားလာဘူးခြင်း မရှိကြချေ။ ထို့ကြောင့် မွန်းတည့်အချိန်ဝယ် ကျောက်ပူနှင့် တူသော မြေပြင်တွင် မသွားနိုင်အောင် ဖြစ်နေကြလေသည်။ သို့အတွက် ရှင်မဟာကဿပသည် အရိပ်ကောင်းရာသို့ ဝင်ရောက် နားခိုရလေတော့၏။

"ငါ့ရှင်တို့၊ ချမ်းသာစွာနားနေကြပေတော့၊ နေအေးမှဘဲ ကုသိနာရုံ ရောက်အောင်လှမ်းပြီး မြတ်စွာဘုရားကိုဖူးမြင်ကြပါစို့"

ရဟန်းတို့လည်း အမောဖြေသူကဖြေ၊ လှဲသူလှဲ၊ လျှောင်းသူလျှောင်း၊ ရတနာသုံးပါးဂုဏ်ကျေးဇူးကို ဆွေးနွေးသူဆွေးနွေး၊ တရားဘာဝနာစီးဖြန်းသူစီးဖြန်းဖြင့် အရိပ်ကောင်းအောက်တွင် နားခိုနေကြ၏။ ယင်းတို့၏ အကြီးအကဲ ရှင်မဟာကဿပလည်း ဒုကုဋ်ကို ခင်း၍ သစ်ပင်အောက်တွင် ထိုင်နေစဉ် မလှမ်းမကမ်းမှ ဖြတ်သွားသော တက္ကတွန်းတယောက်ကိုမြင်လေသည်။

တက္ကတွန်းသည် နေပူကြဲကြဲတွင် ထီးဆောင်းလျက် ပါဝါပြည်ဘက်သို့ သွားသူ ဖြစ်၏။ သို့သော် သူ့ထီးသည် ရိုးရိုးထီးမဟုတ်။ ပန်းပွင့်ကို အရိုးတပ်ပြီး ဆောင်းထားသော ထီးဆန်းဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် တက္ကတွန်း၏ ခေါင်းပေါ်မှ ပန်းသည် ခွက်ကြီးတခုလောက် ကြီးမားသော မန္ဒာရဝနတ်ပန်းဖြစ်သောကြောင့်တည်း။

ဤပန်းသည် လူတို့အရပ်ဒေသ၌ ပေါက်ရောက်ခြင်း မရှိချေ။ တန်ခိုးရှိသူတို့ လိုအပ်၍ ဖန်ဆင်းလျှင်မူ လူတို့ကြားတွင် မြင်ရတွေ့ရ၏။ သို့မဟုတ်ပါက မြင်ရန်တွေ့ရန် အကြောင်းမရှိ။

သို့တစေ၊ မြတ်စွာဘုရားအလောင်းအလျာ မယ်တော်ဝမ်း၌ ကိန်းအောင်း ပဋိသန္ဓေယူချိန်တွင်နတ်တို့သည် နတ်ပန်းများဖြင့် ပူဇော် ကြမြောက်ကြ၏။ ထိုအခါ နတ်ပန်း ထင်ရှားပန်းကို လူ့ပြည်၌ မြင်ကြ တွေ့ကြရလေသည်။

မြတ်စွာဘုရား မယ်တော်ဝမ်းမှ ဖွားတော်မူချိန်တွင်လည်း နတ်တို့သည် မန္ဒာရဝမည်သော ဤပန်းဖြင့် ပူဇော်ကြသည်။ ထို့ပြင် ဓမ္မစကြာ တရားဦး ဟောတော်မူသောအခါ၊ ယမိုက် ပြဋ္ဌိဟာပြတော်မူသောအခါ၊တာဝတိံသာနတ်ပြည်မှဆင်းသက် တော်မူသောအခါ၊ အာယုသင်္ခါရ လွှတ်တော်မူသောအခါတို့ တွင်လည်း ဤနတ်ပန်းဖြင့် ပူဇော်သည့်အတွက် လူတို့ မြင်ရ တွေ့ကြရပေသည်။

အရှင်မဟာကဿပထေရ်အရှင်သည် ဤအကြောင်းများကို သိပြီးဖြစ်သဖြင့် အချိန်ကာလကို ချင့်ချိန် တွက်ဆကြည့်၏။

"အင်း၊ ငါ့ဆရာ မြတ်စွာဘုရားသည် အသက်ကြီးရင့်တော် မူပြီ။ မချွတ်ကေန် နိဗ္ဗာန်ယူခြင်းသာ ဖြစ်ချေမည်။"

မန္ဒာရဝပန်းကို အရိုးတပ်ကာဆောင်းသွားသော တက္ကတွန်း ကို အခြားသော ရဟန်းများလည်း မြင်ကြ၏။ သို့သော် ထိုပန်း ကို မည်သည့်ပန်းဟု ထိုအရှင်တို့ မသိကြ။ မည်သည့်အခါတွင် သာ မြင်နိုင်တွေ့နိုင်သည်ကိုလည်း မသိကြချေ။

အရှင်မဟာကဿပမထေရ်ကြီးသည် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံဝင်တော်မူချိန်မှာပင် အကြောင်းစုံကို သိတော်မူပြီး ဖြစ်ပေ သည်။

---

နီလာစာပေ

ထိုအချိန်အခါကသာ ထိုအကြောင်းကို နောက်ပါရဟန်းတို့အား ပြောကြားခဲ့ပါလျှင် အခြေမလှပေ။ မြတ်စွာဘုရားတည်း ဟူသော နေမင်းကြီး ကွယ်ချုပ်ပြီကြားသည်နှင့် တပြိုင်နက်တည်း ဇလန္ဓေသိက္ခာကို မငဲ့ဘဲ ငိုကြမည်။ လူးကြမည်။ လိမ့်ကြမည်။

ဤသည်ကို လူအများမြင်လျှင် "ကြည့်စမ်း၊ ငါတို့ကျတော့ ဟောလိုက် ပြောလိုက်တာ၊ သူတို့ကျတော့ ဗျာပါဒမီးလောင်နေလိုက်တာ" စသည်ဖြင့် ကဲ့ရဲ့ခံရစရာ ရှိ၏။

သို့ကြောင့် တက္ကတွန်း၏ ခေါင်းပေါ်မှ ပန်းကို မြင်ရသောအချိန်နှင့် နေရာသည် ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူသည့် သတင်းကို ငယ်သားများသိအောင် လုပ်သင့်ပြီဟု ကြံဆမိ၏။ ကြံဆမိသည်နှင့်အညီ မန္ဒာရဝပန်းအကြောင်းကို ဆင်ခြင်သုံးသပ်မိသမျှကို ငယ်သား ရဟန်းများအား ပြောပြ၏။

ရဟန်းများ တက္ကတွန်းကို အာရုံစိုက်နေကြစဉ် ရှင်မဟာကဿပသည် ထိုင်ရာမှထတော်မူသည်။ မြတ်စွာဘုရားပေးသနားတော်မူသော တိမ်အဆင်းနှင့်တူသည့် သင်္ကန်းကို ရုံသည်။ တက္ကတွန်းအနား ကပ်သွားကာ လက်စုံမိုး၍ ရှိခိုးလိုက်သည်။

စင်စစ် တက္ကတွန်းကို ရှိခိုးခြင်း မဟုတ်။ မြတ်စွာဘုရားအကြောင်း သတင်းစကားကို အများကြားအောင် မေးရာတွင် ထိုင်ရာမထ မေးလျှင် အဖမြတ်စွာကို မရိုသေရာရောက်မည်စိုး၍ ဘုရားကို ရည်မှတ်၍ ရှိခိုးခြင်း ဖြစ်ပေသည်။

"ငါ့ရှင် အာဇီဝက၊ ငါတို့ ဆရာ မြတ်စွာဘုရားကို သိသလား"

---

နိလာစာပေ

"သိတယ်-သိတယ်၊ ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုတာ ၇ ရက် ရှိသွားပြီ။ ဒီမန္ဒာရဝပန်းကို အဲဒီနေရာက ယူခဲ့တာဘဲ"

ထိုခဏ၌ တောအလုံးတွင် သိမ့်သိမ့်အုံးအုံး ငိုကြွေးသံများ ဖုံးလွှမ်းသွားချေတော့သည်။ အနာဂါမ်ရဟန်းနှင့် ရဟန္တာ အရှင်တို့မှာမူ- "သင်္ခါရတရားတို့သည် အမြဲမရှိကုန်။ ဤသို့ သင်္ခါရတရား၌ အကျုံးဝင်သော မြတ်စွာဘုရား၏ကိုယ်တော်ကို မပျက်စီးစေခြင်းငှာ သင်တို့ အဘယ်မှာ တတ်နိုင်ပါအံ့နည်း" ဟု နှလုံးသွင်း နေတော်မူကြလေသည်။

ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်ရဟန်းတို့မှာကား သပိတ်၊ သင်္ကန်းတို့ကို လွှင့်ပစ်ကြ၏။ သစ်ပင်ကို ပြေးပြီး ခေါင်းတိုက်ကြ၏။ မြေကြီးတွင် လူးလိမ့်ကြ၏။ သင်္ကန်းကို ဖရိုဖရဲဝတ်၏။

"ဘုန်းတော်ခြောက်ပါး မြတ်တရားနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန် လျင်စွာ ပရိနိဗ္ဗာန်ပြုတော်မူ၏။ လောက၌ ငါးပါးသော စက္ခုနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်စွာ ကွယ်လွန်တော်မူ၏"

မချိမဆန့် အော်ဟစ်ကြ၏။ ဝမ်းပန်းတနည်း မြည်တမ်းလျက် ငိုကြွေးကြ၏။ လက်နှစ်ဖက်ကို မြှောက်လျက် ငိုကြွေးကြ၏။ ယင်းသို့နှယ်ရဟန်းအများစုတို့သည် သဲကွဲအူပြတ်ငိုကြွေးနေကြဆဲ ဝယ် ရဟန်းတပါးမှာမူ ဝမ်းမနည်းရုံမျှမက ဝမ်းသာစကားပင် ဆိုလိုက်သေးသည်။

"ငါ့အရှင်တို့ မစိုးရိမ်ကြလင့်၊ မပူဆွေးကြကုန်လင့်။ ဤကား မအပ်၊ ဤအမှုကိုမပြုလင့်၊ ဤအမှုကိုပြုကုန် စသည်ဖြင့် ချုတ်ချယ်

နှိပ်စက်သော ထိုရဟန်းကြီးလက်မှ ငါတို့လွတ်ချေပြီ။ ယခုမှာ ကား-ပြုလိုသမျှပြု၍ မပြုလိုသမျှ မပြုဘဲ နေနိုင်ကြချေပြီ”

ယင်းသို့ လက်ခမောင်းထ၍ တော်သော ရဟန်းကား သုဘဒ် ရဟန်းပေတည်း။ သူသည် မြတ်စွာဘုရား၏ သာသနာတော်၌ ခိုဝင် နေသော်လည်း မြတ်စွာ ဘုရားကို အငြိုး ဖွဲ့ထားသူ ဖြစ်၏။

သူသည် မူလကခေါင်းရိတ်သမားဖြစ်သည်။ သားနှစ်ယောက် လည်း ရှိသည်။ သူသည် အာတုမရွာတွင် ရဟန်းပြုပြီး သား နှစ်ယောက်ကိုလည်း ရှင်သာမဏေ ဝတ်ခိုင်းထား၏။ တနေ့သော် အာတုမရွာသို့ ဗုဒ္ဓရှင်ပင်မြတ်သည် ရဟန်း တထောင့်နှစ်ရာ့ ငါးကျိပ်နှင့် ကြွလာတော်မူမည့်သတင်း ကြားလေ၏။

ထိုသတင်းကို ကြားသဖြင့် သားသာမဏေများကို ရပ်ရွာထဲ လည်ပြီး ခေါင်းရိတ်ခိုင်းသည်။ မြတ်စွာဘုရားကို ယာဂုလှူရန် ယင်းသို့ ခေါင်းရိတ်ထွက်ကြောင်း သိသဖြင့် ရိတ်ချင်သူရော မရိတ်ချင်သူပါ ခေါင်းရိတ်ခံကြသည်။ ရိတ်ခအဖြစ် ယာဂုကျို ရန် ပစ္စည်းများကို ယူနိုင်သမျှယူရန် ပေးကြသည်။

သုဘဒ်ရဟန်းသည် ရသော ပစ္စည်းများကို စုဆောင်းပြီး ဒါယကာအချို့ကို ခေါ်ပြီး ခိုင်းစေ၏။ သူကလည်း သင်္ကန်းစုတ် သင်္ကန်းမကြီးရုံလျက် စီမံခန့်ခွဲ၏။ မြတ်စွာဘုရား ကြွလာချိန်တွင် ယာဂုမှာ အနံ့တသင်းသင်းဖြင့် လှူရန် အသင့်ရှိနေပြီ။

နောက်ပါရဟန်းများ ခြံရံ၍ မြတ်စွာဘုရား ကြွလာတော် မူပြီ။

“ယာဂု အလှူခံတော်မူပါဘုရား”

---

**နိုလာစာပေ**

သုဘဒ်ရဟန်းသည် တဖက်က ယာဂုခတ်သော မှုတ်ကြီးကိုင်လျက် မှုဆိုးဒူးထောက် အနေအထားဖြင့် လျှောက်ထား၏။ မြတ်စွာဘုရားသည် သာမဏသာရုပ္ပမဖြစ်တော သုဘဒ်ရဟန်း၏ သွင်ပြင်ကို ကြည့်ရှုလျက် ဤယာဂုအလှူ၏ အကြောင်းခြင်းရာကို စေ့ငုတော်မူလေရာ မသင့်လျော်သော လှူဘွယ်ဝတ္ထု ဖြစ်နေသဖြင့် သိက္ခာပုဒ်နှစ်ရပ် ပညပ်တော်မူသည့်ပြင် သုဘဒ်ရဟန်း၏ ယာဂု အလှူကိုလည်း မခံယူကြရန် တားမြစ်တော်မူ၏။

ရဟန်းတော်တထောင်ကျော်အတွက် စီမံထားသော ယာဂုအိုးကြီးတွေကို ငိုင်ကြည့်လျက် သုဘဒ်ရဟန်း ကျန်ရစ်ခဲ့သည်။ ငါ့ကို သက်သက်မဲ့ အကျိုးယုတ်အောင် ပြုသည်ဟု ယူစွဲကာ ရန်ငြိုးဖွဲ့ခဲ့လေသည်။ ထိုကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီဟု ကြားလျှင်ကြားချင်း ပါးစပ်သရမ်းခြင်း ဖြစ်လေသည်။

သုဘဒ်ရဟန်း၏ စကားကြောင့် ရှင်မဟာကဿပမှာ မေ့သံဝေဂ ဖြစ်တော်မူရ၏။

"ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုသည်မှာ ခုနစ်ရက်မျှသာ ရှိသေးသည်။ ရွှေအဆင်းနှင့်တူသော ကိုယ်တော်ပင် ရှိနေသေးချိန်တွင် မကောင်းစကားကို ကြားရချေပြီ။ ထိုရဟန်းကဲ့သို့သော သူများပွားများခဲ့ချေသော် သာသနာတော်သည် ရှေ့လျှားရချေရာ၏" ဟူ၍လည်း တွေးတော ဆင်ခြင်တော်မူမိပြန်သည်။

ထို့ကြောင့်–

'မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များသည် မကုံးမသီရသေးသော ပန်းများအသွင်ရှိချေသည်။ သုဘဒ်ရဟန်းကဲ့သို့ ယုတ်မာသော သူတို့၏ အစွမ်းဖြင့် ဝိနည်း–သုတ္တန်–

အဘိဓမ္မာတရားတော်တို့သည်ပန်းပွင့်များ လေတိုက်၍ လွင့်သောနှယ်၊ တခုပျောက်သွား၊ နှစ်ခုပျောက်သွား၊ တခုယွင်းယို နှစ်ခုယွင်းယိုဖြင့် တရွေ့ရွေ့ ပျောက်ပျက်ချေရာသည်။ ကုံးသီထားအပ်သော ပန်းကုံးကြီးကို လေခတ်သည့်အခါ ရုတ်တရက် မရွေ့ပျောက်နိုင်သည့်နည်းတူ သုတ်ဝိနည်း အဘိဓမ္မာတရားတော်တို့ကို သံဂါယနာတင်ရသည်ရှိသော် ရုတ်တရက် မရွေ့လျှား၊ မပျောက်ပျက်ဘဲ တည်လိမ့်သတည်း"

ရှင်မဟာကဿပ အလောင်းသည် ရဟန်းပြု၍ မြတ်စွာဘုရားရှိရာ ကျောင်းတော်တို့ ဦးခိုက်ရန် လာသောအခါ ဗုဒ္ဓမြတ်စွာသည် သုံးဂါဝုတ်ခရီးမှ စောင့်ကြိုတော်မူခဲ့သည်။ မြတ်စွာဘုရားသည် မိမိ၏ သင်္ကန်းနှင့် ရှင်မဟာကဿပ၏ သင်္ကန်းကိုလည်း လဲလှယ်ဝတ်ရုံတော် မူခဲ့သည်။

ထိုသို့ အဖဘုရား၏ ချီးမြှောက်ဘူးသော ကျေးဇူးတရားကို ဆင်ခြင်မိသည့် အတွက် ရှင်မဟာကဿပ၏ ဖြစ်ပေါ်ရင်း အကြံအစည်သည် ပိုမို၍ ခိုင်မာလေးနက်လာခဲ့လေ၏။

"ဤသို့ တရားတော်ကို စောင့်ထိန်း စေခြင်းငှာ ငါ့အား ငါ၏ ဆရာဘုရားသည် သုံးဂါဝုတ်တိုင်တိုင် ခရီးဦးကြိုဆို၍ ဆုံးမဩဝါဒကို အစကစ္စာပေးဘူးပေသည်၊ ကိုယ်တော် ဝတ်ရုံသော သင်္ကန်းကို လဲလှယ်၍ ဝတ်ရုံဘူးပေသည်။ ဤသို့ အစရှိသော ကျေးဇူး အထူးရှိပေသော မြတ်စွာဘုရား သာသနာတော်ကို ချီးမြှင့်သောအားဖြင့် မကြာမတင်ကာလတွင် သံဂါယနာ တင်ရသော် ကောင်း၏"

---

ငှက်ကွက်ထောက်ထား ရှက်ကြောက်ရမှန်း မသိဘဲ ထင်ရာ မြင်ရာ စည်းမဲ့ကမ်းမဲ့ စကားကို ဆိုသော သုဘဒ်ရဟန်းအား လည်း ပုဆိုးနွမ်းကို ဝတ်စေ၍ ပြာမှုန့်ဖုံမှုန့်တို့ဖြင့် ကြဲပက်ကာ နှင်ထုတ်ရန် ကြံမိပြန်သည်၊

သို့သော်–

"ကြည့်စမ်း၊ ဘုရား ပရိနိဗ္ဗာန်ပြုလို့ မီးတောင် မသင်္ဂြိုဟ်ရ သေးဘူး ငြင်းခုံကုန်ပြီ။ ကွဲကုန်ပြီ။"

ယင်းနှယ် လူတို့ မေးငေါ့ကြ၊ ကဲ့ရဲ့သင်္ဂြိုဟ် စကားတင်း ဆို ကြမည့်အရေးကိုပါ အရှင်သည် တဆက်တည်း တွေးမြင်လိုက် သည်။ သံဃာအားရှင်း၊ တရားတော်အားရှင်း အပြစ်ဆိုမည်ကို ရှင်မဟာကဿပ မကြားလိုချေ။ သို့ဖြင့် သုဘဒ် ရဟန်းကို သည်းခံ ခွင့်လွှတ်လိုက်ပေသည်။

သုဘဒ် ရဟန်းမှလွဲ၍ အားလုံးသော ပုထုဇဉ်ရဟန်း၊ သော တာပန် ရဟန်းနှင့် သကဒါဂါမိ ရဟန်းတို့မှာ မချိတင်ကဲ ငိုကြွေးလျက် ရှိကြသည်။ ရူးမတတ်၊ သေမတတ် ပူဆွေးနေကြ သည်။ ထိုရဟန်းများ၏ အပူကို နှစ်သိမ့်ရန် တာဝန်ရှိသေးသည်။

"ငါ့အရှင်တို့၊ မြတ်စွာဘုရားသည် အလုံးစုံ ချစ်နှစ်သက် အပ်သော သူတို့နှင့် နာနာဘာဝ၊ ဝိနာဘာဝ၊ အညထာဘာဝ ဖြင့် ဖြစ်ခြင်းရှိ၏ ဟူ၍ ရှေးမဆွကပင် ဟောကြားတော် မူခဲ့ ပြီးပြီ မဟုတ်တုံလော။ ဤဝတ္တုရား၌ အကျုံးဝင်သော မြတ်စွာ ဘုရား၏ ကိုယ်တော်ကို မပျက်စီး စေခြင်းငှာ အဘယ်မှာ အသင် တို့ ရနိုင်ပါမည်နည်း။ မြတ်စွာဘုရား၏ ကိုယ်ကာယ တော်သည် လည်း ဖြစ်ခြင်း၊ ပျက်ခြင်းသဘောရှိ၏။ ကိုယ်တော်ကို မပျက်

ပါမေလင့်၊ မပျက်ပါမူကား ကောင်းလေစွဟု တောင့်တ၍ မရနိုင်”

ယင်းသို့ တရားပြပြီးနောက် နောက်ပါ ရဟန်းသံဃာများ သောက အပူသက်သာသည့် တိုင်အောင် စောင့်ဆိုင်း နေခဲ့ရလေသည်။ ရဟန်းသံဃာများ အပူရှပ်ကို သိမ်းအုပ်ထိန်းချုပ် နိုင်ချိန်သို့ ရောက်မှသာ ကုသိနာရုံ ပြည်သို့ဆက်လက်ကြွလာတော် မူလေ၏။

[ ၄ ]

ရှင်မဟာ ကဿပနှင့် နောက်ပါရဟန်း ငါးရာတို့အား မလ္လာမင်းတို့သည် သိုက်မြိုက်စွာ ကြိုဆိုနှင့်ကြသည်။ ဤအရှင် ကြွရောက်မလာ သေးသဖြင့် ‘သခေ့ာကိဋ္ဌန သဘင်ကို ရပ်ဆိုင်းထားကြရသည် မဟုတ်လော။’ထို့ကြောင့် မကုဋဗန္ဓန စေတီ တည်ရှိသော မကုဋ္ဌဗန္ဓန အရပ်သို့ ချောမောစွာ ဆိုက်ရောက်ခဲ့လေသည်။

များပြားလှသော မဏ္ဍပ်ကန္နားး၊ လောင်တိုက် စံကျောင်းပြာသာဒ်များကို ဖြတ်ကျော်လာခဲ့ရာ ကြီးမားသော နံ့သာသင်းပုံထက်တွင် သားကြီးအလာကို စောင့်ဆိုင်းနေသော အဖ၏ အလောင်းတော်တည့်ရာ ရွှေတလားကို ဖူးမျှော်ကြရလေသည်။ ရှင်မဟာကဿပသည် နောက်ပါရဟန်းများနှင့်အတူ အလောင်း

တော်ကို လက်ျာရစ် သုံးကြိမ် လှည့်၍ ရှိခိုးပူဇော်ပြီးမှခြေတော်ရင်းဘက်တွင်ခြေစုံရပ်၍ ဦးခိုက်နေလိုက်ကာ အဘိဉာဏ်၏အခြေဖြစ်သော'ရူပါဝစရကြဲယာ ပဥ္စမဈာန်'ကို ဝင်စားတော်မူသည်။

"အကန့် တထောင်တို့ဖြင့် တန်ဆာဆင်အပ်သော၊ တရာ့ရှစ်ကွက်သော စက်လက္ခဏာတော်တို့ဖြင့် တန်ဆာဆင်အပ်သော မြတ်စွာဘုရား၏ ခြေတော်အစုံသည် ဝါဂွမ်း အထပ်လွှာတို့နှင့် တကွ ပုဆိုးအစုံ ငါးရာ အထပ်ကိုရင်း၊ ရွှေတလားကိုရင်း၊ နံ့သာထင်းတို့ကိုရင်း နှစ်ဖြာခွဲ၍ ဥတ္တမင်္ဂသိသဟု ဆိုအပ်သော အင်္ဂါ ဤငါ၏ ဦးခေါင်း၌ တည်တော်မူစေသဘည်း"

ဈာန်မှ ထပြီးလျှင် ဓိဋ္ဌာန်တော် မူလိုက်လေသည်။

ဝါဂွမ်းတထပ်၊ ပုဆိုးတထပ်ဖြင့် အထပ်ငါးရာ ရစ်ပတ်ထားသော အစည်းအဖွဲ့နှင့် ရွှေတလား ထင်းပုံကို ခွဲဖြတ်လျက် တိမ်တိုက်ကြားမှ ထွက်ပြူလာသော လပြည့်ဝန်း၏ တင့်တယ်ခြင်းနှင့် ပြည့်စုံတော်မူသော ခြေတော်အစုံသည် ထွက်ပေါ်လာလေ၏။

"ရွှေတလားကြီး ပေါက်သွားပြီဟေ့"

"ဟာ၊ ရွှေတလားကိုဖောက်ပြီး ခြေထောက်ကြီးတွေ ထွက်လာ သဟ"

"မြတ်စွာဘုရား ခြေတော်အစုံ ရွှေတလားကို ဖောက်ထွက်လာတယ်"

ကြားလည်း မကြားစဘူး၊ မြင်လည်း မမြင်စဘူး၊ ထူးကဲအံ့မခန်းသော အခင်းကြောင့် အုတ်အော်သောင်းနင်း အော်ဟစ်ကြ၏။ နံ့သာရေဖြင့် ပက်ဖျန်းကာ ရှိခိုးပူဇော်ကြ၏။

ရှင်မဟာ ကဿပမထေရ်သည် ပွင့်သစ်စ ပဒုမ္မာ ကြာနီနှင့် တူသော လက်တော်ကိုဆန့်ထုတ်၍ မြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသော ခြေတော်အစုံ၏ ဖမျက်တိုင်အောင် မိမိရရ ဆုပ်ကိုင်တော်မူပြီးလျှင် ဦးခေါင်းပေါ်တွင် တင်ထားလိုက်ကာ နောက်ဆုံး ရှိခိုးခြင်းဖြင့် တဝကြီး ကြည်ညိုတော်မူလေသည်။

နောက်ပါ ရဟန်းများ ကျေနပ်လောက်အောင် ရှိခိုးကော်ရော် ပြီးကြချိန်တွင် ရှင်မဟာကဿပသည် မြတ်စွာဘုရား၏ ခြေတော်အစုံကို လက်မှလွှတ်လိုက်၍ ဦးထိပ်လက်တင်၍ ရှိခိုးတော်မူပြန်သည်။ အလိုအလျောက် ထွက်ပြူတော်မူလာသော ခြေတော်အစုံသည် ယခုတဖန် တလားတွင်းသို့ အလိုအလျောက် ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

သာဓုကိဠနှ သဘင်ပွဲလာ ပရိတ်သတ်ကြီးမှာ ရှင်မဟာကဿပကို စိတ်ဝင်စားကြသည်။ အလောင်းတော်ကိုလည်း ကြည်ညိုကြသည်။ အသက်ကင်းမဲ့သော အလောင်းတော်သည်ပင် ရှင်မဟာကဿပ မလာသေး၍ မီးစွဲမလောင်ဘဲ စောင့်ဆိုင်းရလေသည်။ ဘုရားနှင့် ရှင်မဟာကဿပတို့ သံယောဇဉ် ကြီးလှသည်ဟု ပုထုဇဉ်တွေး တွေးကြသည်၊ မိဋ္ဌာန်မှုကြောင့် ခြေတော်အစုံ ထွက်လာသည်ကိုလည်း သံယောဇဉ်ကြီးစွာ ထွက်၍ နှုတ်ဆက်ရသည်ဟု ပုထုဇဉ်မြင် မြင်ကြ၏။

ထို့ကြောင့် ငွေလစန္ဒာနှယ်ကြက်သရေဖြာသော ခြေတော်အစုံ ထွက်ချေဝင်ချေ ပြုခြင်းကို မြင်ရလျှင် သနား ကြင်နာစိတ်ဖြင့် ရင်မှာ ဆို့လာကြသည်။ ဝမ်းနည်း ကြေကွဲဒဏ်ကို ပြင်းထန်စွာ ခံစားကြရသည်။သည့်အတွက်ငိုကြွေးလိုက်ကြသံမှာ တူရိယာ

သံမျှားကို ဖုံးလွှမ်းသွားသည်။ ဆံပင်ကို ဖြန့်ကြဲဆုပ်ဆွဲပြီး ငိုကြွေးလိုမ့်ပြီးငိုကြနှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင် တော်မူစ အချိန်ကထက် အဆရာထောင်ပို၍ ငိုကြလေသည်။

ရှင်မဟာ ကဿပ မထေရ်၏ အဓိဋ္ဌာန်ကြောင့် ခြေတော်အစုံသည် အလိုအလျောက်ထွက်လာကာ ပူဇော်ခံသည်။ တဖန် အလိုအလျောက် ပြန်ဝင်သွားသည်။ ထိုသို့ထွက်ချည် ဝင်ချည်နှစ်ကြိမ်ပြုသော်လည်း ရွှေတလားသည် အပေါက်ထင် မကျန်ခဲ့ချေ။ တလားထဲမှ ဆိဘစက်မယို၊ ဂွမ်းတထပ် ပုဆိုးတထပ် ရစ်ပတ် ထားသော အထပ်ငါးရာတွင်လည်း အပေါက်အရာထင် မကျန်ခဲ့လေ။

မြတ်စွာဘုရား၏ တန်ခိုးတော် အနန္တကို ကြည်ညို၍မဆုံးသူ ရှိသလို ငို၍ မဆုံးသူများလည်း မြေပြင်အနှံ့ လူးလိမ့်နေကြဆဲဝယ် နံ့သာထင်းပုံကို မီးစတင် လောင်ကျွမ်းလေ၏။

သို့ရာတွင် ထင်းပုံကို မည်သူမျှ မီးမရှို့ချေ။ နတ်တို့၏ အဓိဋ္ဌာန်ဖြင့် ပတ်ပတ်လည်မှ မီးထတောက်ခြင်း ဖြစ်ပေသည်။ မီးသောင်ပုံကိုလည်း ကြည့်ပါဦး။ နံ့သာထင်းပုံ ဝန်းကျင်တွင် အင်ကြင်းပင်များ ရှိသည်။ ထိုအင်ကြင်းပင်များ၏ ခွကြား၊ ကိုင်းကြား၊ အခက်ကြား၊ အလက်ကြားနှင့် အရွက်ကြားမှ မီးတောက် မီးတန်းကြီးများထွက်လာပြီး နံ့သာထင်းပုံကို မီးစွဲခြင်း ဖြစ်သည်။

ထပ်၍ ကြည့်ပါဦး။

စန္ဒကူး နံ့သာ ထင်းပုံဝန်းကျင်ရှိ အင်ကြင်းပင် များတွင် ပရွက်၊ ပလူ၊ ပင့်ကူ၊ ပိုးရွ၊ ခြ စသော ပိုးကောင်တွေ ရှိနေ

သည်။ အင်ကြင်းပင်ခွ၊အကိုင်း၊ အခက်၊ အလက်၊ အရွက်များကြားမှမီးတောက်မီးတန်းတွေထွက်နေသော်လည်းထိုပိုးမွှားသတ္တဝါကလေးများကိုမလောင်ခြေ။ မလောင်ကျွမ်းရုံသာမက မီးတောက်ကြားမှပင် လှုပ်ရှား သွားလာ နေကြလေသည်။

အလောင်းတော်ကို တေဇောဓာတ်လောင်ကျွမ်းသော ထိုနေ့ကား ဘိုးတော် အဥ္ဇနမင်း၏ နဝစန္ဒ ကိန်းဖြင့် သက္ကရာဇ်ဖို့ပြီး နောက် အကြွင်း ၂ ခုထားရာမှ ဆက်လက်ရေတွက်သော သက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့ ည ညချမ်းအခါပေတည်း။

နိလာစာပေ



# ဓာတ်တော်များနှင့် ဒေါကာပုဏ္ဏား

## (၁)

သတ္တာဒေဝမနုဿာန ဂုဏ်တော်ဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ရုပ်အလောင်းတော်ကို နံ့သာထင်းပုံထက်မှ မီးတောက်မီးလျှံများ အင်ကြင်းပင်များပေါ်မှ မီးတောက်များက ဖုံးလွှမ်းဝါးမျိုလျက် အသက်မဲ့သော မီးသည်ပင် ဗုဒ္ဓမြတ်ရှင်အား ညွှတ်ကျိုးကော်ရော် ပူဇော်နေလေသည်။

ထူးဆန်းသောမီး တောက်လောင်မှုကြောင့် လူအပေါင်းနှင့် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် ရဟန်းတို့ တအံ့တသြဖြစ်

၍ ဗုဒ္ဓမြတ်စွာ၏ ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တနှင့် တန်ခိုးတော် အနန္တကို ချီးကျူး ကြည်ညိုနေကြစဉ် ထူးဆန်းသော အခြင်းအရာသည် ထပ်မံဖြစ်ပွားလာပြန်ချေ၏။

ယင်းကား ရေလုံးကြီးများ ပေတည်း။

ထွန်းတုံးမျှ အလုံးရှိသော ရေလုံးကြီးများသည် မြေကိုခွဲ၍ ထွက်ပေါ်လာကာ နံ့သာထင်းမီးပုံပေါ်သို့ ကိုင်းညွတ်ကျဆင်းလာပုံမှာ ဖန်လေးကိုင်းများ၊ ဖန်သက်တန့်များနှယ် ခပေတည်း၊ မည်သူမျှ ရေတံလျှောက်သွယ်မထားဘဲနှင့် ကောင်းကင်မှ ရေလုံးကြီးများလည်း ကျဆင်းလာ၏။ စောစောက မီးတောက်မီးလျှံတွေ ကျဆင်းနေသော အင်ကြင်းပင်များမှလည်းမီးပျောက်၍ ရေလျှဉ်ရေတန်း၊ ရေမြွှာများထွက်ပေါ်လာကာ နံ့သာထင်းပုံပေါ်သို့ ကျဆင်းလာလေ၏။ သစ်ပင်ခွ၊ အကိုင်း၊ အခက်၊ အလက်၊ အရွက်များကြားမှ ရေအလျှဉ်များ သွယ်ဖြာကျလာသလို၊ မလ္လာမင်းတို့ကလည်း ရွှေအိုးငွေအိုးများထဲမှ နံ့သာရေအမျိုးမျိုးဖြင့် သွန်းဖျန်းကြလေသည်။ မီးပုံတို့လည်း ရွှေတံစူးဝါး၊ ငွေတံစူးဝါးများဖြင့် ထိုးဖွမွှေနှောက်ကာ ငြိမ်းသတ်ကြပြန်သည်။

မြတ်စွာဘုရား၏ အလောင်းတော်ကို ထည့်ထားသော ရွှေတလား ၂-ခုသည် အရည်ပျော် လွင့်သွားခဲ့သည်။ ထိုအတွင်းမှ ပုဆိုး အထပ်ငါးရာမှာမူ ၄၉၈-ထပ်သော မီးလောင်ကျွမ်း၍ အပေါ်ဆုံးအထပ်နှင့် အောက်ဆုံးအထပ်မှာ သည်အတိုင်း ကျန်ရစ်ခဲ့ပေသည်။

---

နိလာစာပေ

မလ္လာမင်းတို့သည် ထိုပုဆိုးနှင့် ဝါဂွမ်းအထပ်များကိုဘရစ်စီ တထပ်စီဖြေ၍ ကြည့်ကြသောအခါ အကြောအသားတို့ ပျောက်ကွယ်လျက်ရှိသည်။ အပေါ်ရေ၊ အသား၊ အကြော၊ အစေးတို့သည် မီးလောင်ကျွမ်းသွားခြင်း ဖြစ်သော်လည်း ပြာတမှုန့်မကျန်ခဲ့ပေ။ မီးတောက်လောင်စွဲသော မှင်မှိုင်းများလည်း စွဲကပ်မနေခဲ့ပေ။ ဓာတ်တော်များချည်းသာ ရောင်မျိုးစုံ ကွန့်မြူးလျက်ကျန်ရစ်ခဲ့လေသည်။

မြတ်စွာဘုရားများ ပရိနိဗ္ဗာန် စံဝင်တော်မူပြီး၍ တေဇောဓာတ်လောင်ကျွမ်းပြီးနောက် ဓာတ်တော်များ ကြွင်းကျန်ရာတွင် နှစ်မျိုးကွဲပြားပေသည်။ သက်တမ်းရှည်မြင့်သော မြတ်စွာဘုရားများမှာမူ အသမ္ဘိန္နဓာတ်အဖြစ် မကွဲမပြား ရွှေတုံးကြီးကဲ့သို့ ဖြစ်၍ ကြွင်းကျန်လေ့ရှိသည်။

ကျွန်ုပ်တို့၏ ဂေါတမမြတ်စွာ ဘုရားကား....

"ငါသည် ရှည်မြင့်စွာမတည်မူ၍ အသက်တမ်းတွင် ငါးဘို့ ဖို့ပြီး၍၊ လေးဖို့သာ မြတ်စွာဘုရားတို့ ဓမ္မတာအတိုင်း နေမြဲဖြစ်သောကြောင့် မကြာမီပင် ပရိနိဗ္ဗာန်စံလွန်ရလတ္တံ့။ ငါ၏ အဆုံးအမဖြစ်သော သာသနာတော်သည်လည်း ထိုထိုသို့သော တိုင်းနိုင်ငံ၊ မြို့ရွာနိဂုံး ဇနပုဒ်အပေါင်းတို့၌ များစွာမပျံ့နှံ့ သေးသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုပြီးသော ငါ၏မုန်ညင်းစေ့ခန့်မျှလောက်သော ဓာတ်တော်တို့ကိုယူ၍ မိမိတို့ရပ်ရွာဒေသ၌ စေတီပြု၍ ပူဇော်ကိုးကွယ်ကြသော လူခပ်သိမ်းတို့ နတ်ရွာသို့လားကြရမည့် အကျိုးကျေးဇူးများစွာဖြစ်စေခြင်းငှာဓာတ်တော်တို့ကို ဖရိုဖရဲကွဲပြားပြီး တည်ကြစေသတည်း။"

---

နိလာစာပေ

ဟု အဓိဋ္ဌာန်ပြုတော်မူခဲ့သဖြင့်သမ္ဘိန္နဓာတ်အဖြစ်အစိတ်စိတ်ကွဲပြား၍ ကြွင်းကျန်သော်ငြား၊ ဥဏှီသ်တော်လေးဆူ၊ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော် တဆူဖြစ်သော ဓာတ်တော် ၇-ဆူ တို့ကား၊ အသမ္ဘိန္နဓာတ်တော်များအဖြစ် မကွဲမပြားတည်ရှိနေလေသည်။

ယင်းတို့အပြင် ကွဲပြားသွားသော သမ္ဘိန္န ဓာတ်တော်များလည်း ရှိပေသေးသည်။ အငယ်ဆုံးကား မုန်ညင်းစေ့အရွယ်ရှိကာ တဝင်းဝင်းတလှုပ်လှုပ် ရွှေအဆင်းဖြင့် တည်တော်မူကြသည်။

အလတ်စား ဓာတ်တော်မြတ်တို့မှာ ဆန်စေ့အကျိုး၏အရွယ်ရှိကာ ပွတ်သင်ပေပုလဲ၏ အသရေဖြင့် ဝင်းဖန့် ကြည်လင်လျက်တည်တော်မူကြ၏။

ကြီးသောဓာတ်တော်မြတ်တို့မှာမူ ပဲနောက်စေ့ထက်ခြမ်းကဲ့အရွယ်ရှိ၍ မြတ်လေးပန်းငုံ အဆင်းဖြင့် တည်တော်မူကြလေသည်။

မလ္လာမင်းတို့သည် ဘဂဝါ ဘုရား၏ ကြွင်းကျန်ရစ်သောဓာတ်တော်မြတ်များကို ရိုသေစွာရှိခိုးလျက် ကောက်ယူကြပြီးလျှင် ရွှေအင်ခွက်ဖြင့်ထည့်ကာ ရွှေအင်ခွက်ဖြင့် ဖုံးအုပ်ထားကြလေသည်။ ဓာတ်တော်များ ကိန်းဝပ်သော ထိုရွှေအင်ခွက်ကိုဤနေရာတွင် ဆောက်လုပ်ထားသော မင်းကွန်းဇရပ်တွင် ယာယီမျှ ပူဇော်ကြသည်။

ပူဇော်ကြပုံမှာ ရတနာ ဗိမာန်မျက်နှာကျက် ပြုလုပ်၍ ရွှေကြယ်၊ ငွေကြယ်၊ ပတ္တမြားကြယ်များ စီခြယ်မွမ်းမံထားသည်။

ပတ်ပတ်လည်တွင် နံ့သာဆိုင်း၊ ပန်းဆိုင်း၊ ရတနာဆိုင်းနှင့် သန္တာဆိုင်းတို့ ခြံရံထားကာ၊ ခါတ်တော်ကိန်းဝပ်သော ရွှေအင်ခွက်ကို ရတနာကလပ်၌ တင်လှူကြသည်။ ပန်းအမျိုးမျိုး နံ့သာအထွေထွေ အမွှေးအထုံမျိုးစုံဖြင့် ကြဲမြောက်ပက်ဖျန်းကာ ပူဇော်ကြ၏။

ထိုနေရာမှတဖန်၊ မလ္လာမင်းတို့သည် ခါတ်တော်မြတ်များကို မြို့လယ်မင်းကွန်းဇရပ်ကြီးရှိ ဦးခေါင်းတန်ဆာဆင်ယင်သော မကိုဋ္ဌခန်းမြတ်သို့ ပင့်ဆောင်ရန် စီစဉ်ကြပြန်လေသည်။

သရီရခါတ်တော်များ ကြွချီမည့်လမ်းတလျှောက် မြေပြင်ကို ညီညွတ်ပြေပြစ်အောင် စီရင်ကြသည်။လမ်းဘေးဝဲယာတွင် ရောင်စုံတံခွန်များ ရတနာကုက္ကားများ ငှက်ပျောပင်များ ရေပြည့်ကြာသွတ်အိုးများနှင့် ဆီမီးတိုင်များကို စိုက်ထူထားကြသည်။ ခါတ်တော်များ ကြွချီမည့် လမ်းအထက်တွင်လည်း တန်ဖိုးမဖြတ်နိုင်သော ရတနာဗိမာန်၊ ရတနာမျက်နှာကျက်များကို ရတနာပန်းဆိုင်း၊ နံ့သာပန်းဆိုင်းများနှင့် တွဲဖက်ဆင်ယင်ထားသည်။

ခါတ်တော်များ သီတင်းသုံးမည့် ပလ္လင်မှာ ရတနာကိုးပါးဖြင့် မွမ်းမံထားသော နဝရတ်ပလ္လင်ဖြစ်၍ ထီးငါးလက်စိုက်ထူ၍ ဆောင်းမိုးထားပေသည်။

ထီးငါးမျိုးမှာ ဘုရင်မင်းမြတ်တို့၏ ရာဇပလ္လင်တွင် အမြဲစိုက်ထူထားသော ကြငှန်းထီး။

ရေမြေသနင်း ပြည့်ရှင်မင်းတို့ ထွက်တော်မူသောအခါတွင် ဆောင်းလေ့ရှိသော ဥရှုထီး။

ဘုရင်မင်းမြတ်တို့ အမြဲတစေဆောင်းသော တမွတ်ထီး။

တိုင်းတပါးမှ သံကြီးတမန်ကြီးများကို ဘုရင်မင်းမြတ်လက်ခံတွေ့ဆုံကာ ဖူးမျှော်ခယူကြစဉ်မှာသာ ဆောင်းသော ကနက္ကဒါန်ထီး။

ဥယျာဉ်တော်သို့ ဘုရင်မင်းမြတ်ထွက်တော်မူရာတွင် ဆောင်းသော သမုတိထီးဟူ၍ဖြစ်ပေ၏။

မြို့လယ်မင်းကွန်းဇရပ်နှင့် လမ်းတလျှောက်တွင် အသင့်ပြင်ဆင်ပြီး ချိန်ဝယ် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ရတနာဆင်ပြူတော် ပေါ်တွင်တင်လျက်၊ တူရိယငါးပါး အကအခုန် အတီးအမှုတ်တို့ဖြင့် ပင့်ဆောင်လာလေ၏။ လမ်းတလျှောက်၌ ဖူးမျှော်ကြသူများသည် ပန်းများကြဲမြှောက်၍ရင်း၊ နံ့သာရေ ပက်ဖျန်း၍ရင်း၊ ငွေသေစ္စာ ရှိခိုးလျက်ရင်း၊ ပူဇော်ကြည်ညိုကြလေသည်။ မြို့လယ်သို့ သရီရ ဓာတ်တော်များ ကြွရောက် ကိန်းဝပ်တော်မူပြီးသည့် နောက်တွင်ကား၊ ပွဲလမ်းသဘင်များခံလျက် ပူဇော်ကြပြန်လေသည်။

(၂)

"လောကသုံးပါးတွင် အတုမရှိသော မြတ်စွာဘုရားသည် ကုသိနာရုံပြည် တောင်တံခါး အနီးရှိ အင်ကြင်းတော တွင် ပရိနိဗ္ဗာန်စံလွန်တော် မူချေပြီ"

---

နိလာစာပေ

ဤသတင်းကို ဦးစွာကြားသိသူများမှာ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်ဘုရင် မင်းတရားဖြစ်ပေသည်။

သူကား ဆိုးသွမ်းစဉ်ကမူ တွင်းတူး၍ ဆိုးသွမ်း မိုက်မဲခဲ့သလောက်အယူမှန် တရားမှန်ကို မြင်လာသော အခါတွင်လည်း ဗုဒ္ဓမြတ်စွာကို သူ့ထက်ကြည်ညို သဒ္ဓါသူမရှိအောင် သဒ္ဓါပသန္နဒုလ္လဘ အားကြီးသူဖြစ်ရာ အချို့သော ကျမ်းများတွင်-

"မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်သည့် သတင်းကို မတင်လျှောက်မီ မှူးမတ် ပညာရှိများသည် ထောပတ် ကန်ကြီးများကြိုတင်စီမံ ထားပြီးမှ သတင်းဆိုးကို လျှောက်တင်ကြရာ အသည်းလောင်ကျွမ်းမဘတ် သောကမီး ဗျာပါဒမီးဖြစ်သဖြင့် မေ့မြောသွားသည်တွင် ထောပတ်ကန်ထဲ ထည့်သွင်း စိမ်ပေးစေကာမူ အငွေ့ တထောင်းထောင်း ထွက်လာသည့်အတွက် တကန်ပြီးတကန် ပြောင်းလဲ ထည့်စိမ်ပေးရသည်"

-ဟုပါရှိသည်။ ဆရာသမားများလည်း ပြောဆိုသံ ကြားရဘူးပေသည်။

ဤမျှသဒ္ဓါအားကြီးသောအဇာတသတ်မင်းမြတ်မှာ မြတ်စွာဘုရား၏ သာဓုကိဋ္ဌနသဘင်ကြီးကို မသိကြားလိုက်ရသည့်အတွက်လည်း လွန်စွာ ဝမ်းနည်းပေလိမ့်မည်။ ယခုတဖန် ဆရာဘုရား မရှိသည့်အခါ ဆရာ့ကိုယ်စား ဓာတ်တော် မွေတော်များသာ ကျန်ရှိခဲ့ရာ ရယူ ကိုးကွယ်ရမှ ဖြစ်မည်ဟု သဘောပေါက်လေသည်။

ထို့ကြောင့် တစုံတရာသော ဓာတ်တော် မွေတော်များပေးပါရန် ကုသိနာရုံပြည် မလ္လာမင်းတို့ထံ သံနည်း တမန်နည်း

ဖြင့် စာသဝဏ်ပို့ကာ တောင်းခံလေသည်။ သို့သော် သဒ္ဒါ အားကြီးသည့်အတွက် ကြောင့်ကြမှုသည် နောက်ပါးမှ ခိုဝင် လိုက်ပါ လာပြန်၏။

"မလ္လာမင်းတို့သည်ငါ၏ သဝဏ်လွှာအရ အလှယ်ဖြင့် ဆက်သသော် ကောင်း၏။ မဆက်သဘဲ ခဲယဉ်းစွာ နေခဲ့ကြပါမူ ငါ ကြည်ဖြူသော စေတနာသဒ္ဒါအလျောက် မကိုးကွယ် မပူဇော်ရ ဘဲ ဖြစ်ချေတော့မည်"

ထို ကြောင့်ကြမှုကြောင့် အနုနည်းဖြင့် မရသော် စစ်ရေး စစ်ရာ အားဖြင့် ချက်ခြင်း ဆောင်ရွက်နိုင်ရန် စစ်အင်္ဂါ ၄ ပါးကို အသင့်ပြင်ဆင် ခင်းကျင်းထားရန် အမိန့်တော်ထုတ် ပြန်လိုက်သည်။ ဒိုင်းလွှားကာများ ရိုက်ခတ်သံ တညံညံ၊ ဓား ရောင် လှံရောင် တဝင်းဝင်းနှင့် ခြေလျင် တပ်သားများ ရထားဘီးကြိတ်သံ၊ မြင်းရိုက်သံများ တအုန်းအုန်းနှင့် ရထား တပ်များ ခွာသံတဖျောင်းဖျောင်း လေးညို့ခတ်သံ တဖျန်းဖျန်း နှင့် မြင်းတပ်များ ပေါင်းကား ကြွိတ်ဖိသံ တအိအိနှင့် ဆင်တပ် များသည် ရာဇဂြိုဟ်ပြည်ထဲတွင် ဖုံးလွှမ်းသွားလေတော့သည်။

သို့ဖြစ်၍ငြားအဇာတသတ်မင်း၏ကြောင့်ကြမှုကား မပြေငြိမ်း ပါချေ။

"ဤမဇ္ဈိမဒေသကွင် ဘုရင်ဟူ၍ ငါတပါး တိုင်းကား ပြည်ရွာဟူ၍ ငါ၏ မာဂဓရာဇ်တိုင်းရာဇဂြိုဟ် တပြည်တည်းသာ ရှိသည်မဟုတ်။ အခြားသော တိုင်းကားပြည်ထောင် များလည်း မြားမြောင်စွာ ရှိပေသေးသည်။ ယင်းပြည်ထောင် မင်းတို့လည်း ငါကဲ့သို့ပင် ဓာတ်တော် မွေတော်များကို ကိုးကွယ်လိုကြပေ

လိမ့်မည်။ ငါ့ထက် ဆောလျင်စွာ စစ်အင်ကျင်း၍ တိုက်ခိုက်ယူငင်သွားသော် ငါမရလိုက်ဘဲရှိချေမည်။ အကြောင်းမဲ့ ဖင့်နွဲ့နေချေသော် အကျိုးမဲ့ဖြစ်တန်ရာသည်”

ထို့ကြောင့် အဇာတသတ်မင်းသည် စစ်မျိုးစစ်ကဲတို့အား ချက်ခြင်းစစ်ချီတက်ရန် အမိန့်ထုတ်လျက် ကိုယ်တော်တိုင် တပ်ဦးမှ လိုက်ပါခဲ့လေသည်။ စစ်မျိုး စစ်ကဲတို့အားလည်း သတိမပြတ်ရန် အမိန့်ပေးထားချေသည်။

အဇာတသတ်မင်းနည်းတူ မြတ်စွာဘုရား၏ သရီရ ဓာတ်တော်များကို ပင့်ယူ ကိုးကွယ်လိုသော ပြည်ထောင်မင်းများသည် နောက်ထပ်ခြောက်ပြည်ထောင် ရှိနေပေသေး၏။ ပထမကား လိစ္ဆဝီမင်းသားတို့ပေတည်း။

လိစ္ဆဝီမင်းသား ငါးရာတို့မှာ အနုပါဒိသေသ နိဗ္ဗာန်နန်းသို့ ဗုဒ္ဓ မြတ်စွာ ကြွမြန်းသွားလေပြီဟူသော သတင်းကိုကြားလျှင် ကြားချင်း အဇာတသတ် မင်းနည်းတူပင် လိမ္မာကျွမ်းကျင်သော အမတ်များကို သဝဏ်လွှာနှင့် စေလွှတ်ပြီးမှ တမျိုးအကြံပေါက်ကာ စစ်အင်္ဂါ ၄ ပါးဖြင့် ဘဆယ့်ရှစ် ဓေါဘဏီ တပ်ကြီးကို စုစည်း၍ ကုသိနာရုံပြည်သို့ ချီတက်လာကြလေ၏။

ချီတက်ရာလမ်းခရီး တလျှောက်လုံးတွင်လည်း မလ္လာမင်းတို့အား မည်သို့မည်ပုံ တိုက်ခိုက်မည်စသော စစ်အစီအရင် နည်းပရိယာယ်များကို ဆွေးနွေးချမှတ် လာကြသည်။

ရာဇဂြိုဟ်မင်းဝေသာလီမင်းတို့အပြင် ဗုဒ္ဓရှင်ပင်မြတ်၏သရီရဓာတ်တော်မွေတော်များကို အနုနည်းဖြင့်မရလျှင် အကြမ်းနည်းဖြင့် ရယူရန် ချီလာသော အခြားတိုင်းပြည်များလည်း ရှိသေး

၏။ ယင်းတို့မှာ ကပိလဝတ်ပြည်၊ အလ္လကပ္ပတိုင်း၊ ရာမပူရ ဝေဋ္ဌဒိပကနှင့် ပါဝါပြည်မှ မင်းများဖြစ်ကြ၏။

ကပိလဝတ် ပြည်မှ သကျသာကီဝင် မင်းတို့မှာ မြတ်စွာဘုရား၏ဆွေတော် မျိုးတော်များ ဖြစ်ကြသည်။ ဒို့တူ ဒို့သား ဒို့ဦးရီး ဒို့ဦးလေး၏ ဓာတ်တော်များကို ဒို့သာ ရထိုက်သည် ဆိုကာ စစ်ချီလာကြသလို အလ္လကပ္ပတိုင်းမှ ဗလရာဇာ မင်းကြီးလည်း ဗိုလ်ထု တပ်ထုဖြင့် စစ်အင်ကျင်းလျက် ချီတက်လာချေသည်။

ရာမရွာ၌နေသော ကောလိယမင်းများ၊ ဝေဋ္ဌဒိပကတိုင်းပြည့်ရှင်ပုဏ္ဏားဘုရင်များ၊ ပါဝါပြည်မှ မလ္လာမင်းများလည်း ကြီးမားသော စစ်တပ်ကြီးများ အသီးသီးဖြင့် စစ်တံခွန်အောင်လံ တလူလူ စစ်သည် စစ်မောင်းသံ တဟိန်းဟိန်း တညံညံလွှင့် ထူရိုက်ဆော်လျက် ချီတက်လာကြသည်။

ပါဝါပြည်သည် ကုသိနာရုံပြည်နှင့် သုံးဂါဝုတ်မျှသာဝေးကွာ၏။ ကုသိနာရုံပြည်သို့ ဗုဒ္ဓမြတ်စွာ ကြွမြန်းလာတော် မူစဉ်ကလည်း တညရပ်နား၍ ကျိန်းစက်တော် မူသွား ခဲ့သေးသည်။ သို့သော်လည်း ကုသိနာရုံကို တိုက်ခိုက်ရန် စစ်ချီလာသော အခါ ပါဝါတင်များသည် တခြားတိုင်းပြည်များထက် ဖော၍မရောက်ခဲ့ချေ။ အကြောင်းသော်ကား ပါဝါစစ်တပ်သည် အဆမတန်ကြီးမားလှရာ ယင်းတပ်ကြီး၏အင်္ဂါပြည့်စုံအောင် အချိန်ကြာမြင့်စွာ စီစဉ်ခန့်ခွဲနေရသောကြောင့် ပေတည်း။

မြေပြိုမတတ် အော်ဟစ်ကြွေးကြော်သံများ၊ စစ်စည် စစ်မောင်းရိုက်ဆော်သံများနှင့် တသက်တွင် မမြင်ဘူးအောင် များ

ပြားသော စစ်တပ်ကြီးတွေ မြို့ကိုဝိုင်းရံလာသည်တွင် ကုသိနာရုံ မြို့သူမြို့သားများမှာ နေစရာမရှိအောင်တုန်လှုပ်ခြောက်ခြားနေကြ လေသည်။ မလ္လာမင်းတို့မှာ သာသနာရေးတွင် အာရုံစိုက်နေရာမှ စစ်ရေးကို ပြန်လည် အာရုံပြုလာရချေသည်။ စစ်သည် စားနပ်ရိက္ခာများ သိုလှောင် စုဆောင်းသည်။ တဖက်တွင်လည်း မြို့သူမြို့သားများအား လိုက်လံ နှစ်သိမ့်ရသည်။

မကြာမီ ခုနစ်ပြည်ထောင်မင်းတို့ထံမှ ရာဇသံများရောက်ရှိလာလေသည်။

"မလ္လာမင်းအပေါင်းတို့၊ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်ကိုလည်း ပေးမည်လော။ စက်မက်ကိုလည်း ဖက်မည်လော"

မလ္လာမင်းတို့သည်ရာဇသံ၇စောင်ကိုမင်းကွန်းသဘင်၌လက်ခံကြားနာပြီးလျှင်ပြီးချင်းစည်းဝေးတိုင်ပင်ကြသည်။ ရောက်ရှိလာလာသောစစ်ကိုအညံ့ခံမည်လော၊ရန်ကိုရန်ချင်းတုံ့နှင်းမည်လော။

အဖြေကား တညီတည်း ဖြစ်သည်။

"မပေးဘူး၊ စစ်တိုက်မယ်"

ထို့ကြောင့် ခက်ထန်ရှည်လျားသော ရာဇသံဖြင့် ခုနစ်ပြည်ထောင်မင်းများထံသို့ ပြန်ကြားလိုက်လေသည်။

"ခုနစ်ပြည်ထောင် မင်းအပေါင်းတို့—
ငါတို့သည် ဗုဒ္ဓမြတ်စွာအား ဤပြည်တွင်ပင် ပရိနိဗ္ဗာန် စံဝင်တော်မူပါဘုရား ဟူ၍ သွားရောက် ပင့်ဖိတ်ခြင်း မရှိခဲ့ချေ။

မကျန်းမမာ ဖြစ်နေတော်မူသော မြတ်စွာဘုရားကိုလည်း ငါတို့သည် ပင့်ဖိတ်ဆောင်ယူခဲ့ခြင်း မရှိကြလေ

ကုန်။ မြတ်စွာဘုရား ကိုယ်တော်တိုင်သာလျှင် ဤကုသိနာရုံသို့ အလိုအလျောက် ကြွတော်မူလာပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို စေလွှတ် ခေါ်တော်မူမှသာ လျှင် မြတ်စွာဘုရား ရောက်ရှိခတော်မူကြောင်း သိရပေ သည်။

စင်စစ်သဖြင့်ကား သင်တို့၏ မြို့ပြကျေးရွာများ၌ မြတ်စွာဘုရား၏ ဓာတ်တော်ရတနာများသည် ငါတို့ ပြည်တွင် ရောက်ရှိသည့်နည်းတူ ကိန်းဝပ်လာ‌ပြောအံ့၊ ထိုကဲ့သို့ သင်တို့ တိုင်းကားပြည်ရွာ၌ ကိန်းဝပ်သော ဘုရား ဓာတ်တော် ရတနာများကို ငါတို့အား သင်တို့ သည် ဝေခြမ်းပေးလိမ့်မည်ဟု ငါတို့ မယုံကြည်။

ဤမှတပါး နတ်နှင့်တကွသော လောက၌ ဘုရား ရတနာနှင့် တူသော မြတ်သော ရတနာ မည်သည် လောက၌ မရှိ။ ဤသို့ သဘောရှိသော ရတနာထူး ရတနာမြတ်ကို ငါတို့နှင့် ထိုက်တန်၍သာ ငါတို့ရကုန် ၏။ ထိုသို့ ငါတို့အား ထိုက်တန်သဖြင့် ရသော ရတနာ ထူး ရတနာမြတ်ကို သင်တို့အား မပေးနိုင်။

အို–ခုနစ်ပြည်ထောင်သား မင်းအများတို့။

ငါတို့နှင့် ထိုက်၍ ငါတို့ ဒေသသို့ ရောက်ရှိကာ ငါတို့လက်ဝယ် ရရှိထားသော ရတနာထူး ရတနာ မြတ်ကို သင်တို့အား မပေး။ စင်စစ်သော်ကား သင်တို့ သည်သာလျှင် အမိသားမြတ်မှ ထွက်သော် နို့ရည်ကို သောက်စို့ ကြီးပြင်းလာသော ယောကျ်ားကောင်းများ

မဟုတ်။ ငါတို့လည်း အမိသားမြတ်မှ ထွက်သော နို့ကို သောက်စို့ ကြီးပြင်းလာကြသော ယောကျ်ား ကောင်းတို့ပင် ဖြစ်ကုန်၏။ ထို့ကြောင့် ယောကျ်ားချင်း ကို စစ်မက်ဖက်ပြိုင်လိုက ဖက်ပြိုင်ကြကုန်လော့”

ကုသိနာရုံပြည့်ရှင်မင်းတို့၏ ပြန်ကြားသော သဝဏ်လွှာကို ရရှိလျှင် ခုနစ်ပြည်ထောင်မင်းတို့မှာ ယမ်းပုံမီးကျသို့ ဒေါမာန် အမျက် ခြောင်းခြောင်းထွက်ကြသည်။ ကုသိနာရုံတပြည်လုံးကို ထုံးလိုချေ၊ ရေလို နှောက်ပစ်မည် စသည်ဖြင့် မင်းမာန်မင်းမျက် ဖြင့် ဒေါသတကြီး ကြုံးဝါးကြ၏။

သို့ရာတွင် တဦးကောင်း တတပ်ကောင်း ထ၍ တိုက်သည် ထက် ခုနစ်ပြည်ထောင်အင်အားဖြင့် တနေ့တည်း တချိန်တည်း တိုက်လျှင် ကုသိနာရုံပြည်သည် တခဏချင်း ကျဆုံးမည်။ မိမိ ဖက်ကလည်း အကျအဆုံး နည်းမည်။ ထို့ကြောင့် တဦးတည်း မလုပ်ဘဲ တဖက်တွင် တပ်ကို အသင့်ပြင်စေပြီး၊ တဖက်တွင် ခုနစ်ပြည်ထောင်မင်းများ စည်းဝေးတိုင်ပင်ကြလေသည်။

“ငါတို့ သားချင်း ဗုဒ္ဓမြတ်စွာရဲ့ ဓာတ်တော်တွေကို မပေးနိုင်ဘူးတဲ့ဟေ့....၊ မကြာခင်မှာဘဲ ငါတို့ဟာ ကုသိနာရုံပြည်ကို စစ်တိုက်ကြရတော့မယ်”

တပ်ဆော်၊ တပ်ကြပ်၊ တပ်သား စသည်တို့၏ ပြောသံဆိုသံ များသည် ကပိလဝတ်ပြည် စစ်တပ်ကြီး အတွင်း၌ နေရာမလပ် ပျံ့နှံ့သွားလေ၏။ ထိုအချိန်တွင် ဘုရားပရိနိဗ္ဗာန်ပြုရာ မြေကို ဦးခိုက်ရန်၊ ဓာတ်တော်များကို ဖူးမျှော်ရန် ကုသိနာရုံသို့အလာ

တွင် စစ်တပ်များကြား၌ ညှပ်ပိတ်ပြီး ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေသော ပုဏ္ဏားတယောက်သည် စစ်သားများ ပြောကြားကို ကြားသွားလေသည်။

သူကား ဒေါဏပုဏ္ဏားပေတည်း။

ဒေါဏပုဏ္ဏားကား ဇမ္ဗူဒိပါတောင်ကျွန်း တခွင်လုံးတွင် တပည့်တွေ မိုလိုပေါက်နေသော မင်းဆရာ ဒိသာပါမောက္ခ ပေတည်း။

"အင်း....စစ်တိုက် ကြတော့မယ် သိုပါကလား၊ စစ်ဖြစ်ရင်တော့ လူတွေ သေကုန်ကြတော့မှာဘဲ"

ဒေါဏပုဏ္ဏား၏အသိအာရုံတွင်းသို့ ပထမဆုံးဝင်လာသော အချက်ဖြစ်၏။

"ကုသိနာရုံက ခုံမယ်၊ မလ္လာမင်းတို့ရဲ့ စစ်တပ်က ဘယ်လိုလုပ်ပြီး ခုနစ်ပြည်ထောင်တပ်တွေကို ခုံနိုင်မှာလဲ၊ အင်း.... ဒုက္ခတော့ ရောက်ကုန်ကြတော့မှာဘဲ၊ ကုသိနာရုံတပြည်လုံး ဖွတ်ဖွတ်ညက်ညက် ကြေကြတော့မှာဘဲ"

ဒိသာပါမောက္ခကြီးသည် အရှိအတိုင်း မြင်ရသည့်အခါ တွင် ဝေဖန်သုံးသပ်ကြည့်ပြန်ရာ ရင်အေးစရာ တကွက်မျှ မရှိ။ ထို့ပြင် စစ်တို့မည်သည် ရှုံးသူရောနိုင်သူပါ နှစ်ဦးစလုံးနာသော အမှုသာ ဖြစ်သည်။

"ငါဘယ်လို ကြံရပါ့၊ ရှစ်ပြည်ထောင်လုံးဟာ ငါ့တပည့်တွေချည်း ပါကလား။ အင်း- ငါဆရာ တယောက်လုံးကို ငုတ်တုတ်ထားပြီး ငါ့တပည့်တွေ

ချင်း သတ်ဖြတ်ကြရင် ဒေါကာပုဏ္ဏား ဘာကြောင့် ကြည့်နေသလဲလို့ ငါ့ခေါင်းပေါ်ဘဲ အပြစ်လာတော့မယ်”

ထိုအတွေးဝင်လာသော ခဏဝယ် ဒေါကာပုဏ္ဏား မနေသာတော့ပေပြီ။ ထို့ကြောင့်ကပိလဝတ်ပြည်အနောက်ဖက် ဒုဏ္ဏဝတ္ထုပုဏ္ဏားရွာသားကြီး ဒေါကာပုဏ္ဏားမှာ အများ မြင်သာသော ကုန်းမြင့်တခုပေါ်တက်၍ အများ ကြားသာအောင် ဂါထာငါးရာ ပါဝင်၍ ၂-ဘာဏဝါရရှိသောဒေါကာဂဇ္ဇိတ ဂါထာကို ဟစ်ကြွေးလေသည်။

ရှစ်ပြည်ထောင် မင်းတို့၏ စစ်တပ်အင်အားကို ခန့်မှန်းလျှင် ၆၄-အက္ခောဘဏီခန့် ရှိမည်ဟု ယူဆရ၏။ ထိုမျှများပြားသော တပ်ထု ဗိုလ်ထုသည် ကိုယ့်ကိစ္စဖြင့်ကိုယ် သွားလာနေကြ၏။ ကိုယ့်အာရုံဖြင့် ကိုယ် ပြောဆို ဆွေးနွေးနေကြ၏။ လူသား တယောက်၏ သာမန်အသံကို ရုတ်တရက် ကြားရန် မလွယ်ချေ။ ကြားသည့်တိုင်အောင် သတိပြုမိရန်သည်း မလွယ်ကူလှပေ။

ယင်းသို့ဖြင့် ဒေါကာပုဏ္ဏား အော်ဟစ် ပြောကြားလာခဲ့ရာ ၄၉၇-ဂါထာ ကုန်ဆုံးသွားခဲ့၏။ မည်သူမျှ စောင့်မျှော်ကြည့်ဖော် မရလေ။ သို့တစေ ဒေါကာပုဏ္ဏား ဆရာသည် အားမလျော့ချေ။ ဆက်လက်၍ အော်ဟစ်ပြန်၏။

“ဟေ့ နားထောင်ကြစမ်း။ ဒို့ဆရာ ဒီသာပါမောက္ခရဲ့အသံ မဟုတ်လား”

ဂါထာ ၄၉၈-သို့ ရောက်သောအခါဝယ် တယောက်က စ၍ သတိပေးလိုက်သည်။ တယောက်မှ တရာ၊ တရာမှ တသောင်း၊ တသောင်းမှ၆၄-အက္ခောဘဏီလွှမ်းခြုံ၍သတင်းပျံ့နှံ့သွားလေပြီ။

ထိုအချိန်အခါက–

"ဆရာဆိုသည်မှာ လေးစားအပ်၊ ရိုသေအပ်၊ မြတ်နိုးအပ်သော ပုဂ္ဂိုလ်ပေတကား" ဟူသော အယူအားကောင်းရှင်သန်နေချိန်ဖြစ်ရာ အာစရိယဂုဏော ဂုဏ်ကို လေးစားသော အားဖြင့် တိတ်ဆိတ်သွားလေ၏။ ပုံပမာ ဆိုရသော် တခုသော တောအုပ်၌ ပြင်းစွာ လှုပ်ရှားအားကြီးလှသော ဝါယောဓာတ် အဟုန်ကြောင့် တခုသော ချုံမျှ မကျန်အောင် လောင်သောမီးကို ရှောက်ရွာမိုးကြီး သည်းထန်စွာ ရွာချလိုက်သကဲ့သို့ ပေတည်း။

တဦးတယောက်မျှမကျန် အုတ်အုတ်ကျက်ကျက် ထွက်ပေါ်မပြု ဗိုလ်လူတို့အသံ တပွဲလုံး ဆိတ်ညံသွားလေ၏။

သူ့အသံကို လူအများ အာရုံစိုက်မိကြပြီကို သိသွားပြီးနောက် ဒေါဏပုဏ္ဏားမှာ အားတက်စွာဖြင့် ၄၆၆-ခု မြောက်စကားပိုဒ်ကို ပြောလေ၏။

"အို–မင်းအပေါင်းတို့၊ ငါစကားတခွန်း ပြောအံ့။ ငါတို့မြတ်စွာဘုရားသည် ဒေါသ ချုပ်တီး၍ သည်းခံခြင်းကို ချီးမွမ်းတော်မူလေ့ရှိသည်။ ဤ မြတ်စွာဘုရား၏ ဓာတ်တော် များကြောင့် စစ်ဆိုးကြမည် ဆိုလျှင် မကောင်းပေတကား"

ဒိသာပါမောက္ခ ဒေါဏပုဏ္ဏားသည် နိဂုံးချုပ် စကားကို ဆက်၍ ဆိုပြန်၏။

"မင်းခေါင်မင်းဖျား မင်းဘုရား အပေါင်းတို့၊ သင်တို့အားလုံးသည် ဗုဒ္ဓမြတ်စွာ ရှင်ပင်၏ တပည့် ဒါယကာ ဒါယိကာမများချည်းဖြစ်ကြ၏။ သို့ဖြစ်၍မြတ်စွာ အချင်း

ဘုရား လိုလားသော သည်းခံခြင်း တရားကို လက်ကိုင်ထား၍ တပေါင်းတစည်းတည်း ညီညွတ်သင့်ကြပါကုန်လော့။ သင်တို့ ဝမ်းမြောက် ကျေနပ်မည့် စကားကို ငါ ဆက်၍ဆိုမည်။ နားစိုက်ထောင်ကြကုန်”

ရှစ်ပြည်ထောင် မင်းများသည် မြတ်စွာဘုရား၏ တပည့်ဒါယကာများ ဖြစ်ကြလျက် ဘုရားမကြိုက်သော ဒေါသ မာန ကြီးမားခြင်း၊ တိုက်ခိုက် သတ်ဖြတ်ခြင်းတို့ မကောင်းကြောင်းကို နားဝင်စ ပြုလာသည်။

ကျွန်ုပ်တို့၏ မြတ်စွာဘုရား၏ ခန္တီပါရမီကို ခန္တီဝါဒ ရသေ့အဖြစ်၊ ဓမ္မပါလ မင်းသား၊ ဆဒ္ဒန်ဆင်မင်း၊ ဘူရိဒတ် နဂါးမင်း၊ စမ္ပေယျ နဂါးမင်း၊ သင်္ခပါလ နဂါးမင်းနှင့် ဝါနရိန္ဒ မျောက်မင်းစသော အဖြစ်ပေါင်းများစွာနှင့် အခြားဘဝများတွင် “ဗဟုကမ္မ” အမည်တော်ရအောင် ကျင့်ဆောင်တော် မူခဲ့သော အဖြစ်တော်ပေါင်းသည် ရှစ်ပြည်ထောင် မင်းတို့ မျက်စိထဲတွင် အစီအရီ ပေါ်လာကာ မာန ဒေါသများနှင့် ယုတ်မာသော အတ္တများ မှိန်လျော့လာလေသည်။

“ဒေါဏဆရာ၊ သင့်ဆရာ၏ စကားကို ကျွန်ုပ်တို့ ရှစ်ပြည်ထောင် မင်းများ နားထောင်ပါမည်”

ဒိသာပါမောက္ခ ပုဏ္ဏားကြီးအတွက် ရှေ့ဦးဆုံး အားတက်စရာ စကားကို တညီတည်း တုံ့ပြန်ကြချေ၏။

“ငါးပါးသော စက္ခု အမြင်ဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို သင်တို့ ရှင်ဘုရင်များသာ ကြည်ညို လေးမြတ်ကြသည် မဟုတ်။ ခပ်သိမ်းသော လူအပေါင်

လည်း ကြည်ညိုကြသည်သာ ဖြစ်သဖြင့် ထိုသူများ လည်း မြတ်စွာဘုရား၏ ဓာတ်တော်များကို ရသင့်သည် သာဖြစ်၏။ မရသင့်သောသူ ဟူ၍ မရှိ။ ထို့ကြောင့် အများပြည်သူ ကြည်ညို ပူဇော်နိုင်ကြစေရန် မိမိတို့ တိုင်း၊ ဌာနများတွင်ဓာတုစေတီများ တည်ထားကိုးကွယ် နိုင်ရေးအတွက် ဓာတ်တော်များကို ရှစ်ပုံပြု၍ တပုံစီကို ငါ ဝေခြမ်းပေးအံ့"

"ကောင်းပါပေတယ် ဆရာကြီး။ ဆရာကြီးဘဲ ရှစ်ပုံ ပြု၍ခွဲဝေပေးပါလော့"

ရှစ်ပြည်ထောင် မင်းတို့သည် ဒေါသမာန်လျော့၍ ဆရာ့ စကားကို လက်ခံလိုက်ကြလေတော့သည်။

( ၃ )

နီရဲသော လူ့သွေးတို့ ပင်လယ်ဝေကာ လူ့အလောင်းများ တောင်လိုပုံမည့် အနိဋ္ဌာရုံစစ်အန္တရာယ်ကြီးသည် ဒေါဏပုဏ္ဏားရှာ သားကြီး ဒေါဏပုဏ္ဏား၏ ကောင်းမှုကြောင့် မြတ်နိုးဘွယ်ရာ လှပသာယာသော ငြိမ်းချမ်းရေးအဖြစ်သို့ ပြောင်းလဲရောက်ရှိ သွားလေသည်။ စောစောက လေးညို့သံ တဖျန်းဖျန်းပေး၍ လေးပြင်၍ ဆင်စွယ်ကိုချွန် ဓားကို သွေးနေခဲ့ကြသော ရှစ်ပြည်

ထောင်မင်းတို့သည် ယခုအခါဝယ် ရှင်ပြုံးကြည်သာစွာဖြင့် ခါတ်တော်ထည့်သော ရွှေကျင်းပတ်လည်သို့ စုအုံဝိုင်းလာကြလေကုန်သည်။

ခါတ်တော်ကျင်းကို ဖွင့်လှစ်လိုက်သည်နှင့် တပြိုင်နက် ရွှေဟသ်ာတသောင်း ထ၍ပျံဘိသို့ ရွှေရောင်များ တခဲနက် တောက်ပကွန့်မြူးလာလေသည်။ ရွှေအဆင်းနှင့်တူသော ခါတ်တော်များကို ဖူးမျှော်ရသော မင်းများမှာ ကရုဏာသဒ္ဓါပသန္နအားကြီးလှသဖြင့် ရှိခိုး ငိုကြွေးကြလေသည်။

ဘုန်းခတော်ခြောက်တန်၊ ဉာဏ်တော်ဆယ်ပါး၊ အားတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....

"ဘုရားတပည့်တော်တို့သည် ယခင်အခါများ၌ အရှင်ဘုရား၏ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့ဖြင့် တန်ဆာဆင်အပ်သော ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့ဖြင့် ဝိုးစိုး ဝင်းဝင်း ထွန်းလင်း တောက်ပသဖြင့် ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် တောက်ပတင့်တယ်သပ္ပာယ်သော ကိုယ်တော်မြတ်ကို ဖူးမြင်ကြရပါကုန်၏။

ယခုမူကား ရွှေအဆင်းရှိသော ခါတ်တော်တို့သာလျှင် ကြွင်းခဲ့လေပြီတကား။ သဲကြွေအူပြတ် ပူဆွေးကြရပါသည် ရှင်ပင်ဘုရား"

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိတော်မူစဉ်က အဖြစ်များကို ပြန်လည်မြင်ယောင်ကာ တသငိုယိုကြသည်။ ဖွဲ့နွဲ့ငိုကြွေးကြသည်။ ကြီးစွာသော ဆုံးရှုံးမှုအတွက် မချိတင်ကဲ ငိုရှိုက်ကြလေသည်။

---

နိလာစာပေ

ယင်းသို့ ရှစ်ပြည်ထောင်မင်းအပေါင်းနှင့်နောက်လိုက်ဗိုလ်ပါ ပရိသတ်တို့ ရင်အုပ်မီး လောင်ကြွမ်း နေကြခိုက်ဝယ် ခံသမာဓိ တရားသူကြီးလုပ်ပြီး သရီရဓာတ်တော်များကို ညီမျှစွာခွဲဝေပေးမည့် ဒေါဏပုဏ္ဏားသည် သုံးလူပရမေ မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို သဒ္ဓါကြည်ညိုလှန်းသော စိတ်တခုတည်းက သူ့ကိုယ်ကို ဖုံးလွှမ်းသွားလေ၏။

ထိုသို့ဖြစ်သဖြင့် သူ့အခြေ သူ့တာဝန်များကို သူမေ့လျော့သွားသည်။ ငါဟာ ရှစ်ပြည်ထောင်မင်းတို့ရဲ့ ဆရာပါကလားဆိုသော အသိလွတ်သွားသည်။ ငါဟာ သူတို့ကို တရားပြပြီး ဝေခြမ်းပေးရမယ့် ဒိုင်လူကြီးပါတကား ဟူသော သတိလည်း ကင်းကွာသွားချေသည်။

ဒေါဏပုဏ္ဏား၏ အသိဝယ် ဖုံးခြုံထားသော အရာကား "ဓာတ်တော်တွေကို ကိုးကွယ်ဘို့ ငါလိုချင်တယ်" ဟူ၍သာ ဖြစ်လေ၏။

သည်အတွက် အများသူငါ ရုတ်ရုတ်သဲသဲ ငိုကြွေးနေခိုက်ကို အခွင့်ကောင်းယူကာ ခေါင်းယား၍ ကုတ်သလိုလိုနှင့် လကျာအထက် စွယ်တော်ကို ခေါင်းပေါင်း ဦးရစ်ကြား၌ ဝှက်ထားလိုက်လေ၏။

တဖန် ပုဆိုးပြင်ဝတ်သလိုလို လုပ်ရင်းနှင့် လက်ဝဲအထက် စွယ်တော်ကို ပုဆိုးအပေါ်ရုံကြားတွင် ဝှက်ထားပြီး လကျာအောက် စွယ်တော်ကိုကား အမှတ်တမဲ့လိုလိုနှင့် ခြေဖျားဖြင့်ဖုံးဝှက်ထားလိုက်သည်။

ရှစ်ပြည်ထောင် ထီးဆောင်းမင်း တို့အား သရီရဓာတ်တော် များကိုတဦးလျှင် နှစ်ပြည်ကျစီ ဝေပေးပြီးနောက် ဓာတ်ခံတော် မွေတော်များ လုံးဝ မကျန်ရှိတော့ပေ။ အားလုံး ကျေနပ် ဝမ်းသာစွာဖြင့် ခင်မင် ချစ်ကြည်စွာ ခွဲခွာ သွားကြလေ လည်း။ သို့သော် ဒေါဏပုဏ္ဏားမှာ ခြေထောက်ကို ဖယ်လိုက် သောအခါ ခြေဖြင့် နင်းထားသော ဓာတ်တော်ကို မတွေ့ရ တော့ပေ။

ခြေထောက်အောက်မှ ဓာတ်တော် ပျောက်သွား၍ ဦးရစ် ခေါင်းပေါင်းကြားကို နှိုက်ကြည့်ပြန်သည်။ ဓာတ်တော်မြတ် သည် ပျောက်ချင်းမလှ ပျောက်သွားချေပြီ။ သို့ရာတွင် ပုဆိုး ကြားတွင် တဆူရှိသေးသည် မဟုတ်လော။ ဒေါဏပုဏ္ဏားသည် ပုဆိုးကြားတွင် နှိုက်၏။ ပုဏ္ဏားမျက်လုံးပြူးရချေပြီ။ ပုဆိုးကို ချွတ်ပြီး သန်းရှာသလိုရှာ၏။ မတွေ့ချေ။ ခေါင်းပေါင်းကို ဖြေ ၍ ကြည့်ပြန်၏။ မရှိ၊ ဘာမျှမရှိ။

"ကိုယ်ကျိုးနည်းချေပြီတကား"

ဒေါဏပုဏ္ဏား ယူကျုံးမရ အော်ဟစ်ပြီး ပက်လက်လဲကာ မေ့မျောသွားလေ၏။ ဒေါနပုဏ္ဏားသည် စွယ်တော် သုံးဆူကို အသေအချာထည့်ထားသည့်ကြားမှ ပျောက်သွားခြင်းမှာ သူခိုး လက်မှ သူဝှက်အလုခံရခြင်းသာ ဖြစ်၏။

ဒေါဏပုဏ္ဏားကြီးမူး၍ ဓာတ်တော်များကို ဝေခြမ်းနေစဉ် မှာပင် သိကြားမင်းသည် လကျ်ာအထက်စွယ်ခံတော် ဝှက်ထား သည်ကို မြင်လိုက်ပေသည်။ သို့ဖြင့် "ဤပုဏ္ဏားသည် မြတ်စွာ

ဘုရား၏ စွယ်တော်ခေတ်တော်မြတ်ကို ထိုက်တန်သော ပူဇော်မှုဖြင့် ကိုးကွယ်နိုင်ပါမည်လော”ဟု သုံးသပ်ဝေဖန်ကြည့်သည်။

ပုဏ္ဏားမတတ်နိုင်။ ပုဏ္ဏားသည် စွယ်တော် ခေတ်မြတ်ကို လျော်ကန်စွာ ပူဇော်သက္ကာပြုနိုင်မည် မမြင်သောကြောင့် တိတ်တဆိတ်ယူပြီး ပန်းတောင်း၌ ထည့်သည်။ တံခါးပေါင်း တထောင်ရှိသော သုဒဿနအယုဇ္ဈပူရိန်တာဝတိံသာ သို့ ပင့်ဆောင်ပြီး စူဠာမဏိစေတီတော်၌ ဌာပနာသွင်း၍ ကော်ရော် ပူဇော်ထားလိုက်လေသည်။

လကျ်ာအောက်စွယ်တော်မြတ်ကိုကား နဂါးခိုးယူသွားခြင်း ဖြစ်သည်။

ထိုနဂါးမှာ ဇေယျသေန နဂါးမင်းဖြစ်၏။ သူသည် ဗုဒ္ဓမြတ်စွာ၏ အန္တိမစျာပနကို လာရောက် ဖူးမျှော်ရင်း၊ ဒေါဏပုဏ္ဏားဝှက်ထားသော စွယ်တော်ကိုမြင်သဖြင့် ပုဏ္ဏားမသိအောင် ခိုးယူသွားခဲ့သည်။ နဂါးပြည်၏ ဗဟိုချက်ချာတွင် ပတ္တမြားနီ ပတ္တမြားပြောက် စသော ရတနာတို့ မွမ်းမံသည့်စေတီ၌ ဌာပနာ၍ ကိုးကွယ်ထားလိုက်လေသည်။

အပေါ်ရုံပုဆိုးအကြား၌ ဝှက်ထားသော လက်ဝဲအထက် စွယ်တော်မြတ်ကိုမူ ဂန္ဓာရတိုင်းသား ရဟန္တာတပါး ပင့်ဆောင်သွားပေ၏။ ထိုရဟန္တာအရှင်မြတ် ပင့်ဆောင်သွားသော လက်ဝဲအထက်ခေတ် စွယ်တော်မြတ်ကို ဂန္ဓာရပြည့်ရှင် ဦးတည်မင်းကြီးမှူး၍ စေတီယတောအုပ်၌ စေတီတည်ထား ကိုးကွယ်ပူဇော်ကြလေသည်။

---

**နိလာစာပေ**

လက်ျာအထက် ခါတ်စွယ်တော်မြတ်သည် တာဝတိံသာသို့ ရောက်သွားပြီး၊ လက်ျာအောက်ခါတ်စွယ်တော်မြတ်သည် နဂါး ပြည်သို့ ရောက်သွားပြီ၊ လက်ဝဲအထက် ခါတ်စွယ်တော်မြတ် သည် ဂန္ဓာရပြည်သို့ ရောက်သွားပြီ။သို့ဖြစ်လျှင် လက်ဝဲအောက် ခါတ်စွယ်တော်မြတ်သည် ပါဝါပြည်ကရသလော။ ကုသိနာရုံ ပြည်က ရသလော။ ကပိလဝတ်ပြည်က ရသလော။ ဝေသာလီ ပြည်ကရသလော။ အလ္လကပ္ပပြည်က ရသွားသလော။ ကောလိယ ပြည်က ရသလော။ ဝေဋ္ဌဒီပကတိုင်းကရသွားသလော စစ်တွက် စရာရှိ၏။

စင်စစ်မူ ကုသိနာရုံပြည်သို့ စစ်ချီလာသော ခုနစ်ပြည်ထောင် မင်းများရော၊ အိမ်ရှင် ကုသိနာရုံပြည်ကပါ မရလိုက်ကြပေ။ ဝေခြမ်းရာတွင်လည်း မပါဝင်ပေ။ ဤပွဲကြီးတွင်လည်း မပါ။ ခရီးတာလည်း ဝေးကွာလွန်းသော ကာလိင်္ဂ ပြည့်ရှင် ဗြဟ္မဒတ် မင်းက ရရှိသွားလေသည်။

လက်ဝဲအောက်ခါတ် စွယ်တော်မြတ်သည် ကာလိင်္ဂ ပြည်သို့ ဘယ်နည်းဘယ်ပုံ ရောက်ရှိသွားရလေသနည်း။



# လက်ဝဲအောက်ခေတ် စွယ်တော်မြတ်

## ( ၁ )

လက်ယဲအောက်ခေတ် စွယ်တော်မြတ်ကို ခေမ မည်သော ရဟန္တာအရှင် ပင့်ဆောင်သွားခြင်းဖြစ်၏။ အရှင်သည်၊ တေဒဂ်ရ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ တပည့်တပါး ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာ၏ ရုပ်ကလာပ်ကို မီးလျှံများ ညွှတ်ခ ပူဇော်၍ မပြီးငြိမ်းမီမှာပင် ခေမ အရှင်သည် လက်ဝဲအောက်ခေတ် စွယ်တော်မြတ်ကို မီးကြားမှဝင်ရောက် ပင့်ဆောင်ကာ ဗြဟ္မဒတ်မင်းသို့ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ကာလိင်္ဂပြည့်ရှင် ဘုရင်ဗြဟ္မဒတ်

သည် ဗိုလ်ပေါင်းစုံ ဝန်းရံစေလျက် ဝမ်းမြောက် ကြည်နူးစွာဖြင့် စွယ်တော်မြတ်ကို ခံယူလေသည်။

တရားမင်းမြတ်၏ စွယ်တော်ဓာတ်ကို အရထူးစွာ ရသဖြင့် ကာလိင်္ဂမင်း ဗြဟ္မဒတ်သည် ကိုးကွယ်တည်ထားမှုကို ထူးကဲစွာ ပြု၏။ အခြားအခြားသော တိုင်းပြည်များမှာကဲ့သို့ စေတီတွင် ဌာပနာ၍ မကိုးကွယ်ပေ။ ကြီးမားသော ရတနာ ရွှေကျောင်းတော်ကြီးတခု တည်ဆောက်၍ ဓာတ်တော်များကို တင်ထား ကိုးကွယ်ခဲ့လေသည်။

စွယ်တော်ကျောင်းသည် ရွှေသားဖြင့်ဆောက်လုပ်၍ ရတနာမျိုးစုံ စီခြယ် မွမ်းမံထား၏။ ပြာသာဒ်အထွတ် စုလစ်မွန်းချွန်များသည် မိုးသို့ ထိမတတ်ဖြင့် မြင့်မား၍ နဝရတ်ကိုးပါး အရောင်တို့ တပြောင်ပြောင် တဖိတ်ဖိတ် တောက်ပနေလေ့ရှိ၏။ စွယ်တော်မြတ်ကို ရတနာ စီခြယ်ထားသော ရွှေကြုတ်ကြီး အတွင်း၌ ဌာပနာ၍ ရတနာ ၇-ပါး စီခြယ်သော သလွန်ပေါ်တွင် တည်ထား ကိုးကွယ်လေသည်။

ဗြဟ္မဒတ်မင်းနောက်တွင် ကာလိင်္ဂရာဇ်ပြည်၌ စိုးစံကြသော မင်းများမှာ ကာလိင်္ဂရာဇာ၊ နန္ဒာဘုရင်၊ ဂုဟာသိဝ မင်းတို့ ဖြစ်ကြပေသည်။ ကာလိင်္ဂရာဇာ ဘုရင်နှင့် နန္ဒာဘုရင်တို့သည် စွယ်တော်မြတ်ကို ကြည်ညိုသဒ္ဓါ ပူဇော်ခဲ့ကြ၏။ တစုံတရာသော ရန်ဆူးရန်ငြောင့် မပေါ်ပေါက်ခဲ့ပေ။

ဂုဟာသိဝမင်းကား ရတနာသုံးပါးကိုယုံကြည်သဒ္ဓါအားကြီးတော်မူသော မင်းဖြစ်ရာ ဗုဒ္ဓသာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော နိဂဏ္ဌတက္ကတွန်းတို့အား ပေးလှူခြင်း မရှိချေ။ ဘုရင်

ကလည်း မထောက်ပံ့၊ ရတနာသုံးပါး၌ သက်ဝင်သော ပြည်သူ ကလည်း မကြည်ဖြူသောအခါ တက္ကတွန်းတို့မှာ အငတ်ငတ် အပြတ်ပြတ်နှင့် တထည်စုတ်၍ တထည် လဲစရာမရှိသည့်အထိ အခြေဆိုးလာကြလေသည်။ သည်ပြည်မှာ ကြာကြာနေလျှင် ငတ်သေတော့မည် တွေး၍ ပါဋလိပုတ်ပြည်သို့ ထွက်ပြေးကြလေ၏။

ပါဋလိပုတ်ပြည်တွင် တက္ကတွန်းတို့မှာ လှူမည့်သူ ရှိသည်။ ပေးမည့်သူရှိသည်။ သူတော်စင် အရာသွင်း၍ ကိုးကွယ်မည့်သူလည်း ရှိသည့်အပြင် မင်းပါးစိုးခွင်သို့ပင် တိုးဝင်ပေါက်မြောက်ကြလေသည်။

ထိုကာလဝယ် ပါဋလိပုတ်ပြည်ကို အုပ်ချုပ်နေသော ဘုရင်မှာ ပဏ္ဍုရာဇာမင်း ဖြစ်ပေ၏။ ထိုဘုရင်သည် ပင်ကိုယ် အရည်အသွေး ဖျင်းနုံသော်လည်း စစ်အင်္ဂါ လေးပါးမူ ကြီးခိုင်တောင့်တင်း၏။ ထို့ကြောင့်လည်း လက်လှမ်းမှီသမျှ တိုင်းနိုင်ငံများမှာ ပါဋလိပုတ် လက်အောက်ခံ ဖြစ်နေကြရသည်။

ယင်းသည့် အချက်များကို စုံစေ့စွာ လေ့လာပြီးနောက် တိတ္ထိတက္ကတွန်းတို့သည် ဘုရင့်ထံပါး ချဉ်းကပ်ကာ ရန်သူ ဂုဟသီဝမင်း ဒုက္ခရောက်စေမည့် စကားများဖြင့် လျှောက်ထားကြ၏။

> "ဇမ္ဗူဒိပ် တကျွန်းလုံး၌ မင်းဆိုး ကေရာဇ် ဖြစ်တော်မူသော သင်မင်းကြီး၊ တရာ့ဘပါးသော မင်းတို့သည် သင်မင်းကြီး၏ ဘုန်းသမ္ဘာကို ခန့်ညား ရိုသေကြ၍ လက်ဆောင်ပဏ္ဏာများဆက်သွင်းကြသည်။ ဂုဟသီဝ

ကာလိင်္ဂမင်းမူ သင်မင်းကြီးထံ မခယ မရိုကျိုးဘဲ သူ
သေ၏ အရိုးများကို ဘုရားအမှတ်ဖြင့် ကိုးကွယ်ကာ
သင်မင်းကြီးအား အန်တုလိုသော ဆန္ဒ ဖော်ပြနေပေ
သည်”

မိမိတို့ကို အငတ်ငတ် အမွတ်မွတ် အစုတ်စုတ် အပြတ်ပြတ် လုပ်ခဲ့သော ဂုဟာသီဝမင်းအပေါ် ရန်ငြိုးကြီးစွာဖြင့် ဂုံးချော လေသည်။ ပါဋ္ဌလိပုတ် ဘုရင်လည်း တိတ္ထိတို့ စကားကို ယုံ ကြည်သည်။

ထို့ကြောင့် ဂုဟာသီဝမင်းနှင့် ၎င်းကိုးကွယ် ဆည်းကပ်နေ သော သူသေ၏ အရိုးကို ဖျက်ဆီး ချေမှုန်းရန် ကိုယ်တော်တိုင် စစ်ချီမည်။ စစ်ပြင်ဆင်ကြဟု အမိန့်ထုတ်ဆင့်လေ၏။

ဘုရင့်ထံပါးတွင် ခစားနေကြသော မှူးမတ်အများက တား မြစ်ကြသည်။ ဂုဟာသီဝမင်း သိမ်မွေ့နူးညံ့ပုံကို လျှောက်တင်ကြ သည်။ နားမဝင်။ ပဏ္ဏာတော်များ ရောက်ရှိကြောင်း လျှောက် ထားကြသော်လည်း လက်မခံ။ သူသေ၏ အရိုးကို ဘာကြောင့် ကိုးကွယ်ရမည်နည်းဟု တဖက်စောင်းနင်း ဒေါသ ကြီးကာ စစ်အင်္ဂါ ၄-ပါးဖြင့် ကာလိင်္ဂသို့ စစ်ချီတက် သွားလေတော့၏။

နိဂဏ္ဌ တက္ကတွန်းတို့၏ စကားနှင့် မညီသော မြင်ကွင်းကို ပဏ္ဍုရာဇာမင်း မျက်ဝါးထင်ထင် မြင်ရလေပြီ။ နိဂဏ္ဌဘက္ကတွန်း တို့က ကာလိင်္ဂဘုရင်သည် အရှင်မင်းကြီးအား အန်တုလိုသော ဆန္ဒ ရှိနေပါသည်ဟု ပြောကြ၏။ ထောင်ထား အန်တုလိုသော ပြည်တပြည်သည် စစ်ရေးတွင် အရေးပါဆုံးသော မြို့ရိုးကို

ပြင်ဆင်ထားရမည်။ ကျုံးကို ပြင်ဆင်ထားရမည်။ သူ့ရဲခို သူ့ရဲ ပြေး များ ခိုင်ခံ့ကောင်းမွန် နေရမည်။

ယခုသော်ကား ကာလိင်္ဂမြို့ရိုးသည် မည်သို့သော ပြင်ဆင်မှုမျှ မရှိချေ။- မြို့ရိုးပတ်လည်ရှိ ကျုံးကလည်း တိမ်သည့် နေရာက တိမ်၊ ကောသည့်နေရာက ကောနေ၏။ သူ့ရဲခို သူ့ရဲပြေးများမူ ဟောင်းနွမ်းနေချေသည်။ မြို့တံခါးများလည်း ဟောင်းမြင်းနေ သည်သာ ဖြစ်၏။

တံခါးစောင့်၊ တံခါးမှူးများမှာလည်း စစ်သတိ စစ်ဟန် မရှိ ကြ။ သာမန် လုံခြုံရေး တာဝန်သဘောမျှသာ ထမ်းဆောင်နေ ကြ၏။ထို့ကြောင့်လည်း မြို့တံခါးများပိတ်မသွားဘဲ နောက်လိုက် နောက်ပါအနည်းငယ်သာ ခြံရံသော ဂုဟာသီဝမင်းနှင့် မိဖုရားတို့ မြို့တံခါးမှထွက်လာသည်ကိုမြင်ရသည့် ပါဠလိပုတ်မင်းမှာအံ့အား သင့်သွားချေ၏။ အထင်နှင့်အမြင် အလွဲကြီးလွဲနေလေသည်။

ဂုဟာသီဝမင်းနှင့် မိဖုရားတို့သည် ပါဠလိပုတ်ဘုရင်၏ နား ကြားအတိုင်းဆိုလျှင် မိန်ညိုချပ်ဝတ်တန်ဆာ ဆင်ယင်ကာ တိုက်ဆင်စီးပြီး တိုက်စည်တိုက်ခေါင်းတီး၍ ထွက်လာရပေမည်။ ယခုသော်ကား ခြေသည်သူ့ရဲ၊ ဆင်စီး၊ မြင်းစီးနှင့် ရထားစီးသူ့ရဲ တို့အစား လက်ဆောင်ပဏ္ဏာများ သယ်ဆောင်လာသော မင်းခ စားများကိုသာ မြင်ရလေ၏။ ထို့ကြောင့် ပါဠလိပုတ်ပြည့်ရှင် ဘုရင်မင်းမြတ်မှာ ပက်လက်ကြီးလန်မတတ် အံ့အားအသင့်ကြီး သင့်ရခြင်းဖြစ်၏။

တံစိုးလက်ဆောင်တွေ တသီတတန်းကြီး ဆက်သလိုက်သော အခါ မောက်မာခက်ထန်သော ပါဠလိပုတ်ဘုရင်၏ နှလုံးသား

များ ညွတ်ပျောင်းသွားသည်။ ကာလိဂ်ကို အမှုန့်ချေရန် တင်းထားသော မျက်နှာလည်း ပြေလျော့ကာ အပြုံးပန်း ပွင့်လာချေသည်။ ဂုဟာသီဝမင်း၏ အမူအရာမှာလည်း ကောက်ကျစ်သော သွင်ပြင်မရှိ၊ အောက်ကျို့နှိမ့်ချသော အသွင်သာ ဘွင်းဘွင်းကြီး ပေါ်နေ၏။

ယင်းသို့ တဖက်က ယဉ်ကျေးပျူငှာသည့်အတွက် ပါဠလိပုတ်ဘုရင်သည် ဂုဟာသီဝမင်းနှင့် မိဖုရားတို့အား ယာယီတဲနန်းတွင်းသို့ ဖိတ်ခေါ်ခဲ့ရပေသည်။

"ကျမ်းခန့်သာလို မာတော်မူပါစ အရှင်မင်းကြီး၊ အင်္ဂမင်းကြီး ကြွလာတော်မူမှာကို မသိတဲ့ အတွက် ကြိုတင်ပြင်ဆင်မထားမိတာခွင့်လွှတ်တော်မူပါ"

ရောက်မဆိုက်ပင် ဂုဟာသီဝမင်းက ယဉ်ကျေးအောက်ကျို့သော စကားကို ဆိုလိုက်ရာ ပါဠလိပုတ်ဘုရင်မှာ ပြောစရာစကား ရုတ်တရက် ရှာမတွေ့ဘဲ ဒိုးတိုးအတ ဖြစ်နေ၏။

"ရှင်မိဖုရားခေါင်ကြီးနှင့် တကွ ခမည်းတော် မယ်တော်များ ကျမ်းခန့်သာလို့ မာပါစ အရှင်မင်းကြီး"

"အကြည်တော် ပို့သသောမေတ္တာကြောင့် ကျန်းမာပကတိ ချမ်းသာစွာ ရှိကြပါ၏ အကြည်တော်"

ဒါးတမ်းစဉ်လာ ဖွယ်ရာသော စကားများသည် ပါဠလိပုတ်ဘုရင်၏နှုတ်မှ ချောမောစွာ ထွက်ပေါ်လာခဲ့ပေသည်။

"မိဖုရားကြီးများနှင့်တကွ သားတော် သမီးတော်၊ ဆွေတော် မျိုးတော်အပေါင်း ကျန်းမာကြပါရဲ့လား အရှင်မင်းကြီး"

"အကြည်တော်နှင့် မိဖုရားကြီးတို့ ပို့သသော မေတ္တာကြောင့် ကျန်းမာကြပါ၏၊ ချမ်းသာကြပါ၏ အကြည်တော်"

ထိုမှ တဆင့်တက်၍ တိုင်းကားပြည်ရွာအရေး၊ လယ်ယာချောင်းမြောင်းအရေး၊ ရာသီဥတုအရေးနှင့် ငြိမ်ဝပ်ပိပြားရေးတို့သို့ ရောက်သွားကာ မင်းနှစ်ပါးတို့၏ အာလာပ သလ္လာပ စကားတံများရှည်လျှက် ပါဠုလိပုတ်ဘုရင်မှာ ဒေါသမာနများလုံးဝကွယ်ပျောက်သွားလေတော့၏။

"ဒါထက် အရှင်မင်းကြီး၊ ကာလိင်္ဂကို ကြွချီလာတာ ဘယ်အရေး ဘယ်အခင်းများကြောင့်ပါလဲ ဘုရား"

ရုတ်တရက် လျှောက်ထားလိုက်သော ကာလိင်္ဂမင်း မိဖုရားခေါင်၏ အမေးစကားကြောင့် ပါဠုလိပုတ်ဘုရင် အဖြေရခက်သွားသည်။

"အင်း မရောက်တာကြာတာနဲ့ ရောက်ရ တွေ့ရအောင်လို့ဘဲ ဆိုပါတော့ ရှင်မိဖုရားရယ်"

"သို့ဖြစ်လျှင် မြို့ပြင်မှာ စံမြန်း၍ မသင့်လျော်ပါဘုရား၊ မြို့တွင်းသို့ကြွပြီး ရွှေနန်းတော်မှာ ကျေနပ်သလိုစံတော်မူပါ အရှင်မင်းကြီး"

ကာလိင်္ဂမင်းမိဖုရားတို့သည် ပါဠုလိပုတ်ဘုရင်ကို နန်းတော်သို့ခေါ်ဆောင်လာကာ လိုလေသေးမရှိအောင်ဧည့်ဝတ်ပြုကြသည်။ မောင်းမ မိဿံ ရံရွှေတော် အချောအလှများကို လုပ်ကျွေး

စေသည်။ အကတော်၊ အတီးတော်၊ အသီတော် အကျော် အမော်များကလည်း ခစားဖြေဖျော်ကြသည်။

ပါဋလိပုတ်ဘုရင် အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်။ကာလိင်္ဂနန်းတွင် တညတာ စံမြန်းပြီးနောက် နောက်တနေ့ နံနက်တွင် ပါဋလိပုတ်မင်းသည် မြတ်စွာဘုရား၏ ဓာတ်တော် စံမြန်းကိန်းဝပ်သော ရွှေကျောင်းတော်ကြီးကို တက်သစ်စ နေရောင်အောက်တွင် အံ့သြတကြီး ဖူးမြင်ရလေ၏။

"ခမ်းနား ကြီးကျယ်လှချည့်လား အကြည်တော်၊ ဘာလုပ်တဲ့ အဆောက်အဦပါလိမ့်၊ လှပဆန်းကြယ်လိုက်တာ"

အတူရှိနေသော ဂုဟာသီဝမင်းကို မေးလေသည်။

"သုံးလောကမှန်ကူ သယမ္ဘူမြတ်စွာဘုရားရဲ့ သရီရ ဓာတ်တော်များ ကိန်းဝပ်တဲ့ ကျောင်းတော်ပါ အရှင်မင်းကြီး"

ဂုဟာသီဝမင်းသည် ပါဋလိပုတ်ဘုရင်၏ အနယ်မကျသော သဘောထားကိုရိပ်မိ၏။ယခုကောင်းပြီး ခဏကြာလျှင် မကောင်းဘဲ ဖြစ်ချင်ဖြစ်သွားတတ်သော မပြည့်သည့် ဘုရင်ဖြစ်ကြောင်းကိုလည်း ကောင်းစွာသိထားသည်။ ယုံကြည်ကိုးကွယ်မှု ဟူ၍လည်း မယ်မယ်ရရ ခိုင်ခိုင်မာမာရှိသူ မဟုတ်ရကား စစ်အင်အား ကြီးမားနေသောကြောင့်သာ ဂုဟာသီဝမင်းမှာ ခယရိုကျိုးနေရပေသည်။ ထိုဘုရင်မျိုးကို ဤရတနာစံကျောင်းတော်ကြီးကို မြင်မသွားစေချင်ပေ။ ဖြစ်နိုင်လျှင် စံကျောင်းတော်ကြီးကို ဝှက်ထားလိုသည်၊

---

ဝှက်မထားနိုင် သောကြောင့် ဘာကြီးလဲမေးပြီ။ ကြီးကျယ်ခမ်းနားသောကြောင့် အသေးစိတ်ရှုစားလိုသည်ဆိုပြီ။ ဂုဟာသိဝမင်း မငြင်းသာတော့ပေ။ ရှေ့ဆောင်၍ လက်ဝဲအောက်ခါတ်စွယ်တော်မြတ် စံပယ်တော်မူသော ရတနာ စံကျောင်းတော်ကြီးပေါ်သို့ ခေါ်လာခဲ့ရပေတော့သည်။

ရတနာသုံးပါး၌ သဒ္ဓါကြည်ညို လွန်းသောကြောင့် ရှိသမျှအနုပညာ ရှိရှိသမျှ ရတနာတို့ကို စုပုံအောတိုက်ထားရာ အံ့မခမ်းခမ်းနားလှပေ၏။ တံခါးကြီးကို ဝိစိတြအခန်းခန်း၊ ဆေးဒန်းမြင်းသီလာတို့ဖြင့် သားနားတင့်တယ်စွာ ခြယ်လှယ် စီမံထား၏။ တံခါးမှကျော်သော် ချူးပန်းချူးနွယ် ကနုတ်နွယ်တို့ဖြင့် ဆင်ယင် သွယ်တန်းထားကာ ပုလဲသွယ်ပန်းက ရံကန့်ထား၏။ပြတင်းပေါက် တံခါးများကိုမူ ညိုပြာလျှံတောက်သော အဖိုးတန် ဣန္ဒနီလာကျောက်တို့ဖြင့် ပြုလုပ်ထားပေ၏။

ယင်းသို့တံခါးကြီး တံခါးငယ်နှင့် ကနုတ် ပုလဲသွယ်များကိုချီးမွမ်းမကုန်အောင် ရှုစားကြေနုပ်နေရာက မျက်နှာကျက် ကြာပွင့်ကြီးနှင့် အခြင်များ ယက်မများကို မော့ကြည့်လိုက်ရာခေါင်းပေါ်မှ ဘောင်းတော်ပြုတ်ကျ ရလေ၏။

မျက်နှာကျက်ကြာပွင့်ကြီးမှာလည်း ရွှေသားဖြင့် အနုစိတ်စီမံထားရာ ရှုမငြီးစရာပါပေ။ ထုပိကာအဖြစ် ပြုလုပ်ကာရံထားသော ပတ္တမြားလုံးများမှာ မီးရောင်မလိုဘဲ ထိန်လျှံနေလေ၏။ အမိုးကို မကာန်းကွက်များ စီထားသလို အခြင်များမှာလည်း ရတနာ ၇-ပါး အခဲအတုံးကြီးပေလား ထင်မှားရချေသည်။

---

နိလာစာပေ

ကျောက်မျက် ရတနာနှင့် ရွှေစင်ချည်း ဖုံးလွှမ်းနေသော ကျောင်းတော်ကြီး၏ဗဟိုတွင်နဝရတ်ကိုးပါးသလွန်ကြီးကိုထီးဖြူများ အုပ်ဝန်းထား၏။ ပန်းနုံ့သာမျိုးစုံနှင့် ဆီမီး ဆွမ်း ရေချမ်း ကပ်လှူထားသော သလွန်ထက်မှ ရတနာစွယ်တော်ကြုတ်ကြီးကို မြင်လိုက်ရသောအခါ ပါဋလိပုတ် ပြည့်ရှင် ဘုရင်မင်းမြတ်မှာ ကြမ်းတမ်းလှသော ဆင်ဆိုးကြီးချွန်းချက်မိလိုက်သလိုဒူးထောက် ရှိခိုးမိလေတော့သည်။

"အိုအကြည်တော်၊ ဤလှပ ထူးထွေသော ရတနာ ကြုတ်အတွင်းတွင် မည်ကဲ့သို့သော အရာများ ရှိပါသနည်း"

ဒူးတုပ် ရှိခိုးရင်းကပင် သဒ္ဓါ ကြည်ညိုစွာဖြင့် မေးလေသည်။

"လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုတ မြတ်စွာဘုရား၏ သရီရ ဓာတ်တော်များ ကိန်းဝပ်နေပါသည် အရှင်မင်းကြီး"

"ကျွန်ုပ်ဖူးမျှော်လိုပါသည် အကြည်တော်၊ ဖူးမျှော်ပါရစေ"

ခက်ချေပြီ။

ပါဋလိပုတ်ဘုရင်၏ မမှန်ကန် ညံ့ဖျင်းခြင်းကို ဂုဟာသီဝမင်းသိသည်။ ထို့ကြောင့် မြတ်စွယ်တော်ကို မပြချင်ပေ။ ပါဋလိပုတ်နန်းတွင်း၌ ဂုဟာသီဝမင်း၏ အထောက်တော် သူလျှိုများရှိရာ ဂုဟာသီဝမင်းနှင့် ယင်းကိုးကွယ်သော သူသေ၏ အရိုးကိုချေမှုန်း

ပစ်မည်ဟူသော ပါဠလိပုတ် ဘုရင်၏ ကြုံးဝါးစကားကိုဂုဟာသီဝ မင်းကြားပြီးသိပြီးဖြစ်သည်။အကယ်၍ စွယ်တော်မြတ်ကိုဖူးနေရာက စိတ်ဖောက်ပြန်၍ သူသေအရိုးဆိုးပြီး ဒုက္ခပေးသော် မခက်ပါလော။ သို့ကြောင့် စွယ်တော်ကြုတ်ကို ဖွင့်မပြလိုပေ။

သို့သော် သူက မိမိရိုကျိုးရသော ကောရာဇ်ဖြစ်နေသည်မဟုတ်လား။မဖွင့်ချင်ဘဲနှင့် စွယ်တော်ကြုတ်ကို စိတ်လေးလေးနှင့် ဖွင့်ပြလိုက်ပြီး၊ ဘုရားဂုဏ်တော်ကို အာရုံပြု၍ ရှိခိုးနေရတော့သည်။

ဂုဟာသီဝမင်း၏ ဖြူစင်သော သဒ္ဓါကြီးမားခြင်းကြောင့် ဗုဒ္ဓမြတ်စွာ၏ စွယ်တော်မြတ်သည် ရတနာကြုတ်တွင်းမှကောင်းကင်သို့ ပျံကြွတော်မူကာ စိတ်မနှံ့သော ပါဠလိပုတ် ဘုရင်အားဆုံးမချွတ်တော်မူလိုဘိအလား၊ စွယ်တော်မြတ်မှ အံ့ဘနမ်းဘွယ် ရေပန်းမီးပန်းလျှပ်ပန်းများ ဝင်းလျှံထွက်သိုလာလေ၏။

အသက်မရှိသော စွယ်တော်မြတ်သည် သက်တော်ထင်ရှားမြတ်စွာဘုရား ကဏ္ဍမ္ဗဥယျာဉ်မှူး၏ သရက်ဖြူပင်ရင်းတွင် ရေမီးအစုံစုံ တန်ခိုးပြာဋိဟာ ပြတော်မူဘိသကဲ့သို့ တန်ခိုးပြတော်မူရာသို့ နန်းတွင်းသူ နန်းတွင်းသားများသာမက တိုင်းသူပြည်သားများပါ တိုးခွေ့ဖူးမျှော်ကြည်ညိုမဆုံး ပူဇော်မဆုံး အုတ်အုတ်ကျွက်ကျွက် ဆူညံနေလေ၏။

ပါဠလိပုတ်ဘုရင်မှာလည်း သူသေအရိုးဟူ၍ သူတပါးပြောသမျှကို မဆင်မခြင်ယုံကြည်မိသော မိမိ၏ ညံ့ဖျင်းမှုကို မိမိဘာသာပြန်၍ ရှက်သလို နောင်တရ၍ မဆုံးအောင်လည်း ရှိရပေသည်။ တပြိုင်နက်ပင် မရိုသေသော စိတ်များပျောက်၍ ရိုသေကြည်ညိုသော ယုံကြည်မှုများ လွင့်စင်ကာ ဗုဒ္ဓမြတ်စွာ၏တရား

တော်များ၌သာ ယုံကြည်အားထားသော စိတ်များ ဖြစ်ပေါ်လာလေ၏။

မဲ့စ္စာဒိဋ္ဌိ၊ ပါပိဝါဒ၊ ဗာလတရားများကို ပယ်ဖျောက်၍ ငါးပါးသီလ၊ ရှစ်ပါးသီလ တို့ကို ဆောက်တည်သည် အထိ အပြောင်းလဲကြီးပြောင်းလဲသွားသော ပါဠလိပုတ်ပြည့်ရှင်ပဏ္ဍုရာဇာ ဘုရင်သည် ကာလိင်္ဂပြည်တွင် ရက်ရှည်လများ ဥပုသ်သီတင်း စောင့်သုံးခြင်း၊ ဥပါသကာများနှင့် တရားဓမ္မဆွေးနွေးခြင်းတို့ဖြင့် နှုးညံ့သိမ်မွေ့လျက် ကြည်ညိုဘွယ်ကောင်းသော ဘုရင်ဖြစ်နေလေ၏။ သူသည် စွယ်တော်ဓာတ်မြတ် ကိန်းဝပ်တော်မူသော ရတနာရွှေကျောင်းတော်ကြီးမှ ခွာသည်မရှိရုံမက သူ၏ မိဖုရားများနှင့်တိုင်းပြည်ကိုပါ အမေ့ကြီးမေ့နေလေ၏။

"ငါတို့ရဲ့ ရန်သူ ဘုရင် ဂုဟသီဝ-ဂုဟသီဝကိုးကွယ်သော စွယ်တော်၊ သည်တခါတော့ ပျက်စီးခြင်းငါးပါးတိုင်ချေပြီ"ဟု ဝမ်းသာအားရ လက်ပန်း ပေါက်ခတ်လျက် ကျန်ခဲ့သော တက္ကတွန်းတို့မှာ ကာလိင်္ဂတွင် အပြောင်းလဲကြီး ပြောင်းလဲလျက် ပါဠလိပုတ် ဘုရင် ဗုဒ္ဓတပည့် ဖြစ်နေပြီဆိုသော သတင်းကြားကြရသည့် အခါတွင် မယုံကြည်နိုင်အောင် အံ့သြကြရလေတော့သည်။

''ဟုတ်ရဲ့လားကွာ၊ ပြက်ရယ်မကျီစယ်ပါနဲ့ဟာ''

သတင်းယူဆောင်လာသော တိတ္ထိငယ်ကို မယုံသလို ပြောကြ၏။

---

နီလာစာပေ

"ယုံပါကိုယ်တော်၊ တပည့်တော် တပ်အပ်မြင်ခဲ့တာပါ"

"အမယ်လေး တပည့်တို့ရဲ့ ကြံကြပါအုံးဟ"

တိတ္ထိအကြီးအကဲမှာ ရူးမတတ်ဖြစ်သွားရလေသည်။ဂုဟာသိဝမင်းကို ပျက်စီးစေချင်၍ ဖျက်လိုဖျက်ဆီး လုပ်ခဲ့ကြသော်လည်း ဂုဟာသိဝမင်း မပျက်ဘဲ တိတ္ထိတို့၏ မကောင်းသော အကြံသာလျှင် ပျက်စီးခဲ့ချေပြီ။

တိတ္ထိအကြီးအကဲနှင့် တပည့်ကြီးများသည် ကြားသိရသောသတင်းအတွက် ခေါင်းခဲအောင် အကြံထုတ်ကြ၏။အကြံမထွက်ပေ။ ထို့ကြောင့် ပဋ္ဌလိပုတ် ဘုရင်ကာလိင်္ဂမှ အမြန်ဆုံးထွက်ခွာလာမှသာ ဂုဟာသိဝမင်းနှင့် ရင်းနှီးမှုပျက်ပြယ်မည်။ သည်အတိုင်းကြာရှည်ထားပါက သမ္မာဒိဋ္ဌိလုံးလုံးဖြစ်သွားပြီး တက္ကတွန်းများအရေးမလှ ဖြစ်စရာရှိချေသည်ဟု ကြံဆတွေးတောမိကြ၏။

မိဖုရားများ၏ ဆရာဖြစ်သော တိတ္ထိတို့သည် တပည့် ဒါယိကာမ မိဖုရားများအား ဘုရင်ကိုပြန်ခေါ်ရန် တိုက်တွန်းကြ၏။ မိဖုရား များကလည်း လွမ်းလှကြောင်း ဆွေးလှကြောင်းဖြင့် ပါဋ္ဌလိပုတ်ဘုရင် ပြန်လာချင်အောင် သပဏ်လွှာများ ရေးသားပေးပို့ကြသည်။ ပဏ္ဍုရာဇာမင်းကား ပြန်လည်ကြွမြန်းမလာချေ။

နောက်ဆုံးတွင် တိတ္ထိတို့သည် လူဆိုးသူဆိုးများနှင့်ပူးပေါင်း၍ တန်ခိုးလက်ဆောင်ပေးကာ နိုင်ငံတွင်း၌ ပုန်ကန်ထကြွမှုဖြစ်လေဟန် ဖန်တီးကြရတော့သည်။ လူများကို လုယက်ခြင်း၊ အိမ်ယာများကို ဖျက်ဆီးခြင်းဖြင့် ရှုတ်ရှုတ်သဲသဲဖြစ်အောင် ဖန်

တီးပေးလိုက်သည်တွင် ဘုရင်ကို ပြန်လာစေလိုသော မိဖုရားများက ယနေ့နက်ဖြန့်ပင် နန်းရပ်ထီးဖြူကို ခိုးသားခားပြမျှား လုယူတော့မည့်ဟန် ချကား၍ လွှာသဝဏ်များ ပေးပို့ကြလေသည်။ ပါဋလိပုတ်ဘုရင်မှာ ထိုအခါကျမှ မနေသာတော့ဘဲ ဂုဟာသိဝမင်းဆက်သလိုက်သော လက်ဆောင်ပဏ္ဏာများကို သိမ်းပိုက်၍ ပြန်လည်ကြွမြန်းလာလေတော့၏။

( ၂ )

ပါဋလိပုတ် ပြည့်ရှင် ဘုရင်မင်းမြတ်မှာ တိုင်းတော်ပြည်တော်သို့ ပြန်လည်ရောက်ရှိချိန်တွင် အေးချမ်းငြိမ်သက်လျက် ရှိသည်ကို တွေ့ရလေ၏။ ရက်ရှည်လများ ကွဲကွာနေသော မိဖုရားများကလည်း ဝဲမှတသွယ်၊ ယာမှတဖြာရံရှက်လျက် ရေပူ ရေချမ်းကမ်းလှမ်းကြသည်။ ယပ်ခပ်ပေးကြသည်။ တီတီတာတာစကားများ ဆိုကြသည်။

ဤသို့ဖြင့် မိဖုရားများထံတွင် အာရုံညွတ်၍ ပျော်ရွှင်လာသည့်အခါတွင်မိဖုရားခေါင်ကြီးကစတင်လျှောက်တင်လေသည်။

"မောင်ဖုရားကလဲ ကြွမလာနိုင်၊ တိုင်းနိုင်ငံမှာကလဲ ကြောင်မရှိလို့ ကြွက်မြူးဆိုတာလို ခိုးသာ ခားပြတွေက လုပ်ရှားနဲ့ စိတ်ဆင်းရဲလိုက်တာ မောင်တော်"

ထိုအခါ ဘုရင်လည်း ဤကိစ္စကို သတိရလာ ဟန်ဖြင့် ခေါင်းထောင်ထမိ၏။

"ဟုတ်ပါရဲ့ မိဖုရားခေါင်ကြီး၊ ယင်းကိစ္စကို မောင် ဘုရား မမေးမိဘူး။ အခုတော့လဲ အေးချမ်းလို့ပါလား"

"အေးချမ်းမှာပေါ့ မောင်တော်ရဲ့၊ ခိုးသာဓားပြ ကင်းစင်သွားပြီကိုး ဘုရာ့"

"ဘယ်လိုများ ကင်းစင် သွားတာလဲ မိဖုရားရဲ့၊ ကိုယ်တော်မြတ် ပြန်ကြွလာပြီကြားလို့ ထွက်ပြေးကုန် တာလား"

"မဟုတ်ပါဘုရား၊ နှမတော်လဲ ကြံရာ မရတော့ နိဂဏ္ဌတက္ကတွန်းဆရာများကို ပင့်ဖိတ်ပြီး အကူအညီ တောင်းလို့ ဆရာတွေက အစီအရင်တွေလုပ်၊ ဂါထာ မန္တရားတွေ ရွတ်ဖတ်လို့ ပြေပျောက်သွားတာပါဘုရား"

လူသားတိုင်း မက်မောလှသော ရေမြေ့သနင်းပြည့်ရှင်မင်း အရိုက်အရာကို တက္ကတွန်းများက ကာကွယ် စောင့်ရှောက်ပေး ကြသည်ဆိုသော မိဖုရားခေါင်ကြီး၏ စကားသည် ပါဠလိပုတ် ဘုရင်၏နှလုံးသားသို့ စူးဝင်သွားလေ၏။ မဟုတ်သည်ကို ဟုတ် လေဟန် လည်ဆယ်ဖန်တီးထားသော ဇာတ်ကွက်ကို ဘုရင်မင်း မြတ် ယုံကြည်တော်မူသည်။ တက္ကတွန်းတို့၏ ကျေးဇူးရှိသည် ဆိုသော အသိလည်း ဝင်ရောက်သွားလေသည်။

ဘုရင်မင်းမြတ်သည် ဂုဟာသီဝမင်းနှင့် ရင်းနှီးစွာနေထိုင်ခဲ့၍ သမ္မာဒိဋ္ဌိအယူသက်ဝင်ခဲ့သော်လည်း တက္ကတွန်းများကိုကျေးဇူး

ရှင်မို့ မပစ်ပယ်နိုင်ပေ။ ထိုသို့ မပစ်ပယ်ခြင်းသည်ပင် တက္ကတွန်းတို့အတွက် အခွင့်အလမ်းများ ပွင့်မြဲပွင့်နေခြင်းဟု ဆိုရပေမည်။

တက္ကတွန်းများသည် ရရှိသည့်အခွင့်အရေးကို လက်မလွှတ်စေဘဲ နန်းတွင်းသို့ ရှေးရှေးကထက် တိုး၍ ဝင်ထွက်ကြသည်။ ဘုရင် မျက်စေမည့်ကိစ္စများကို အထူးရှောင်ကြဉ်ကာတိတ္ထိအယူများ သွတ်သွင်းစည်းရုံးကြလေသည်။

ပါဋလိပုတ်ပြည့်ရှင်ဘုရင်မင်းမြတ်မှာ တက္ကတွန်း တိတ္ထိတို့၏ တပည့်များသာ လွှမ်းမိုးသော နန်းတွင်း၌ တပါးတည်း အထီးတည်းလိုဖြစ်မှန်းမသိ ဖြစ်လာသည်။ ထိုအခါ ရတနာသုံးပါးကိစ္စများဆွေးနွေးရမည့်သူလည်း မရှိ၊ ညှိနှိုင်းရမည့်သူလည်း မရှိနှင့်အယူချွတ်ယွင်းစပြုလာ၏။ ထိုသို့ဖြစ်လေလေ၊ ဘုရင်မင်းမြတ်မှာ ရတနာစံကျောင်းတော်ထက်တွင် တန်ခိုးပြာဋိဟာပြသော စွယ်တော်မြတ်ကို သတိရလေလေ ဖြစ်ရချေသည်။

ရက်လများစွာ ကုန်လွန်လာသောအခါ ပါဋလိပုတ်ပြည့်ရှင်မင်းမှာ မိမိ၏ အထီးကျန်အနေအထားကို သည်းမခံနိုင်တော့ပေ။ ထို့ကြောင့် သူ၏မိတ်ဆွေရင်းချာဖြစ်သောဂုဟသီဝမင်းထံ သဝဏ်လွှာပေးပို့မှာကြားမိလေ၏။

သဝဏ်လွှာတွင် မိမိလည်း စွယ်တော်မြတ်ကို အောက်မေ့တသသတိရကြောင်း။ မိမိဝန်းကျင်ရှိ မောင်းမမိဿံ များကိုလည်း ကောင်းသောအယူသို့ ပြောင်းလဲအောင် ဆွဲဆောင်လိုကြောင်း။ တိုင်းသူပြည်သား လူအများလည်း ဖူးမျှော်စေလိုကြောင်းစသော အကြောင်းများကြောင့် အစိန္တေယျ သမ္ဗုဒ္ဓအစစ် ဓမ္မရာဇ်မှန်ကူသယမ္ဘူဖြစ်တော်မူသော မြတ်စွာဘုရား၏

စွယ်တော်ဓာတ်မြတ် ကိန်းဝပ်သော ရတနာ ရွှေကြုတ်ပါ ပင့်ဆောင်၍ အကြည်တော်ကြွရောက်လည်ပတ်ပါရန် စသည်ဖြင့် ပါရှိလေသည်။

ပါဋလိပုတ်ပြည့်ရှင်မင်းကို ဂုဟာသီဝမင်းသည် အပြည့်အဝ မယုံကြည်ရဲပေ။ ကံ-ကံ၏အကျိုးကို ယုံကြည်သော ဗုဒ္ဓဘာသာ တိုင်းသည် ရှေးကံ၏အရေးပါပုံကိုအလေးထားကြ၏။လောလော လတ်လတ် ကောင်းရာကောင်းကြောင်းချည်း လုပ်ကိုင်ကျင့်ကြံ နေသော်လည်း မကောင်းမှု ကံဟောင်းအားကြီးဆဲတွင်ပစ္စက္ခ ကံအကျိုးမပေးဘဲ စင်းခံရပုံ။

လောလောဆယ်အချိန်တွင် ကောင်းရာ ကောင်းကြောင်း ဘာမျှမလုပ်ဘဲ တွင်းဆုံးကျမိုက်တွင်းနက်သော်ငြား၊ ကောင်းမှု ကုသိုလ်ကံဟောင်း အားကြီးနေသေးလျှင် လျှမ်းလျှမ်းတောက် အကျိုးပေးနေတတ်ပုံများကို နားလည် လက်ခံ ကြပေသည်။ ထို့ကြောင့် ပါဋလိပုတ်ဘုရင်သည် ဘုန်းတန်ခိုး အလွန်ကြီးမြင့် နေသော်လည်း ကျပ်မပြည့်သော အဆင်းလှဆန်း လူ့ပေါက် ပန်းဟူ၍ ဂုဟာသီဝမင်း ယုံကြည်ထား၏။

ယင်းသို့ယုံကြည်သည့်အလျောက် စွယ်တော်မြတ်ကို အလွန် ဖူးချင်ပါသည်။ မဖူးမြင်ရသည်မှာ ကြာညောင်း၍ ချက်ခြင်း အာသာပြင်းပြစွာ ဖြစ်နေပါသည်ဆိုသောစကားကို မယုံကြည်ရဲ ပေ။ စွယ်တော်ဓာတ်တော်မြတ်ကို ကြည်ညိုစွာ ရှိခိုးနေရာက ရုတ်ခြည်း ထပြီး သူသေ အရိုးဟု လက်ညှိုးထိုး အော်ဟစ် သော် မခက်ပါလော။ မိဖုရားခေါင်ကြီးနှင့် မှူးမတ်ပညာရှိတို့ ကလည်း ဤအတိုင်းပင် သဘောထားကြ၏။

---

နီလာစာပေ

သို့ရာတွင် ဂုဟာသီဝမင်းမှာ ရှေ့ကြောင်း နောက်ကြောင်း များကို အစွန်းလွတ်အောင် ချင့်ချိန်သည်တွင် ပါဋလိပုတ်ဘုရင် မှာ ဂုဟာသီဝမင်းက လက်ဆောင်ပဏ္ဏာဆက်၍ အောက်ကျို့ရ သော ကေရာဇ်ဘုရင် ဖြစ်နေခြင်းက တချက်။

ဤတချက်ဖြင့်ပင် သူကလာဆိုလျှင် လာ၍၊ သွားဆိုလျှင် သွားရုံသာ ရှိတော့၏။ သက်ဦးဆံပိုင်ကေရာဇ်ကို မည်သို့ ဆင်ခြေ ပေး၍ ရပါမည်နည်း။

နောက်တချက်ကို တွေးမိပြန်သည့် အခါတွင်ကား ဂုဟာသီဝ မင်း စိတ်ဖြေသာ၏။ အသက်ရှူ ချောင်သွားရ၏။ ပါဋလိပုတ် ဘုရင်မှာ ကာလိင်္ဂသို့ ရောက်ရှိစံစားသွားစဉ်က ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ၌ သက်ဝင်ယုံကြည်၍ ပဉ္စသီနှင့်အဋ္ဌင်္ဂသီလတော်များ ကို စောင့်ယူကျင့်သုံးသွားခဲ့သည်။ သို့လျှင် အဆင့်ရှိသော ပုဂ္ဂိုလ် တဦးသည် စွယ်တော်ဓာတ်မြတ်ကို အန္တရာယ်မပြုတန်ရာ။

သို့နှယ် ဘဝင်ကျ၍ စိတ်ချရသော အချိန်တွင် စွယ်တော် ဓာတ်မြတ်ကို ပါဋလိပုတ်သို့ ကိုယ်တော်တိုင် ပင့်ဆောင်သွားရန် ဆုံးဖြတ်လိုက်သည်။ မိဖုရားကြီးနှင့် သားတော် သမီးတော်များ လည်း လိုက်ပါကြမည်။

ထို့ကြောင့် "တိုင်းသူပြည်သား လူအများတို့အား အထူးထူးသော ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ဆီမီး ပန်းမန်၊ လှူဒါန်းရန် အမျိုးမျိုးတို့ကို လက်စွဲစေလျက် ပါဋလိ ရွှေပြည်သို့ သာကြည်ရှင်မော မြေတကြော ခရီးလမ်းကြီးဝယ်သာ သဲဖြူးပါခင်းလတ်၊ ရာဇမတ်ကာ

ဖြူတာအိုးပန်းစိုက် အထက်၌ဇီတာနံကြက် ဝဲယာနှစ်ဖက် နယားရုပ်၊ ပတ္တမြား ဂေါမုတ်ဥဿဖယားပြု သုဓမ္မာ ရွှေစရပ်နှယ်တင့်တယ်သမှု သုဒဿနဘုံတွင်း သိကြားမင်း ရှုလာ၍ ဝိသုကံတုသကဲ့သို့၊ ပန်းပုဆရာတို့ အတယူ လောကအောင် ရက်မြားမြောင်မတိုင်မီပင် အောင်မြင် ပြီးစီးကြသဖြင့် တီးမျိုး မှုတ်မျိုး၊ ဂန္ဓာလသီဟို စည်တို တံမြှာ တူရိယာ ငါးပါးတို့ကို တီးမှုတ် ပူဇော်စေ၍၊ မွှေးမျိုးထုံမျိုး ကတိုးပန်းပေါင်း ထပ်လောင်း ဖျန်းပက် ပူဇော်ပြီးလျှင် မင်္ဂလာရှိသော မဟာဆန္ဒတ္တ ဥပေါသထ အမျိုးအနွယ်ဖြစ်သော ရတနာဆင်တော် ကျောက်ကုန်း ထက်၌ ဖြန့်ကြက်မိုးကာ တင့်တယ်စွာ စိုက်ဆောက်ထား အပ်သော ထီးဖြူတော် အလယ်၌ ဘုန်းခြောက်ပါး ရှင် ဘက်မမြင်၏ ကိုယ်အင်္ဂါအစိတ်အဆစ် စွယ်တော် ဓာတ်အစစ်ကို ဇမ္ဗူရာဇ်ရွှေကြုတ်နှင့် တကွ ပင့်ဆောင် တော် မူပြီးလျှင် ပါဋလိပုတ်ပြည်သို့ ကြွချီတော် မူခဲ့၏”

တိုင်းသူပြည်သားတို့၏ အကအခုန် အသီအဆို အတီးအမှုတ်များကလည်း ပွဲသဘင်ကြီးတခု ဆင်ယင် ကျင်းပသည့်နှယ် ခမ်းနားကြီးကျယ် လွန်းလှပေစွ။ လမ်းမဝဲယာမှ ကြဲချသော ဆန်ပန်းများ၊ ပေါက်ပေါက်များ၊ ပန်းနံ့သာများမှာ ဒူးပုဆစ်တိုင် မြုပ်လေ၏။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ စွယ်တော်ဓာတ်များ နောက်တော်မှ ရှိသေစွာလိုက်ပါလာသော ဂုဟာသိဝမင်း၊ မင်း မိဖုရားနှင့် သားတော် သမီးတော် များမှာ ရတနာသုံးပါး၌ ညွှတ်တွား သက်ဝင် ဟဒယကြည်လင်သောကြောင့် မြင်ရသူ

အခေါင်း၏ မျက်စိထဲတွင် ကြက်သရေအဖြာဖြာနှင့် ပြည့်စုံနေလေ၏။

ကာလိင်္ဂနှင့် ပါဋလိပုတ်ပြည်အကြားတွင် မြေပြင်အလပ်မရှိ။ သဲဖြူခင်းထားသည်။ ရာဇမတ် ကာထားသည်။ရေပြည့်ကြာသွတ်အိုးများနှင့် ငှက်ပျောပင်ရှင် ကြံပင်ရှင်များ စိုက်ထူထားကြသည်။ အထက်တွင်မူ ဆန်းပြားသော ဗိတာန်ကြက်လျက် တံခွန်ကုက္ကား မုလေးပွားနှင့် ရတနာပန်းဆိုင်း နံ့သာပန်းဆိုင်းများဆွဲသားသည်။ နံ့သာဆီမီးများ ပူဇော်ကြသည်။ အတီးအမှုတ်အကအခုန်များဖြင့်လည်း ညွှတ်တွားပူဇော်ကြ၏။

စွယ်တော်ဓာတ်တော်မြတ် ကြွချီသောပြည်ထောင်နှစ်ခုကြားရှိ ခရီးသည် နေ့ ည မကွဲပြားပေ။ ညအချိန်သည် ငနေ့အချိန်ကဲ့သို့လင်းထိန်သာယာသည့်နည်းတူ နေ့အချိန်သည်လည်း ညအချိန်၏လင်းလက်သော ရောင်စုံမီးများဖြင့် ရှုမငြီးနိုင်စရာ တောက်ပနေလေသည်။

ပါဋလိပုတ်ပြည်ကြီးတွင်လည်းအဘယ်မျှပင် နိဂဏ္ဌတက္ကတွန်းဘို့ တန်ခိုးထွားသည် ဆိုစေကာမူ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ၌ သက်ဝင်ယုံကြည်သော ဗုဒ္ဓဘာသာဝင် သူတော်စင်များ ရှိကြသည်။ ထို့ကြောင့် ပါဋလိပုတ်ဘက်သို့ စွယ်တော်ဓာတ်မြတ်ချဉ်းကပ်လာသောအခါ၌ သူတို့သည် ပန်းနံ့သာ ရေချမ်းဆီမီးဘို့ ယူပြီး ကြိုဆိုပူဇော်ကြလေသည်။

တိတ္ထိတို့မှာ စွယ်တော်ဓာတ်မြတ်၏ ကြီးမြတ်သော အသရေကို ဖူးမျှော်ကြရသောအခါ မနာလိုဝန်တိုခြင်းဖြင့် မခံမရပ်နိုင်ဖြစ်ကြရ၏။ သူတို့၏တသက်တွင် စွယ်တော်ဓာတ်မြတ်၏ ဆယ်ပုံ

တပုံသော်ငင်း၊အပုံတရာပုံ တပုံသော်ငင်း ပူဇော်မခံရ၊ ချီးမြှောက်မခံရသည့်အတွက် ပို၍ပို၍ ခံပြင်းမှုဖြစ်လာကာ ပါဠလိပုတ်ဘုရင်မှ တဆင့် စွယ်တော်ခတ်မြတ်ကို လုပ်ကြံရန် စိတ်ကူးကြလေသည်။

သူတို့ကိုယ်တိုင်မှာမူ သိန်းသန်းချီသော ပရိသတ်ကြားသို့ ဝင်၍ စွယ်တော်ခတ်မြတ်ကို မလုပ်ကြံ ရဲကြချေ။ စွယ်တော်ခတ်မြတ်ကို သိန်းသန်းချီသော ပရိသတ်ကြားသို့ တိုးဝင်ကာ လုပ်ကြံ ဖျက်ဆီးချေသော် မြတ်စွယ်တော်မှု မပျက်၊ သူတို့သာ လျှင် အရိုးတခြား အသားတခြား ဖြစ်သွားမည်ကို နားလည်ကြ၏။

ထို့ကြောင့် နန်းတွင်း၌ သြဇာညောင်းသော တိတ္ထိများသည် မိမိတို့ သက်ဆိုင်ရာ မိဖုရားများ၊ မှူးကြီးမတ်ကြီးများထံသို့ သွားရောက်ကြကာ တစုံတရာသော အစီအစဉ် ချမှတ်ကြလေသည်။

ထိုအချိန်တွင် ဘုရင်မင်းမြတ်မှာ ဂုဟာသီဝမင်းကို စောင်ဆိုင်းရင်း စားတော်ပွဲကြီး ပြင်ဆင်ထားချိန် ဖြစ်ရာ မိဖုရားများက ပါဠလိဘုရင် ရှောင်ကြဉ်သော အရက်သေစာများကို ယူဆောင်ဆက်သကြလေ၏။

"ရှင်မိဖုရားတို့၊ ငါ အရက်သေစာ ရှောင်ကြဉ်ထားသည်ကို သင်တို့ မသိသလော"

"မောင်ဘုရား အရက်သေစာ ရှောင်ကြဉ်ကြောင်း သိပါသည်ဘုရား။ ယခု ယူဆောင်ဆက်သသော အရာမှာ သေရည် မဟုတ်၊ အဖျော်နှင်းရည်မွှေး များသာ ဖြစ်ကြောင်းပါဘုရား"

တပြိုင်နက်ပင် ဘုရင် ကြိုက်နှစ်သက်သော အမဲကင်၊ အမဲကြော် စသော အစားအစာ များကိုလည်း အနံ့တထောင်းထောင်းထစေလျက် ယူဆောင်လာကြကာ အဖျော် နှင်းရည်မွှေးနှင့် တွဲဖက် ဆက်သကြလေသည်။ ပါဠလိပုတ်ဘုရင်သည် မိဖုရားများ ဆက်သသောအရာကို လက်ခံ သုံးဆောင်ဆဲခဏဝယ် တိတ္ထိတက္ကတွန်းများ ရောက်ရှိလာကြလေသည်။

"ဆရာတို့၊ မည်သည့်ကိစ္စအတွက် ကြွလာကြသလဲ"

"သင်မင်းမြတ်၊ သောက်စရာ စားစရာ များကို သောက်ပါဦးလော့၊ စားပါဦးလော့။ ဘုန်းကြီးသော မင်းကေရာဇ်များကို ကျွန်ုပ်တို့ ရိုသေ လေးစားသော အားဖြင့် ပြောစရာများကို ဆိုင်းငံ့ထားပါဦးမည်"

တိတ္ထိများသည် မင်း၊ မှူးမတ် စသူများကို ချဉ်းကပ်ရာတွင် ဤသို့ အရိုအသေပေး၍ မသိမသာ မြှောက်ပေး တတ်ကြ၏။ အမြှောက်ခံရသူတို့သည် သိသိ သာသာ မြှောက်သလောက် မြှောက်ပေးသူကိုလည်း ကြည်ညိုလာကြလေ့ ရှိ၏။

ပါဠလိပြည့်ရှင် ဘုရင်မင်းမတ်လည်း တိတ္ထိတို့ ပင့်ပေးသော အကွက်တွင် ငိုက်ကနဲမိသွားကာ မိဖုရားများ ဆက်သသော နှင်းရည်အရက်ကို သောက်ရာက ယစ်စရိစ ပြုလာပေပြီ။

'အို....ဆရာတို့၊ လျှောက်ထားစရာ ရှိသည်များကို လျှောက်ထားကြလော့"

"ဘုန်းတော် အလွန်တရာကြီးမြတ်သော ထီးဆောင်းမင်း တရာ့တပါးတို့၏ အရှင်–ဘုရင်ကေရာဇ်မင်းမြတ်။

ကျွန်ုပ်တို့သည် သင်မင်းကြီး၏အကျိုးကို အစဉ် လိုလား ကြကုန်၏။ သင်မင်းမြတ်၏ ဘုန်းတော်တို့ကို ထာဝရ ဦးညွှတ်ကြပါ၏”

အနံ့ကို ပြုပြင်ထားသော သေရည်သည် ပါဠိလိဘုရင်၏ ဝမ်းထဲသို့ တချိန်ထက် တချိန် တိုးဆင့် ဝင်ရောက်နေလေသည်။

“လျှောက်ထားစရာ ရှိသည်ကိုသာ လျှောက်ထားကြ ပါ ဆရာတို့”

“အို- ကေရာဇ်မင်းမြတ်၊ ကျွန်ုပ်တို့သည် သင်မင်း မြတ်ကို ဦးခိုက်ပေ၏။သို့သော် သင်မင်းမြတ်၏ညွှတ်သည် တော် ဂုဟာသိဝမင်းကား သင်မင်းမြတ်ကို ဦးမခိုက်ပါ တကား။ သူသေ၏ အရိုးကို သူကိုယ်တိုင် ဦးခိုက်ရုံမက သင်၏ တိုင်းသူပြည်သားများကိုပါ ရွှေမြို့တော်တွင်း၌ လှည့်လည်ကာ ရှိခိုးပူဇော်ခံစေခြင်းမှာ သင်မင်းမြတ်၏ ဘုန်းတန်ခိုးအာနုဘော်ကို ပြက်ရယ်ပြုခြင်း မဟုတ်ပါ လော”

အရက်မူးနေသော ပါဠိလိဘုရင်၏ နှလုံးသားကို ထိသော စကားဖြစ်၏။ ရွှေမျက်နှာတော် တင်းမာ ခက်ထန်သွားသည်ကို အခွင့်ကောင်းယူ၍ မိဖုရားများက သေရည်ကို များများထည့် ပေးကြ၏။ လက်တွင်းရောက် ဆက်သကြ၏။

ဆင်ခြင်တုံတရားခေါင်းပါးခြင်း အခြေခံသော ပါဠိလိဘုရင် ၏ မီးစွဲလောင်စ နှလုံးသားပေါ်သို့ ယမ်းမှုန့်နှင့်တူသော သေရည် များ ထပ်မံ လောင်းချလိုက်သောအခါ မကောင်းမှုကြီးသည် ထ၍ ပေါက်ကွဲတော့၏။

"သူသေ အရိုးကို ယခုပင် ယူငင်၍ အခိုးငြိမ်းပြီး
သော မီးကျီးစုအတွင်းသို့ ခုမကြာပစ်ချကြစေ ဆရာတို့"

တိတ္ထိတို့လိုချင်သော အချက်မှာ ဤအမိန့်ပင် ဖြစ်သည်။

သူတို့သည် ဝမ်းမြောက်ဝမ်းသာဖြင့် နန်းရင်ပြင်ဝယ် ကြီးမားသော တင်းကြီးကို ချက်ခြင်းတူးသည်။ အသားကျစ်မာသော ထင်းများကို ထည့်၍ မီးရှို့သည်။ စွဲလောင်စရာ ရှိနေသေးသရွေ့ မီးခိုးမီးလျှံများ တဟုန်းဟုန်း ထွက်နေသည်။ မီးကျီးစုချည်း ကျန်သောအခါ အခိုးမထွက်တော့ပေ၊ အလျှံမရှိတော့ပေ။

အခိုးရှိနေသေးလျှင် မီးကျီးမဟုတ်သော အရာများရှိနေသေးသည်။ မီးကျီးမဖြစ်သေးသော အရာပေါ်သို့ ကျသွားလျှင် မပျက်စီးဘဲ ရှိနေနိုင်သေးသည်။ ဤသည်ကို ရည်ရွယ်၍ "အခိုးငြိမ်းပြီးသော မီးကျီးစုတွင်းသို့ ပစ်ချစေ"ဟု စေ့စပ်သေချာစွာ အမိန့်ပေးခြင်း ဖြစ်၏။

ရွှေမြို့တော်တွင်း၌ မြို့သူမြို့သားများ၏ အလိုဆန္ဒနှင့်ညီညွတ်အောင် လှည့်လည်ပြီးနောက် ရွှေနန်းတော်သို့ ဝင်လာသော ဂုဟာသိဝမင်းမှာ ပန်းနံ့သာဆီမီး ကိုင်စွဲလျက် မျက်နှာ မသာမယာစောင့်ကြိုနေသူများကို မြင်သည်နှင့် စွယ်တော်ဓာတ်မြတ်အတွက် အခြေမလှသည်ကို ရိပ်မိပေပြီ။ သူ့တွင် မိဖုရားကြီးနှင့် သားတော် သမီးတော်များပါ ပါလာသော်လည်း ယင်းတို့အတွက် သောက မရောက်ပေ။ မြတ်စွယ်တော်အတွက်သာ ထိတ်ကနဲဖြင်လျက် တုန်လှုပ်ရလေသည်။

သို့သော် လောကဓံတရားရှစ်ပါးကိုရင်း၊ ဖြစ်ခြင်း ပျက်ခြင်း သင်္ခါရတရားကိုရင်း ဆင်ခြင်၍ ရာဇဣန္ဒြေဖြင့် ထိန်းချုပ်လိုက်

သည်။ ဂုဟာသီဝမင်းသည် မျက်နှာမပျက် မညိုးမမှိန်ဘဲ နန်းရင် ပြင်သို့ ရောက်လာသည်။

"ဘုရင့်အမိန့်တော်ပါတယ် နာခံကြ"

တိတ္ထိများက အောင်သေအောင်သား စားရသော အသံဖြင့် ရှင်လန်းအားရစွာ ဆီးကြိုကြ၏။ ပါဋလိဘုရင်၏ အမိန့်တော်ကို ထုတ်ပြန်ပြီးနောက် ရတနာဆင်တော်ထက်မှ ရတနာစွယ်တော် ကြုတ်ကို ကန်ချကြသည်။ စွယ်တော်ဓာတ်မြတ်ကို ထုတ်ယူသည်။ မီးကျီးခဲတွေ ပြည့်နေသော တွင်းကြီးထဲသို့ အားရပါးရ ပစ်ချလိုက်ကြလေ၏။

မိစ္ဆာဒိဋ္ဌိ- တိတ္ထိတက္ကတွန်းတို့၏ ရယ်မောသံကြီးများသည် အဝိစိအော်သံအလား ပါဋလိပုတ်တပြည်လုံးကို လွှမ်းခြုံသွားချေသည်။

သို့သော်....

တခါက ဝက်တစုသည်ပတ္တမြားဂူတခု၌နေထိုင်ကြလေသည်။ ပတ္တမြားဂူ အနီးဝန်းကျင်တွင်လည်း ရန်သူသားစားသတ္တဝါကြီးများ နေထိုင်ကြခြင်းမရှိသဖြင့် ပတ္တမြားဂူမှ ဝက်များ အေးချမ်းစွာ နေနိုင် ထိုင်နိုင်ကြသည်။

မကြာမီတွင် ပတ္တမြားဂူအနီးသို့ ခြင်္သေ့ကြီးတကောင်ရောက်ရှိလာလေတော့သည်။ သူသည် ပတ္တမြားဂူ အနီးမှ ဖြတ်သန်းသွားလေ့ရှိ၏။ ပတ္တမြားဂူထဲတွင် နေကြသော ဝက်များမှာ ခြင်္သေ့ကြီးကို တိုက်ရိုက် မမြင်ကြရသော်လည်း ခြင်္သေ့အရိပ်သည် ဂူနံရံ၌ လာ၍ ထင်ဟပ်လေ၏။

ပတ္တမြားဂူ၌ ခြသေ့်အရိပ် လာရောက် ထင်ဟပ်ပုံမှာ ဝက်များကို အနီးမှကပ်၍ ဒုန်းအုပ်တော့မလို၊ ကိုက်သတ်တော့မလို နိုးနိုးကြားကြားမြင်ရခြင်းဖြင့်၎င်း ဒါဟာ အရိပ်ပါကလားဟုသော သတိရှိကြသူ ကြောက်သည် ခြသေ့်သာ ဖြစ်သည့်အတွက် ဝက်တွေ ကြောက်လန့်ကြသည်၊ တုန်လှုပ်ကြသည်။

အစားမစားဝံ့ဘဲ ခြသေ့်ရုပ်ကိုမြင်လျှင် ဆက်ပြီး မစားနိုင်တော့ပေ။ ကစား ကျူးနေသည့်တွင် ခြသေ့်ရုပ်ထင်လာပါက ဆက်လက်၍ စားသုံးနိုင်ခြင်း မရှိတော့ချေ။ ယင်းသို့ ဝက်များစိတ်ကို ကြီးမားစွာ ခြောက်လှန့်ခံရသည့်အတွက် ဝက်များ တဖြည်းဖြည်း ပိန်ချုံးလာကြလေ၏။ ရက်လကြာမြင့်လာသော အခါ ဝက်တို့အသည်းနှလုံးသည် ထိန့်ပိန့်ခြောက်ကပ်နေသော ငယ်သားများကဲ့သို့ သေပြီမိမ်း။ အကြောင်းခြင်းရာကို ဝင်ခံစုံစမ်းကြည့်ကာ အကြံထုတ်သည်။

ဝက်ခေါင်းဆောင်ကြီးရရှိသော အကြံအစည်မှာ "ဝက်များ ယိုဘ်လန်း နေ့ကြွေကြရခြင်းမှာ ခြသေ့်အရိပ်ကြောင့် ဖြစ်သည်။ "ထိုအရိပ်မထင်နိုင်စေရန် ဂူတခုလုံးကို ရွှံ့သုတ်ထားလိုက်လျှင် ခြသေ့်အရိပ်ထင်နိုင်တော့မည်မဟုတ်တော့" ဟူ၍ဖြစ်သည်။ ထို့ကြောင့် ဝက်များအား မိမိတို့ကိုယ်တွင် ရွှံ့များလူးပြီး ဂူတခုလုံးနေရာ မလပ်ပွတ်သပ်ကြရမည်ဟု အမိန့်ပေးလေ၏။

ဝက်များလည်းခေါင်းဆောင်ကြီး၏အမိန့်အတိုင်းဆောင်ရွက်ကြရာ ပတ္တမြားဂူကြီးမှာ ညစ်ပတ်မှေးမှိန်မသွားဘဲ ရွှံ့ဖြင့်ပွတ် လေပို၍ကြည်လင်တောက်ပြောင်လာလေဖြစ်၏၊ ခြသေ့်ကြီး၏

အရိပ်မှာလည်း ပို၍ ပြတ်သားထင်ရှားလာရာ ပို၍ ထိတ်လန့်ကြောက်ရွံ့ကြလေ၏။

ဝက်များသည် ဇွဲမလျှော့ဘဲ နေ့စဉ်ရက်ဆက်ရှိ သုတ်ကြ၏။ ပတ္တမြားဂူကြီးမှာလည်း တနေ့ထက်တနေ့ ပို၍ တောက်ပကြည်လင်လာခဲ့ရာ ဝက်များ ဘာမျှမတတ်နိုင်တော့ဘဲ တော်ရာလွှတ်ရာသို့ ထွက်ပြေးကြလေသည်။

သည်နည်းအတိုင်းပင် "မြတ်စွာဗုဒ္ဓ၏စွယ်တော်ဓာတ်မြတ်မှာလည်း သူတပါးပယောဂလက်နက်တို့ဖြင့်ပျက်စီးနိုးမရှိ။ သဃမ္မာထိပ်နင်းတရားမင်း၏ ကိုယ်တွင်းတော်ဓာတ် စွယ်တော်မြတ်မှာလည်း မီးကျိုးတွေ့ထည့်ထားသော တွင်းထဲသို့ ပစ်ချခံရသော်လည်း ကြေကျွမ်းမသွားခဲ့ချေ။

"မသူတော်နိဂဏ္ဌတို့ ပစ်ချလိုက်သည်နှင့် တပြိုင်နက်လျှင် ဝတ်ရည်ဝတ်မှုန့်တို့နှင့်တကွ အလုံးစုံ ရောယှက်၍ လှည်းဘီးစက်ပမာဏရှိသော ပဒုမာကြာပွင့်ကြီးတို့သည် ညီးညီးတောက်ရဲ မီးကျိုးမီးခဲကို ဖောက်ခွဲ ပေါ်ထွက်လျက် ဝတ်ရည်ဝတ်ဆံတို့ဖြင့် ခံလင့်သည်ကိုပြု၍ ဗုဒ္ဓမြတ်စွာ၏ စွယ်တော်မြတ်မှာမူကား ကုဏ္ဍလာအိုင်၌ ညချမ်းဆည်းဆာ စန္ဒာလမင်းထွန်းလင်းသော အခါမှ ပွင့်သောပဒုမာကြာနှင့်တူစွာ ထိုပဒုမာကြာချပ် ဝတ်ဆံထက်၌ ငြိမ်သက်စမ္ပာယ် တင့်တယ်စွာ စံတော်မူလျက် ထက်ဝန်းကျင် အရပ်ရှစ်မျက်နှာ ဆယ်မျက်နှာတို့ကို နံ့စပ်ပြောင်ရှန်းထွန်းလင်းစွာ တောက်ပ၍ အစိန္တေယျလောကမျက်ရှု သဗ္ဗညုရှင်တော် ဘုရားတင်ရှားရှိတော်

မူစဉ် အခါက ကဲ့သို့ တန်ခိုးပြာဋိဟာကို ပြတော်မူသတည်း။

ကြာဆိုသည်မှာ ရေတွင် စိုက်ရ၏။ စိုက်တိုင်းလည်းပေါက်သည်မဟုတ်။ ကြာ၏ သဘော သဘာဝနှင့် ကိုက်ညီသော ရေနှင့်မြေတွင်သာ ပေါက်ရောက်လေ့ရှိသည်။

ယခုမူ မည်သို့မျှ မတွေးထင်စိတ်မကူးမိသော အခြင်းအရာသည် ဖြစ်ပျက်လေ၏။ မည်သည့် အရာဝတ္ထုမဆို ရောက်ရှိသွားလျှင် ခဏအတွင်း ကြမ်းမြေ့သွားမည့် မီးကျီးခဲထဲမှ ကြာပွင့်ကြီးတွေ ပေါက်ထွက်လာပြီး စွယ်တော်မြတ်အောက်က ခံလှာလေသည်။ ဤမျှမက စွယ်တော်ဓာတ်မြတ်မှ ခြောက်မျိုးသော ရောင်ခြည်တော်များ တပြောင်ပြောင်တဝင်းဝင်း ထွက်ပျံလာလေသည်။

စွယ်တော်ဓာတ်မြတ်ကို လေးမြတ်ကြည်ညိုသူများမှာ ပထမ မျက်ရည်လည်ရွဲနှင့် ရင်ထုမနာဖြစ်နေကြဆဲတွင်မဖြစ်ဖူးမြဲအလွန်ထူးကဲသောအဖြစ်ကို မြင်ရသောအခါဝမ်းသာသော မျက်ရည်များလည်းလျက် ကြည်ညိုသဒ္ဓါအပြည့်ဖြင့် ရှိခိုးကြလေသည်။

"ဗုဒ္ဓမြတ်စွာရဲ့စွယ်တော်မြတ်ကို မီးကျီးခဲထဲ ပစ်ချတာ၊ စွယ်တော်အောက်က ကြာပွင့်ကြီးခံနေသတဲ့ဟေ့"

ဤသတင်းက ပါဋလိပုတ်တပြည်လုံးကို ယောက်ယက်ခတ်သွားစေတော့သည်။ များပြားသော လူထု ပရိသတ်ကြီးသည် နန်းရင်ပြင်သို့ ပြေးလွှားလာကြ၏။ ဗုဒ္ဓမြတ်စွာကို လုံးဝဆန့်ကျင်သော တိတ္ထိတို့အထဲတွင်လည်း အချို့သည်ထိတ်လန့်တုန်လှုပ်လာကြလေသည်။

"မီးကျီးခဲထဲက ကြာပွင့်တွေ ပေါက်လာတာဟာ ဒီအရိုးရဲ့တန်ခိုးကြောင့်ဘဲ ဖြစ်တယ်။ ငါတို့ဟာ မစော်ကားကောင်းသူကို စော်ကားမိကြပြီ ထင်တယ်"

"ငါတို့ဟာ သူတော်ကောင်းသူတော်မြတ် အစစ်ရဲ့ မွေတော်ဓာတ်တော်ကို ဆက်ပြီး စော်ကားနေရင် ဒုက္ခတွေ့တော့မှာဘဲ"

အချို့သည်လည်း ကိုယ့်အပြုအမူပေါ်တွင် သံသယ ဝင်လာကြ၏။ အချို့ကလည်း ရှူးရှူးမိုက်မိုက်ရန်လိုနေသော တိတ္ထိဘာဝကို လုံးဝစွန့်လွှတ်ကာ စွယ်တော်မြတ်ကို ယုံကြည်သဒ္ဓါမြတ်နိုးစွာဖြင့် ဦးခိုက်ရှိခိုးကြလေ၏။

(၃)

နန်းတွင်းသူ "နန်းတွင်းသားများမှာ မီးကျီးခဲထဲက ကြာပွင့်တွေပေါက်လို့တဲ့"ဆိုသော သတင်းကြောင့် မီးကျီးတွင်း ရှိရာ ဓာတ်တော် လုပ်ကြံပွဲသို့ အူယားဖားယား ပြေးလာကြ၏။ တက္ကတွန်းတို့မှာကား "မဟုတ်မဟတ်စကားကို ဘယ်ပုံဘယ်နည်းလည်ဆယ်ရပါမည်နည်း" ဟူ၍ မျက်စိပျက်မျက်နှာပျက်ဖြင့် ကြံစည်ဆဲစိတ်ကူးဆဲမို့ ပ းစပ်ပိတ်နေကြ၏။

စွယ်တော်ခေတ်မြတ်၏ ထူးကဲသောအဖြစ်ကို ဖူးမျှော်ရန် နန်းတွင်းသူ နန်းတွင်းသားများ ပြေးလွှားသွားရောက် ကြသဖြင့် ပါဋ္ဌလိဘုရင် အပါးတွင် အခြံအရံ များများစားစား မကျန်ခဲ့ တော့ပေ။ ရေဆက်သူကယင်ခတ်၊ ကွမ်းဆက်သူက လက်ဖက်ဆက် စသည်ဖြင့် ဒေါင့်မစေ့၊ နေရာမကျ ဖြင့်ကုန်လေသည်။

မှူးရင်းအခံကလည်း အရက်မူးနေသော ပါဋ္ဌလိပုတ်ဘုရင်မှာ ဒီစွယ်တော်ကြောင့် ငါ့အပါးမှာ လူမရှိဘာဘဲဟု စွယ်တော် မြတ်ကို ရန်ငြိုးဖွဲ့စိတ် ပေါ်လာ၏။ နောက်တဖန် ဘာမဆို လိုရာ ဖြစ်နေသော ကရုပ်ပင်းအစစ် ဖြစ်ပါလျက် ဂေါတမအင်း ကျမှ ပြာပချုန်နိုင်ကောင်းလားဟု ကဲ့ရဲ့ရာ ဖြစ်လာရခြင်းအတွက် လည်း ရူဇပါန်ပွား၏။

"သူသေခဲ့ အရိုးကို မီးရှို့သဲကာ ဆယ်ပြီး ပေးပါ
တင်ပြီး မကြည်ညို မပျက်စီးပချင်း တူနဲ့ ထုချေပစ်ကြစေ"

ပသူတော်သဘာဝဖြင့် အရေပ်ဖြိုသမ္မာဒွယ်တော်ကို သံ ကျောက်ပေါ်မှာ တင်ထား၍ အများရှုံးစု ရိုက်ပုံကြီး ဖြင့်ဖြိုး လျှင် ပိုးထုအံအလယ်တွင် မှေ့ယ်ပရာ မညှာမရှု ရန်သူပြုလျက် ထုချေ ခွဲချေ အမိန့်တော်ပြန်သတည်း။

ထိုအခါ မိစ္ဆာအယူနှင့် ညက်ညိုက်သော ကက္ကတွန်းတို့သည် မိန့်ညွှန်းချက် နတ်တော်ထွက်ကို နှစ်သက်အားရ ဝမ်း မြောက်ကြလျက် ငါတို့ရန်သူ ဗမ္မပြောပ ရှင်ကြီးဂေါတမ၏ အင်္ဂါအမျိုး သွားအစုံးကို ကျိုးကြေမှုန့်ညက် ဖျက်ကြရအံ့ဟု

ဆို၍ စွယ်တော်မြတ် ဓာတ်ရတနာကို ပေပေါ်မှာ တင်ထား၍ အများရုံးစု ရိုက်ထုဖျက်ဆီးကြကုန်၏။

ဤသို့ ရက်စက်ရန်ဖက်ကြီးပြု ပေပေါ်မှာတင်စုပြီးလျှင် ထုချင်တိုင်း ထုသော်လည်းသဗ္ဗညုထိပ်ပန်သည်ဓိဋ္ဌာန်၍ ထားတော်မူခဲ့သော ၇ ပါးမြတ် အသမ္ဘိန္နဓာတ် ဖြစ်ရကား မပြိုမကွဲ အလိုလိုဖောက်ခွဲ၍ ပေထဲမှာ ထက်ဝက်မြုပ်လေ၏။

အရိုးမျှသာဖြစ်သော သွားတချောင်းသည် အပေါ်ကလည်းသံ၊ အောက်ကလည်းသံ၊ ထုချက်ကလည်းတအားစင်ချော်ထွက်သွားခြင်း မရှိအောင်လည်း မြဲမြံစွာ ညှပ်ကုပ်ထားရော မှုန့်မှုန့်ညက်ညက် ကြေသွားဘိုသာ ရှိ၏။

သို့ရာတွင် ကမ္ဘာပေါင်းများစွာ အသင်္ချေယျ ကပ်ပေါင်းများစွာ ဖြည့်ဆည်းဆောက်တည်ခဲ့သော ဒါနပါရမီ၊ သီလပါရမီ၊ သစ္စာပါရမီ၊ ခန္တီပါရမီ၊ နိက္ခမပါရမီစသော ပါရမီတော်များတွင် အရင်းခံသော အနန္တဉာဏ်တော်ရှင်၊ အနန္တဂုဏ်တော်ရှင်၊ အနန္တဘုန်းတော်ရှင်၊ အနန္တတန်ခိုးတော်ရှင်၏ စွယ်တော်မြတ်သည် သံဘုံးကြီးကို စူးဝင်နစ်မြုပ်လျက် ပြိုးပြိုးပြက် တခဲနက်သော ရောင်ခြည်တော်များ ကွန့်မြူးနေလေ၏။

"ဟင်-ဟို-အို-ဟယ်"စသော အာမေဋိတ်သံများ တခဲနက်ထွက်ပေါ်လာပြီး နန်းရင်ပြင်တခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားလေတော့သည်။

"စွယ်တော်ဓာတ်က ဝန်းပတ်တင့်တယ် ခြောက်သွယ်ရောင်ခြည် ပြောင်ထွန်းလည်လျက်၊ ပြိုးပြိုးလျှံပြက်၊ ရှိုးရှိုးလက်လက်၊ ဝံပျံတက်၍၊ ဆယ်မျက်နှာရပ်၊ နှံ့စပ်ကြည်ရွှန်း၊ ထွန်းလင်း

တောက်ပ၊ တန်ခိုးပြာဋိဟာ ပြတော်မူ"သောအခါ သူတော်စင်များ ဝပ်တွားရှိခိုးကြသည်။ပါဠိလိပ်ပုတ်ဘုရင်ကို ရှုံ့ရှာမုန်းတီးစွာ ကြည့်ကြသည်။

တက္ကတွန်းများသည်မှ အလို့လည်း ထိတ်လန့်တုန်လှုပ်ကာ မှားချေပြီ နောင်တရလျက် ညွတ်တွားပူဇော်ကြလေသည်။ ပါဠိလိပ်ပုတ်ဘုရင်မှာမူ မည်သူတွေ သူ့ကိုမုန်းမုန်း နည်းနည်းမျှ အရေးမစိုက် ပိုက်ပွားမှုကို နောင်မသိတ်ဘဲ "ဆွဲထုတ်ကြစေ" အမိန့်ပေးလိုက်လေသည်။

ဘုရင့်အမိန့်ကို နာခံရသော မင်းမှုထမ်းတို့သည် ရုပ်တော်မြတ်ကို ကော်ပြီးထုတ်၏၊ ကပ်ပြီးထုတ်၏၊ ပေကို ထွင်းပဲ့၍ ထုတ်ယူကြ၏။ ရုပ်တော်မြတ်ကိုကား လှုပ်ရှားအောင် မတတ်နိုင်ကြချေ။ ထို့ကြောင့် တက္ကတွန်းတို့သည် ညက်နှိုညက်နက် ထုပ်ကြရာ လက်ကနဲ့ အညိုရကြ၏။

"အရှင်မင်းကြီး၊ သွားမိုးနိုးဆိုရင် ဂေါတမရဲ့အငိုး ဖြစ်မှာဘဲ၊ ဒါလောက် တန်ခိုးကြီးတာကတော့ ဂေါတမ အငိုးမဟုတ်ဘဲ ကျွန်ုပ်တို့သခင် နတ်မင်းကြီးရဲ့ အရိုးဘဲ ဖြစ်မှာပါဘုရား"

"နတ်မင်းအရိုးမှန်လျှင် အဘယ်သို့လျှင် ဤနေရာသို့ ရောက်မှိနေရပေသနည်း ဆရာတို့"

"မှန်လှပါ၊ နတ်မင်းကြီးသည် လူ့ဇာတ်ကို ရပြီးမှ စုတေပြီး တဖန် နတ်ပြန်ဖြစ်ပြန်သော် ကိုးကွယ်ရန် ထားခဲ့သော အရိုးဖြစ်သောကြောင့် တန်ခိုးကြီးခြင်းဖြစ်ပေ

သည်။ ဘုံမနုဿ လူ့နဂရ၌ ဖြစ်ရသော ရှင်ကြီး ဂေါတမ၏ အဋ္ဌိကအရိုးကား တန်ခိုး အဘယ်မှာ ရှိအံ့နည်း"

မှုးကလည်းမှုး၊ ရှုးကလည်း ရှုးနေသော ပါဠလိ ဘုရင်မှာ စကားကို တောင်တခွန်း မြောက်တခွန်း၊ ယခုတမျိုး အတန်ကြာ တမျိုး ပြောနေကြပါကလား ဟူ၍ပင် စဉ်းစားနိုင်ခြင်း မရှိ တော့ချေ။

"ဤအရိုးသည် နတ်မင်းကြီး၏ အရိုးဓာတ်စင်စစ် ဖြစ်ချေလျှင် ရှိသေဝပ်လျှိုး ရှိခိုး၍ နတ်မင်း၏ ကျေးဇူး တော်ဂုဏ်ကို ဆိုတုံမြွက်ကြား မှန်စကားဖြင့် ထင်ရှား သော်ဒေ့ ပေဉ္စမြုပ်နစ် စွယ်တော်စစ်ကို ထုတ်လှစ်ပြကြလော့"

ခုတ်ရာတခြား ရှရာတလွဲသို့ ဖြစ်ရလေသည်။

တိတ္ထိတို့အကြံမှာ ဤမျှတန်ခိုးကြီးသောအရာမှာ ကျွန်ုပ်တို့ ကိုးကွယ်သော နတ်၏ အရိုးဖြစ်ပါသည်ဆိုလျှင် ကိုးကွယ်သော တိတ္ထိတို့ကို ပို၍ အထင်ကြီးသွားကာ ရှေးကထက်တိုး၍ ကိုးကွယ် မည်။ ယုံကြည်မည်။ အဆမတန် ပစ္စည်းပစ္စယတွေ လှူဒါန်းလိမ့် မည် ထင်စားမြှော်လင့်ကြ၏။

လက်တွေ့ဖြစ်လာရာတွင် ချီးကျူးကော်ရော်ပြီး ပင့်ဆောင် ပါ ဟူ၏။ ထို့ကြောင့် တိတ္ထိဘာသာ တိတ္ထိမန္တန်များဆိုကာ ဘုရင်အလစ်တွင် ကော်ထုတ်၏။ ကုတ်ခြစ်ထုတ်၏။ အသားပဲ့ ခြင်းသာ အဖတ်တင်သည်။ ရောင်ခြည်တော် တထိန်ထိန်မြူးလျှ နေသော စွယ်တော်ဓာတ်မြတ်ကား လှုပ်ပင်မလှုပ်ချေ။

ပါဠိလိပ်ပြည်သားထဲမှ ဗုဒ္ဓတပည့်သား ဥပါသကာများ ကား ရွှယ်တော်မြတ်ကို တိုး၍ ကြည်ညိုစွာရှိခိုးကြသည်။ သဒ္ဓါ ဒိတိ ဆထက်တိုးသဖြင့် ပူဇော်ကြသည်။ ထိုသို့ဖြစ်လေလေ၊ ပါဠိလိပုတ်ဘုရင် စိတ်မရှင်လေလေ ဖြစ်ရသည်။ သူမလိုလား မရှု ခိုင်သော ပညာကို သူ့ရှေ့ကွင် လူတော့ တစုတဝေးကြီး ရှိခိုး နေခြင်းမှာ သူ့အရှက်ကို ခွဲနေခြင်းပင် မဟုတ်ပါလော။

သို့သော် ကြင်နေခြင်းကို ပြည့်ရှင်မင်း ခွင့်မပြုနိုင်ပေ။ မင်းချင်း ယောကျ်ားတို့ကိုခေါ်ကာ မြို့တွင်း၌ စည်လည်ကျေညာချက် ထုတ်ပြန်စေသည်။

ဘုရင်၏ ကျေညာချက်မှာ "ပေဿ တဝက်နစ်မြုပ်နေသော အလုံးအား ထုတ်ယူပေးနိုင်သူအား များစွာရိပ်မြိမ် စည်းစိမ် ချမ်းသာတို့ကို ပေးတော်မူမည်" ဟူသတတ်။

ပြည့်ရှင်မင်း ပေးမည့်ဆုသည် သေးသေးကွေးကွေးဖြစ်မည် မဟုတ်။ နှယ်နှယ်ရရ နေမည်မထင် စသောစိတ်ကူးဖြင့် အား ကောင်းမောင်းသန် ယောကျ်ားများ ရောက်ရှိလာကြကာ ထိုး ကြ၏။ ကော်ကြ၏။ ကုပ်ကြ၏။ ကပ်ကြ၏။ ဆောင်ရွက်သူများ သာ မောပန်းကြ၍ လက်မှိုင်ချကြရသည်။ ရွှယ်တော်မြတ်က မှုန့်ပြင်း၊ ပဲ့ခြင်း၊ လှုပ်ရှားခြင်း မရှိချေ။

ရတနာသုံးပါး၌မကြည်ညို မသက်ဝင်သူတို့ ထင်သလိုလုပ်ပြီး လက်လျှော့ကြွန်တော့မှ သူတို့သားတယောက်သည်. ဘုရင်ထံ ဝင်ရောက်လျှောက်ထား၏။ သူသည် "ဘုရားမြတ်၏ ဥပသကာ ရတနာသုံးပါး၌ ထက်ပွားသဒ္ဓါ လွန်စွာ ကြည်ညိုခြင်းရှိသော သုဘဒ္ဒါသူဌေးကြီး၏သား သုဘဒ္ဒါယောကျ်ား" ဖြစ်ပေသည်။

---

နီလာဘာဝေ

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးသည် ဘုန်းတန်ခိုး
ထင်ရှားသော မြတ်စွာဘုရား၏ စွယ်တော်ကို ထုတ်ဖော်
ဆက်သနိုင်ပါကြောင်း"

မနေ့တတ်၊ မထိုင်တတ်ဖြစ်နေရသော ဘုရင်မင်းမြတ်မှာ သုဘဒ္ဒါ၏ စကားကို ကြားရလျှင် အလွန်ဝမ်းသာသွားလေ၏။

"အချင်းသုဘဒ္ဒါလုလင်။ သင်အကယ်မှန်စွာ ထုတ်
ယူစွမ်းနိုင်ပါကလျှင် မကြာခဏ ထုတ်ယူပြပေလော့"

သုဘဒ္ဒါလုလင်သည် သင့်တင့်သော နေရာ၌ ရိုသေစွာထိုင်သည်။ လက်ဆယ်ချောင်းကို ကောင်းမွန်စွာ ပူးရှက်၍ နဖူးပေါ်တွင် တင်သည်။ ယင်းသို့ရှိခိုးပြီးလျှင် "အရိုးအစဉ်အလာ ဘုရားမြတ်တကာတို့ ကောင်းစွာ ဖြည့်ကျင့်တော်မူအပ်သော ဒသပါရမီကို" နှုတ်မှလည်း တွတ်တွတ်ရွတ်ဆို၊ စိတ်ကလည်း ထင်ပြန်တလဲလဲ ကြည်ညိုအောက်မေ့ လေသည်။ ထို့နောက် သစ္စာအဓိဋ္ဌာန်ပြုလိုက်ရာစွယ်တော်မြတ်သည်မည်သူမျှကုတ်၍ ကော်၍ ထုတ်ဖော်၍မရသော ပေတွင်းမှ ထွက်ကြွတော်မူပြီးကောင်းကင်၌ တည်နေလေသည်။

ကြည်ညိုသဒ္ဓါတက်ကြွဘွယ်ရာရောင်ခြည်တော်ခြောက်သွယ်သည် ထက်အောက်ဝန်းကျင် အရပ်ဆယ်မျက်နှာသို့ မြူးပျံ့ထွန်းပြီးမှ သုဘဒ္ဒါ၏ ခေါင်းပေါ်သို့ သက်ဆင်းလာလေ၏။

ယင်းသို့ဖြစ်သည်ကို မြင်ရသော လူများမှာ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်ကျေးဇူးတော် ဘုန်းတော်နှင့် တန်ခိုးတော်များကို ချီးကျူးပြောဆိုကြလေ၏။ ပြင်းထန်သော မိုးကြီးရွာချသလို ဆူညံ

သော အသံများသည် ဗုဒ္ဓမြတ်စွာကို ချီးကျူးခြင်းဖြစ်ရာ ယင်း မြတ်စွာဘုရားကို ဆန့်ကျင် ပြုမူနေသော ပါဋလိ ဘုရင်အား ဘနည်းအားဖြင့် ပုတ်ခတ်ဆဲရေးနေခြင်းနှင့် တူနေတော့သည်။

တက္ကသွန်းတို့မှာ ဘုရင်မင်းမြတ် သဒ္ဓါကြည်ညိုစိတ်ဖြင့် ရှေး ယခင်ကျင့်စဉ်အတိုင်း ဝိဘ်ကောင်း ဝင်သွားမည်ကိုသာ စိုးရိမ်ကြသည်။ ယခုကဲ့သို့ အပျက်ရကာ အမျက်ရှနေချိန်တွင် ပလီပလာနှင့် မဟုတ်မဟုတ် စကားများကို လုပ်ကြံပြောဆိုကြပြန်သည်။

"ပဏ္ဍုရာဇာ သညာမည်မှတ် သင်မင်းမြတ်။ ကောင်းကင်မိုးယံ တက်ပျံသည်မှာ ဧကန်အမှန် တန်ခိုးကြောင့် မဟုတ်။ ထုတ်ဖော်၍ပြ အမှန်ကိုဆိုရလျှင်၊ သုဘဒ္ဒါ သူဌေးသား၏ မန္တရား မန္တန်ကြောင့် ကောင်းကင်သို့ ပျံသန်းလက္ခဏာရှိပါသည်။ ဂေါတမ ဗုဒ္ဓဘုရား၏အစွမ်း တန်ခိုးကား မဟုတ်နိုင်ပါ"

တိတ္ထိတို့၏ စကားမှာ ကြောက်စရာ ကောင်းလှချေသည်။ သုဘဒ္ဒါလုလင်ကပင် ဘုရင်ကိုလှည့်ဖြား၍ အစွမ်းပြ သယောင်ယောင် အဓိပ္ပာယ်ပေါက်နေရာ ဘုရင်အယူအကောက် တချက်မှားရုံနှင့် သေဘေးနည်းလှပေသည်။

"ဟယ် သုဘဒ္ဒါ၊ သင်သည် မန္တရားအတတ်ဖြင့် ငါ ကိုယ်တော်မြတ်အား လှည့်စားခြင်း ပြုသလော"

"မဝံ့ကြောင်းပါဘုရား။ ကျွန်တော်မျိုးသည် ဘစုံ ဘရာသော ပဉ္စလက် အဋ္ဌလက် တို့ကိုမျှ မတတ်ကြောင်းပါ ဘုရား"

"သို့ဖြစ်လျှင် ဤအရိုးသည် အဘယ့်ကြောင့်ကောင်းကင်သို့ ပျံတက်ရသနည်း"

"အနန္တတန်ခိုးတော်ရှင်မြတ်စွာဘုရား၏ ဘုန်းတော်တန်ခိုးတော်ကြောင့်အလိုလိုသာဖြစ်ကြောင်းပါ ဘုရား"

"ကောင်းပြီ။ သင်ပြောသည့် တန်ခိုးတော် ဆိုသည်မှာ အဘယ်နည်း"

"မြတ်စွာဘုရား၏ ကျေးဇူးတော် ဂုဏ်တော်များကို ယုံကြည်စွာ ထပ်ပြန်တလဲအောက်မေ့ပြီးလျှင် သစ္စာဆိုစဉ်တွင် လှုပ်ရှားဖြစ်ပျက်ခြင်းပင် ဖြစ်ပါသည်ဘုရား"

"ထိုသို့ဆိုက ကိုယ်တော်ရှုစားတော်မူသည်။ သစ္စာပြုဦးလော့"

ဥပါသကာသုဘဒ္ဒါသည် ဗုဒ္ဓမြတ်စွာ၏ စွယ်တော်ဓာတ်မြတ်ကို အထူးအဆန်းပစ္စည်း မဖြစ်စေလိုပေ။ ကြည်ညိုရိုသေရင်းစွဲဖြင့် ရှိခိုးကော်ရော်ခြင်းကိုသာ အလိုရှိပေ၏။ သို့ရာတွင် သက်ဦးဆံပိုင် ဘုရင်ကို မလွန်ဆန်ရဲချေ။

လုလင်ဥပါသကာ သုဘဒ္ဒါသည် ရှေးအခါ၌ ဖြစ်ဖူးသော အံ့ဘွယ်သရဲကို ထပ်တလဲလဲ အောက်မေ့လျက် ထိုထက်လွန်ကဲသော တန်ခိုးပြာဋိဟာကို ပြစေခြင်းငှာ ကြီးစွာသောရွှေခွက်၌ မွှေးမျိုးထုံမျိုးအစုံတို့ဖြင့် အေးကြည်လှသော ရေတို့ကို ပြည့်စေလျက် တည်ထားပြီးလျှင် စွယ်တော်မြတ်ကို လေးမြတ်ရိုသေစွာ ရှိခိုးပူဇော်၍ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အောက်မေ့ကာ သစ္စာဝိဋ္ဌာန်ပြုလေပြန်သော် အတုလမြတ်ဘုန်းမော်၏ စွယ်တော်မြတ်သည် ဇဝနဟသ်ာမင်း၏လျင်မြန်ခြင်းအဟုန်ကဲ့သို့ အလုံးစုံ

ဆယ်မျက်နှာအရှင်တို့ကို အထပ်ထပ်ကြွမြန်းတော်မူပြီးမှ ရွှေခွက်၏ အတွင်းသို့သက်ဆင်းတော်မူလတ်၍ ပတ်ပတ်ချာချာ လကျာရစ်လှည့်သွားထင်ရှားစွာ လျှံတောက်နှင့်မြူပ်တော်မူပြီးလျှင် တသီးထိုမှထွက်ပေါ်၍ ညာဦးတော်ရှိသော ရှင်တော်ဘုရား ကဲ့သို့ကြွသွားတော်မူသည်ကို ထူးဆန်းစွာကော မြင်ကြရသောလူအပေါင်းတို့ ကြည်ညိုမြတ်နိုးပူဇော်စေပြီးမှ ရွှေကြုတ်တော်၏အတွင်းသို့ဆင်းကြွတည်တော်မူပြန်၏။

သင်မင်းမြတ်။ သင်သည် ခြောက်ကြိမ်ခြောက်ခါ တိတိ မသင့်သော စကားကိုဆို၍ မသင့်သောအမှားများကို ပြုမှားပြီးချေပြီ ဟု သတိပေးသော်လည်း၊ ရှင်တော်မြတ်ဘုရား၏ အ-ဝိဥာဏက ယဉ်ကျေးတော်မူတတ်က သတိပေးတော်မူသောအခါ နန်းတွင်းသူနန်းတွင်းသားတို့မှာ ထိတ်လန့်တုန်လှုပ်လာကြတော့သည်။ ဘုရင်ကမူ မကောင်းမှုကြောင့် မိမိတို့ပါ ဒုက္ခရောက်ရတော့မည် ဟူ၍ ကြောက်ရွံ့ငိုကြွေးကြသည်။

မိဖုရားနှင့် သားတော် သမီးတော်များမှာ ငယ်တော်မူတတ်ကြသည်မှ ကြည်ညိုလိုဟန် အငိုင်အယောင်ဖြစ်လာသည့်အတွက် ပါဠိလိပ်သည် ဘုရင်မှာ တိတ်ဆိတ်လျက်အပေါ် အယုံအကြည် ကင်းမဲ့စပြုလာ၏။

“ဆရာတို့ အသိနည်း၊ သင်တို့ပြောသော သူသေ၏ အရိုးသည် တန်ခိုးကြီးလှချေတကား”

ဟိုလ်တို့မှာ လာမည့်ဘေးကို မြင်ကြ၏။ သိကြ၏။ သည်ပွဲတွင် ရှုံးခဲ့ချေသော် ပါဠိလိပ်မှ အရှက်ကြီးစွာရပြီး ပြေးရမည်မှုချ ဖြစ်ပေသည်။ ထို့ကြောင့် အလျှော့မပေးနိုင်ကြပါ။ သူတို့သည်

အယူဝါဒ မကောင်း၊ သဘောမကောင်းသော်လည်း လူပြိန်း ကြိုက်အောင်ကား ဆွဲဆောင်နိုင်ကြသည်။

ထီးဆောင်းမင်းတို့၏ အရှင်ကောရာဇ်မင်းမြတ်။ ယခု ပင်ကြည့်လော့၊သင်မင်းမြတ်၏အမိန့်တော်များမအောင် မြင်မှုကြောင့် သင်၏သားတော် သမီးတော်များ စိတ် ဓာတ်ဆုတ်နစ်ခြင်း ရှိကြလေပြီ။ အခြားသော သူများ သည်လည်း ယုံမှားနှစ်ခွ ဝင်နေကြပြီ။ အကယ်၍သာ သင်မင်းကြီး လက်လျှော့ အရှုံးပေးခဲ့သော် နောက် နောင်တွင် သင်မင်းကြီး၏ပြုမှုမှုတို့ကို မည်သူသည်မဆုတ် မနစ် ယုံကြည်လိုက်နာကြတော့မည်နည်း"

လျှည့်ပတ်သော စကားကို ဆိုလိုက်ရာ ပါဠလိပုတ်ဘုရင်မှာ တိတ္ထိတို့ ပြောစကား ဟုတ်ယောင်လေဟန် စိတ်ဝင်ရလေသည်။

"သို့ဖြစ်လျှင် မည်သို့လုပ်ရအံ့နည်း ဆရာတို့"

"အရှင်မင်းကြီး၏ မိန့်မြွက် စကားများသည် မည် သည့်အခါမျှ နောက်ဆုတ်လိမ့်မရှိကြောင်းကို မျိုးမတ် ဗိုလ်ပါနှင့် လူအများ စိတ်နှလုံးဒုံးဒုံးချ ယုံကြည်သွား ကြစေရန် အကျွန်ုပ်တို့ ဆက်လက် ဆောင်ရွက် သွားပါ မည်။ ရှုစားတော် မူပါ ဘုရား"

"ဆရာတို့ သဘောကျ ဆောင်ရွက် ကြပါကုန် လော့"

ဘုရင့်ထံမှ အာဏာကုန်ရလျှင် မိစ္ဆာဒိဋ္ဌိ ဂိုဏ်းသား တက္က တွန်းများသည် ဗုဒ္ဓမြတ်စွာ၏ စွယ်တော်ဓာတ်မြတ်ကို မြှုပ်နှံ ရန် မြေတွင်းကြီး တခုကို ချက်ခြင်း တူးကြလေသည်။ တွင်း

ကြီးကို လူအင်အားဖြင့် အလျင်အမြန် တူးဖော်ရာ ရေထွက်လာသည်အထိ နက်၏။ ထိုတွင်းထဲသို့ စွယ်တော်မြတ်ကို ပစ်ချကာ ချက်ခြင်း မြေဖို့သည်။ ဖို့မြေ ပိသိပ်သွားစေရန် ဆင်ဖြင့်နင်းသည်။

သို့ရာတွင် သုံးလူ့သနင်း လူ့ ဘမင်း၏ မွေတော်ခတ်တော်များသည် မည်သူဖျက်ဆီး၍မျှ မပျက်စီးသော တန်ခိုးဘော်ရှိရကား....

ထိုနင်းသောခဏ၌သုံးလူ့ ဘမြတ်စွယ်တော်ခတ်သည် ကွဒ္ဓိပါဒ် တန်ခိုးတော်ကြောင့် မြေပေါ်သို့ ပုံတက်၍ လှည်းဘီးစက် ပမာဏ ရှိသောကြာပွင့်ကြီးနှင့်တကွပေါ်ထွက်ကာလာ၏။ ထိုကြာပွင့်ကြီး၏ အရွက်သော်ကား ရွှေသားအဆင်း ဝင်းဝင်းစက်စက် ရှိ၏။ ဝတ်ရည်ဝတ်မှုံတို့သည်ကား ငွေသားပြကတေ့ ကြွေ့ကြွေ့ဝန်းရှက် ဖြူရောင်ထွက်၏။ ဗဟိုချက်မှာကား ပတ္တမြားဖြင့်ပြီး၏။ ထိုကြာပွင့်ကြီး၏ အထက်၌ ငြိမ်သက်စွာ ရပ်ဘည် တော်မူလျက် ရပ်ဆယ်မျက်နှာ ဒိသာနှံ့စပ် လျှပ်လျှပ် ထွန်းပေါ် ရောင်ခြည်တော်တို့ဖြင့် ကွန့်မြူးတော်မူ၏။

အလွန်ကြီးမားသော ကြာပွင့်ကြီးနှင့်အတူ စွယ်တော်ခတ်မြတ်သည် မြေကြီးထဲမှ ခွဲထွက် ပုံတက်လာသောအခါ ပါဠလိပုတ်ဘုရင်မှာ မိမိ၏ မကောင်းမှုကို လူပုံအလယ်တွင် ပြသကဲ့သို့ အရှက်ကြီးရှက်ရလေ၏။ အကြောင်းသော်ကား ဤတကြိမ်တွင် နန်းရင်ပြင်၌မဟုတ်ဘဲ လူသွားလမ်း လမ်းလေးဆုံ လေးခွ၌ အများကို ပြမိသောကြောင့်ပေတည်း။

---

**နိလာစာပေ**

ပဒုမ္မာ ကြာချပ်ထက်တွင် ကိန်းဝတ်စမ္ပာယ်လျက် မီးထဲမှ ထွက်ခြင်း၊ မြေကြီးထဲမှ ခွဲထွက်ခြင်းတို့ကို အစွဲပြု၍ "ယခုထက်တိုင် ကြံ့ခိုင်မထိန်းမယိမ်းမယိုကျွန်းသီဟိုဠ်၌ တည်ရှိသောလက်ဝဲအောက်ထပ် စွယ်တော်မြတ်ကို တသပတ်လွှာ ပုံပမာတို့ ရွှေလွှာပွင့်ချပ် အထပ်ထပ်ပြုလုပ်၍ ဝတ်ဆံဝတ်မှုန်နှင့်တကွ အလယ်၌ထား၍ အများပူဇော်နိုင်ရန် ထိန်းသိမ်း ကိုးကွယ်ထားကြလေသည်

"ဟယ်....ထူးကဲလိုက်တာ"

"အမလေး တန်ခိုးကြီးလိုက်တာ"

"ကြည့်ကြပါအုံး၊ မြေကြီးဖို့ပြီး ဆင်နဲ့ နင်းတဲ့ကြားထဲက"

ဘုရင်၏ မှူးတော် မတ်တော်များ စစ်သည် ဗိုလ်ပါများနှင့် မြို့သူမြို့သားများ ဝမ်းသာအားရ တအားအော်ဟစ်ပြီး ရှိခိုးပူဇော်ကြလေသည်။ ခေါင်းပေါင်းများကို ပစ်လွှင့် ပူဇော်ကြလေသည်။ ဆန်ပန်း ပေါက်ပေါက်များ ကြဲကြလေသည်။ ပန်းနံ့သာများပစ်ပေါက်လျက် သက္ကာသမှု ပြုကြသည်။

အချို့သော မှူးမတ် စစ်သည်ဗိုလ်ပါများနှင့် မြို့သူမြို့သားများသည် ဗုဒ္ဓ မြတ်စွာ၏ စွယ်တော်မြတ်ကို ညှိုးသူရန်ဖက်ပမာ အကြိမ်ကြိမ် စော်ကားပစ်မှားသော ဘုရင်နှင့် တိတ္ထိတို့အား မကျေမချမ်း ဖြစ်လာကြ၏။ ကျောက်ခဲကို ကိုင်သူကိုင် တုတ်ခဲ လှံ စသည်တို့ကို ကိုင်သူကိုင်နှင့် ပုန်ကန် ခြားနားရန် တကဲကဲဖြစ်လာကြသည်။

"အချင်းတို့သည်းခံကြလော့။ ခွင့်လွှတ်ကြလော့။ ငါ
တို့မြတ်စွာဘုရားသည် သည်းခံ ခွင့်လွှတ်ခြင်းကို ဟော
တော်မူ၏။ မကောင်းသော ထိုသူတို့အား သူတို့၏
မကောင်းမှုတို့က ပြန်၍ ဖျက်ဆီးလိမ့်မည်"

မင်းနှင့်ပြည်သူ မကြည်ဖြူဘဲ ရန်ပွဲကြီး ဖြစ်မည့် အရေးကို မလိုလားသော ဥပါသကာများက ဖျောင်းဖျ တားမြစ်ကြ၏။

"အို-ရန်သူ အားပေး မလုပ်နိုင်ဘူး"

"သည်းခံတိုင်းရောင့်တက်လာတာ ခွင့်လွှတ်ရမလား"

လက်မြန်ခြေမြန် သမားများက လက်လှမ်းမှီရာ တိတ္ထိများကို ရိုက်ကြ နှက်ကြသည်။ ထိုးကြ ခုတ်ကြသည်။ စစ်သည်ဗိုလ်ပါ အချို့၏ မြှားလှံများက ဘုရင်ဘက်သို့ ဦးလှည့်လာလေသည်။ အခင်းမလှသော သည်အခြေကို တင်လျှောက်ရန် သေနာပတိ စစ်သူကြီးသည် ဘုရင်မင်းမြတ် ရှေတော်မှောက်သို့ အလျင် အမြန် ဝင်ရောက် ခစားလေ၏။

စစ်သူကြီး မည်သို့မျှ မတင်လျှောက်နိုင်မီတွင် တိတ္ထိတို့သည် ရတနာကြုတ်တွင်းသို့ ပြန်လည် ကြွမြန်းလာသော စွယ်တော်မြတ်ကိုယူကာ မကောင်းသော ရေဆုံးအိုင်ထဲသို့ ပစ်ချလိုက်ကြပြန်လေ၏။

ထိုရေဆိုးအိုင်ကား မြင်မကောင်းအောင် စက်ဆုပ်ရွံရှာဘွယ် ဖြစ်၏။ အညစ်အကြေးပေါင်းစုံ၊ အမှိုက်သရိုက် ပေါင်းစုံနှင့် ခွေးသေ၊ ကြွက်သေ စသည်ဖြင့် မကောင်းသမျှ စုဝေးနေသည့် အတွက် အိုင်ရေသည် ညိုမဲပုပ်ဟောင်နေ၏။

---

နီလာစာပေ

စွယ်တော် ခေတ်မြတ်ကို ကြည်သာရွှင်လန်းစွာ ဝိုင်းဝန်းဖူးမျှော်ကြသော လူထုလူအုပ်ကြီးမှာ စွယ်တော် ခေတ်မြတ်ကို တိတ္ထိတို့ ဆောင်ယူသွားပြန်ပြီကြားလျှင် တိတ္ထိများ နောက်သို့ စုရုံးကာ လိုက်လာကြသည်။ စိတ်မထိန်းနိုင်သူများက ခဲဖြင့် ပစ်ခတ်ကြသည်။ ဆဲရေးတိုင်းထွာကြသည်။

ဤသို့ ကန့်ကွက်တိုက်ခိုက်နေပါလျက်နှင့်စွယ်တော်ခေတ်မြတ်ကို ရေဆိုး ရေပုပ်အိုင်ထဲသို့ ပစ်ချလိုက်ကြရာ—

ဤသို့မှားပြီ။ တိတ္ထိယဘ်ကန်း တက္ကဘွန်းတို့ငြိစွန်း တိမ်မြုပ်အောင် ပြုသော်လည်း အတုလ မြတ်စွာဘုရား၏ ခေတ်ဘွားတော် တန်ခိုးကြောင့် မညှိုးနိုင် မကွယ်နိုင် စက်ဆုပ်ဘွယ် ရေအိုင်သည် အဆိုင်ဆိုင်ပွင့်ဖြိုးလျက် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော မင်္ဂလာရေကန် ဖြစ်ရပြန်၏။ နန္ဒဝန်ဟန် ထိုရေကန်၌ ပြန်လှန်ဝဲလှယ် ပန်းဝတ်သယ်လျက် ပျော်ဘွယ် အနံ့အင်း ချစ်ဘင်းဆိုမြည် ရွှေလည်ယှက်တွဲ ဝံမ်းဘဲဟသာ ကြိုးကြာ ပိန်းညင်း သောင်းတင်းခေါ်ဆို မယ်ညို ဗိဝဇိုး ဖိုးခေါင်ညိုးညံ ဝဲပျံအုံးအုံး ပျားပိတုန်းတို့ ရှုန်းရှုန်းရစ်လည် အေးကြည် မြန္တယ် ကြာရနံ့ကြွယ်သောကြောင့် နှစ်သက်ဘွယ်ကြီး တခု ဖြစ်ပြန်သတည်း။

စောစောကလျှင် အပုပ်နံ့ တဟောင်ဟောင်ဖြင့် ကြည့်ချင်စရာမကောင်းအောင် ညစ်ပတ် နံစော်နေသော ရေဆိုးရေပုပ်အိုင်သည် စွယ်တော်မြတ် ပစ်ချသော ခဏဝယ် ကြာမျိုးစုံသော

မင်္ဂလာကန်ကြီး ဖြစ်သွားလေကာ ရေကျေး၊ ရေငှက်များနှင့် စည်ကားနေလေသည်ကို မြင်ရသောလူများမှာ တိဋ္ဌိတို့အား ဝိုင်းအုံ၍ကြည့်ရှု ထိုးမှတ်ကြလေ၏။

"အသက်မရှိတဲ့ ရေအိုင်တောင် ငယ်တော်မြတ်ရဲ့ ကျေးဇူးကို သိရှိသွားနဲ့ နင်လို့ ငိုက်အုံးဟ"

"အလင်းကို အမှောင်၊ အမှောင်ကို အလင်းလို့ လူတွေ ထင်မြင်အောင် လုပ်ကြအုံးဟဲ့"

မနှစ်သက်တော့ယ် ဒေသ တရှုးလို့ မင်္ဂလာရေအိုင် ဝန်းကျင်နေရာ အချို့တွင် ပြင်းဘားနေစဉ် အချို့နေရာတွင်လည်း ကြည်ညှိုး ဝမ်းမြောက်လျှာ အောင်ဟစ်သံများဆူညံနေလေ၏။

"လှလိုက်တဲ့ အိုင်ကြီးပဲ....၊ သာယာလိုက်တဲ့ အိုင်ကြီးဟဲ့"

အဲဒါဟာ ငယ်တော်ချောတ်မြတ်ရဲ့ တန်ခိုးတော်ပဲ့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို အောက်မေ့ကြ၊ ကြည်ညိုကြ"

"ခြေ့....၊ မြတ်စွာဘုရားရဲ့ သက်မဲ့ သရီရ ဓာတ်တော် ငယ်တော်တောင် ဒါလောက် တန်ခိုးကြီးရင် သက်တော်ထင်ရှား မြတ်ဘုရားဆိုရင် ဘယ်လောက် တန်ခိုးကြီးမလဲနော်"

ကြည်ညို ဝမ်းသာစိတ်ဖြင့် ချီးကျူး ရှိခိုးသံများ ကလည်း မင်္ဂလာရေအိုင် ဝန်းကျင်ဝယ်သောသောညံနေလေ၏။ ထိုအချိန်တွင် စစ်သေနာပတိသည် ပါဋလိပုတ်ဘုရင်၏ ရှေ့တော်မှောက်တွင် သတင်းစကားကို လျှောက်ထားလျက်ရှိ၏။

"အရှင်မင်းကြီး၊ ဗုဒ္ဓမြတ်စွာ၏ စွယ်တော်မြတ်ကို ကြိမ်ဖန်များစွာ ဖျက်ဆီးရန် အားထုတ်သောကြောင့် တိုင်းကားပြည်သူ လူအပေါင်းတို့ အရှင်မင်းကြီးအား ငြိုငြင်ကုန်ကြပါပြီ။ စစ်သည် ဗိုလ်ပါ များလည်း ထောင်ထား ခြားနားကြမည်ကို စိုးရိမ်ရကြောင်းပါ ဘုရား"

တိတ္ထိဘက်သား နန်းတွင်းသူ နန်းတွင်းသားများမှာ စိတ်ဓာတ် အကျကြီး ကျနေကြသဖြင့် သေနာပတိ စကားကို ထိုးဖောက် ချေဖျက်နိုင်ခြင်း မရှိကြချေ။ ပါဋ္ဌလိပုတ် ဘုရင်မှာ သည်သတင်းကို ကြားသောအခါ သတိသံဝေဂ ရစ ပြုလာခဲ့သည်။

"အင်း၊ ဂုဟသီဝမင်းကို အားနာစရာ ကောင်းလိုက်ပါဘိ။ ငါမှားပြီထင်တယ်"

"ပျက်လျှင်အစဉ် ပြင်လျှင်ခဏ ဖြစ်ကြောင်းပါဘုရား။ အမှားကို ဇွတ်တိုးပြီး မမှားလျှင် ချမ်းသာသုခ ရနိုင်ကြောင်းပါဘုရား"

ယင်းသို့ ရှိနေခိုက်တွင် မင်းချင်း တယောက်သည် အတွင်းတော်သို့ မောကြီးပန်းကြီး ပြေးဝင်လာသည်။

"ဟဲ့-မောင်မင်း၊ အကြောင်းထူးသလော၊ အမြန်လျှောက်တင်စမ်း"

"မှန်လှပါ၊ စွယ်တော်မြတ်ကြီးကို ကြိမ်ဖန်များစွာ မအပ်မရာ ပြုသောကြောင့်လူအပေါင်းသည် တက္ကတွန်းဆရာများအား ဝိုင်းဝန်းနှိပ်စက်နေကြပါသည် ဘုရား။ ထို့ပြင်–"

ပါဠိလိပုတ်ပြည်တွင် အရာရောက်သင့်သလောက် ရောက်၍ ဩဇာတိက္ကမလည်း အတန်အသင့်ရှိသော တက္ကတွန်း များပင် တော်လှန်နိုင်စက် ခံရပြီ ကြားရသောအခါ ဘုရင်မင်းမြတ် မချောက်ချားဘဲ မနေနိုင်။

"နောက်ထပ် တင်စရာ ရှိသေးသလောမောင်းမင်း"

"မှန်လှပါ၊ စွယ်တော်ခတ်မြတ်ကို ပစ်ချလိုက်သော ခဏ၌ မစင်ဘင်ပုပ်တို့ ပြည့်လျှမ်းနေသောအိုင်ဆိုးသည် ကြာမျိုးငါးပါးဖြင့် ပြည့်စုံသော အိုင်သာအဖြစ်သို့ တမုဟုတ်ချင်း ပြောင်းလွဲသွားကြောင်းပါဘုရား"

"ဧစ်သူကြီး၊ ဘယ်လိုသဘောရသလဲ မောင်မင်း"

"မှန်လှပါ၊ အချိန်မရွေးမိ သတိသံဝေဂရကာ အပြစ်များကို ကန်တော့တောင်းပန်၊ အမှားကို ပြန်ပြင်လျှင် ရနိုင်သေးကြောင်းပါဘုရား"

"သက်တော်ရှည် အမတ်ကြီး"

"မှန်လှပါ၊ မလျှောက်ဝံ့၍ နှုတ်ဆိတ်နေခဲ့ရသော်လည်း အရှင်မင်းကြီး၏ အပြုအမူများသည် မလျှောက်ပတ်ပါဘုရား"

"အင်း....၊ ငါသည်- လူမလိမ္မာ ပညာမှောင်ငှန်း တက္ကတွန်းတို့၏ စကားကို ယုံစားတော်မူသောကြောင့် မှားခြင်းကြီးမက မှား၍ မှောင်ခြင်းကြီးမက မှောင်ခဲ့ချေပြီ။ ပမာဆောင်သော် မီးရောင်ကို ပယ်ခွာ၍ ပိုးစုန်းကြူးကို ရှာသော ယောကျ်ားကဲ့သို့ရင်း၊ အေးကြည်လှစွာ ရေကိုခွာ၍ ပူဆာနောက်ကျိသော ရေကို ရှာ

ဖွေ့သော ယောကျ်ားမိုက်ကဲ့သို့၎င်း၊ အမြိုက်ရေကို လွှဲ
သွေ့ကာ ကန်ကျောက်၍ အဆိပ်အတောက် ရှိသော
ရေကို သောက်သော ယောကျ်ားမိုက်ကဲ့သို့၎င်း၊ အဆင်း
အနံ့ တပျံ့ပျံ့အေး ကြိုင်လှိုင်မွှေးသော ကံ့ကော်
ရွှေဖီ နှင်းဆီပန်းများကို ပယ်မှားစွန့်ပစ်၍ စင်စစ် အနံ့
မှ ကင်းသော ခေါင်ရမ်းပန်းကို ဆင်မြန်းမိမှား တော
တွင်းသား ယောကျ်ားမိုက်ကဲ့သို့၎င်း ထင်ရှားစွာ ဖြစ်
ချေပြီ"

တိုင်းပြည်ဦးစီးဘုရင်ကြီး အမြင်မှန်ရလာသည်ကို ကြားရ
သော ဥပါသကာ ဥပါသိကာ နန်းတွင်းသားအချို့မှာ ဝမ်းသာ
ရွှင်လန်းစွာဖြင့် ဘုရင်ကြီးအနီးသို့ ချဉ်းကပ်လာကြလေသည်။

"သေနာပတိ မည်ရှိ တွင်လတ် စစ်သူကြီး အမတ်။
အိုင်သာ အနီးအပါး ကိုယ်တိုင်သွား၍ လျစ်လျူးမနေ
ပင့်ဆောင်ချေလော့။ ကြွက်သရေ ထွန်းပေါ်သော
မြတ်စွာဘုရားစွယ်တော်ကို ပူဇော်ဖူးမြင် ငါစိရင်အံ့။
ထိုပြင်ဘဝ သုခဝဟံ ကုသိုလ်တော်ဖြစ်ရန်ကို စိမ့်
ကြည့်ရှု ငါပြုတော့အံ့"

ပါဠလိပုတ်ပြည့်ရှင် ဘုရင်မင်းမြတ်မှာ ကာလိင်္ဂပြည်တွင်
ဘယ်ရှိခဲ့ဘူးသော စိတ်ကောင်းစိတ်မြတ်များ ဖြစ်ပေါ်လာကာ
မိမိပြုမှားမှုအတွက် ယူကျုံးမရ ဖြစ်တော်မူသည်။ သေနာပတိ
စစ်သူကြီးကို မဂ်သာအိုင်သာသို့ စွယ်တော်ခေတ်မြတ် အမြန်
ပင့်ဆောင်ခဲ့ရန် အမိန့်ပေးလိုက်သည်။

---

နိလာစာပေ

စစ်သူကြီးလည်း မင်္ဂလာဆင်တော်ကို ကောင်းမွန်စွာဆင်ယင်ပြီး စစ်သည်ဗိုလ်ပါ ခြံရံလျက် မင်္ဂလာအိုင်သာသို့ ချီတက်လာခဲ့သည်။ သို့သော် သုံးလူထိပ်တင် မြတ်ရှင်ပင်၏ သရီရဓာတ်စွယ်တော်မြတ်ကား ပျောက်ခြင်းမလှ ပျောက်နေလေသည်။ ထို့ကြောင့် ဆင်ထက်မှ ဆင်းကာ ရိုသေစွာ လျှောက်ထားတောင်းပန်လေသည်။

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ရှင်တော်ဘုရား၌ မရနိုင်သော သဒ္ဓါတရားရှိသော၊ ကြာမြင့်ရှည်ညွှ ဘထုံအပ်သော တက္ကတွန်းတို့ ညွှန်းပြတုံညား အယူမှားကို ငှန်ပစ်စေ၍ ပြာသာဒ်ထက်သို့ ကြွရောက်တော်မူလတ်၍ ရတနာသုံးပါး၌ ထိုမင်းကြီး၏ ကြည်ညိုခြင်းကို လူသူသုံးပါးတို့၏ သခင် ဒေရှင်ဘုရားသည် ပွားစေတော်မူပါလော့"

တိတ္ထိတက္ကတွန်းတို့မှာ လူအများ ရိုက်နှက်ထိုးခုတ်ထားသော ဒဏ်ရာဘလပ္ပူဖြင့် ထလာကာ အကဲခတ်၏။ လူအများလည်း ဘုရင်ယုံကြည်သော စစ်သူကြီး၏ လုပ်ရှားမှုကို စောင့်ကြည့်နေကြ၏။

စစ်သူကြီးကိုယ်တိုင် စွယ်တော်မြတ်ကိန်းဝပ်သော ရေအိုင်ကို ရှိခိုးတောင်းပန်နေသည်ကို မြင်ရသောအခါ တိတ္ထိတို့မှာ အခြေမလှသည်ကို နားလည်ကြ၏။ လဲကျနေသူများကို တွဲပိုး၍၎င်း၊ ထမ်း၍၎င်း ပြေးကြ၏။ အချို့လည်း ဒဏ်ရာမှ သွေးကိုပင် မသုတ်သင်နိုင်ဘဲ ထွက်ပြေးကြသည်။

မဟာတ်မဟာပ်ကိစ္စကို ဘုရင်မင်းကြီး စွန့်ပယ်သောကြောင့်သာ စစ်သူကြီးသည် ဤသို့ ရောက်လာကာ ရှိခိုးတောင်းပန်ခြင်းပြုသည်ဟု သဘောပေါက်သဖြင့် အမျက်ဒေါသ ဖြစ်နေသော လူအုပ်ကြီး အမျက်ပြေသွားသည်။ ဓားလုံ လက်နက်များကို ပစ်ချကာ အိုင်သာမင်္ဂလာကို ဝိုင်းဝန်း ပူဇော်ကြသည်။

သေနာပတိစစ်သူကြီး လျှောက်ထား တောင်းပန်လိုက်သည်တွင် အိုင်သာအတွင်းရှိ ကြာပင်အားလုံးမှာ ချက်ခြင်း ပွင့်အာလာကြကာ တအိုင်လုံးကို ကြာပွင့်များ ဖုံးလွှမ်းသွားချေသည်။ လူတို့ မြင်ရခဲ တွေ့ရခဲသော ထင်ရှားပန်းများလည်း နတ်တို့ လှူဒါန်းလှူသောကြောင့် မင်္ဂလာအိုင်သာ၏ ကောင်းကင်ဝယ် ပြည့်လျှမ်း ကြိုင်မွှမ်းသွားလေတော့သည်။ လူတို့၏ ကောင်းချီးပေးသံသည် မိုးယံဝသို့ ပျံတက်လေ၏။ ဤအခါတွင်မှ ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ်စွယ်တော်မြတ်သည် ရေထဲမှ ထွက်ကာ ကောင်းကင်သို့ ပျံတက်၏။ ကောင်းကင်မှ တဖန် ကြီးမားတင့်တယ်သော ကြာပွင့်ကြီးတပွင့်ပေါ်တွင် သက်ဆင်းစမ္ပာယ်တော်မူလေ၏။

# (၄)

သုံးလူ့ပရမေမြတ်ဗုဒ္ဓ၏ သရီရဓာတ် ငှယ်တော်မြတ်သည် အကြိမ်ကြိမ် အဖန်ဖန် ပြစ်မှားခြင်းခံရ၏။ ထပ်ပြန်တလဲလဲ ဖျက်ဆီးချေမှုန်းခံရ၏။ ယင်းသို့ ခံရလေလေ၊ ဗုဒ္ဓမြတ်စွာအား ကြည်ညိုသဒ္ဓါသက်ဝင်သူတွေ တိုး၍တိုး၍ လာခဲ့၏။ ဆန့်ကျင်ဖက် [illegible]းသား တို[illegible] များပင် ရတနာသုံးပါး၌ ယုံကြည်ကိုးကွယ် လာခဲ့ကြ၏။

ခုနစ်ကြိမ် ခုနစ်ခါ ဖျောက်ဖျက်ရန် ကြိုးစား၍ ခုနစ်ကြိမ် ခုနစ်ပ လုံးလုံး ရှုံးခဲ့သော တန်ခိုးပြာဋိဟာများကို ပြုခဲ့ရသည့် အဆုံးဝယ် ပါဋလိပုတ်ပြည့်ရှင် ဘုရင်မင်းမြတ်မှာ အမှားကို သိမြင် [illegible] ငှယ်တော်မြတ်ကို [illegible]မာန်လျှော့ကာ ရှိခိုးကန်တော့ရလေတော့သည်။

စေတီကြီး ကြီးမားသော စင်သည့်ပုံသံပါနှင့် လူထုပရိသတ်ကြီးသည် ငှယ်တော်မြတ်ကို မင်္ဂလာဆင်တော်ပေါ် တင်[illegible]က် စေတီတော်ကိုလက်ယာရစ် သုံးကြိမ်လှည့်လည်လေသည်။ ငှယ်တော်ဓာတ်မြတ်၏သတင်းကိုနားကြားဖြင့်သိသူများသည်၎င်း၊ မျက်မြင်သိရှိသူများသည်၎င်း ပန်းနံ့သာများဖြင့် ပက်ဖျန်း ကြဲဖြောက် ပူဇော်ကြသည်။ ဆီမီး၊ နံ့သာမီး၊ ဆွမ်းခဲဖွယ်ဘောဇဉ်များဖြင့် ပူဇော်ကြသည်။

လူထုပရိသတ်ကြီး ဤမျှ သောင်းသောင်းညံညံ ပူဇော်ကြလေလေ၊ ပါဋလိပုတ်ဘုရင်မှာ နောင်တရလေလေဖြစ်ချေ၏။

---

နီလာစာပေ

သာမန်တိုင်းသူပြည်သားများပင် မြတ်စွာဘုရား၏ ကျေးဇူးတော်ကို သိသော်လည်း ရေမြေ့ရှင်ဖြစ်သော ငါကား မသိပါတကား စသည်ဖြင့် နောင်တအကြီးအကျယ်ရလေသည်။မင်္ဂလာဆင်တော်ဖြင့် စွယ်တော်မြတ်ကို ပင့်ဆောင်လျက် ရွှေနန်းတော်ဘက်သို့ ကြွချီလာသည့် သတင်းကို ကြားရချိန်တွင် ဘုရင်မင်းမြတ် ခဏအတွင်း ရနိုင်သမျှသောအခမ်းအနားကိုစီမံသည်၊လှူဒါန်းပူဇော်ဘွယ်ရာများကို စီမံခန့်ခွဲလေသည်။

စည်တော်သံတဟိန်းဟိန်း တီးမှုတ်သီဆို ကခုန်သံတညံညံဖြင့် စွယ်တော်မြတ်သည် မြေနန်းတော်ဘက်သို့ ဦးတည်ကြွမြန်းလာလေ၏။ ပါဠလိပုတ်ဘုရင်သည် ဂုဟာသီဝမင်းကို လက်တွဲကာ တရာ့တပါးသော မင်းများနှင့် များပြားသော စစ်သည်ဗိုလ်ပါများ ခြံရံလျက် မြေကြီးထိ ခြေချည်းသက်သက် ဆင်းသက်၍ ဒူးတုပ်ကြိုဆိုလေ၏။

ပါဠလိပုတ်ပြည့်ရှင် ဘုရင်မင်းမြတ်သည် "စွယ်တော်မြတ်ကို ရှိသေစွာ ရှိခိုး၍ မြတ်နိုးတော်မူသည် ဖြစ်ရကား အထူးထူး အပြားပြား များစွာသော ဂုဏ်ကျေးဇူးတို့ဖြင့် ချီးကျူးမြွက်ဆိုလျက် မြတ်စွာသခင်၏ စွယ်တော်ကို ဦးထိပ်ထက်၌ ရွက်၍ လက်ျာရစ် မြို့အဝှမ်းကို သုံးကြိမ်ပတ်လျက် ပြာသာဒ်နန်းထက်သို့ ဆောင်ရွက်ပင့်တင်တော်မူကာ အလွန်လျှင် အဖိုးထိုက်သော ရတနာတို့ဖြင့် ပူဇော်ပါသော်လည်း အာသာတော်မပြေ၊ အခြေမငြိမ် တင်းတိမ်ရောင့်ရဲခြင်း မရှိရကား....

---

နီလာစာပေ ၉

မင်းခမ်းမင်းနား များစွာသော ရတနာဥစ္စာ စည်းစိမ်ချမ်းသာတို့နှင့်တကွ ဇမ္ဗူဒိပါ အာဏာပိုင်ကျုံး တကျွန်းလုံးကို မင်းဆုံးအဖြစ်ဖြင့် လှူဒါန်းပူဇော်တော် မူပြန်၏။

မိမိ ပြုခဲ့ဘူးသမျှ အပြစ်ဒေါသတို့ကို ပျောက်ပစေခြင်းငှာ ဒါဌာတော်မြတ် စွယ်တော်ဓာတ်ကို ဦးတင်မာန်လျှော့ ကန်တော့တော်မူ၏။

ဂုဟာသိဝမင်းကိုလည်း မိမိနှင့်အတူ ကြည်ဖြူစိတ်လို ကုသိုလ်ကောင်းမှုတို့ကို များစွာပြုစေ၏။

သုဘဒ္ဒါသူဌေးသားကိုလည်း များမြတ်သော စည်းစိမ်ဥစ္စာချမ်းသာတို့ကို ပေးတော်မူကာ တွင်းတူး၍ မိုက်သောအဖြစ်မှ ရတနာသုံးပါး၌ အတိုင်းထက်အလွန်ကြည်ညိုသော မင်းကောင်းမင်းမြတ်အဖြစ်သို့ ပြောင်းလွှဲသွားလေ၏။

တိုင်းသူပြည်သား လူအများမှာလည်း ဆိုးညစ်သောဘုရင်ကို မတွန်းဖြိုနိုင်၍ အောင့်အီးသည်းခံနေခဲ့ကြရသဖြင့် ကြည်ညိုသဒ္ဓါ လုံးဝ မရှိကြချေ။ ယခုကဲ့သို့ နှစ်သက်ဖွယ် မင်းကောင်းမင်းယဉ်ဘဝသို့ ပြောင်းလွှဲလာသောအခါတွင် ဝမ်းမြောက်ရွှင်လန်းအားရလျက် သာဓုအကြိမ်ကြိမ် ခေါ်ကြလေ၏။ ဘုရင်မင်းမြတ် သက်တော်ရှည်မြင့်ပါစေ ဟူ၍လည်း မေတ္တာပို့ကြ၏။

ထိုနောက်တွင် ပါဋလိပုတ်ပြည့်ရှင် ဘုရင်မင်းမြတ်သည် များပြားသော ဗိုလ်လူတို့၏ ရှေ့တွင် ဂုဟာသိဝမင်းအား တောင်းပန်ပြန်၏။

“ကျွန်ုပ်၏ ပြစ်မှား မိုက်မဲမှုများကို ခွင့်လွှတ်ပါလော့ အကြည်တော်”

"ရတနာသုံးပါးအား ဖူးမျှော်မာန်လျှော့ ကန်တော့ခြင်းသည် ကျွန်ုပ်အား တောင်းပန်ခြင်းနှင့် အလားတူပင် ဖြစ်ပေသည် အရှင်မင်းကြီး၊ ကျွန်ုပ်သည် မြတ်စွာဘုရား၏ အဆုံးအမ၌ တည်သူဖြစ်၍ အရှင်မင်းကြီးအား သည်းခံပြီး ခွင့်လွှတ်ခြင်း ဖြစ်ပေသည်"

"အကြည်တော်မင်းမြတ်သည် စွယ်တော်ဓာတ်မြတ်အရှင်ကို ကြည်လင်သော စေတနာနှင့် များစွာပူဇော်ရပါပြီ။ ကျွန်ုပ်မှာ မူကား တိတ္ထိတို့၏ စကားကြောင့် ဖြစ်မှားကျူးလွန်မိသော အပြစ်ဝန်ကို ပယ်သွန်ကင်းပစေခြင်း အကျိုးငှာ ပူဇော်လိုပါသေးသည်။ ထို့ကြောင့် မဟာအတုလ သမ္ဗုဒ္ဓစွယ်တော်မြတ်ကို ကျွန်ုပ်ထံတွင် ယုံကြည်စိတ်ချစွာ ထားခဲ့စေလိုပါသည် အကြည်တော်"

ဂုဟာသီဝမင်းမှာ ဝမ်းလည်းသာ၏။ စိုးလည်းစိုးရိမ်၏။

ဝမ်းသာရခြင်းမှာ မိုက်ကြီးမိုက်၊ မှောင်ကြီးမှောင်ခဲ့ပြီးမှ ရတနာသုံးပါး၌ ကြည်ညိုသောမင်း ဖြစ်လာသည့် ပါဋ္ဌလိပုတ်ဘုရင်၏ ပြောင်းလဲမှုကြောင့် ဖြစ်၏။ စိုးရိမ်ရခြင်းမှာ အသိဉာဏ်ခေါင်းပါးသော ဤဘုရင် လူ့ဗိုလ်တောင်းသည် တစုံတဦး အပြောကောင်းကောင်းဖြင့် တိုက်တွန်းလာသော တနေ့တွင် စွယ်တော်မြတ်ကို ရှေးနည်းတူ ပြစ်မှားစော်ကားမည့်အရေး တွေး၍ ဖြစ်သည်။

သို့ရာတွင် မြတ်စွာဘုရား၏ သရီရ ဓာတ်တော်မြတ်များကို မည်သည့် သက်ရှိသတ္တဝါကမျှ မဖျက်ဆီးနိုင်ဟူသော အချက်ကို နားလည်သဘောပေါက်ထားသဖြင့် စိတ်သက်သာရာ ရသွား၏။

တဖန် ပါဋလိပုတ်ဘုရင်မှာ သူ့အထက်က ဘုရင်ဖြစ်သော ကြောင့် ဂုဟာသိဝမင်းတွင် လှန်ဆန်နိုင်ခြင်း မရှိသည့်အတွက် စိတ်ကိုဖြေလျက် ပြည်တော်သို့ ပြန်ကြွသွားလေ၏။

ပါဋလိပုတ်ပြည့်ရှင် ဘုရင်မင်းမြတ်သည် အမှန်ပင် အကျွတ်တရားရခဲ့ချေ၏။ စွယ်တော်မြတ် စံတော်မူရန် ရတနာကျောင်းတော်ကြီးဆောက်၍ ကိုးကွယ်ကာ နေ့စဉ်မပြတ် ရှိခိုးပူဇော်သည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ရတနာသုံးပါး ကိုင်းရှိုင်းနေပြီ သတင်းစကားကြားရလျှင် ရဟန်းသံဃာများလည်း ပါဋလိပုတ်ပြည်သို့ ကြွရောက်သီတင်းသုံးတော်မူကြရာ သာသနာစည်ပင်ထွန်းကားလာခဲ့လေ၏။

တိုင်းသူပြည်သားတို့မှာ တရားစောင့်သော ဘုရင်၏ အုပ်ချုပ်မှုကို ခံယူရသောကြောင့် ကိုယ်စိတ် ချမ်းသာကြသည်။ အကျင့်စာရိတ္တကောင်းမွန်ကာ ဗြဟ္မစိုရ်တရား ထွန်းကားလာချေသည်။ ဘုရင်ဖြစ်သူ တရားစောင့်သောကြောင့် လူများလည်း တရားစောင့်လာကြရာ တိုင်းပြည်လည်း စည်ကားသာယာ၏။ ပေးသံလှူသံမစဲ ခြိမ့်ခြိမ့်သဲသလို ဘုရားကျောင်းကန် ဥပုသ်ဇရပ်များတွင်လည်း စည်ကားနေပေ၏။

ပါဋလိပုတ်ဘုရင်သည် ရဟန်းသံဃာများကို မပြတ်ဆွမ်းလုပ်ကျွေး၍ ရဟန်းသံဃာများ၏ အဆုံးအမ၊ လူပညာရှိတို့၏ ဟောပြောသော တရားတို့ကို မှတ်သားနာယူသည်။ မြို့ပြလေးရပ်တွင် အလှူတင်းကုပ်ကြီးများ ဆောက်လုပ်ပြီး နေ့စဉ်မပြတ် လှူဒါန်း၏။ ထို့ကြောင့် ပါဋလိပုတ်နိုင်ငံတော်ကြီးပယ် ခိုးသား ဓားပြများလည်း မရှိတော့ဘဲ အေးချမ်းသာယာနေလေသည်။

---

နိဋ္ဌာစာပေ

သို့သော် လောကဓံရှစ်ပါးတရားသူကြီး၏ စီရင်မှုကိုမည်သို့မျှ ငြင်းဆန်တွန်းလှန်ရန် မတတ်နိုင်သော ပါဠလိပုတ်ပြည်သားတို့မှာ သာယာ ပျော်ရွှင်သော နှစ်ကာလများကို ကြုံရသလို စစ်မက်ဖြစ်ပွားသော မလိုလားအပ်သည့် ရက်ဆိုးလဆိုးများကိုလည်း မလွဲမရှောင်သာဘဲ ကြုံကြဆုံကြရပြန်လေသည်။

ပါဠလိပုတ်နိုင်ငံတော်ကို ရန်စစ်ပြုလာသူမှာ ခိုရခေါရမင်းဖြစ်ပေသည်။ ရန်စစ်၏ အရင်းခံမှာ သမီးကိုလို၍လည်း မဟုတ်။ ဥစ္စာကိုယူလို၍လည်း မဟုတ်။ ထီးနန်းကို ပိုင်စိုးလိုခြင်းလည်း မဟုတ်ချေ။ မြတ်စွာဘုရား၏ စွယ်တော်မြတ်ကို ကိုးကွယ်လိုသောကြောင့် တောင်းခံလာသော စစ်ဖြစ်ပေ၏။

"မယွင်းမှန်စွာ စွယ်တော်မြတ် ရတနာကို မကြာချက်ခြင်း ငါ့အား နှင်းလော့ ဆန့်ခြင်းခုခံ မနွှဲလွဲသော့
နေခဲ့ချေလျှင် နွှေးကာက်မွှေယခု စစ်ကြီးပြုအံ့"

ပါဠလိပုတ်ဘုရင်သည် တရာ့တပါးသော ထီးဆောင်းမင်းတို့၏ အရှင်ဧကရာဇ်မင်းဖြစ်၏။ ခိုရခေါရမင်းမှာ ပါဠလိပုတ်နိုင်ငံတော်၏ အလှမ်းမမှီသောအရပ်မှ ဘုရင်ဖြစ်သည်။ တရားနှင့်အညီ မင်းပြုသောကြောင့် သူ့နိုင်ငံသည် စည်ကားတိုးတက်လျက်ရှိ၏။

ထို့ကြောင့် "ထိုမင်း၌လည်းလေးပစ်လှံထိုးစက်ကြိုးယန္တရားအတတ်များနှင့် ပြည့်စုံသော သူရဲကောင်းတို့သည် ထောင်သောင်းမက ရှိကုန်ကြ၏။ ဟတ္ထိ၊အဿ၊ရထ၊ပတ္တိကာစစ်အင်္ဂါလေးပါးနှင့်လည်း ပြည့်စုံ" လှပေရာ ပါဠလိပုတ် ဘုရင်ကို ခြိမ်းချောက်နိုင်စွမ်း ရှိလေသည်။

ခိရဓာရမင်းသည် တယောက်စကား တယောက်နားဖြင့် စွယ်တော်မြတ်၏ ဂုဏ်သတင်းကို ကြားရသည်။ သူလည်းဖူးမျှော် ကြည်ညိုပူဇော်လိုသည်။ သို့တစေ လာရောက် ဖူးမျှော် ပါရစေ တောင်းခံလျှင် ဖြစ်နိုင်လျက်နှင့် မင်းပီပီ မင်းမာန မင်းသံဖြင့် "ပေးရမည်"တောင်းခံ၏။ ပါဠုလိပုတ်ဘုရင်မှာ စွယ်တော်မြတ်ကို ကြည်ညိုလွန်းသဖြင့် မပေးနိုင်သည့်ပြင် မင်းမာန် မင်းဟိတ် ကြောင့်လည်း တောင်းတိုင်းမပေးဘဲ ရှိချေသည်။

ခိရဓာရမင်းသည် မြတ်စွယ်တော်ကိုအသာတကြည်တောင်းခံ မရသည်တွင်ကြီးမားသော စစ်တပ်ကြီးဖြင့် ချီတက်လာပြီး ပါဠု လိပုတ်နေပြည်တော်ကို အဖက်ဖက်မှ ဝိုင်းဝန်း ပိတ်ဆို့ထား၏။ စစ်ရာဇသံကို ပေးပို့၏။ ပါဠုလိပုတ်ဘုရင်မှာ ရတနာ သုံးပါး၌ သက်ဝင်ကြည်ညိုသော မင်းကောင်း မင်းမြတ် ဖြစ်စေကာမူ၊ ခိရဓာရမင်း သည်းခံလောက်အောင်ကား မရင့်ကျက်သေးချေ။ "ငါမင်း" ဟူသော အတ္တသည်လည်း ထောင်ထားတက်ကြွနေ သေးသည်သာ ဖြစ်၏။

သို့ဖြင့် ပါဠုလိပုတ်ပြည့်ရှင် ဘုရင်မင်းမြတ်သည် စစ်သည် ဗိုလ်ပါများကို စုရုံးစေပြီး စစ်ကို ပြင်ဆင်လေသည်။ နှစ်ဖက် မင်းတို့ သတ်မှတ်သောနေ့တွင် စစ်မြေပြင်သို့ ထွက်၍ နှစ်ဖက် ပြိုင်ဆိုင်တိုက်ခိုက်ကြလေ၏။ ခိရဓာရမင်းဖက်မှ မြားမိုးရွာချကာ ပါဠုလိပုတ်ဘုရင်ကို အားသွန်ဖိစီးတိုက်ခိုက်ကြလေ၏၊ သို့တစေ ပါဠုလိပုတ်ဘုရင်ကိုယ်တိုင် ဦးဆောင်၍ ခိရဓာရမင်း၏ စစ်သည် တော်များကို ဒလကြမ်း တိုက်ခိုက်ရာ တဖြည်းဖြည်းနှင့် ခိရဓာရ မင်း၏ စစ်တပ်ကြီး အရေးနိမ့်စ ပြုလာတော့သည်။

---

နောက်ဆုတ်လာသော တပ်တော်သားများကို အားပေး၍ ဘသွယ်၊ အတင်းအကြပ် အမိန့်ပေး၍တနည်း တပ်ကြီး ရှေ့သို့အားထုတ်၍ထိုးစစ်ဆင်နိုင်ရန် လုံးပန်းရင်း ခိရခါရမင်းသည် ဘပ်ဦးရှေ့သို့ရောက်ရှိလာ၏။ ပါဠိလိပုတ်ဘုရင်လည်း ခိရခါရမင်းကို မြင်လျှင် ဆင်တော်ကို ချွန်းဖွင့်လျက် တိုက်စည်တိုက်မောင်းဆော်ကာ အပြင်းတိုးဝင်လာချေ၏။ ခိရခါရမင်းလည်း ဆင်တော်ဖြင့်ခံသည်။ ဆင်နှစ်စီး အစွယ်ဖြင့်ထိုးကာ တိုက်ခိုက်ကြသလို နှစ်ဖက်စစ်သည်တို့လည်း အလောင်းချင်းထပ် သွေးချောင်းစီးအောင် နောက်မဆုတ်တန်း တိုက်ခိုက်ကြလေ၏။

လှံတံကို ပစ်လွှတ်ရင်း ပါဠိလိပုတ်ဘုရင် ဆင်ဦးကင်းပေါ်သို့ ခုန်တက်လာသည်ကို မြင်သောခဏ၌ ခိရခါရမင်းသည် လှံပျံဖြင့် ဆီးကြိုရင်း ဒိုင်းဖြင့် ကာကွယ်လိုက်လေသည်။ ခိရခါရမင်းလွှတ်သောလှံပျံသည်ပါဠိလိဘုရင်၏ ဒိုင်းကို မဖောက်နိုင်သော်လည်း ပါဠိလိပုတ်ဘုရင် ပစ်လွှတ်လိုက်သော လှံမှာမူ ခိရခါရမင်း၏ ဒိုင်းကို ဖောက်ဝင်ကာ ခိရခါရမင်း လှံချက်တော်ကုန်လေ၏။

''အောင်တော်မူပြီ'' ကြွေးကြော်သံနှင့်အတူ ၎င်းတို့ဘုရင် ဆုံးရှုံးပြီဟု သိလျှင်သိချင်း ခိရခါရဘုရင်၏ စစ်သည်တော်များမှာ မည်သို့မျှ တာစူ၍မရတော့ဘဲ ဖရိုဖရဲပြိုကွဲ၍ ထွက်ပြေးကြလေ၏။

တိုက်သံ ခိုက်သံ စစ်ကြွေးသံများ၊ စစ်ဆော်သံများနှင့် တိုက်စည်တိုက်မောင်းသံများ ရပ်စဲသွားသောအခါ စစ်မြေပြင်ကြီးသည် သတ္တဝါ အသေကောင်များ ဖုံးလွှမ်းလျက် ကျန်ရစ်ခဲ့

လေသည်။ ဆင်သေမြင်သေများကို ထားဦးတော့ လူသေကောင်များနှင့်ပင် တောင်လိုပုံနေပေရာ ပါဠလိပုတ်ဘုရင် စစ်နိုင်သော်လည်း ရွှေစိတ်တော် မကြည်လင်ချေ။

"ကြည့်စမ်း၊ တဦးနဲ့ တဦး သိလဲမသိ၊ မြင်လဲ မမြင်ဘူးပါလျက် ညိုးသူ ရန်ဖက်ပမာ တိုက်ခိုက်လိုက်ကြတာ၊ သတ်ဖြတ်လိုက်ကြတာ...."

စစ်ပွဲကြီးအဆုံးသတ်တွင်အောင်မြင်လိုက်သည်ဆိုသောအဖြေကို ရရှိစေကာမူ ပါဠလိပုတ်ပြည်သား စစ်သည်များလည်း အများအပြား ကျဆုံးကုန်ကြ၏။ ထိုအလောင်းများကို ကြည့်ကာ ပါဠလိပုတ်ဘုရင်သံဝေဂရသည်။ညည်းတွား အော်ဟစ်နေသော ဒဏ်ရာရ စစ်သည်တို့၏ အသံကိုကြားရပြီး ယူကျုံးမရဖြစ်မိသည်။

"သူလဲ ငှယ်တော်မြတ်ကို ကြည်ညို၊ ငါလဲငှယ်တော်မြတ်ကို ကြည်ညိုလို့ ဖြစ်ရတာပါကလား။ သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းတရားကို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားကို အကြောင်းပြုပြီး ရန်စစ်ဖြစ်ရတဲ့ငါတို့ဟာ မိုက်လှပါကလား"

တဖန် ခ်ရခ၁ရမင်း၏ အလောင်းကို မြင်ရပြန်သောအခါ စိတ်ဆင်းရဲရ ပြန်လေသည်။

"ထီးနန်းစည်းစိမ်ကို ခံမင်နေသမျှတော့ မင်းဟူသော မာနတက်ကြတော့မည်သာတည်း။ ထိုအခါ မြတ်စွာဘုရား မနှစ်သက်သော တိုက်ခိုက်သတ်ဖြတ်မှုကိုကျူးလွန်ရတော့မည်သာတကား"

ထို့ကြောင့် နေပြည်တော်သို့ ပြန်ရောက်ပြီး မကြာမြင့်မီပင် သားတော်အိမ်ရှေ့မင်းအား ထီးနန်းလွှဲအပ်ရန် စီစဉ်တော့သည်။

---

နိလာ၁၀၁ပေ

ထိုထီးနန်းလွှဲအပ်သော ရာဇာဘိသေက ခံယူပွဲသို့ ဟက်ရောက်ရန် ဂုဟာသီဝမင်းကိုလည်း ဖိတ်ကြားလိုက်လေသည်။ သားတော်အိမ်ရှေ့ဥပရာဇာအား ထီးနန်းလွှဲအပ်ပေးသော နေ့သည် ရာဇာဘိသေက ခံယူသောနေ့နှင့် စွယ်တော်ဓာတ်မြတ်ကို ဂုဟာသီဝမင်းသို့ ပြန်လည်ပေးအပ်သော နေ့များနှင့် တပြိုင်နက်တည်း ဖြစ်လေ၏။

ကိစ္စဝိစ္စများ ပြီးစီးသည့်နောက်ဝယ် ပါဋ္ဌလိပုတ်ဘုရင်မင်းမြတ်သည် တကျော့ထူပြောသော ရန်များသောထီးနန်းကို စွန့်ကာ ရဟန်းပြု၍ တောထွက် သွားလေတော့သတည်း။



# စွယ်တော်မြတ်၏ နောက်ဆုံးခရီး

## (၁)

ဥဇ္ဇေနီတိုင်းကြီးရှင် ဘုရင်မင်းမြတ်၏ မိဖုရား ခေါင်းကြီးမှာ ဂုဟာသီဝမင်း၏ နှမတော်ဖြစ်လေသည်။ ထိုမိဖုရားကြီးမှ မြင်သော သားကား ဒန္တကုမာရ အမည်တွင်ပေသည်။

"ဒန္တကုမာရမင်းသားသည် ငယ်ရွယ်စဉ်အခါကပင် အလွန်လျှင် သဒ္ဓါတရားနှင့် ပြည့်စုံ၏။ ဘုရားစသော ရတနာမြတ် သုံးပါး၌ များစွာကြည်ညိုမြတ်နိုးခြင်းရှိ၏။ အရွယ်သို့ရောက်သော ကာလ ကာလိင်္ဂမြို့၌ မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်သည်

---

နီလာစာပေ

အလှန်ကလွှဒ္ဓိပါဒ်နှင့် ပြည့်စုံကြောင်း” ဖူးမြင်ရောင့်ရဲ၍ မဝအောင် ကြည်ညိုဘွယ်ကောင်းကြောင်း သတင်းစကား ကြားသိရလေ၏။

ဘုရား တရား သံဃာ သုံးပါး မြတ်ရတနာတို့၌ ညွတ်တွား ယုံကြည်သော မင်းသားမှာ ဦးရီးတော် ဂုဟာသီဝမင်းကိုလည်း တွေ့မြင်ဘူးလို၏။ ထိုဦးရီးတော်၏ ရွှေမြို့တော်တွင် စမ္မာယ်တော် မူသော လယ်ဝဲအောက်ခါတ် စွယ်တော်မြတ်ကိုလည်း တဝကြီး ဖူးမျှော်လို၏။ ထိုအကြောင်းများကြောင့် ခမည်းတော် မယ် ဖုတော်တို့ထံ ခွင့်ပန်ကာ ရှည်ဝေးကြမ်းတမ်းသော ခရီးကို ဖြတ် ကျော်လျက် ကာလိင်္ဂသို့ လာခဲ့လေသည်။

ဒန္တကုမာရ မင်းသား၏ ဦးရီးတော် ဂုဟာသီဝမင်းတွင် သမီး တော်တပါးရှိပေသည်။ အမည်းတော်ကား ဟေမမာလာတည်း။ ပြစ်မှုမတင် လှပစင်ကြယ်၍ မိန်းမကောင်း မိန်းမမြတ်တို့ ကြွန် အင်္ဂလက္ခဏာဖြင့် ပြည့်စုံ၏။ ရတနာမြတ်သုံးပါး၌ အထူးသက် ဝင်ယုံကြည်၏။

ဂုဟာသီဝမင်း ရှေ့တော်မှောက်သို့ ဒန္တကုမာရ မင်းသားအခ စား ရောက်ရှိလာချိန်တွင် သီရိဟေမမာ မင်းသမီးမှာ အလှပန်း အပွင့်ကြီးပွင့်လျက် အတိုင်းတိုင်း အပြည်ပြည်တွင် ကောင်း သတင်းအကျော်ကြီး ကျော်ကြား နေချိန်လည်း ဖြစ်လေသည်။ မည်သို့ပင် အလှကြွယ်သော်ငြား၊ ဟေမမာလာသည် ယဉ်ကျေး လိမ္မာခြင်း အရင်းခံရှိခြင်းကြောင့် မယ်တော် ခမည်းတော်တို့ နည်းတူ ဒန္တကုမာရ မင်းသားအား ရှင်လန်းအားရစွာ ကြိုဆို ခဲ့ပေ၏။

---

နိလာစာပေ

ရတနာရွှေကျောင်းတော်၌ ကိန်းဝပ်တော်မူသော စွယ်တော်မြတ်အား ပူဇော်ရန် ဒန္တကုမာရ မင်းသားသည် အထူးထူးသော ပစ္စည်းများ၊ အဖိုးတန်ပစ္စည်းများကို ယူဆောင်လာခဲ့၏။ထို့ပြင် "ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ပတ္တမြားတံခွန်ပုလဲတံခွန်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်"တို့ကိုလည်း ကြိုတင်စီမံလျက် ယူဆောင်လာခဲ့သေးပေ၏။

ဂုဟာသိဝမင်းမှာ နှမတော်နှင့် ယောက်ဖတော်ထံမှ သဝဏ်လွှာ အမှာစကားကို ကြားနာရ၍၎င်း၊ တူတော်ကို ရှုစားရ၍၎င်း ဝမ်းသာမဆုံး ဖြစ်ရလေသည်။ တဖန် တူတော်မှာ မိမိနည်းတူ ရတနာသုံးပါး၌ သဒ္ဓါတရားတက်ကြွသူဖြစ်ကြောင်းသိရပြန်သဖြင့် ဝမ်းသာခြင်းတွင် ကြည်နူးနှစ်သက်ခြင်းပါ ဖြစ်ပေါ်ရလေ၏။

ထို့ကြောင့် တူတော် ဒန္တကုမာရ မင်းသားအား စွယ်တော်ဓာတ်မြတ်ကိန်းဝပ်ရာ ရတနာ ရွှေကျောင်းတော်သို့ တံခါးမရှိ ဓားမရှိ ဝင်စေထွက်စေ ခွင့်ပြုတော်မူ၏။ စွယ်တော်ဓာတ်တော်မြတ်ကိုလည်း တူတော်မောင် စိတ်ကြိုက် ဖူးမျှော်ခွင့်၊ ပူဇော်ခွင့်၊ ကြည်ညိုခွင့်ပါ ပေးသနား လိုက်လေသည်။

ရှိသမျှ လောကီရတနာ မွန်ရတနာမြတ်တို့ စုဝေးရာ ရတနာရွှေကျောင်းတော်ကြီးမှာ အံ့မခန်းဆန်းကြယ်လှ၏။ လက်သမားအကျော်အမော်၊ ဗိသုကာ အကျော်အမော်တို့ လက်စွမ်းကုန်ဆောက်လုပ်မွမ်းမံထားသဖြင့် မိုးထိမြင့်မား ကြီးကျယ်ချေ၏။ ပန်းချီကျော် ပန်းပုကျော်တို့၏ ဆန်းပြားခမ်းနားသော လက်ရာ

များကလည်း ရှုမခန်း မိုမြင်အောင် ကောင်းမွန်များပြားပေသည်။

ရတနာ ရွှေကျောင်းတော်ပေါ်သို့လိုက်လံပို့ဆောင်ပေးသူမှာ ဟေမမာလာ မင်းသမီး ဖြစ်ပေသည်။ လက်စွဲတော်များ ခြံရံလျက် ရတနာ ရွှေကျောင်းတော်ပေါ်သို့ တက်ရောက်လာသော ဒန္တကုမာရ မင်းသားမှာ ကျောင်းတော်ကြီး၏ ခမ်းနားမှု ကြီးကျယ်မှု ဆန်းပြားမှုတို့၌ အံ့ဩမကုန်သလို ရှေ့ဆောင် ရှေ့ရှုက်လိုက်ပါလာသော ဟေမမာလာ မင်းသမီးကိုလည်း ကြည့်မဝ ရှုမဝ ဖြစ်ရပေ၏။

သို့သော် ယောကျ်ား သိက္ခာ မင်းသိက္ခာဖြင့် စောင့်ထိန်းထားသဖြင့် ဒန္တကုမာရ၏ အာရုံများသည် သုံးလူ့ပရမေ မြတ်ဘုန်းဟော၏ စွယ်တော်ဓာတ်မြတ်ကို အပြည့်အဝ ကြည်ညိုနိုင်၏။ သဒ္ဓါပီတိ ကြီးကျယ်စွာ ဖြစ်ပေါ်လာရ၏။ စွယ်တော်ဓာတ်မြတ်ကို ဖူးမျှော် ကြည်ညိုမိချိန်မှ စ၍ မင်းသား၏ စိတ်အာရုံထဲသို့ ဟေမမာလာ မင်းသမီးသည် ဝင်ရောက်မလာနိုင်တော့ချေ။

မင်းသားသည် ဝေးလံသောခရီးကို ခက်ခဲပင်ပန်းစွာ ဖြတ်သန်းလာခဲ့ရ၏။ ထိုပင်ပန်းမှုကို ပင်ပန်းကျိုး နပ်စေရန် စွယ်တော်ဓာတ်မြတ် အပေါ်းတွင် ဝတ်တွားပူဇော်ရင်း အချိန်ကုန်၏။ သီလဆောက်တည်ရင်းအချိန်ကုန်၏။ စားချိန်နှင့်အိပ်ချိန်တို့သည်ပင် မင်းသားအား အဖိုးတန်သောအချိန်တို့ကို ဝင်ရောက်လုယူသည် ထင်မှတ် နေမိလေ၏။

---

နီလာစာပေ

"ဥဇ္ဇေနီပြည်သား မင်းသားကလေးဟာ ရတနာသုံးပါးကို အတိုင်းထက်အလွန် ကြည်ညိုသတဲ့"

ဤသတင်းသည် ကာလိင်္ဂပြည်တွင်း၌လည်း ပန်းရနံ့သင်းကို လေညှင်းယူဆောင်သကဲ့သို့ ပြည်သူတို့အကြားတွင် ထင်ရှားလေ၏။ ထိုသို့ လူပုဂ္ဂိုလ်၏ ကောင်းသတင်းကို ကြားရသောအခါ ထိုသူ၏ ရုပ်ဆင်းအင်္ဂါကို လေ့လာစူးစမ်း ကြပြန်သည်။ ဒန္တကုမာရမင်းသား၏ မျက်နှာမြင် ချစ်ခင်ဘွယ်ရာ ရုပ်အဆင်းနှင့် ယောကျ်ားကောင်းပီသသော အရည်အချင်းတို့သည် တိုင်းပြည်တွင်းဝယ် ကြော်ကြားလှပေ၏။ အသံကြား သနား ချစ်ခင်စေသော အရည်အသွေးနှင့်လည်း ပြည့်စုံသည့်အတွက် ချစ်ခင်သူလည်း များလှပေသည်။

ရက်လ ရှည်မြင့်ခဲ့သည်။

နန်းတွင်းသူ နန်းတွင်းသားများနှင့် တိုင်းသူပြည်သားတို့၏ ပါးစပ်ဖျားမှ အာသီသ တခု သီးပွင့်လာချေ၏။

"ဒီမင်းသားလေးနဲ့ မင်းသမီးဟာ မျိုးရိုးအားဖြင့်လဲ မြင့်မြတ်သူချင်း ဖြစ်ပေသည်။ ရတနာ သုံးပါးကို ကိုင်းညွတ်ကြည်ညိုရမှာလဲ သဘော ညီညွတ်ကြသည်။ ရုပ်အဆင်းအင်္ဂါ အရာ၌လည်း ရွှေသွားနောက်လိုက်ညီပေသည်။ ယင်းတို့အား စုံဖက်ပေးရပါမူ ရွှေနှစ်ပြားကို တပြားတည်း ဂဟေဆက်ဘိသို့ငှင်း၊ နေနှင့်လပမာကဲ့သို့ငှင်း၊ ရွှေနှင့်မြအလားကဲ့သို့ငှင်း တင့်တယ်၍ကြက်သရေ မင်္ဂလာရှိပေစွ"

ဂုဟာသီဝမင်းကြီးမှာလည်း မဆွတ်ခင်က ညွတ်ချင်ချင်ဖြစ်နေခဲ့သည်။ မိမိနည်းတူသာသနာတော်ကို ချီးမြှောက်ပူဇော်မည့်အရည်အသွေးရှိသောကြောင့် ကျေနပ်နှစ်သက်တော် မူရင်းစွဲတွင်နန်းတွင်းနန်းပြင်မှပါ လိုအင်ဆန္ဒသဘောကြိုက်ညီ လာကြပြန်သောအခါ တူတော်နှင့် သမီးတော်ကို စုလျားရစ်ပတ်လက်ထပ်ပေးကာ အိမ်ရှေ့ဥပရာဇာဆောင်နှင်းတော် မူ၏။

နန်းတွင်းနန်းပြင်နှစ်ရပ်နှစ်ဝ၏ အလိုဆန္ဒနှင့်အညီ မင်းကြီးဆောင်ရွက်တော်မူသောကြောင့် ကိုယ်ရောစိတ်ပါ ပျော်ရွှင်ကြသော ပွဲလမ်းသဘင်များ ခမ်းနားစွာ ကျင်းပကြလေသည်။ ထိုပွဲလမ်းသဘင်များနှင့် တွဲလျက် ကုသိုလ်ကောင်းမှုများလည်း ပြုကြလေသည်။

ကာလိင်္ဂပြည်တွင် ပြည့်ရှင်မင်းဂုဟာသီဝမင်းကလည်း တရားနှင့်အညီ မင်းပြုအုပ်ချုပ်တော်မူသည်။ အိမ်ရှေ့ ဥပရာဇာနှင့် အိမ်ရှေ့ မိဖုရားတို့ကလည်း ထောင်လွှားမာန အလျဉ်းမရှိဘဲ တိုင်းကားပြည်သူများကို ရင်၌ဖြစ်သော သားသမီးကဲ့သို့ကြင်နာစွာ အုပ်ချုပ်ကြသည်။ မင်းရောပြည်သူပါ ရတနာ သုံးပါး၌ တည်တည်တံ့တံ့ သက်ဝင်ကြည်ညိုကြသည့်အတွက် တိုင်းပြည်သည် အေးချမ်းသာယာ၏။ စပါးဆန်ရေ ဝပြော၍ လွန်စွာ စည်ကားလှလေသည်။

ပြည့်ရှင်မင်းမှာ သားမက်တော် အိမ်ရှေ့ဥပရာဇာကိုလွန်စွာ ချစ်ခင်အားကိုးလှသည်။ယင်းသို့ချစ်ခင်ယုံကြည်သည့်အလျောက် အိမ်ရှေ့မင်းကလည်း ဟော့ရမ်းမှု ကင်းရှင်း၍ အများပြည်သူ ကြည်ညိုချစ်ခင်ကြပေသည်။ ထိုအခါ ပြည့်ရှင်မင်းမှာ ကာယ

သုခစိတ္တသုခနှစ်ပါးကို ရရှိလျက် တရားဘာဝနာ အားထုတ်၍သာ အချိန်ကုန်လွန်နိုင်ပေတော့သည်။

ထိုအတောအတွင်း အတိုင်းတိုင်းအပြည်ပြည်များသို့စေလွှတ်ထားသော သူလျှိုများအနက် ခိရဓာရမင်းကြီး၏ နိုင်ငံမှသူလျှိုသည် အရေးကြီးသော တင်လွှာတစောင်ကို ကျေးစေ၍ ပို့လွှတ်လိုက်၏။ တင်လွှာပါ အကြောင်းအရာမှာ ကြီးမားသောရန်စစ်ကြီးသည် ကာလိင်္ဂသို့ ဦးတည်ရန်စီမံနေကြောင်း ဖြစ်လေသည်။

သို့ရာတွင် ထိုတင်လွှာသည် ပြည့်ရှင်မင်းထံ မရောက်ချေ။ အိမ်ရှေ့မင်းထံသို့ ရောက်လာသည်။ အိမ်ရှေမင်းလည်း ပြည့်ရှင်မင်း တရားကိစ္စတွင် အနှောက်အယှက် ပေးရာ ရောက်မည်စိုး၍ မိမိဘာသာပင် စီမံခန့်ခွဲသည်။ မှူးမတ်ပညာရှိများ၊ စစ်ကဲစစ်သူကြီးများနှင့် တိုင်ပင်ကာ ရိက္ခာ၊ ရေ၊ ထင်းများကို စုဆောင်း သိုလှောင်သည်။ ကျုံးကို နက်အောင် ပြုပြင်၍ မြို့ရိုးနှင့်တကွ သူရဲခို၊သူရဲပြေး၊ ပစ်စင်၊ ရင်တားများကိုပါ အခိုင်အခံ့ ပြင်ဆင်သည်။ စစ်ရထား၊ စစ်ဆင်၊ စစ်မြင်းများနှင့်စစ်လက်နက်များကို အသင့်ဖြစ်အောင် စီမံဖန်ဆော်သည်။

အိမ်ရှေ့မင်းမှာ စစ်ကြီးရောက်လာမည့် တင်လွှာကိုသာမင်းကြီးမသိအောင် ပြုနိုင်သည်။ စစ်ကြီးအမှန်ရောက်လာသောအခါဝယ် ဖုံးဖိမထားနိုင်တော့ချေ။ ပြည့်ရှင်မင်းသည် တရားဘာဝနာ အားထုတ်မှုကို ရပ်ဆိုင်း၍ မတ်ပေါင်း စုံသည့်ညီလာခံကို ကျင်းပရတော့သည်။

မြို့ရိုးပြအိုး၊ စစ်သည်သူရဲသူခက်၊ စစ်လက်နက်နှင့်ရိက္ခာများအသင့်ဖြစ်နေသဖြင့် ဝမ်းမြောက်ချီးကျူးတော်မူသည်။ စုံစမ်း

ရရှိသော စစ်ရေးစစ်ရာ အချက်အလက်များကို ကြားနာ တော်မူရာ ချီတက်လာသော စစ်တပ်ကြီးမှာ စွယ်တော်မြတ် အတွက် စိတ်မကြေပွဲနွဲ့ရန် ရောက်လာကြောင်းနှင့် ယခုချီတက် လာသူများမှာ ပါဋ္ဌလိပုတ် စစ်မြေပြင်၌ ကျဆုံးသွားသော ခီရဓာရဘုရင်၏ သားတော်၊ သမီးတော်၊သမက်တော်၊တူတော် များ ဖြစ်ကြောင်း သိရလေသည်။

အကယ်၍ ယခုအချိန်တွင် စွယ်တော်မြတ်သည် ကာလိင် တွင်မရှိဘဲ ပါဋ္ဌလိပုတ်တွင်ရှိဌြားအံ့၊ထိုစစ်ကြီးသည် ပါဋ္ဌလိပုတ် သို့ ရောက်မည်မုချဖြစ်ချေသည်။ အဘယ့်ကြောင့်ဆိုသော် စစ် ကြီး၏ ဦးတည်ချက်မှာ စွယ်တော်မြတ်သာလျှင် ဖြစ်သော ကြောင့် ပေတည်း။

ခီလဓာရစစ်တပ်ကြီးသည် မလယတောင်တွင် တပ်ကြီး တပ်ခိုင် ချရပ်လျက်ရှိသဖြင့် ဂုဟာသိဝမင်းကြီးမှာ မြို့တော်ကို သုံးခုံအောင် ထိန်းသိမ်းရင်း ရန်သူ၏ ရာဇသံကို စောင့်စား နေရလေတော့သည်။ သို့ဖြင့် တနေ့တွင် ရန်သူ့စစ်တပ်မှ ရာဇသံ ရောက်ရှိလာလေသည်။

ရာဇသံမှာ- “မြတ်စွာဘုရား၏ စွယ်တော်မြတ်ကိုတည်း ဆက်သမည်လော၊ စစ်ကိုတည်း ဖက်မည်လော”ဟူ၍သာတည်း။

ဂုဟာသိဝမင်းသည် စွယ်တော်မြတ်ကို မည်သို့မျှ မပေးနိုင် ပေ။ အသက်နှင့် ထပ်၍ ကြည်ညိုလေးမြတ်သော ရတနာကို မပေးနိုင်ပေ။

မပေးနိုင်သော နောက်တကြောင်း ရှိသေး၏။ ရန်သူ၏ တောင်းခံမှုကို လက်လျှော့ခြင်းသည် အညံ့ခံရာသို့ ရောက်သဖြင့်

ရာဇဂုဏ် ယောကျ်ားဂုဏ် သိမ်နုတ်ချေမည်။ ထို့ကြောင့် ဂုဟသီဝမင်းသည် သူသေကိုယ်သေ ရန်စစ်ကြီး ဆင်နွှဲရတော့မည်ဟု စိတ်နှလုံး ဒုံးဒုံးချကာ စစ်ပြိုင်တော့မည့်အကြောင်း ပြန်ကြားလိုက်လေသည်။

စစ်ထွက်ရန် အသင့်ပြင်ဆင်ပြီးချိန်တွင် မင်းကြီးသည် သားမက်တော်နှင့် သမီးတော်ကို ရှေ့တော်သို့ ဆင့်ခေါ်လိုက်လေ၏။ ရောက်ရှိလာသော မင်းနှစ်ပါးမှာ စစ်ရေးစစ်ရာပင် ဖြစ်မည်ဟု မြော်လင့်ထား၏။ အေးချမ်းချိန်တွင် ရတနာသုံးပါး၌ ကြည်ညိုညွတ်တွားသဖြင့် သိမ်မွေ့နူးညံ့နေခဲ့သော မင်းနှစ်ပါးမှာ ရန်စစ်ဆိုက်ရောက်နေဆဲ ဤအချိန်၌ စစ်မာန်အပြည့် ရှိနေကြ၏။

"သားတော် ဒန္တကုမာရ၊ သမီးတော် ဟေမမာလာ နှစ်ပါးတို့"

နတ်လူတို့၏ဆရာ စောမြတ်စွာ၏ ဒါဌာမွန်မြတ် စွယ်တော်ဓာတ်ကို ရလိုတုံရှောင်း ထိုအကြောင်းကြောင့် မာန်စောင်းတက်ကြွ ခိရဓာရနရိန္ဒ၏ ရန်စထွက်ပေါ် တူတော်ညီနောင် မင်းရဲခေါင်တို့ တောင်မလယပဗ္ဗတ၌ တပ်ချမြဲခိုင် စစ်ဖက်ပြိုင်မည် ရဲရည်ကျွတ်ကျွတ် သံစေလွှတ်၏။

လူ့ထွတ်ရှင်ကျော် မြတ်ဘုန်းမော်၏ စွယ်တော်ဓာတ်ကို မအပ်လွဲသွေ့ နေခဲ့ချေမူ အုပ်တွေ့ရမက် လက်နက်ချင်းပြိုင် စစ်ကြီးဆိုင်က နိုင်မည်ရှုံးမည် အတည်မသိ ဖြစ်ဘိရကား ဘုရားစွယ်ဓာတ် ရုပ်ကလာပ်ကို ဝေးရပ်သို့ဆောင် တောတောင်ပုန်းအောင်း သတင်းဆိုးကောင်း အကြောင်းကြောင်းကို ချောင်းမြောင်းနားထောင် ငါမင်းခေါင်သည် မအောင်တိမ်းပါး နိမ့်

ကြောင်းကြားလျှင် လျှင်လျှားစေစွာ ဒါဠာတော်မြတ် စွယ်တော်ခါတ်ကို ဆောင်လတ်တုံပြီး လမ်းခရီး၌ မင်းသမီးမင်းသား မထင်းရှားရအောင် ပုဏ္ဏားဏ်အသွင် ဖန်စီရင်လျက် စင်ကြယ်သီလ ပြဟ္မစာရုပ်ပြောင်း၍ မင်းကောင်းမင်းမြတ်တို့ စံနေရာ သမုဒ္ဒရာ ဖြာဖြာရစ်ဝန်း သီဟိုကျွန်းသို့ ဖြန့်ယွန်းစကြာ ထွက်ခွာမနှေး ရှောင်ပြေးကွယ်ပုန်း လွတ်အောင်သာ ရုန်းကြလော့”

သားမက်တော်နှင့် သမီးတော်တို့ကို ချစ်လွန်းသဖြင့် စစ်ပွဲတွင် ဝင်ရောက်မဆင်နွှဲစေလို၊ စစ်မဆိုင်ရမီကပင်လွတ်ရာကျွတ်ရာသို့ ပြေးပုန်းစေချင်သော စေတနာဖြင့် ပြောသော်လည်း ဒန္တကုမာရ လိုက်နာရန် ဝန်လေးလှပေသည်။

“ဦးရီးတော် မင်းမြတ် လောကနတ်ဘုရား၊ ဘုရားသားတော်သည် ယောကျ်ားစင်စစ် ဖြစ်ပါလျက် ရန်စစ် မရောက်ခင်ကြိုတင် တိမ်းရှောင်ရသော် နောင် ရာဇဝင် ပြောစရာ တွင်ပါလိမ့်မည် ဘုရား”

“သမီးတော် လျှောက်ထားပါရစေ ဘဘုရားမြတ် လောလောကနတ်။ ယခုရောက်ရှိလာသော ရန်သူများသည် လက်လေးဘက်ပေါက်သူ တယောက်သောသူမျှ မပါရှိချေ၊ သမီးတော်တို့နည်းတူ လက်နှစ်ဖက်ခြေနှစ်ဖက်သာ ပါသူချည်း စင်စစ်ဖြစ်ကြီးဖြစ်သောကြောင့် သူနိုင် ကိုယ်နိုင် ရင်ဆိုင် တိုက်ပါရစေ ဘုရား”

ဟေမမာလာ မင်းသမီးမှာ ပျော့လျှင် ဖယောင်း၊ မာလျှင် သံချောင်းမို့ ဒန္တကုမာရ မင်းသားနည်းတူ ရန်သူကို ရင်ဆိုင်

တိုက်ချင်သည်။ ကြိုတင် ပြေးရှောင်ရမည်ကို ဝန်လေးနေဟန် တူသည်။

"သားတော် ဒန္တကုမာရနှင့် သမီးတော် ပေါမမာလာတို့။ ခမည်းတော်စကား ထောင်နားနာလော့။ရန်စစ်ရန်မီး ထိုပွဲကြီး၌ ရဲထီးဆောင်းခြင်းထက် သကျဘုန်းမော်မြတ်ဇိနော်၏ စွယ်တော် ဓာတ်မြတ်၏ မပြတ်ကင်းဝေး လုံခြုံရေးတွက် ဦးစားပေးသင့် သည် မဟုတ်လော"

"ဦးရီးတော်မင်းမြတ် လောကနတ်၊ အကယ်စစ်ပြိုင် ဘဘုန်း လှိုင်သည် ယိမ်းယိုင်ကံတော် နိမ့်ခဲ့သော်မူ စွယ်တော်ကိုယူ၍ ဇမ္ဗူဒီပါ မင်္ဂလာရှန်းစို ကျွန်းနဂိုမှ ရေညိုပတ်ဝန်း သီဟိုဠ် ကျွန်းသို့ ယွန်းရမည်မှာ ကျွန်းငယ် ကျွန်းသေး ဝေးကဝေး သနှင့် ဘေးကပေါများ တယောက်သားမျှ ကိုးကားစရာ မျိုးညာမရှိ သို့ဖြစ်ဘိ၍ ဇိနဘုန်းမော် မြတ်ဘုရား စွယ်တော်ကို ဆောင်သော်မသင့် အခွင့်မလျော် တော်မည်မထင်ကောင်းပါ ဘုရား"

ပြေးရှောင်ရေးကို ငြင်းဆန်၍ မရသဖြင့် ဒန္တကုမာရ မင်း သားသည် မြေဝေးရေခြားသို့ မသွားရရန် အကြောင်းပြ သော်လည်း ဂုဟာသိဝ မင်းသည်လက်ခံ သဘောတူခြင်း မရှိချေ။

'တူလှတသီး ရှုမငြီးသည့် သမီးရတနာ ဖေ့သည်းချာတို့"

"လက်ာဒီပ ကျွန်းသီဟဠသို့ မသွားပါရစေနှဲပါ ဘုရား"

"ရေညိုပတ်ဝိုင်း သီဟိုဠ်တိုင်းသို့ မဆိုင်းမတွ သွားကြကုန် လော့။ မဟာသေန မည်နာမနှင့် အဒိဋ္ဌသဟာယျ ငါ့မိတ်ဆွေ သည် မင်းနေပြည် အနုရာဓ၌ ရာဇဘုန်းစည် ဖြစ်လေသည်"

အသိမရှိ၊ ဆွေမျိုးမရှိသော ဝေးကွာလှမ်းသည့် အရပ်သို့ မသွားပါရစေနှင့် ငြင်းဆန်ချက်သည် ဤစကားကြောင့် ပျက်ပြားရလေပြီ။

"ရာဇာနေနုတ် ထိုမင်းမြတ်က မပြတ်တောင့်တ ဆန္ဒအာသာ အစိန္တေယျ သမုဒ္ဒ၏ ဥတ္တမကဲမော် ထိုစွယ်တော်ကို ပူဇော်လိုကြောင်း အကြံမ်ကြိမ် တောင်းဘူးလေပြီ"

ဂုဟာသီဝမင်းသည် မိမိမတော်တဆ ကံကုန်သည် ရှိသော် မဟာသေနဘုရင်ထံ ထားသောကတိ ပျက်ယွင်းမည် စိုးရိမ်ကြောင်း ယခုမှပင် ထင်ရှား လာခဲ့လေသည်။ ဒန္တကုမာရနှင့် ဟေမမာလာတို့မှာ ငြင်းပယ်ရှောင်သွေ၍ မရတော့ပါတကား။

"သားကောင်း ပုတ္တ သမီးလှတို့။မွေးဖခင် ခမည်းတော်စကားကို ဦးထိပ်၌ တင်ထား၍ ဘုရားဘုန်းလွှန် စွယ်တော်မွန်ကို လျှောက်ပန် ဦးတင်သီဟိုဠ်ကျွန်း ဘုရင်သို့ ဆက်တင်ပို့သကျိုးနှစ်ဝကို မြော်ဆထောက်ထား ခမည်းဘော်စကားကို နားစိုက်၍ချီကြကုန်လော့"

အနုရာဓနှင့်ကာလိင်္ဂသည် ခရီးတာအားဖြင့် ခက်ခဲကြမ်းတမ်းလှပေသည်။ ခက်ခဲကြမ်းတမ်းသော ကုန်းလမ်းခရီးဖြင့်သာ မပြီးသေးဘဲ အန္တရာယ်ထူပြောသော ရေလမ်း ခရီးကို မလွဲမသွေ ဖြတ်သန်းရပေဦးမည်။ ထိုပြည်ကြီးနှစ်ပြည်၏ အရှင်သခင်များဖြစ်ကြသော မဟာသေနဘုရင်နှင့် ဂုဟာသီဝ ဘုရင်တို့မှာလည်း တဦးနှင့်တဦး မတွေ့မမြင်ဘူးကြပေ။ တဦးနိုင်ငံသို့ တဦးလည်း မရောက်ဖူးကြချေ။လက်ဆောင်ပဏ္ဏာများလဲလှယ်ခြင်း၊မိတ်ဆက်

သဝဏ်လွှာများ အပြန်အလှန် ပေးပို့ခြင်းဖြင့်သာ မိတ်ရင်းဆွေချစ်ဖြစ်နေကြပေ၏။

ထိုခရီးကို ဖြတ်သန်း၍ ထိုနိုင်ငံထိုဒေသသို့ သွားရမည်ရှိသောအခါ မင်းသားနှင့် မင်းသမီးတို့လည်း မသွားလိုကြပေ။ မြတ်စွာဘုရား၏ စွယ်တော်မြတ်ကို ပင့်ဆောင်သွားရဦးမည် ဖြစ်သဖြင့်ပို၍ ဝန်လေးလှသည်။ စွယ်တော်ခေတ်မြတ်ကျမည် ပျောက်မည်ကိုလည်း စိုးရိမ်ပူပန်ကြပေသည်။

ဂုဟာသီဝမင်းကြီးမှာ တူတော်ကို သားအရင်းပမာ ချစ်မြတ်နိုး၏။ သမီးတော်ကို အသဲအသက်အလား တွယ်တာ၏။ ရင်နှစ်ရတနာထိုနှစ်ပြါကို ကန္တာရအလီလီ တောအထပ်ထပ် တောင်အထွေထွေ မြစ်အစင်းစင်း ချောင်းအတန်တန်ကို ဖြတ်သန်းစေလျက် အလွန်ကြမ်းတမ်းခက်ခဲသော ပင်လယ်သမုဒ္ဒရာ ခရီးကိုဖြတ်သန်းခိုင်းရခြင်းမှာ မဖြစ်သောကြောင့် ခိုင်းရခြင်း ဖြစ်၏။ သည်နည်းထက် ကောင်းသော နည်းမရှိတော့၍ စေလွှတ်ရခြင်းဖြစ်၏။ ဖြစ်မည်ဆိုလျှင်ကား- ဂုဟာသီဟဝမင်း မလွှတ်ချင်ပေ။ မစေရက်ပေ။

သားမက်တော်အိမ်ရှေ့မင်းမှာ စစ်ဆင်စစ်တက် စက်ကြိုးယန္တရားတို့ကို လေ့ကျင့် သင်ကြားထားသော ယောကျ်ားမို့ခရီးကြမ်းဒဏ်ကို ခံနိုင်သည်ထား မြေပြင်ကို ခြေမတင်ဘူးသောသမီးတော် အိမ်ရှေ့မိဖုရားမှာ ခရီးကြမ်းဒဏ်ကို ခက်ခက်ခဲခဲဒွဲ့တင်း၍ ဖြတ်ရပေလိမ့်မည်။

မြက်ပင်သော်မျှမပေါက်ရောက်သောသဲကန္တာရများကလည်းခြားဆီးထားပေးသေးသည်။ ဤကန္တာရ ခရီးတခုတည်းကပင်

ပရိယာယ်များ၏။ မာယာထွေပြား၏။ ရက်စက်၏။ ကြမ်းကြုတ်၏။ တံလျှပ်ကို ရေထင်စေသောနေရာမှာ သဲကန္တာရပင် ဖြစ်ပေသည်။

ကန္တာရကို ဖြတ်ကူးလိုသော ခရီးသည်တို့အတွက်အခကြေးငွေယူကာ ဆောင်ရွက်ပေးသော လမ်းပြများ ရှိပေသည်။ သို့ရာတွင် သူတို့ပင်လျှင် မမြော်လင့်သော သဲမုန်တိုင်းကြောင့် လမ်းကြောင်းပျောက်၍ လမ်းသစ်ထင်ယောင်ထင်မှား နောက်သို့ လိုက်မိကာ ရေငတ်ပြီးသေဆုံးကြတတ်သည်။ ထိုကဲ့သို့သော အဖြစ်မျိုးနှင့် တူတော်သမီးတော်တို့ကြုံရချေသော်....

တဖန် ထိုလမ်းပြများသည် လမ်းပြအစစ်မဟုတ်ဘဲသန္တာရ အလယ်ရောက်မှ လုယက်တိုက်ခိုက်သော ဓားပြများ ဖြစ်ခဲ့ချေသော် တူတော်သည် နှိမ်နင်းနိုင်ပါမည်လား။

ထို့ပြင် လမ်းပြအစစ်များနှင့် သွားရသည်ထားဦး။ ကန္တာရ ခရီးသည်များကို လှည့်လည်လုယက်နေသော ခိုးသားဓားပြများနှင့် ဆုံရချေသော်-

တူတော်သမီးတော်တို့ ကန္တာရခရီးကို ဖြတ်သန်း ဆဲတွင်မှ ပြင်းထန်သော မုန်တိုင်းကြီးအဆက်မပြတ် ကျရောက်ပါမူ....

ဂုဟာသိငမင်းသည် ကန္တာရခရီးတခုတည်းကိုပင် ကုန်စင်စုံစေအောင် ဆက်လက်မတွေးရဲတော့ပေ။ မတွေးရက်တော့ပေ။ မငိုမိစေရန် ညိုမှောင်ညှိုးလျှသော မျက်နှာကို တဖက်သို့လွှဲထားရချေသည်။

"ဤခရီးကို သွားရန် တူတော် သမီးတော်တို့အား စေလွှတ်ခြင်းသည် ရက်စက်ရာ ကျနေပြီလော"

---

နိလာဇာပေ

သို့သော် ဂုဟာသီဝမင်းသည် လောက အမြင်ဖြင့် အပူကို ငြိမ်းသတ်လေ၏။

"အခြား အခြားသော လူသားတွေလည်း ကန္တာရခရီး၊ တောတောင်ခရီး၊ ပင်လယ်ခရီးကို ဖြတ်သန်း နေကြသည် မဟုတ်လော"

မှန်ပေသည်။

ဒန္တကုမာရနှင့် ဟေမမာလာတို့သည် ပခုံးနှစ်ဖက်ကြား၌ လည်ပင်းပေါက်ရောက်ကာ လည်ပင်း အထက်၌ ဦးခေါင်းကို စွပ်ထားသော လူများသာဖြစ်၏။ အခြားသော သူများလည်း ဤနည်းနှင်သာရှိသော လူများဖြစ်ကြ၏။ ထိုထိုသော လူများ ဖြတ်သန်းကူးလူးနိုင်လျှင် သူတို့လည်း ဖြတ်သန်း ကူးလူးနိုင်ရပေမည်။

ထို့နောက် တဖန်မြော်ထောက်ပြန်သော် စွယ်တော် ဓာတ်တော်မြတ်၏လုံခြုံဘေးကင်းရေးနှင့် အဟောသိကံ မဖြစ်ရေးကို ဦးစားပေးရပေလိမ့်မည်။ သို့ဖြစ်သဖြင့် မြွက်ဟာပြီးသော် အမိန့်တော်ကိုမည်သည့်နည်းနှင့်မျှ မရုပ်သိမ်းနိုင်ပေ။

အိမ်ရှေ့မင်းနှင့် မိဖုရားတို့သည် ညဥ့်သန်ကောင်လူခြေတိတ်တွင် ဆင်းရဲသားအသွင်စုတ်ပြတ်ညစ်ထေးသော အဝတ်များကို ဝတ်၍ နိုင်တန်သလောက် ရွှေငွေဥစ္စာတို့ကိုယူကာ စွယ်တော် ဓာတ်မြတ်ကို ရိုသေစွာပင့်ဆောင်လျက် မလယတောင်နှင့် ဝေးလွတ်ရာဖက်သို့ တိတ်တဆိတ် ထွက်ခွာသွားကြလေ၏။

ရတနာရွှေကျောင်းတော်ကြီးသည် စံပျော်မည့် စွယ်တော်မရှိသဖြင့် အချည်းနှီးဖြစ်ကာ ကျန်ရစ်ခဲ့၏။ ကာလိင်္ဂရွှေမြို့တော်

သည် ညဥ့်နက်အချိန်မတော်ပင် ဖြစ်သော်လည်း စစ်သည်ရဲမက် များ လှုပ်ရှားသွားလာလျက် ရှိသည်။ နက်ဖြန် နံနက်မိုးသောက် တွင် စစ်ထိုးပွဲကြီး စတင်ပေတော့မည်။

နောက်တနေ့ နံနက်တွင် ဂုဟာသီဝမင်းကြီးသည် မိဖုရား ခေါင်ကြီး၏အဆောင်တော်သို့ စစ်ဝတ်တန်ဆာများ ဆင်လျက် ကြွသွားတော်မူ၏။ မိဖုရားကြီးသည် ပြည့်ရှင်မင်း ဘေးကင်းရေး အတွက် မြတ်ဘုရား ရှေ့တော်မှောက်တွင် တောင်းဆုခြွေလျက် ရှိ၏။

"ရွှေသလွန်ပေါ်မှာ စံတော်မူပါ မောင်ဘုရား"

မိဖုရားကြီးမှာ မရှင်သောနှလုံးကို ဖုံးပြီးရင်း သလွန်အောက် မှ ငိုသေစွာ‌ဆောင်၏။ ဘုရင်ကြီးသည် မိဖုရားကြီး၏ နောက်ပါး တွင် တိတ်ဆိတ်စွာခစားနေကြသော မှူးမတ်တော်များကို သနား ကြင်နာစွာ လှမ်းကြည့်နေမိ၏။

"မောင်မတော်ဘုရား"

တိတ်ဆိတ်ခြင်းကို မိဖုရားကြီးက စတင်ထိုးဖောက်လိုက်သည်။

"ကျွန်းခန့်သားလို့မှာတော်မူပါ နှမတော်၊ အေးလေ လော ကစက် သွက်သွက်ခါအောင် လှုပ်ရှားတိုင်း မောင်တော်တို့ ခံကြရစမြဲဘဲ။ တရားတော်ကို ဆင်ခြင်အောက်မေ့ပြီး စိတ်ချမ်း သာအောင် ကြိုးစားပါပြီ နှမတော်"

"ကာယသုခပြည့်စချမ်းသာ လန်းဖြူးလျက် ရှိကြောင်းပါ မောင်တော် ဘုရား။ ထို့ပြင်တဝ ဗုဒ္ဓမြတ်စွာဘုရား၏ တရား တော်များကိုလည်း မပြတ်သတိဖြင့် ဆင်ခြင် နေကြောင်းပါ

ဘုရား။ သို့ရာတွင် နှမတော် လျှောက်ထားစရာ ရှိကြောင်းပါ မောင်ဘုရား"

"မည်သို့သော အကြောင်းထူးများရှိပါလို့ မိဖုရားကြီးရယ်"

"သည်သို့ပါဘုရား။ ယမန်ခါက ပါဋ္ဌလိပုတ် ပြည့်ရှင်မင်းသည် စစ်အင်ကျင်း၍ ကာလိင်္ဂပြည်အလုံး ထုံးလိုချေ ရေလိုနှောက်မွှေမှောက်ပစ်မည် ကြုံးဝါး၍ လာသော်လည်း ဘုရားနှမတို့လက်ဆောင် ပဏ္ဏာဆက်နှင်းပြီး ဝပ်စင်းလိုက်သဖြင့် ရန်ပြေငြိမ်းရုံမက ပါဋ္ဌလိပြည့်ရှင်ပင်လျှင် ရတနာသုံးပါး ဘက်သားဖြစ်သွားခဲ့သည်မှာ မောင်တော်ပြည့်ရှင် ရွှေနန်းသခင် အသိပါဘုရား"

"မှန်ပေသည် နှမတော်။ ယခုအခါတွင် ပါဋ္ဌလိပုတ်ပြည်သို့ စစ်ကူတောင်းထားစေကာမူ ပဏ္ဍုရာဇာမင်းမြတ်မှာအရပ်တပါးသို့ စစ်ချီနေသဖြင့် အလွယ်တကူ ကြွရောက် မလာနိုင်ပေဘူး နှမတော်"

"နှမတော်လျှောက်တင်လိုသော စကားမှာ ဤအချက်များ မဟုတ်ကြောင်းပါဘုရား။ ယခု မလယတောင်ယံတွင် တပ်ကြီးချနေသော ခိရဓာရ စစ်ဘုရင်ကို ပဏ္ဏာဆက်၍ မိတ်ဖွဲ့ရသော် မဖြစ်ပါသလော ဘုရား"

"မဖြစ်ပေဘူးနှမတော်။ ခိရဓာရမင်း၏ သားတော်မှူးတော်မင်းမျက်ဖျော်တို့သည် စွယ်တော်ထွတ်မြတ် ရတနာဓာတ်ကိုရယူလိုကြပေသည်။ တဖန်တုံလည်း၊ ရန်မီးငြိမ်းစေ စိတ်သန်ပေ၍ စွယ်တော်ဓာတ်မြတ်ကို အပ်နှင်းချေလည်း အခြေမခိုင်ယိမ်းယိုင်

စိတ်ခေတ်မညီညွတ်၍ စွယ်တော်ခေတ်ပုံပွဲကြီး ယင်းတို့အတွင်း၌ ပင် ဖြစ်ချေရာသည်။ ထိုသောအခါ သရီရခေတ် စွယ်တော်မြတ်မှာ ရပ်ရာတည်ရာမရှိပါဘဲ ပျောက်ကွယ်ချည်းနိုး ရှိချေမည်။

ခိရခေရ၌ ဖြစ်လာမည်ယုံကြည်သော အခြေအနေနှင့် စွယ်တော်မြတ်၏ ရှေ့ရေးကို ပြောပြလိုက်သည်တွင် မိဖုရားကြီးမှာ ထွက်ရာလမ်း မရှိတော့သလို နှုတ်ပိတ်သွားရှာတော့သည်။

"အမိန့်တော်ထားမည် နာခံပေတော့ နှမတော်။ မောင်တော်သည် ယခုပင် စစ်မြေပြင်သို့ ထွက်စံတော်မူမည်။ မောင်တော်ကြွသွားခိုက်ချိန်တွင် နန်းဦးပြာသာဒ်အထွတ်မြတ်၌ဖြူဆွတ်သော အဝတ်ကို ချည်နှောင်ထားရမည်။ စစ်မြေပြင်ဝယ် မတော်တဆကျဆုံး မောင်တော် ရှိချေသော် နီသောအဝတ် ချည်ရမည်"

"မတော်တဲ့စကား မိန့်ကြွားပါနဲ့ ဘုရား"

မိဖုရားကြီးသည် အားတင်း ထားလျက်နှင့် ငိုသံဖြင့်လျှောက်ရှာသည်။

"မငိုရဘူး မိဖုရားကြီး၊ အမိန့်တော်ကို သေချာစွာ နားထောင်၊စစ်မြေပြင်၌ အောင်ပွဲဆိုက်၍ သိုက်မြိုက်စွာ မောင်တော် ပြန်လာခဲ့မူ ဖြူသောအဝတ်ကိုချ၍ နီသော အဝတ်ကိုချည်ရမည်။ တိကျသေချာလိုက်နာရမည် မိဖုရား"

အဝတ်အရောင် ၃ မျိုးကို နန်းဦးပြာသာဒ်၌ အချည်ခိုင်းခြင်းမှာ တိမ်းရှောင်သွားပြီးသော အိမ်ရှေ့မင်းသိမြင်ရန်ဖြစ်ပေသည်။ အိမ်ရှေ့မင်းသည် အဝတ်အစိမ်းကို မြင်ရက ပြန်လာမည်။ အဝတ်နီကို မြင်ရက ပို၍ဝေးသော နေရာသို့ အားသွန်းပြေးကာ လက်ာဒီပသို့အရောက် သွားလိမ့်မည်။

---

နိလာစာပေ

တောအလုံးကို မြင့်မား မတ်စောက်သော သစ်ပင်ကြီးများက ဖုံးလွှမ်းထားသည်။ သစ်ပင်ကြီးများသည် တပင်နှင့်တပင် တစုနှင့်တစု အရှည်ပြိုင်ကာ မိုးသို့လုတက်နေ၏။ ပင်စည်များတွင် နွယ်ပင်များ ရစ်ပတ်လျက် ကိုင်းများသို့ကူးသည်။ အခြားတပင်သို့ကူးသည်။ သစ်ပင်ကြီးများ၏ ဖုံးလွှမ်းမှု နွယ်ပင်များ၏ ရှက်သမ်းမှုကြောင့် တောအုပ်အတွင်းဝယ် နေပြောက်ပင် မထိုးတော့ချေ။

နေပြောက်မဝင်သောကြောင့် နေ့အချိန်ပင် ဖြစ်သော်လည်း မှောင်ရီ သမ်းနေသော ဤတောအုပ်ကြီး၏ အောက်ခြေတွင်လည်း ဆူးပင်ချုံပင်နှင့် နွယ်ပင်များ ရှုပ်ထွေး ပိတ်ရှက်နေပေသည်။ မြေတွင်ဝပ်လျက်ဘမျိုး ထိုးထောင်၍တသွယ်၊ ယှိုင်နွဲ့၍ တနည်း ပေါက်ရောက် ရှင်သန်နေသဖြင့် မြေအပြင်သည် လေသလပ်ရန်ပင် မလွယ်ကူပေ။ ထို့ကြောင့် သစ်ရွက်ဆွေးသစ်ရွက်ပုပ်အနံ့များ၊ ရွက်ဆွေးရွက်ပုပ်များ သွေ့ခြောက်ရာမှ ဖြစ်သော မှိုအောက်နံ့များကြောင့်လည်း အသက်ရှူ၍ မကောင်းလှချေ။

ဂုဟာသီဝမင်း၏ တူတော် သမီးတော်များဖြစ်ကြသော ဒန္တကုမာရ အိမ်ရှေ့မင်းနှင့် မိဖုရား ဟေမမာလာတို့မှာ ဤတောကြီးအတွင်းသို့ ရောက်နေကြသည်။ နန်းတွင်း၌ ဘေးဂိဘ ပညာရှင်များ ဆက်သွင်းဖြေဖျော်သော တောဖွဲ့တောင်ဖွဲ့များကို ရွှေနားဆင်ကြရ၏။ မျောက်က ကြိုးခွဲဒေါင်းအိုးဝေနှင့် အလွန်

သာယာ၏။ နေရောင်မဆမ်း ပန်းမြတ် ပင်မြင့်စံ အကြောင်းကလည်း နှစ်သက်စဘွယ်ဖြစ်၏။

ယခုကဲ့သို့သော စိမ့်ကြီး မြိုင်ကြီးရိပ်ကြီး တောတောင်သို့ ရောက်နေရပေပြီ။ ခက်ခဲကြမ်းတမ်းသော ကြောက်စရာ ရွံစရာ တောကြီးအဖြစ်သာ မြင်ရ၏။ တွေ့ရ၏။ သန့်စင်ပန်းများမှာလည်း နှစ်သက်စရာမကောင်း၊ ဒေါင်းတွန်သံ၊ မျောက်အော်သံ၊ ငှက်ကြွေးသံတို့မှာလည်း မသာယာတော့ပေ။

မသာယာသော တောကို အနုပညာရှင်တို့သာ သာယာအောင် ဖန်တီးနိုင်လေ၏။ မလှပသော တောင်သေလာကြီးကို လှပတင့်တယ်ရှုချင်စဘွယ်ဖြစ်အောင် အနုပညာရှင်များကဖန်တီးကြ၏။ လူကို ရန်မူတိုက်ခိုက်လိုသော တောသတ္တဝါများသည် အနုပညာရှင်၏ လက်ထဲ၌ ချစ်သနားစရာ ဖြစ်လာ၏။

သို့ရာတွင် လက်တွေ့တွင်ကား ဤတောရဂုံသည် စိုးစဉ်းမျှ မသာယာချေ။ ခြေလှမ်းတလှမ်း ရှေ့တိုးနိုင်ရန် အလွန်ခက်ခဲ၏။ အောက်က ချုံကိုရှင်းနေစဉ် အပေါ်က နွယ်ကငြိ၏။ ခါးလယ်တွင် ချိတ်သောဆူးကိုဖြုတ်နေခိုက်၌ ငုတ်ကတိုး၏။ ငုတ်ကိုရှောင် ဆူးကိုကွင်းနေဆဲဝယ် သင်ရှက်ငယ်ပေါ်မှ ခေါင်းထောင်စောင့်နေသော ကျွတ်က ခေါင်းပေါ်ခုန်ချ၏။ အဝတ်ထဲဝင်၏။ နားရွက်ထဲဝင်၏။

ဆူးမျိုးစုံ ချုံနွယ်မျိုးစုံကို ခုတ်ထွင်းကျော်နင်းစဉ်တွင်လည်း ချုံပေါ်မှ တတွန့်တွန့်တလန်းလန်း လုပ်နေသော မြွေကိုမျက်စိလျင်လျင်ကြည့်နိုင်ရသလို အောက်မှ ခွေနေသော မြွေကိုလည်း မနင်းမိအောင် ဂရုစိုက်ရ၏။ သစ်ရွက်ပုပ်တွေ ဖုံးနေသော မြေ

ပြင်မှာစိုထိုင်းနေလျှင် ချော်လဲသေး၏။ အဆင်မသင့်လျှင် နုံးထဲ ဗွက်ထဲကျွံဆင်း တတ်သေးသည်။

ဟေမမာလာ မင်းသမီးသည် မြွေဟူသည်ကို နားဖြင့်သာ ကြားဘူး၏။ တကယ်ရင်ဆိုင်တွေ့ရသောအခါ အသဲအူတုန်လျက် မကြည့်ရဲချေ။ ချုံပေါ်နွယ်ပေါ် မြင်ရသော မြွေကိုမြင်ရရုံဖြင့် အသဲယားသူဖြစ်ရာ သစ်ပင်ကြီးများပေါ်တွင် ခေါင်းတထောင်ထောင်၊ မျက်လုံးတပြောင်ပြောင် လျှာတစ်လစ်လစ်ဖြင့် တတွန့်တွန့် တခွေခွေလှုပ်ရှားနေသည့် မြွေကြီးများကိုကား ကြည့်ပင်မကြည့်ရဲလေ။ မြွေတကောင် တကောင်မှာ လူ့ပေါင်လုံးလောက် လူ့ကိုယ်လုံးလောက် ရှိနေရာ အဘယ်မှာ ကြည့်ရဲပါမည်နည်း။

ဤဆူး၊ ဤငုတ်၊ ဤကျွတ်၊ ဤမြွေများသာမက တောကောင်များ၏ ရန်ကိုလည်း လေးမြှားအသင့် ဓားလှံအသင့်ဖြင့် မျက်စိကိုဖွင့် နားကိုစွင့်ထားရပေသေးသည်။ စင်စစ်အားဖြင့် လူတွင် အစွမ်းထက်သောလက်နက်သာမရှိပါက သမင်ကိုလည်းကြောက်ရသည်။ ဒရယ်၊ စိုင်ဆတ်ပြောင်၊ ကြံ့၊ ကျားသစ်၊ ကျား၊တောဝက်၊ ဝက်ဝံ၊ လူဝံအားလုံးကို ကြောက်ရပေသည်။

မိန်းမသားဖြစ်သော ဟေမ မာလာကိုထားဦး။ ယောကျ်ားသားဖြစ်သော အိမ်ရှေ့မင်းပင် သည်တောကြီးထဲ ဝင်ရရာတွင် ပင်ပန်းလှပြီ။ စိတ်လည်းညစ်ပြီ။ သို့ရာတွင် ဦးရီးတော်၏ အမိန့်နှင့် စွယ်တော်မြတ်၏ အရေးကြောင့်သာ အားမာန်တင်းထားရပေသည်။

မင်းနှစ်ဖော်တို့သည် တော၏ အလယ်သို့ ရောက်အောင်ဝင်လာခဲ့ကြကာ အမြင့်ဆုံးသော တောင်တလုံးပေါ်သို့ ခက်ခဲစွာ

တက်ကြ၏။ ခိုင်မလိုလိုနှင့် ကျောက်တုံးတွေပြုတ်ကျ၏။ မြဲမလိုလိုနှင့် ခြေချော်ကျ၏။ ဆူးပင်ချုံနွယ်များကိုလည်း ဖယ်ရှားရပြန်သေး၏။

ဘောင်ထိပ်သို့ ရောက်ချိန်ဝယ် နေမင်းသည် မင်းမောင်နှံတို့အား ကြိုဆိုလျက်ရှိသည်။ ပေရေစုတ်ပြတ်ရုံသာမက ခြစ်ရာပွန်းရာပဲ့ရာ ဗလပွတွင် ရွှံ့ရေများ ပေကျံနေကြ၏။ သစ်ပင်တပင်ရိပ်တွင် မောပန်းစွာ ထိုင်ချလိုက်ကြရာ မြင်ကွင်းထဲသို့ ကာလိင်္ဂရွှေနန်းသည် ဝင်ရောက်လာ၏။

"ခမည်းတော်ဘုရားတော့ စစ်ထွက်တော်မူပြီ နှမတော်၊ နန်းဦးပြာသာဒ်မှာ အဝတ်ပြူကို ချည်နှောင်ထားတယ်"

"ခမည်းတော် ဘေးမသီ ရန်မခပါစေနဲ့ ဘုရား"

ဟေမမာလာသည်စွယ်တော်မြတ်ကို ဦးထိပ်တင်၍ဆုတောင်းရှာသည်။ ခမည်းတော်ထံ သောကစိတ်များ ရောက်နေသဖြင့် ဟေမမာလာမှာ နာကျင်ရန် မောပန်းရန် သတိမရဘဲ ရှိရှာသည်။

ရွှေနန်းတော်ကြီးမှာနေရောင်အောက်တွင်ရွှေရောင်တပြောင်ပြောင်လက်နေသည်။ ရတနာကျောင်းတော်ကြီးကား ရွှေရောင်များသာမက ကျောက်မျက် ရတနာများ အရောင်ဖြင့် ဝေဘူတောင်ကို နေရောင်ခသကဲ့သို့ ရောင်မျိုးစုံ ကွန့်မြူးနေသည်။

"နှမတော်၊ ပျားဆုပ်ကလေး သုံးဆောင်ပါအုံးကွယ်"

မင်းသားလှမ်းပေးသော ပျားဆုပ်ကို မင်းသမီးမယူပေ။ မယူရုံသာမဟုတ် အသံကိုလည်း မကြားချေ။ ရွှေနန်းတော်ကြီးကိုငေးမျှော်ကြည့်ရင်း လွမ်းမျက်ရည်များ တတွေတွေ ကျဆင်းနေရှာသည်။

---

**နိလာစာပေ**

"နှမတော်ရယ်၊ အခြံအရံများခြင်း နည်းခြင်းဆိုတာမောင်တော်တို့ မြတ်စွာဘုရား ဟောဖော်ညွှန်ပြတဲ့ လောကဓံတရားရှစ်ပါးဘဲ မဟုတ်လား။ သံသရာမှာလည်ရသရွေ့ ဒီတရားတွေကိုတွေ့နေရမှာဘဲ"

နှစ်သိမ့်၍ တရားပြမည့်သာပြနေရသော်လည်း အိမ်ရှေ့မင်းကိုယ်တိုင်လည်း ရွှေနန်းတော်ကြီးကို မကြည့်ရက် မမြင်ရဲအောင် သောကပွေနေ၏။ ရှေ့ဆောင် ယောကျာ်းက မျက်ရည်ကျလျှင် မိန်းမက အသဲကွဲမည်မို့သာ အောင့်ထိန်းထားရ၏။ ရင်ထဲမှာ တော့မချိ။

မကြည့်ချင်မြင်လျက်သား ဆိုစကားရှိ၏။

နန်းတော်ကြီးဖက်သို့ ကြည့်မိလျှင် ရင်တွင်မဆံ့သော အပူမီးတောက်ရသဖြင့် အိမ်ရှေ့မင်းသား မကြည့်ချင်။ မကြည့်ချင်ပေမယ့် နန်းဦးပြာသာဒ်တွင်ချည်နှောင်ထားသောအထိမ်းအမှတ်ပဝါကိုမကြည့်ဘဲ နေ၍မရ၊ စောင့်ကြည့်နေရသည်။ စောင့်ကြည့်နေရသည့်အတွက် မကြည့်ချင်မြင်လျက်သားပါ တကား။

ရွှေရောင်ဝင်းမှည့်နေသော နန်းတော်ကြီးကို မကြည့်ချင်ဘဲ မြင်နေရရှာ မင်းသား၏စိတ်ယောက်ယက်ခတ်နေသည်။မောင်းမမိဿံ ခြွေရံများနှင့် ပွဲကြည့်ဆောင်၌ပွဲကြည့်ဟန်တွေ၊ ဥယျာဉ်တော်ဝယ် ရေကစားနဲ့ပုံတွေ၊ စားမြိန်ဆောင်တွင် ဖွယ်ရာကောင်းညွန့်သောအစာတွေသုံးဆောင်ရဟန်တွေ၊ စံနန်းဆောင်တွေ၊ ကချေသည်အတီးသည်နှင့် အဆိုသည်တို့ ဖြေဖျော်ပုံတွေကို တရေးရေး မြင်ယောင်ပြီး ရင်ထဲဆို့လာ၏။ မျက်ရည်ဝဲလာ၏။

---

နိလာစာပေ

ဝဲလာသော မျက်ရည်ကို မင်းသမီးမမြင်အောင် သုတ်နေသဲဝယ် မင်းသမီးက ထိတ်လန့်တကြား အော်လိုက်သည်။

"မောင်တော်ဘုရား၊ မောင်တော်ဘုရား"

ကျားလား၊ ဆင်လား၊ ဝံလား၊ သစ်လား၊ မင်းသားခုန်ထပြီး လေးနှင့်မြှားကို အသင့်ပြင်လိုက်သည်။

"တော်ထဲက တိရစ္ဆာန် ရန်သူမဟုတ်ပါ မောင်တော်၊ ရွှေရွှေနန်းတော်ကြီးကို ရှု-ရှုစားတော်မူပါအုံး"

ရွှေရောင်တောက်သည့် နန်းတော်သို့ မင်းသားမျှော်ကြည့်လိုက်သည်။ ထုပိကာအထွတ်ဝယ်သွေးချင်းချင်း နီမြန်းနေသည်။ နီရဲသော အဝတ်ထည်ဘလူလူ လွင့်နေပါတကား"

"ဦးရိုးတော် ကျဆုံးရှာပါပေါ့လား"

မင်းသား ဇက်ကျိုးကျသွားသည်။

"သားတော်တို့မှာ အပြစ်ကြီးငယ်ရှိရင် ခွင့်လွှတ်တော်မူပါ ဦးရိုးတော်"

နောက်ဆုံး ကန်မတော့ခြင်းအဖြစ်ဖြင့် အဝေးမှ ရည်မှန်းကာဒူးထောက်၍ ရှိခိုးကန်တော့လိုက်လေသည်။

"ခမည်းတော် နတ်ရွာလားပါပေါ့လား ဘုရား"

ဟေမမာလာမင်းသမီးမှာ တခွန်းသာညည်းတွားရင်းမေ့လဲကျသွားလေ၏။

ကမ္ဘာပျက် မီးတောက်ရာတွင် ဆီမီးခွက် ထလောင်သကဲ့သို့ ဒန္တကုမာရမင်းသားမှာ ဦးရိုးတော် မြတ်စောနေနတ်- ကံကုန်သဖြင့် အသဲကြွေအသဲပြုတ်မတတ် သောကမီး တောက်လောင်မှုကို ခံစားနေရစဉ် ချစ်မဝ ချစ်မညီးသော ကြင်ယာမြှောက်

သားသေယ်ဇောနှင့် ပြောမေ့သွားသောအခါ ခြေမကိုင်မိ လက်မကိုင်မိ ပွေ့ထူပြုစုရရှာပြန်သည်။

မင်းချင်းကိုယ်လုပ်ရံရွေပေါင်းများစွာတို့ ခြံရံလျက် လိုရာ ခဏနှုတ်မှမြွက်ရုံနှင့် ပြီးခဲ့သော မင်းသားမှာ ယခုအခါ၌ ယ် နောက်လိုက်နောက်ပါစေပါးစရာဟူ၍ လုံးဝမပါဘဲ တကိုယ် တည်း ပြုစုရသည်။

ဘေးအန္တရာယ်ကြီးများနှင့် တွေ့ကြုံ ရင်ဆိုင်ရသောအခါ လူသားတို့ဖြစ်ပေါ်တတ်သော သဘာဝစိတ်ထားသုံးမျိုး ရှိ၏။

တမျိုးမှာ အန္တရာယ်ပေးမည့် သူ့ထံမှောက် ဝပ်စင်းဦးနှိမ် အောက်ကျို့ခံသော စိတ်ထားဖြစ်၏။ စိတ်ထားပျော့ညံ့ မကြံ့ မခိုင်သော စိတ်ထားဖြစ်ပေ၏။

နောက်တမျိုးမှု အန္တရာယ်ကို အတူလက်တွဲ ချေမှုန်းရန် သဟာယစုရုံးလျက် ကြံ့ကြံ့ခိုင်ခိုင် ပိုင်ပိုင်တွန်းလှန်သောအာဇာ နည်စိတ် ဖြစ်၏။

နောက်ဆုံး တတိယအမျိုးသော်ကား ခက်ထန်မောက်မာ၍ ကြမ်းတမ်းရက်စက်သူတို့၏ စိတ်ထားဖြစ်သည်။ ထိုစိတ်ထားရှိသူ များသည် မိမိ၏ ခက်ထန်မောက်မာမှု၊ မိမိ၏ ကြမ်းကြုတ်ရက် စက်မှုများက ပြန်လည်ခြောက်လှန့်နေသဖြင့် ကိုယ်ကကျူးလျှင် ဒူးကိုပင် မယုံတော့ချေ။

အိမ်ရှေ့မင်းသားမှာ ရတနာသုံးပါး၌ ညွတ်တွား ရိုသေ၍ စိတ်ထားကောင်းသူဖြစ်လင့်ကစား မင်းစိတ်မင်းမာန် လွှမ်းမိုးသူ ဖြစ်လေသည်။ သို့ကြောင့် မြတ်စွယ်တော်ကို ပင့်ဆောင်ရှောင်

တိမ်းရာတွင် မည်သူ့ကိုမျှ မယုံကြည်သဖြင့် နောက်ပါကျွန်ယုံ တစုံတယောက်ကိုမျှ မခေါ်ခဲ့ခြင်း ဖြစ်ပေ၏။

"နှမတော် နှမတော်"

မျက်နှာကို သောက်ရေဖြင့် တောက်ဖျန်းပေး၍ နှာနှပ်ပေးရင်း မင်းသားမှာ စိုးရိမ်စွာ ခေါ်ရှာမိသည်။

"နှမတော် ဟေမမာလာ နှမတော်"

သက်မျှရည်တူ ချစ်ကြည်ဖြူရသော မိဖုရားအတွက် ပူပန်စိတ်သည် မင်းသား၏ ထိပ်ထက်တွင် မှန်တက်လေသည်။ မင်းသမီးသည် အသံသဲ့သဲ့ကလေးဖြင့် ညည်းတွားကာ မျက်လုံးကို တဖြေးဖြေးဖွင့်ကြည့်၏။ မင်းသား၏ထိပ်ပေါ်မိုးနေသော အပူသည် တဖြေးဖြေးပြယ်လျော့သွား၏။

"သတိထားပါ နှမရယ်၊ တရားနဲ့သာ ဖြေပါကွယ်၊ မောင်တော်တို့ကို ရှင်တော်မြတ်ဘုရား ဟောကြားမူခဲ့တဲ့ တရားတော်မြတ်တွေဟာ ဒီလို အပူ ဒီလို ဆင်းရဲတွေကို ငြိမ်းသတ်ဖို့မဟုတ်လား"

"နှမသတိလွတ်သွားတာ ခွင့်လွှတ်ပါ မောင်တော်"

"ဆင်းရဲတယ် ချမ်းသာတယ်၊ ငိုတယ်ရယ်တယ်ဆိုတဲ့ ဖြစ်ခြင်းပျက်ခြင်း သင်္ခါရတရားတွေကို မြတ်စွာဘုရားသော်မှ ရှောင်ကွင်းမရပါဘူး နှမရယ်။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ပါရမီတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ရှင်ဗုဒ္ဓမြတ်စွာပင် ဒီတရားကို လွန်ဆန်လို့မရယင် နှမတော်တို့ မောင်တော်တို့နဲ့ ဦးရီးတော်မင်းမြတ်လဲ ဘယ်မှာလွန်ဆန်လို့ ရနိုင်ပါမလဲ။ အသင်္ခတဓာတ်မြတ်ရွှေနိဗ္ဗာန်ကို မခိုဝင်နိုင်သေးသမျှ သံသရာမှာ

မျက်ရည်တွေ သမုဒ္ဒရာတမျှကျအောင် ငိုကြွေရဦးမှာဘဲ နှမတော်၊ အရိုးတွေ တောင်လိုပုံအောင် ထပ်ပြန်တလဲလဲ မောင်တော်တို့ တတွေ သေကြရဦးမှာပါ။ သူက ရှေ့ကသွား ငါကနောက်က လိုက်၊ ငါကရှေ့ကသွား သူက နောက်ကလိုက်ဆိုတာယောက်ဘဲ ခြားနားမှာပါ နှမတော်”

“နှမတော် တရားနဲ့ယှဉ်လို့ ဆင်ခြင်မိပါဘိ မောင်တော်။ ဖခမည်းထက် မြင့်မြတ်အဖိုးထိုက်တဲ့ သရီရဓာတ်စွယ်တော်မြတ် ကို ဖခမည်းရဲ့ ဆန္ဒပြည့်ဝအောင် ဆောင်ရွက်ရဦးမှာမို့ အပူထိန်း လို့ သိမ်းပါမယ် ခမောင်တော်”

ခမည်းတော်ထံတွင် ပေးခဲ့သော ကတိကိုပြီးမြောက်အောင် ဆောင်ရွက်ရဦးမည်။ ခမည်းတော်၏ အမိန့်အတိုင်းတသွေမတိမ်း ထမ်းရွက်ရဦးမည်။ ထိုအသိကြောင့် မင်းသမီးသည် ကြိုးစား၍ မျက်ရည်ကို သိမ်းရှာပေသည်။

“နှမတော်”

“အမိန့်ရှိပါ မောင်တော်”

“ဓိရဓာရတိုင်းသား စစ်သည်တွေဟာ စွယ်တော်မြတ်ကိုရှာ လို့ မတွေ့ရင် တောအနှံ့ တောင်အနှံ့ လိုက်လံထောက်လှမ်းကြ မှာ မုချဘဲ”

“အမှန်ပါဘဲ မောင်တော်”

“ရန်သူဝေးခိုက်မှာ တတ်စွမ်းသမျှ အားထုတ်ပြီး ခရီးဆက် ကြမှသာ မောင်တော်၊ နှမတော်တို့လဲ ရန်သူ့လက်က လွတ်ပြီး စွယ်တော်မြတ်ပါ လုံခြုံလိမ့်မယ်။ ကဲ-ထထ အချိန်ရှိခိုက်လှမ်း ကြအုံးမှ”

ယင်းသို့ဖြင့် ဘုရင်မျက်ပျော် မင်းနှစ်ဖော် တို့သည် ခက်ခဲ ထူထပ်သော တောကြီးကို ပင်ပန်းစွာ ဖြတ်သန်း ကြလေသည်။ သားရဲတိရစ္ဆာန်၊ ဆူးညှောက်ခလုတ် အခက်အခဲသာမက မှက် ခြင်ယင်ရဲက ထူပြောသည်။ လမ်းမရှိသော တောကန္တာရကိုဖြတ် ရသဖြင့် ခရီးမတွင် ပင်လည်းပင်ပန်းလှသည်။

အလင်းရောင်ရှိခိုက်တွင် သစ်ပင် ကောင်းကောင်း၌ လင့်စင် ထိုးအိပ်စက်ကာ အလင်းရောင်လာသည်နှင့် လင့်စင်ကိုဖျက်၊ မီးဖို နှင့် ခြေရာလက်ရာများကို ဖျောက်ဖျက်ပစ်ကာ ခရီးဆက်ကြ သည်။ မတော်တဆ ရန်သူစစ်သည်တွေ လိုက်လာခဲ့ပါမူ စခန်းချ ရပ်သွားချိန်ကို မခန့်မှန်းနိုင်ရန် ဖြစ်ပေသည်။ ဤနေရာတွင် မည် သည့် အချိန်က စခန်းချသွားသည်မသိလျှင် အနီးအဝေးခန့်မှန်း ရန် မလွယ်ပေ။

သို့ဖြစ်စေကာမူ သူတို့မင်းနှစ်ပါး ခက်ထွင်သွားသော လမ်း ကြောင်းကိုကား သူတို့ဖုံးကွယ် ဖျောက်ဖျက်၍ မရချေ။

ယင်းသို့ဖြင့် ချောင်းတွေ့လျှင် နွယ်ကြိုးဖြင့် ကူးတန်ကူးသည်။ မြစ်တွေ့လျှင် ခက်ခဲစွာ ဖောင်ဖွဲ့၍ ဖြတ်သန်းကြသည်။ ခရီးပန်း လွန်းလျှင် အဝေးသို့ လှမ်းမြင်သာသော နေရာ၌ တနေ့တာနား နေလိုက်၊ တယောက်ယောက် နာမကျန်းလျှင် နားနေလိုက်ဖြင့် အံကိုခဲ၍ ဇွဲကိုမွေးကာ ခရီးဆက်ကြရာ မကြာမြင့်မီ စုံကန္တာရခရီးကို လွန်မြောက်ခဲ့ကြ၏။

ခက်ခဲကြမ်းတမ်းသော တောကြီးမှထွက်လာမိကြသောအခါ တောသည် တဖြည်းဖြည်းပါးလျားသွားသည်။ ထိုနောက် ချုံ နွယ်နှင့် မြက်ရိုင်းတောများကို ဖြတ်ရသည်။ ထိုမှတပါး ချုံနွယ်

မြက်ရိုင်းများပင် ပါးလျားသွားကာ အဆိတ်ပြင်းသော ဆူးပင်များတပင်စနှစ်ပင်စ ရှားပါးစွာ ပေါက်ရောက်သော သဲကန္တာရသို့ ဆိုက်ရောက်ကြ၏။

မင်းသားမင်းသမီးတို့မှာ ရွာတွေ့လျှင်ပင် ရဲရဲဝင်၍ အစာရေစာကို ရှာဖွေဝံ့ခြင်း မရှိကြပေ။ အချိန်ယူအကဲခတ်ပြီးမှ မင်းသား တဦးတည်းသာ ရွာကိုဝင်ရပေ၏။ အကြောင်းသော်ကား ဇမ္ဗူရစ်ရွှေစင်ကို အဝတ်စုတ်ဖြင့် ထွေးသော်လည်း ရွှေသည်ရွှေသာ ဖြစ်သကဲ့သို့ မည်မျှပေရေ စုတ်ပြတ်နေစေကာမူ ဟေမမာလာ မင်းသမီး၏နန်းမူနန်းသွေးနှင့် အလှမှာ ကွယ်ပျောက်မသွားသဖြင့် မလိုလားအပ်သည့် အနှောက်အယှက်များ ပေါ်ပေါက်လာနိုင်သောကြောင့် ပေတည်း။

ထိုကဲ့သို့သော အခက်အခဲများ ရှိရကား မင်းနှစ်ပါးမှာ သဲကန္တာရဖြတ်ရန် လမ်းပြမရှာရပေ။ လမ်းတွင်တွေ့သော လှည်းကုန်သည်များထံတွင်သာ အမှတ်မဲ့ စုံစမ်းရသည်။ သဲကန္တာရကို အမှန်တကယ် ဖြတ်သန်းသောအခါတွင်မူ မင်းသားသည် မိမိဘက်မြောက်သော နက္ခတ်တာရာကြည့်ရှုခြင်း အတတ်ကို အားကိုး၍၎င်း၊ တတ်အပ်ပြီးသော ဓားခုတ်လှံထိုးလေးမြှားအတတ်နှင့် လက်ဝှေ့လက်ပန်းအတတ်တို့ကို အားကိုး၍၎င်း၊ ရေရိက္ခာဆေးဝါးပြည့်စုံစွာ သယ်ဆောင်၍ ဖြတ်သန်းလာခဲ့ကြသည်။

နေ့တွင် မခံမရပ်နိုင်အောင်ပူ၍ ညတွင် အရိုးကွဲမတတ်အေးမြခြင်းကား သဲကန္တာရ၏ ရက်စက်မှုများပေတည်း။

သဲကန္တာရတွင်ရှိသော ဆူးတိုင်းသည် အဆိပ်ပြင်း၏။ သက်ရှိသတ္တဝါမြွေကို မဆိုထားဘိ၊ ယင်နှင့်ခြင်မှာပင် အဆိပ်မကင်း

ပေ။ ထိုသို့ဖြစ်သည့်အတွက် သဲကန္တာရခရီးမှာ တောကြီးကန္တာရနှင့် ထပ်တူထပ်မျှ ဆိုးရွားကြမ်းတမ်းသည်သာ။

အသားအရေများ ချက်ခြင်းခြောက်ကပ်သွားမတတ် ပူထန်ရှိန်ပြင်းသော နေဒဏ်မှ ခိုကပ်ရန် အရိပ်ကောင်းမရှိပေ။ သဲကမ်းပါးများတွင်သာ အဝတ်ကလေး ကာ၍ မိုး၍ နေခိုကြရရှာသည်။ ထိုသို့ ခိုကပ်နေသဲတွင် လေပြင်းမုန်တိုင်းများ တိုက်ခတ်လာပါက မင်းနှစ်ဖော်တို့မှာ သဲကမ်းပါးမှခွာ၍ ခေါင်းကို အဝတ်ပုံးကာ ဝမ်းလျားထိုးနေကြရ၏။

အောက်ပိုင်းတကိုယ်လုံး သဲဖုံးနေသဖြင့် ယက်ထုဘ်ရုန်းထွက်ရသည်မှာလည်း အခါခါ၊ မြေပြင်အရောင်နှင့် တသားတည်းဖြစ်နေသော မြေကို နင်းမိမည် ကိုင်မိမည်ဖြစ်သည်မှာလည်း အကြိမ်ကြိမ်။ သို့ဖြစ်စေကာမူ ညတွင် မြင်ရသော ကြယ်တာရာတို့၏ လမ်းညွှန်ချက်နှင့် နေဝင်နေထွက်ကိုကြည့်ကာ တညလုံး ခရီးနှင်ကြသည်။ နံနက်နှင့် ညနေ နေဝင်ရီသရောတွင်လည်း ခရီးပေါက်နိုင်သရွေ့ ပေါက်စေရန် ကြိုးစားကြရသေးသည်။

ကန္တာရခရီးခဲကို ရက်ပေါင်း မြောက်မြားစွာ ဖြတ်သန်းပြီးနောက် နောက်ဆုံးတွင် ပြာမှောင်သော ပင်လယ်ပြင်ကြီးကို လှမ်းမြင်ကြရ၏။ ပင်လယ်ကြီး၏ သည်မှာဘက်တွင်မူ ကြီးမားသော တောအုပ်ကြီး၏ စိမ်းညို့သောအဆင်းကို မြင်ရပြန်သည်။

"ကျေးရွာဇနပုဒ် တခုခုတလေတွေ့ကောင်းတွေ့မယ် နှမတော်၊ သတိကို လက်မလွှတ်မှ ဖြစ်မယ်"

မင်းသားမှာ လှပယဉ်ပျောင်းသော ကြင်ယာမြောက်သားအတွက် စိုးရိမ်မကင်းသဖြင့် သတိပေးမိသည်။

---

နိလာစာပေ

"စိတ်ချပါ မောင်တော်၊ သတိကို လက်ကိုင် အမြဲထား လျက်ပါ...."

ကုန်းမြင့်ကို တက်မိချိန်တွင်သာ ပင်လယ်ကြီးနှင့် တောကြီး ကို မြင်ရပြီး၊ ချိုင့်ဝှမ်းသော နေရာသို့ ရောက်သောအခါဝယ် ယင်းတို့ကို လုံးဝ မမြင်ရတော့ချေ။ သဲကန္တာရခရီးကား မဆုံး သေးချေ။ မဆုံးသေးပေမယ့် အားတက်ရပြီ။ ဝမ်းသာရပြီ။ ကန္တာရခရီးဆိုးသည် ပြီးဆုံးတော့မည် မဟုတ်ပါလား။

ပင်လယ်နှင့် တောကို မြင်ပြီးနောက်၊ တတိယနေ့တွင် ခရီး ဆက်လာကြပြန်၏။ ထွက်သည်နှင့် ပူချင်သော နေရောင်အောက် တွင် ထောင်းထောင်းထလာသော ဖုံလုံးများကို မြင်ရသည်။

"ခိုစရာ ရှာကြစို့ မောင်ဘော်၊ လေပြင်းမုန်တိုင်းလာနေပြီ"

မင်းသမီးက သတိပေး၏။ မင်းသားသည်း မင်းသမီးကြည့် ရာဘက်သို့ မျှော်ကြည့်မိသည်။

"လေပြင်းမုန်တိုင်း မဟုတ်ချေ။ ဤအရာကား မြင်း၊ ကုလား အုပ် စသော သတ္တဝါများ၊ လှည်းများကို စိုင်းနှင်လာရာမှ ထသော ဖုံများသာ ဖြစ်ပေသည် နှမတော်"

လေပြင်းမုန်တိုင်းကား မသေးငယ်သည့်အပြင် ကျယ်လောင် သော အသံကိုလည်း ပြုပေသည်။

ကန္တာရကို ဖြတ်မည့် ခရီးသည်များနှင့် ဆုံရတော့မည်မို့ မင်းသမီးသည် မျက်နှာမှအစ အသားအရေပေါ်နေသော နေရာ အားလုံးကို အဝတ်စုတ်များဖြင့် ဖုံးအုပ်၏။ စည်းနှောင်၏။

မကြာမီ လူလုံးကို စတင် မြင်ရသည်။ ခရီးသွားကုန်သည် များ ဖြစ်ဖွယ်မရှိ။ ဓား လှံ လေးမြှားများကို စွဲကိုင်ထားကြ

သည်။ ခိုးသားခေါးပြများ ဖြစ်ဖို့များ၏။ ထို့ပြင် နှစ်ဦးတည်းသာ လာနေသော မင်းသား မင်းသမီးများကို မြင်ရသည်တွင် ခေါးလှံများကို မြှောက်၍ သံကုန်ဟစ်ပြီး ကုလားအုပ်များကို စိုင်းနှင်လာကြလေ၏။

"နှမတော် သင်ထား၊ ဤမြားဘောင့်ကိုယူ၍ လေးမြားကို အသင့်ပြင်ထား၊ ဂုဟာသိဝမင်း၏ ရင်သွေးတော်များဟာ အသက်သာ အသေခံမယ်၊ အသားကို အထိမခံဘူး နှမတော်"

လေးနှင့်မြားကျည်တောက်ကို အပ်ပြီးလျှင် မင်းသားလည်း ခေါးနှင့်လှံကို အသင့်ပြင်ထားလိုက်ပေသည်။ ကန္တာရခိုးသား ခေါးပြများသည် ခရီးသွားနှစ်ယောက်အား ဝိုင်းရံထားလိုက်ကြသည်။

"အဘယ်ခရီးသွားယောကျ်ားတို့၊ အဘယ်အရပ်သို့သွားရန် အဘယ်သို့သော ဥစ္စာပစ္စည်းတို့ကို ဆောင်ယူခဲ့ကြသနည်း"

ခိုးသားကြီးနှင့် တူသူသည် အကဲခတ်ရင်း ဝုစမ်း၏။

"ငါတို့ကား ကာလိင်္ဂတိုင်းမှ လာ၍ လင်္ကာဒီပသို့ကူးမည့်သူများပေတည်း၊ ငါတို့တွင် လောကီရတနာဟူ၍ ပြောပလောက်အောင် မပါချေ"

မင်းသားက ရဲရင့်စွာဖြေ၏။

"ယင်းသို့တပြီးကား၊ ပါလာသမျှသော ပစ္စည်းဥစ္စာကို ငါတို့အလိုရှိ၏။ အသာတကြည် ပေးအပ်ကာ ခရီးဆက်ကြကုန်လော့...."

"ဟယ်- ခိုးသားမှူး၊ ငါကဲ့သို့သော ယောကျ်ားကို ဤသို့ဆိုရသလော၊ ငါတို့ထံမှ တစုံတရာသော ဥစ္စာကိုမျှ သင်မရပြီ"

သုံးကျိပ်သော ခိုးသားတို့သည် ခရီးသွားယောကျ်ား နှစ်ယောက်၏ အရေအတွက် နည်းပါးခြင်းကို ကြည့်ကာ အထင်သေးသဖြင့် ပြင်းပြစွာ ရယ်မောကြသည်။ ခိုးသားမှူးကား ခရီးသွားယောကျ်ား၏ရဲရင့်ခြင်းကို ထောက်ရှုကာ အထင်မသေးပေ။ မင်းသားကို စမ်းသပ်ရန် ငယ်သားတကျိပ်တို့အား အမိန့်ပေးလိုက်လေသည်။

"မောက်မာသော ထိုသူအား ဝိုင်းဝန်း ထိုးခုတ်ကြကုန်လော့"

ခိုးသားတကျိပ်သည် ကုလားအုပ်ကို လျင်မြန်စွာ စိုင်းနှင်၍ ဓားများဖြင့် ဝိုင်းခုတ်ကြသည်။ လှံများဖြင့် ထိုးကြသည်။ မင်းသားသည် မင်းသမီးနှင့် ဝေးရာသို့ ခွာ၍ ခုခံသည်။ မင်းသမီးကား မိမိထံသို့ လာမှသာ ပစ်ခတ်ရန် လေးနှင့်မြှားကို အသင့်ပြင်ထား၏။

ဆယ်ယောက်နှင့်တယောက် ပြင်းထန်စွာ ရှုတ်ရှက်ခတ်လျက် တိုက်ခိုက်ကြစဉ် မင်းသားသည်လှံလေးစင်းညှပ်အထိုးတွင်လေ၏ လျင်မြန်ခြင်းဖြင့် ခုန်ထွက်လိုက်ရာ ခိုးသားမှူး၏ ကုလားအုပ်ပေါ်သို့ ကျ၍ ခိုးသားမှူးကို လက်နက်ဖြင့် ခြိမ်းခြောက် စီးမိုးထားလိုက်လေသည်။

"ဟယ်-ခိုးသားမှူး၊ ငါတို့ အေးချမ်းစွာ ခရီးသွားခြင်းနှင့် အသက်ကြိုက်ရာကို ရွေးလော့"

ခိုးသားမှူးသည် မင်းသားအားတုံ့ပြန်တိုက်ခိုက်ရန် အခွင့်မသာပေ။ မင်းသား၏ဓားသည် ခိုးသားမှူးကို ထောက်တော့ထားချေ၏။

---

"အို....ခရီးသွားယောကျ်ား။ သင်ကား အပြောနှင့်အလုပ် ညီပါပေ၏။စွမ်းပကား ကြီးမားပါပေ၏။ သင်ကြိုက်ရာ ကုလား အုပ်လေးကောင်ကိုယူ၍ ကျွန်ုပ်အသက်အား ချမ်းသာပေးပါ လော့"

ခိုးသားမှူး ပေးအပ်သော ကုလားကုပ်လေးကောင်မှာ အချင်း ချင်း လုံတံဖြင့် ထိုးမိကာ တံစို့ လျှိုသကဲ့သို့ ဖြစ်သွားသော ခိုးသားလေးယောက်၏ ကျန်ရစ်သော ကုလား အုပ်များ ဖြစ် ပေသည်။ခရီးသွားယောကျ်ားနှစ်ယောက်သည်စားရေရိက္ခာပြည့် စုံသော ကုလားအုပ် လေးကောင်ကို ယူပြီးနောက် ခရီးဆက်ခဲ့ ကြလေသည်။

ခရီးသွား ယောကျ်ားဟန်ဆောင်ထားသော မင်းနှင်ဖေါ်တို့ သည် စားရေရိက္ခာ မပူပန်ရတော့သဖြင့် သဲသန္တာရ အဆုံးတွင် ကျေးရွာများကို ရှောင်ကွင်း၍ တောအုပ်သို့ ခိုဝင်ခဲ့ကြ၏။

ဤတောကား လူတို့ရပ်ရွာနှင့် အဆက် အစပ်ရှိသည်။ သို့ ကြောင့် ဆင်နေကျားအောင်း တောကြီးမျက်မဲ မဟုတ်။ လှယ် ကူသော လူသွားလမ်းများရှိသည်။ ရံဖန်ရံခါ လှည်းလမ်းများ ပင် ရှိချေသည်။ ချုံနွယ်ပိတ်ပေါင်းလည်း မထူထပ်၊ လူတို့ပစ် ခတ် နှိမ်နင်းထားသဖြင့် ကြီးမားသော သားရဲ တိရစ္ဆာန်များ ကိုလည်း မတွေ့ရချေ။

မင်းနှစ်ပါးတို့ ဖြတ်သန်းရသော တောအုပ်သည် ပင်လယ် ဘက်သို့ နိမ့်လေလေ ခက်ခဲကြမ်းတမ်းလာလေလေဖြစ်၏။ နောက် ဆုံးတွင် ကျောက်ဆောင်များ ထူထပ်လာသည်။ တောင်ထွတ်

များ ကာဆီးလာသည်။ ကုလားအုပ်များကို ဆက်လက် ယူ ငင်နေလျှင် အကျိုးရှိဘွယ် မမြင်တော့သဖြင့် ကုလားအုပ်ပေါ် မှ ပစ္စည်းများကို ယူငင်ကာ ကုလားအုပ်များကို စွန့်ပစ်၍ ခရီး ဆက်ခဲ့ကြ၏။

တောသည် တဖြည်းဖြည်းပါးလျားလာကာ ကျောက်ဆောင် ကျောက်တုံးများ ထူထပ် လာချေသည်။ လျှို မြောင် စိမ့်စမ်း များနှင့် ထုံးအိုင်များ ရွှံ့အိုင်နှင့် ညွန်ပျောင်း များကိုလည်း မကြာခဏဖြတ်သန်းရသည်။ သို့ဖြင့် မင်းနှစ်ဖော်တို့သည် ခက်ခဲ ကြမ်းတမ်းသော ခရီးမို့ လူသူအရောက်အပေါက်နဲသော ပင်လယ် စပ်သို့ ဆိုက်ရောက်လာခဲ့ ကြလေ၏။

ခရီးခရ စစ်သည်များ၏ ဘေးရန်က လွတ်မြောက်ပြီးဖြစ် သည်။ခရီးကားမဆုံးသေးချေ။ ဦးရီးတော်မင်းမြတ် လောကနတ် လိုလားသော လင်္ကာဒီပသို့ ခရီး ဆက်ရဦးမည်။ ထိုခရီးကား ရေလမ်းခရီးဘည်း။ အပြောကျယ်သော မဟာ သမုဒ္ဒရာကို ဖြတ်သန်းကာ သွားရန်မှာ ခရီးကြုံကုန်သင်္ဘောများကို စောင့် ရပေမည်။ စောင့်ဆိုင်းရာတွင် မည်မျှကြာမည်ကို မင်းနှစ်ဖော် တို့ မခန့်မှန်းနိုင်ကြချေ။

ထို့ကြောင့် ပင်ပန်းလာသမျှ အတိုးချ နားနေရင်း လူသူလေး ပါး မမြင်စေရန် ပုန်းလျှိုး ကွယ်လျှိုး နေထိုင်ကြကာ ခရီးကြုံ စောင့်ဆိုင်းနေကြ၏။ ဤအခါတွင် အသက်နှင့် ထပ်တူစောင့် ရှောက်ရိုသေရသော စွယ်တော် ဓာတ်မြတ်ကို ထိန်းသိမ်းစောင့် ရှောက်ရေးသည် ပြဿနာဖြစ်လာ၏။

---

နိလာစာပေ

စွယ်တော်ခတ်မြတ်ကိုကိုယ်နှင့်မကွာဆောင်ထားသဖြင့်လူ၏ ကိုယ်မှ ထွက်သော မကောင်းနံ့ များဖြင့် မရှိသေရာရောက်သည်။ ညအခါ အိပ်စက်စဉ် လူက လူးမိ လိမ့်မိ၍ စွယ်တော်ကြုတ်ကို ဖိမိ နင်းမိကန်ကျောက်မိသော် အပြစ်ရှိချေသည်။ ထိုအပြစ်မှ ကင်းလွတ်စေရန် မင်းသားနှင့် မင်းသမီးတို့ ကြံစည်တိုင်ပင်ကြ၏။

တိုင်ပင်ကြပုံမှာ သန့်ပြန့်သောတနေရာတွင် ထားရှိ ပူဇော်ရေးပင် ဖြစ်သည်။ သစ်ပင်ခွကြားတွင် ထားလျှင် ရှုပ်စသောသတ္တဝါများ ချီသွားနိုင်သည်။ ကြုတ်နှင့်ဘကွ သစ်ပင်ကြားတွင် ထားပါချေက လေပြင်းမုန်တိုင်းနှင့် တောမီးကို စိုးရိမ်ရသည်။ တောင်ပို့စသည်တို့ကိုထားပါမူ ဆင်စသည် လူစသည်နင်းခြမည် စိုးရိမ်သည်။

ဤသို့ဖြင့် ထားစရာ နေရာကိုရှာဖွေကြရင်း ငွေမှုန်ငွေစများနှယ် တောက်ပ၍ ဖြူဖွေးသန့်စင်သော သဲသောင်ပြင်ကို မြင်ကြသည်။ ရေကျရက်လည်း ဖြစ်သောကြောင့် သဲပုံစေတီ ပြုလုပ်ကာ ၎ယ်တော်ခတ်မြတ်ကို ဖုံးကွယ် ဌာပနာထားရန် သဘောတူကြလေသည်။

လူသူ အရောက်အပေါက် နည်းပါးသည့်အပြင် လူနေရပ်ရွာများနှင့်လည်း ဝေးလှမ်းလှသော သဲသောင်စ ပင်လယ်ကမ်းခြေ ဤနေရာဝယ် များမကြာမီ ရက်အတွင်း၌ လူတို့ပြုလုပ်သော သဲပုံစေတီ တဆူ ရှိလာလေ၏။

---

ဒန္တကုမာရမင်းသားနှင့် ဟေမမာလာ မင်းသမီးတို့သည် သပ်ိ စေတီကို ပန်းရေချမ်းနှင့် သစ်သီးဆွမ်းများကို ကပ်လှူလျက် နေရာဒေသဌာနအလျောက် တတ်နိုင်စွမ်းနိုင်သော ပစ္စည်းများဖြင့် ဝတ်မပျက် လုပ်ကျွေးပူဇော်ကြသည်။ ပူဇော်ကိစ္စများကို ပြုလုပ်ဆောင်ရွက်ပြီးသည့် နောက်တွင် သဲသောင်ပြင်ရှင်းလင်းသော နေရာ၌ ကြာရှည် မနေကြပေ။သစ်ပင်ချုံပုတ်ထဲသို့ အမြန်ဆုံး ပြေးဝင်ခိုအောင်းနေကြလေသည်။

ယင်းသို့ မင်းနှစ်ပါးတို့ စခန်းချနေထိုင်ရာ နေရာနှင့်များစွာ မဝေးလှမ်းလှသော နေရာတွင် ရဟန္တာတပါးသီတင်းသုံးလျက်ရှိသည်။ ရဟန္တာ အရှင်မြတ်၏ ဘွဲ့အမည် သညာကား "အရဟံ" မထေရ်တည်း။

အရဟံ အရှင်မြတ်သည် တနေ့သ၌ အဘိညာဉ်မှ ထကာ ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ် စီးကာ ကြွလာတော်မူသည်။ သပ်ိ စေတီအနီးသို့ ကြွရောက်လာချိန်တွင် "ခြောက်ပါးရောင်ခြည် ပြောင်ပြောင်လည်လျက် ထွက်သည်ရိုးရဲ ကြဲ၍ မြောက်သို့ တောက်ထိန်ဝင်းဝင်း မိုးလုံးလင်းမျှ ခပင်းရှက်ရုံ သပ်ိဝန်းကျင် မျက်နှာမြင်၍ ရဟန္တာအရှင် ဆင်ခြင်တော် မူသည်ကား လူသုံးပါးတို့၏ ပတ္တမြားမျက်ရစ် ဖြစ်တော်မူသော ဘုရားမြတ်၏ စွယ်ဓာတ်တော် ကိန်းတည်၍ရောင်ခြည်တော်လွှတ်ကြောင်းကို ရှင်ကောင်း ရဟန္တာ ခီဏာသဝ မုချဆတ်ဆတ် သိတုံလတ်

က ခတ်ခတုကျော် ဤစွယ်တော်ကို အဟော်ဝတ ဒေဝ မန္ဒုဿာ ပြဟ္မာမကျန် ကုမ္ဘန်တလွှား နဂါးဂဠုန် ဆောင်ယူတုန်၍ သဲပုံကြီးစွာ ဤနေရာသို့ ရောက်လာသလော တွေးတောသက်ဝင် အဘိညာဉ်ဖြင့် ဆင်ခြင်တော် မူပြန်သော် တောအုံပိတ်ပေါင်း ချုံအောင်းပုန်းလျှိုး တိတ်ခိုးကွယ်ရာ နေကြရှာသော မင်းသားမင်းသမီးတို့ကို မျက်ဝါးထင်ထင် သိမြင်တော်မူ၍” မြေသို့ ဆင်းသက်တော်မူလာကာ သဲပုံစေတီကို ရှိသေစွာ ရှိခိုးကန်တော့လေ၏။

ချုံတွင်း၌ ပုန်းခိုသော မင်းနှစ်ပါးတို့မှာ ရဟန္တာအရှင်မြတ်ကောင်းကင်ယံမှ ကြွလာတော်မူစဉ်ကပင် မြင်ကြပြီ ဖြစ်သည်။ သို့ကြောင့် ချုံထဲမှ ထွက်လာကာ အရှင်မြတ်အား ရှိခိုးပူဇော်ကြသည်။

“လူသူမနီး တောကြီးအတွင်း၌ ပုန်းအောင်း နေထိုင်ကြသော အသင်တို့ကား မည်သူများပေနည်း”

ရဟန္တာ အရှင်မြတ်သည် မေးသင့်သောကြောင့် မေးတော်မူသည်။

“ဥဇ္ဇေနီပြည့်ရှင် ဘုရင်မင်းမြတ်၏ သားတော်နှင့် ကာလိင်္ဂပြည့်ရှင် ဂုဟာသီဝမင်း၏ သမီးတော်တို့ ဖြစ်ကြောင်းပါ ဘုရား။ ခီရဓာရမင်း၏ သားတော် တူတော်များ စွယ်တော်မြတ်ကို လုယူလိုသည့်အကြောင်းဖြင့် စစ်ခင်းရာတွင် ဦးရီးတော် ဂုဟာသီဝမင်း စစ်ပွဲတွင်း၌ ကံကုန်ပါသောကြောင့် စွယ်တော်မြတ်ကို ယူဆောင်၍ ထွက်ပြေးလာခဲ့ကြောင်းပါဘုရား”

"သာဓု-သာဓု-သာဓု။ ကောင်းပေးစွ ဒါယကာတို့။ သို့တစေ ပင်လယ်ကမ်းစပ် ဤအရပ်၌ တည်အပ်သည့် သပုံစေတီနှင့် သရိရ ဓာတ် စွယ်တော်မြတ်ကား လားလားမျှ မအပ်စပ်ချေတကား"

"မှန်လှပါ၊ ဦးရီးတော် မိန့်မှာစကားအတိုင်း လက်ဘဒိပ ကျွန်းရှိ မဟာသေနမင်းမြတ် သမုတိနတ်ထံ တဖန်ထုတ်ချောက် အရောက်ပို့စရာ လှေနာဝါများကို စောင့်ဆိုင်းနေခြင်း ဖြစ်ပါ သည် အရှင်"

"သင့်မြတ်ပေစွ ဒါယကာ၊ ဤနေရာ ဤဌာနနှင့် စွယ်တော် မြတ်ကား မလျော်ကပ်ပတ်ချေ။ ရဝေနန်းစံ မဟာသေနမင်းထံ အမြန်ခရီး သဘော်စီး၍ ရောက်အောင် သွားကြပေတော့"

"ကောင်းလှပါပြီ ဘုရား"

"အေး-အေး၊ ငါ၏ ကျောင်းသင်္ခမ်းကား များစွာမကွာ၍ ဤနေရာမှ နှစ်ဥသဘာ မျှသာ ဝေးကွာပေသည်"

ထို့နောက် မင်းသားနှင့် မင်းသမီးတို့သည် ရဟန္တာ အရှင် မြတ်ကို တောင်းပန်ကာ သစ်သီးဆွမ်းများ ကပ်လှူကြလေ သည်။ အရှင်မြတ်လည်း အလှူခံပြီးနောက် ကောင်းကင် ခရီး ဖြင့် ဆက်လက် ကြွမြန်းတော်မူ၏။

ဤနေရာ ဤဌာနနှင့် စွယ်တော်ဓာတ်မြတ် မအပ်စပ်ဟူ၍ မိန့်ကြားသွားသည်မှာ မှန်ကန်၏၊ လုံခြုံမှု မရှိဟူ၍လည်း ဆိုလို တော်မူခြင်း ဖြစ်ပါပေသည်။

အကြောင်းကိုဆိုသော်-

တခုသော နံနက်တွင် လူသူကင်းပြတ်သော ဤနေရာသို့ လုလင်တယောက် ရောက်လာခဲ့လေသည်။ သူသည် မည်သည့်

နေရာကိုမျှ မကြည့်ဘဲ သဲပုံစေတီကိုသာ ဦးတည်လျှောက်လာပြီး အကျအန ထိုင်၍ ရှိခိုးကန်တော့နေလေသည်။ ချုံနွယ်များကြားမှပင် မင်းမောင်နှံတို့သည် ထိုသူအား မသကာပေ။

မင်းသားသည် ဓားကိုလွယ်လျက် သဲပုံစေတီဘေးသို့ ရောက်လာ၏။

"အို-လုလင်၊ သင်ကား မည်သူနည်း။ မည်သည့်အရပ်မှ လာသနည်း"

အဆင်းအင်္ဂါ အရပ်အမောင်း တင့်တယ်ပြေပြစ်၍ နှစ်သက်ဖွယ်မင်စရာ ကောင်းသော လုလင်သည် မင်းသား၏ အမေးကို ရုတ်တရက် အဖြေမပေးနိုင်သေးဘဲ သဲပုံစေတီကို ဝတ်ပြုလိုက်သေး၏။ ပြီးမှ မင်းသားကို မော့ကြည့်၏။

"ကျွန်ုပ် မေးနေသည်။ အသင်မည်သူနည်း"

"မောဖပ္ပဏ္ဏုဟု ခေါ်တွင်ကြောင်းပါ နောင်တော်"

"မည်သည့်အရပ်မှ လာသနည်း"

"ဘောဂဒေသနရွာမှ လာပါသည် နောင်တော်"

"မည်သည့်အလုပ်ကို လုပ်ကိုင်၍ ဤနေရာသို့ မည်သို့မည်ပုံ ရောက်လာသနည်း"

"ကျွန်ုပ်သည် ဘောဂဒေသနရွာ တံငါကွန်သမားတယောက် ဖြစ်ပေသည်။ ပင်လယ်တွင်း၌ လှေမှောက်၍ ရောက်တတ်ရာရာ ကူးခတ်ရင်း ဤနေရာသို့ရောက်ရှိလာရာတွင် ဥဒ္ဒိဿစေတီငွေသဲညီကို မြင်သည်နှင့် ကြည်ညိုဖူးမျှော်မိကြောင်းပါ နောင်တော်"

သူ့စကားမှာ ယုတ္တိရှိ၏။ သူ့တကိုယ်လုံး ရေစိုရွှဲနေသည်။ မြတ်ဖျားစေတီကို ကြည်ညိုလွန်းသဖြင့် ဖူးမျှော်ကြည်ညိုမိပါ

သည် ဆိုခြင်းကို 'မနေနှင့်'ဟု နှင်ထုတ်ရန် မသင့်လျော်ချေ။ ထို့ကြောင့် မင်းသားမှာ မယောင်မလည် စောင့်ကြည့်နေရ၏။

လှေမှောက်၍ ရောက်လာသည့် လုလင်သည် သပိုစေတီကို ကြည်ညိုအားသန်စွာဖြင့် ရှိခိုးပူဇော်နေသည်။ တောင်မြောက်လေးပါးလည်း မျက်လုံး မကစားဘဲ စေတီတော်တွင်သာ အာရုံစူးစိုက်နေပေသည်။ မင်းသားလည်း အလဟဿ ရပ်မနေတော့ဘဲ ဝပ်တွား ရှိခိုးလိုက်စဉ် စေတီတော်မှ ခြောက်သွယ်သော ရောင်ခြည်များ ကွန့်မြူးလာလေသည်။

မင်းသားမှာ သဒ္ဓါစိတ် လွန်ကဲစွာဖြင့် ကြည်ညိုနေစဉ် တံငါလုလင်သည် သပိုစေတီကို တွန်းဖြို၍ စွယ်တော်ကြုတ်ကို ယူပြီး ပင်လယ်ထဲသို့ ဆင်းပြေးလေ၏။

"ဟေ့-မယူနဲ့ ထားခဲ့၊ ထားခဲ့"

တခဏမျှ မင်းသား သတိလစ်သွားစဉ်တွင် လုလင်သည် ရေစပ်သို့ ရောက်သွားသည်။ မင်းသားလည်း ရေထဲအထိ ပြေးလိုက်ကာ ဓားကိုဆွဲထုတ်ပြီး ခုတ်ထစ်တိုက်ခိုက်သည်။ လုလင်သည် ကြီးမားမဲမှောင်သော သတ္တဝါကြီးအဖြစ်သို့ ရုတ်ခြည်း ပြောင်းလဲကာ ရေထဲသို့ ငုပ်လျှိုး ပျောက်ကွယ်သွားလေ၏။

မင်းသားမှာ ရေလုံးရေစိုင်များ အရိုက်ခံရသဖြင့် လဲကျကျန်ခဲ့သည်။ မင်းသမီးလည်း ပုန်းအောင်းနေရာမှ အစအဆုံး မြင်ရသည်။ အဖြစ်အပျက် လျင်မြန်လွန်းသည့်အတွက် မင်သက်မိနေခဲ့သည်။ သတိရလျှင်ရချင်း ပြေးလာခဲ့ရာ မင်းသားမှာ မချင့်မရဲ တောက်ခေါက်လျက် ရပ်နေသည်။

"မောင်တော်-မောင်တော်၊ ဘာဖြစ်တာလဲ မောင်တော်"

မင်းသား၏ ရွှေမျက်နှာတော်မှာ ညှိုးမှောင်နေသည်။ ဝမ်းနည်း ပူဆွေးခြင်း အရိပ်သည် လျင်မြန်စွာ ဖြစ်ပေါ်လာချေသည်။

"နှမတော်၊ စွယ်တော်ကြုတ် ပါသွားပြီ"

မင်းသမီးမှာ မင်းသား၏ စကားကို မယုံကြည်ချင်သဖြင့် သံပုံးစေတီသို့ ပြေးလာသည်။ ပြိုပျက်နေသည့် သံများအတွင်း၌ စွယ်တော်ကြုတ်ကို ခမ္မနောက် ရှာဖွေလေသည်။

"အကျိုးနဲ့ပါပေါ့လား မောင်တော်ရဲ့"

မင်းသမီးမှာ ဆံပင်ကို ဖြန့်ကြဲ၍ သံပုံးစေတီပေါ် ပစ်လှဲကာ မချိတင်ကဲ ငိုကြွေးရှာသည်။ မင်းသားလည်း မိမိ၏ ပေါ့လျော့မှုကြောင့် ဖြစ်ရသည့်အတွက် အံကို ကြိတ်ထားပါလျက်နှင့် မျက်ရည်ပူများ လိမ့်ဆင်းလာတော့သည်။

"ခမည်းတော့်ဆန္ဒ ပျက်ပြီမောင်တော်၊ မောင်တော်တို့ နှမတော်တို့ စွန့်စားခဲ့ရသမျှ၊ အပင်ပန်းခံခဲ့ရသမျှတွေ အလဟဿ ဖြစ်ကုန်ပါရောလား မောင်တော်ရဲ့"

လင်္ကာဒီပ အနုရာဓမြို့သို့သွားရန် သင်္ဘောကြုံသည် ထားဦး ယခုအတိုင်းသာ ဆိုပါက အသွားမလှ ဖြစ်ရပေတော့မည်။

"သိန်းနန်းစည်းစိမ်နဲ့လဲ ဝေးခဲ့ရပြီဘုရား၊ ခမည်းတော်လဲ ကံကုန်ခဲ့ပြီ။ နောက်ဆုံး အားထားစရာ စွယ်တော်ဓာတ်မြတ်လဲ ပျောက်ဆုံးသွားပြီ။ နှမတော်တို့ ဘဝဟာ နေဘို့ကောင်းသေးရဲ့လား မောင်တော်ရဲ့"

မိမိလည်း သူ့နှယ်ပူပန် ဝမ်းနည်းပေမယ့် မင်းသားမှာ အပူကိုထိန်းလျက် ချော့မော့နှစ်သိမ့်ရလေသည်။

---

"သတိထားပါ နှမတော်ရယ်၊ မောင်တော်တို့ ဒါလောက် ကာယိက ဒုက္ခနဲ့ အရင်းတည်ပြီး ကိုးကွယ်ပူဇော်ထားတဲ့ စွယ်တော်ဓာတ်မြတ်ဟာ အချည်းနှီး မဖြစ်နိုင်ပါဘူး။ ကဲ ထ-ထ၊ ရဟန္တာအရှင်မြတ်ကို လျှောက်ထားကြမယ်"

အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာအရှင်မြတ်များသည် သံသရာမှ လွတ်မြောက်တော်မူပြီးကြပြီ။ ထို့ကြောင့် သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသစသော မီးများမှာ ငြိမ်းပြတ်တော်မူကြသည်။ မီးငြိမ်းသောနေရာသည် အမှန်မုချ အေးမြမည်သာ ဖြစ်၏။ ထိုအရှင်မြတ်ထံ ချဉ်းကပ်ခြင်းသည် အေးမြသော နေရာသို့ သွားခြင်းနှင့် တူပေသည်။

"ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါ"

ရဟန္တာအရှင်မြတ်၏ အေးချမ်းသော ကျောင်းသခ်မ်းသည် ယင်းသို့ အော်ဟစ်ဝင်လာသူများကြောင့် အသက်ဝင်လာပေသည်။ အရဟံအရှင်မြတ်သည် တခုသော အင်းပျဉ်ထက်၌ ထက်ဝယ်ဖွဲ့ခွေလျက် စံနေတော်မူ၏။

"ကယ်တော်မူပါဘုရား၊ မြတ်စွာဘုရားစွယ်တော် ဌာပနာထားတဲ့ သံပုံစေတီကို လုလင်တယောက်ဟာ ကြည်ညိုရှိခိုးဟန်ဆောင်ပြီး ဖြိုဖျက်လုယူ ထွက်ပြေးသွားပါပြီ ဘုရား၊ တပည့်တော်တို့ အသဲကွဲပြီး သေရပါတော့မယ် ဘုရား"

အရှင်မြတ်သည် သံပုံစေတီသို့ ကြွရောက် ဖူးမျှော်စဉ်ကပင် စွယ်တော်မြတ်ကို ခိုးယူသူပေါ်လိမ့်မည်ဟု မြင်တော်မူခဲ့သည်။ သို့ရာတွင် သံသရာမှ လွတ်မြောက်ပြီးသော အရှင်ကောင်း အရှင်

မြတ်တို့သည် စပ်စပ်စုစုလုပ်ရန် ဝန်လေးသလို စကားအပို ပြောရန်လည်း စိတ်မဝင်စားပေ။

ထို့ကြောင့်သာလျှင် လက်ဘဒိပသို့ အမြန်ကူးကြရန် အမိန့်ရှိခဲ့သည်။ မည်သို့ဖြစ်လိမ့်မည် မပြောခဲ့ချေ။ တဖန် မည်သူက မည်သို့မည်ပုံ မည်သည့်နေ့တွင် ခိုးယူမည် စသည်တို့ကိုလည်း ဆင်ခြင်စူးစမ်းတော်မူခြင်း မပြုခဲ့ပေ။

ယခုအခါတွင်မူဥပေက္ခာပြုနေ၍မရတော့သဖြင့် ဒိဗ္ဗစက္ခုဖြင့် ဆင်ခြင်ကြည့်တော်မူသောအခါ ပဏ္ဍုဟာရ နဂါးကို မြင်တော်မူလေသည်။ ယင်းသည့်အကြောင်းကို ဤသို့ ပြန်ကြားတော်မူသည်။

"ဘုရင့်ရင်သွေးတော် မင်းနှစ်ဖော်တို့၊ ရေနတ်အမျိုးအနွယ်ဖြစ်၍ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ပဏ္ဍုဟာရ နာမထင်ရှားနတ်နဂါးသည် ကိုးပါးသော ဂုဏ်တော်အပေါင်းတို့ဖြင့် ရိုက်ချောင်းဘဝင် ဝှန်းတက်ကျော်ကြား မြတ်ဘုရား၏ ကိုယ်စားတော်မြတ် စွယ်တော်ဓာတ်သည် တောင်ပေါ်ကျွန်းငူ ဘော်ဖြူခပဲ ငွေသဲဖြူအတွင်း ရောင်ခြည်လင်းလျက် လက်ငင်းမသေ့သိတင်းသုံးနေတော်မူသော အဖြစ်ကို စင်စစ်မသေ့ မြင်တုံလေက ခြောက်ထွေရောင်ခြည် ဤအံ့ဘွယ်ကား အကယ်တိတိ မရှိပါတုံ မကြုံစဘူး အထူးတလည် ဘယ်ရောင်ခြည်ဟု ဆင်ခြင်ပြုသော် ဝါလုငွေမှု သဲပုံစေတီ၏အလယ်တွင် စမ့်ါယ် ကိန်းဝပ်တော်မူသော စွယ်တော်ဓာတ်မြတ်က ထွက်လတ်သော အရောင်ဟု သိရကား မထင်မရှားသော အသွင်ဖြင့် လုလင်ယောင် ဖန်ဆင်း၍ ရှိခိုးခြင်းကို ပြုလေ၏"

---

နိဂုလာစင်္ခပေ

မင်းသားနှင့် မင်းသမီးတို့မှာ လှေပျက်သည့် တံငါပါဆို
သော လုလင်ကား လူယောင်ဆောင်လာသော ရေနတ်နဂါး
ဟု သိရသဖြင့် အံ့ဩခြင်းမကာ အံ့ဩကြရပေသည်။ ဤသို့
အထူးထူးဖန်ဆင်းနိုင်စွမ်းသော အမျိုး၏လက်တွင်းသို့ ရောက်ရှိ
နေသော စွယ်တော်မြတ်ကို မည်သို့ ရအောင်ယူနိုင်ပါမည်နည်း။
ကြံမိုင်တွေးဆ နေကြဆဲဝယ် ရဟန္တာအရှင်မြတ်က ဆက်လက်
မိန့်ကြားသည်။

"ထိုအခါ သဒ္ဓါပွားငြိမ့် ပီတိစိမ့်၍ နှစ်သိမ့်အင်ရှဲရောင့်ရဲခြင်း
မရှိသည်ဖြစ်ရကား ကြီးစွာသော နဂါး သဏ္ဍာန်ဖန်ဆင်း၍ သဲ
သောင်ပြင် စေတီတွင်း၌ ထည့်သွင်း၍ ထားသော စွယ်တော်
ခတ်ကို ရွှေကြုတ်ပါ ဖော်ယူပြီးလျှင် လည်ချောင်း၌ သွင်း၍
ခိုးယူခြင်းကို ပြုပြီးလျှင် လျင်မြန်စွာ ပြေးလျက် သမုဒ္ဒရာအောက်
ခြေ မြင့်မိုရ်တောင်ကို ရစ်ခွေကာနေလေပြီ ဒါယကာတို့"

"ဘုရားတပည့်တော်ကို သနားခြင်းကြီးသဖြင့် ကယ်တော်မူ
ပါဘုရား"

မင်းသမီးမှာ သောကပိုစီးသဖြင့် ရှာရကြောင်း အကြံ
ကောင်းမထုတ်နိုင်တော့ဘဲ အရှင်မြတ်ကိုသာ အားကိုးတကြီး
တောင်းပန်လေတော့သည်။

ရဟန္တာအရှင်မြတ်သည် ထပ်မံဆင်ခြင်၍ ကြည့်တော်မူပြန်ရာ
'ဒေါဏပုဏ္ဏားထံမှ ရေနတ်နဂါးတို့ ခိုးယူကာ ဘောဂဝတီ နဂါး
ပြည်၌ လကျာအောက် ခတ်စွယ်တော်မြတ် တည်နေကိန်းဝပ်
တော်မူခြင်းကိုရင်း၊ ဤပဏ္ဏုဟာရနဂါး ခိုးယူသွားသော လက်ဝဲ
အောက်ခတ် စွယ်တော်မြတ်သည် ဗုဒ္ဓမြတ်စွာ၏ ဗျာဒိတ်စကား

နှင့်အညီ လက်ဝဲဒီပကျွန်း၌သာ ကိန်းဝပ်တော်မူရမည်ကိုရင်း သိမြင်တော်မူသည်’။

သို့ဖြစ်သဖြင့် ရဟန္တာအရှင်မြတ်သည် “ခွန်အားကြီးစွာယူ ဆောင်ခဲ့ ပမာဏရှိသော ဂဠုန်မင်းသဏ္ဍာန် ရုပ်ပုံဖန်၍ ရဲမာန်တင်းတင်း ထန်ပြင်းသော လေအဟုန်ဖြင့် အားကုန်ပျံဝဲ တောင်ပံဖြင့် ရေကိုခြိုးလျှင် သဲသဲရုတ်ရုတ် စက်မောင်းခုတ်သို့ သမုဒ်ပျော်ပါး ရေနဂါးတို့၏ လည်ဂုပ်ဖျားကို ကိုင်ဆုပ်မြဲမြဲ သုတ်တော့မည့်အဟန်နှင့် ခြွန်တန်ခိုး အမျိုးမျိုးဖြင့် ကြောက်စိုးဘွယ်ချည်း သေနိုးမတတ် သတ်ဖြတ်လုအောင် ရစ်နှောင်ပတ်ယှက်၍ထားသော မြင့်ရှိုတောင်အလုံးကို ပတ်ကုံးခြိမ်းညံ့ ပံ့တင့်သံဖြင့် မခံနိုင်လောက်အောင် ခြိမ်းချောက်လျက် မီးအောက်တခွင်ကောင်းကင်အနှံ့ ရောင်ဝါမရှိ မှောင်အတိ ပိတ်ချထားလျက်နဂါးမင်း၏ လည်ဂုပ်ကို ကိုင်ဆုပ်၍ အတောင်ဖြင့် ဖုံးအုပ်လေသည်။ ဤသို့ရဟန္တာအရှင်မြတ်ဆုံးမတော်မူလေကနဂါးမင်းသည်သေဘေးမှ ထိတ်လန့်ကြောက်ရွံ့ခြင်းရှိရကား “ပြုမိသမျှ အပြစ်ဒဏ်ကို သည်းခံတော်မူပါ”ဟု အကြိမ်ကြိမ် တောင်းပန်၍မျိုထားသော စွယ်တော်ကြုတ်ကို အန်လှုံ၍ ပေးလေသော်ရဟန္တာအရှင်မြတ်သည် ရွှေကြုတ်နှင့် စွယ်တော်ဓာတ်မြတ်ကိုယူဆောင်လျက် ကျောင်းသခမ်းသို့ ပြန်ကြွခဲ့လေ၏။

မင်းသားမင်းသမီးတို့မှာ စွယ်တော်မြတ်ကို ပြန်လည်ဖူးမျှော်ရလျှင် ဆွေ့ဆွေ့ခုန်မျှ ဝမ်းသာကြလေ၏။ ကွယ်လွန်လေပြီးသော မိဖနှင့်ပါး သေရာမှ ထလာသည်ကို တွေ့မြင်ရသည့်အလားဝမ်းသာမျက်ရည်များ စီးလည်လာချေ၏။ စိုသော မျက်ရည်

ကြည်သောနှလုံးဖြင့် အားမရနိုင် တင်းမတိမ်နိုင်ဘဲ ဝတ်ဘွား ရှိခိုးကြ၏။

"ဒါယကာ ဒါယိကာမတို့ စွယ်တော်မြတ်ကို ပင့်ဆောင်၍ လက်ာဒီပသို့ အမြန်ဆုံး ကူးသွားကြပေတော့"

ရဟန္တာအရှင်မြတ်သည် လေးနက်သော စကားကို ထပ်မံ မိန့်ကြားပြီးလျှင် သခ်မ်းတွင်းသို့ ဝင်သွားတော်မူသည်။ မင်းသား မင်းသမီးတို့မှာ အေးချမ်းသော ကျောင်းသခ်မ်းကို ခိုလှုံနေထိုင် လိုသော်လည်း ရဟန်းနှင့်လူ မအပ်စပ်လှသဖြင့် မူရင်းစခန်းချရာ နေရာသို့ ပြန်လာခဲ့ကြလေသည်။

သူတို့သည် စခန်းသို့ပြန်ရောက်လျှင်ရောက်ချင်း ဝါးရှည်ရှည် တလုံးကို ရှာဖွေကာ တိုင်ထိပ်တွင် အဝတ်ဖြူချည်လျက် စိုက်ထူ ထားကြ၏။ အနီးအပါးမှ ဖြတ်သန်း သွားကြသော ခရီးကြို သင်္ဘောများသတိပြုမိကြစေရန်ဖြစ်သည်။လူများမှာမူ စွယ်တော် မြတ်ကိုကိုယ်နှင့်မကွာစောင့်ရှောက်ရင်း သတိဝီရိယဖြင့် ပုန်းလျှိုး ကွက်လျှိုး နေကြရ၏။

မကြာမီရက်အတွင်း၌ သူတို့၏မြင်ကွင်းအတွင်းသို့ သင်္ဘော တစင်း ဝင်ရောက်ခုတ်မောင်းလာ၏။ မင်းသမီးမင်းသားတို့မှာ သောင်ပြင်ထွက်ကာ လူယောင်ပြ၍ လက်များကို ဝှေ့ရမ်းပြကြ ၏။ ရွက်များ ပြည့်ဖောင်းနေသော သင်္ဘောကြီးသည် လျင်မြန် စွာ ချဉ်းကပ်လာသော်ငြားလည်း ကမ်းသို့ မကပ်ပေ။

ခိုးသားဓားပြကို ကြောက်ရွံ၍ ဖြစ်မည်။ သို့မဟုတ် စီးတိမ် သောင်တိမ် ကျောက် စသည်တို့ မကောင်း၍လည်း ဖြစ်ချင်ဖြစ်ပေ မည်။ မည်သို့ပင်ဖြစ်စေ မင်းသမီး မင်းသားတို့မှာ ခရီးကြို

သင်္ဘောထင်သဖြင့် ယူငင်စရာ ပစ္စည်းပစ္စယများကို ထုပ်ပိုး သိမ်းဆည်းကြသည်။ လှေငယ်တစင်းသားလျှင် သင်္ဘောအနည်း ငယ်ဖြင့် ကမ်းသို့ ရောက်လာကြ၏။

အဆင်ပြေသည် ဆိုရပေမည်။

ဤသင်္ဘောသည် မင်းသား မင်းသမီးတို့ သွားလိုသော လင်္ကာဒီပကျွန်းသို့ သွားမည့် သင်္ဘောဖြစ်နေသည်။ လှေငယ်ဖြင့် လိုက်ကာ သင်္ဘောပေါ်သို့ တက်မိကြသောအခါ ဒုက္ခများ ငြိမ်းအေးတော့မည်မို့ ဝမ်းသာ နေကြလေသည်။ သူတို့သည် သင်္ဘောသူကြီး၏ အခန်းသို့ သွားရောက်ကာ ခွင့်တောင်းကြ သည်။

"ကျွန်တော်ကျွန်မတို့ လင်္ကာဒီပကို သွားလိုတဲ့အတွက် ဟို ဝေးစွာသော ကာလိင်္ဂမှ လာရောက် စောင့်ဆိုင်းနေကြသူများ ဖြစ်ပါသည် ဖခင်"

ဖခင်ဟူသော စကား၏ အဓိပ္ပာယ်အသွားအလာသည် မိဖ ကဲ့သို့ ရိုသေခြင်းသဘောကို ဆောင်လေသည်။ သင်္ဘောသူကြီး ကျေနပ်ပီတိ ဖြစ်စေသော စကားပင်။

"ရပါသည်အမောင်တို့၊ အမောင်တို့ နှစ်ယောက် အတွက် အဘတို့မှာ တစ်တရာ တာဝန်မတက်ပါဘူး၊ အေးချမ်းစွာ လိုက်ခဲ့ ကြပါဘိ"

"ကျေးဇူးအထူးကြီးလှပါသည်ဖခင်။ ခရီးခအဖြစ် ကျသင့် သမျှကိုလည်း ကျေပွန်စွာ ပေးပါမည်။

သင်္ဘောသူကြီးမှာ မင်းသားမင်းသမီးတို့ကို မြင်လျှင်မြင်ချင်း သားသမီးရင်းချာအလား ခင်မင်သနားမိသည်။ သူ့တွင် သား

ထောက် သမီးခံ မရှိသဖြင့် ငါ့သားနှင့်ငါ့သမီးဘဲ ဖြစ်လိုက်ပါတော့၊ ရုပ်ရည်ရူပကာကလဲ ပြေပြစ်ချောမော၊ အပြောအဆိုကလဲ ယဉ်ကျေးပါဘိသနှင့်- စသည်ဖြင့် တွေးတောအောက်မေ့ကာ ခင်မင်ကြင်နာစိတ်များ တဖွားဖွား ပေါ်ပေါက်နေသူ ဖြစ်ပေသည်။

ထို့ကြောင့် မင်းသား၏ အဖိုးအခစကားကို ပြုံးရွှင်စွာ ငြင်းပယ်လိုက်၏။

"အဖိုးအခမပေးပါနဲ့မောင်၊ ပေးလျှင်လည်း ယူမည်မဟုတ်၊ ကိုယ့်အိမ်ကိုယ့်ယာကို ရောက်ပြီး မိဖသားချင်းများနဲ့ ပြန်တွေ့ရသည့် သဘောထားနှင့် လွတ်လပ်ပျော်ရွှင်စွာသာ လိုက်ပါခဲ့ကြလော့"

ဤသင်္ဘောသည် မဇ္ဈိမဒေသနှင့် လင်္ကာဒီပကို ကူးချေသန်းချေ လုပ်နေသော ကုန်သည်သင်္ဘော ဖြစ်၏။ လင်္ကာဒီပမှ ထွက်ကုန်နှင့် မဇ္ဈိမဒေသမှ ထွက်ကုန်များ ဖလှယ်ရောင်းဝယ်နေသော သင်္ဘောဟုလည်း ခေါ်နိုင်ပေသည်။

မင်းသားမင်းသမီးတို့သည် သင်္ဘောသူကြီး၏ အခန်းထဲတွင်ပင် သင်္ဘောသူကြီးလည်း လွတ်လပ်အေးချမ်းစွာ နေနိုင်စေ၊ မိမိတို့လည်း လွတ်လပ်အေးချမ်းစွာ နေထိုင်စေမည့် နေရာမျိုးကို ရှာဖွေ၍ တင်းတိမ်များ ကာရံကာ အမောအပန်း ဖြေနေကြစဉ် "သူကြီး-သူကြီး၊ သင်္ဘောသူကြီး" ဟူ၍ မောကြီးပန်းကြီး အော်ဟစ်ပြေးဝင်လာသော သင်္ဘောသား တယောက်၏ အသံကြောင့် အလန့်တကြား ထထိုင်မိကြသည်။

"ဟဲ့-ဟဲ့-ဘာဖြစ်သလဲ၊ ဘယ်အရေးဘယ်ကိစ္စများပါလိမ့်"

"သင်္ဘောဘေး ပတ်ပတ်လည်မှာ နဂါးတွေ-ဂဠုန်တွေ"

"ဟာ- ဒီကောင်အရှုးလား၊ နဂါးနဲ့ဂဠုန် အတူ တွဲနေလို့ ရမလားဟ၊ ဘာတွေ ဘောင်စဉ်ခရမရ လာပြောနေတာလဲ"

"မယုံရင် လိုက်ကြည့်စမ်းပါ သူကြီးရယ်၊ မဟုတ်ရင် ကျွန်တော့် ကျောကုန်းကို ဖနောင့်နဲ့ပေါက်"

သို့ကြောင့် သင်္ဘောသူကြီးမှာ နေရာမှ ထရတော့သည်။ ခေါင်းပေါင်းပြင်ပေါင်း၊ ပုဆိုးပြင်ဝတ်ရင်း မင်းသားမင်းသမီး တို့ကို သတင်းပေး၏။

"သားတို့ သမီးတို့ရေ၊ နဂါးတွေ ဂဠုန်တွေတဲ့လကွယ့်၊ အဘ နဲ့ အတူ လိုက်ကြည့်ပါလား"

"ဟုတ်ကဲ့ အဘ၊ ကျွန်မတို့လဲ လိုက်ပါရစေ"

သင်္ဘောသူကြီးနှင့် မင်းသား မင်းသမီးတို့ သင်္ဘောကုန်းပတ် ပေါ်သို့ ရောက်လာကြသောအခါ သင်္ဘောသူကြီးမှာ အံ့သြ မဆုံးအောင် ငေးမောနေလေ၏။ သင်္ဘောသား၏ သတင်းစကား သည် အမှန်ပင်ဖြစ်၏။ တကောင်နှင့်တကောင် တမျိုးနှင့်တမျိုး ကမ္ဘာရန် ဖြစ်သော နဂါး ဂဠုန်များသည် သင်္ဘောရှေ့မှ ဦးတိုက်၍ ရှိခိုးပူဇော်နေကြ၏။ နဂါးများ ဂဠုန်များ၏ ဘေး နှင့် နောက်တွင်မူ ငါးမန်း၊ ငါးဆင်၊ လိပ်၊ ငါး စသည့် ရေ သတ္တဝါများ မျှော်မဆုံးအောင် လိုက်ပါလာကြသည်။

မင်းသား မင်းသမီးတို့မှာလည်း ယင်းကဲ့သို့ ဆန်းပြားသော နဂါး၊ ဂဠုန်နှင့် များပြားသော ရေသတ္တဝါများကို ဤမျှ အံ့သြလောက်စဖွယ် များပြားစွာ မမြင်ဘူးသဖြင့် ငေးမျှော် ရှုမော နေကြလေ၏။

---

နိလာဝလေ

"ဒီပင်လယ် သမုဒ္ဒရာကို သွားချေလာလှည့်နဲ့ ငါကူးသန်းနေတာ နှစ်ပေါင်း သုံးဆယ်ကျော်ခဲ့ချေပြီ၊ ယင်းသို့ တကြိမ်မျှ မကြုံစဘူးပါတကား"

သဘော်သူကြီးသည် အံ့အားတသင့် ငေးမော ကြည့်နေရာမှ သတိထား၍ ဆင်ခြင် သုံးသပ်ရင်း မင်းသား မင်းသမီးတို့ကို သတိရသည်။

"ဤဇနီးမောင်နှံကား ထူးခြားသောရုပ်ရည်ရူပကာနှင့် အသံလည်း ရှိ၏။ လူသူမနေနိုင်သောအရပ်မှ ခေါ်ယူပြီး တက်လာကြ၏။ ၎င်းတို့နှင့် ပတ်သက်၍ ဤထူးဆန်းမှုသည် ဖြစ်ပေါ်ခြင်းခပလော"

ထို့ကြောင့် မင်းသား မင်းသမီးတို့အား ဤသို့ မေးမြန်းပြောဆို၏။

"အမောင်အမိ–ချစ်သားချစ်သမီးတို့၊ အဘသည် ဤလမ်းဤခရီးကို ကူးသန်းသွားလာခြင်းဖြင့် အသက်မွေးခဲ့ရာ နှစ်ကာလသုံးဆယ်ကျော်ခဲ့ပြီ။ ဤကဲ့သို့ ထူးဆန်းအံ့သြဘွယ်ရာကို တကြိမ်တခါမျှ မကြုံစဘူးပေ။ ယခုတွေ့မြင်ရသော နဂါးဂဠုန်များ၏ အမူအရာကိုထောက်ချင့်၍ ရန်သတ္တရုပြုလိုဟန်မရှိပေ၊ တစုံတရာထူးမြတ်သော ပူဇော်ဘွယ်ကို ဦးခိုက်ပူဇော်နေကြသကဲ့သို့ရှိသည်။ သားတို့ သမီးတို့တွင် ရတနာသုံးပါးနှင့် အကျုံးဝင်စပ်လျဉ်း၍ ဝပ်စင်းကော်ရော် ပူဇော်ထိုက်သော ပစ္စည်းတစုံတရာပါရှိခဲ့လေသလော"

သဘော်သူကြီးက တွေးဆ မေးမြန်းခလေလျှင် မင်းသမီးသည် ငေးမော အံ့သြနေရာမှ အမှတ်ရလာချေသည်။

---

**နိလာစာပေ**

"သည်းခံပါလော့ အို-ဖခင်၊ အကျွန်ုပ်တို့တွင် သဗ္ဗညုတ မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်သည် ပါရှိလာခဲ့ပါသည်။ ကျွန်ုပ်တို့၏ ခမည်းတော်မြတ် လောကနတ်မှာ ကာလိင်္ဂပြည့်ရှင် ဘုရင်မင်းဖြစ်၍ စွယ်တော်မြတ်ကို ရယူလိုရေး စစ်သံပေးသော ရပ်ဝေးမြေခြား ရန်သူများနှင့် တအားရင်ဆိုင် စစ်ပြိုင်ရာတွင် ကံကုန်ခဲ့ပါသည်။ သို့ဖြစ်ရကား ဘုရားစွယ်တော်ဓာတ်မြတ်မော်ကို ကျွန်းညိုလင်္ကာမြတ်ဒီပရှိ ရာဇာ့မည်ရင်း မဟာသေနမင်းထံ ဆောင်ကြဉ်းရန် လာခဲ့ကြောင်းပါ ဖခင်"

"ဝမ်းမြောက်လှပေသည် သမီး၊ ချစ်သမီးနှင့် ချစ်သားတို့ကား ငါ၏ မြင့်မြတ်သော ဧည့်သည်တော်များ ဖြစ်ကြပေသည်"

သင်္ဘောသူကြီးသည် အခန်းသို့ ပြန်ပြေးလာကာ စွယ်တော်မြတ်ကို အကြိမ်ကြိမ် ဦးနှိမ်ရိုကျိုး ရှိခိုးလေ၏။ သင်္ဘောသားတို့လည်း အုတ်အုတ်ကျွတ်ကျွတ် ပြေးလာကာ ရှိခိုးပူဇော်ကြ၏။

ပထမတွင် နဂါး ဂဠုန်နှင့် ရေသတ္တဝါများသာ ဦးတိုက်ပူဇော်နေခဲ့ကြရာ ယခုမူ– ကုမ္ဘန်၊ ယက္ခ၊ ဂန္ဓဗ္ဗတို့ပါ ဝန်းရံပြည့်ကျပ်နေလေတော့သည်။ ဤသို့ဖြစ်ရခြင်းကား ပဏ္ဏုဟာရ နဂါးမင်းကြောင့် ဖြစ်ပေသည်။

ပဏ္ဏုဟာရနဂါးမင်း ခိုးယူသွားသော စွယ်တော်မြတ်ကို အရဟံမထေရ်မြတ် ဂဠုန်ယောင်ဆောင်၍ လိုက်လံယူစဉ်ကဥက္ကောဋ္ဌရေယျ ဖြစ်သွားခဲ့သည်။ နဂါးလောကတွင်၎င်း၊ ဂဠုန်လောကတွင်၎င်း သမုဒ်ကမ်းစပ်သို့ ကြွမြန်းတော်မူလာသော စွယ်တော်မြတ်သတင်းသည် ပျံ့သင်းနေလေသည်။

ဤစွယ်တော်မြတ် သမုဒ္ဒရာကို ဖြတ်၍ ကြွချီလာသောအခါ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗတို့သည် ၎င်းတို့ တိုးဝင်ပူဇော်ခွင့်ရနိုင်သော ဤနေရာတွင် နောက်ဆုံး ပူဇော်ကန်တော့ကြမည်။ လူတို့ဒေသ ရောက်သွားသောအခါ လူကြား နတ်ကြား တိုးဝင်ရန် မလွယ်တော့သဖြင့် ဤနေရာမှ ဝိုင်းဝန်းပူဇော်ကြခြင်း ဖြစ်လေ၏။

သင်္ဘောသူကြီးအခန်းထဲသို့ သင်္ဘောသားတွေ တိုးဝှေ့ဝင်လာ၏။ တွန်းကြ တိုးကြနှင့် လဲကွဲကုန်သည်။

"ချစ်သမီး၊ ကုန်းပတ်ပေါ်သို့ ပင့်ဆောင်သွားပါလော့။ သင်္ဘောသားများကသာမက နဂါး ဂဠုန်တို့လည်း တဝကြီး ကြည်ညိုကြပါစေ"

ထိုသို့ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗတို့ ပူဇော်သက္ကာရကို ပြုကြစဉ်အခါ မြတ်စွာဘုရား၏ စွယ်တော်ကို ပူဇော်ခြင်းငှာ ဟေမမာလာ မင်းသမီးသည် ရွှေကြုတ်မှ ထုတ်သောခဏ စွယ်တော်ဓာတ်မြတ်သည် မင်းသမီး၏လက်မှ ကောင်းကင်သို့ ပျံတက်၍ ရောင်ခြည်တော် ကွန်ယက်ကို ထက်ဝန်းကျင်သို့ လွှတ်ပြီးလျှင် ဟေမမာလာ မင်းသမီး၏ ဦးဆံ ဆံထုံးထက်သို့ ပျံတက်၍ တည်နေတော်မူ၏။

သင်္ဘောသူကြီးနှင့် သင်္ဘောသားများသည် ဖူးတွေ့ရန်ဝေး၍ အိပ်မက်မျှပင် မမက်ဘူးသော မြတ်စွယ်တော်ကို ဖူးတွေ့ကြရသဖြင့် သဒ္ဓါကြည်ညိုစိတ် ကဲလွန်ကာ သင်္ဘောပေါ်တွင် ပါလာသမျှ ထူးမြတ်သော ပစ္စည်းဝတ္ထုတို့ဖြင့် ပူဇော်ကြလေသည်။

သမုဒ္ဒရာထဲတွင်လည်း ရေပြင်သည် လုံးဝ ပျောက်ကွယ်နေ၏။ ရှုမဆုံး မျှော်မဆုံးအောင် ရေသတ္တဝါများ ဖုံးအုပ်နေလေ၏။ နဂါး၊ ဂဠုန် အစရှိသည်တို့လည်း ထူးမြတ်သော ပန်းမွှေးကြိုင် နံ့သာတို့ဖြင့် ကြည်ညို ပူဇော်ကြ၏။

အစပထမသော် သင်္ဘောသားတို့သည် မိမိတို့၏ သင်္ဘော ရွေ့သလား ရပ်နေသလား မသိကြပေ။ စွယ်တော်မြတ်ကို အာရုံညွှတ်သွားနေကြသည်။ ထို့နောက်တွင်ကား သင်္ဘောမှာမှာ ရေသတ္တဝါတို့ကြောင့် မရွေ့လျားဘဲ ကျောက်ချထားသလို ရပ်တန့်နေခြင်းကို သိကြရလေသည်။

စွယ်တော်မြတ်ကို ဝန်းအုံ ပူဇော်ကြသော သတ္တဝါများထဲတွင် ရေနဘ်နဂါးတို့သည် အသဲဆုံး အကဲဆုံး ပေးတည်း။ အခြား သတ္တဝါများ အစာ ရှာဖွေရန် ထွက်ခွာ သွားကြပေမင့် နဂါးများကား မသွားကြချေ။ သင်္ဘောဦးသို့ လာလိုက်၊ ဘေးသို့ ခေါင်းကပ်လိုက်၊ ပဲ့ပိုင်း ပြေးလိုက်နှင့် ရေပြင်တခုလုံး နဂါးတွေချည်း ဖြစ်နေကြ၏။ သင်္ဘောမှာ တရက်သော်လည်း မရွေ့၊ နှစ်ရက်သော်လည်း မရွေ့နှင့် ၇-ရက်ဘိုင်တိုင် သမုဒ္ဒရာ အလယ်တွင် ရပ်နေရလေ၏။

သင်္ဘောသူကြီးနှင့် သင်္ဘောသားများသည် သင်္ဘော မရွေ့ခြင်းကို တရက်နှင့်ရက်တွင် ထူးဆန်းသော အဖြစ်ဟု သဘောထားကာ ကျေနပ်ဝမ်းသာနေကြ၏။ သုံးရက်မှ လေးရက် ကြာမြင့်လာသည့်တွင် စားရေရိက္ခာ ကိစ္စနှင့် ရာသီဥတု ကိစ္စတို့ကို တွေးတောပူပန်လာကြ၏။ ၇-ရက် ကြာမြင့်လာသော အခါတွင်ကား သမုဒ္ဒရာထဲတွင် ယခုကဲ့သို့ တသက်လုံး နေသွားရတော့မည်

ထင်ကာ သွေးပျက်ခမန်း ထိတ်လန့်တုန်လှုပ်လာကြကာ ရေနတ်နဂါးတွေကို ပစ်ခတ်တိုက်ခိုက်ကြလေသည်။

ဤအခြင်းအရာကို မြင်ရသော မင်းသမီးမှာ ရေနတ်နဂါးတို့ ပြန်လှန် ရန်ပြုမည်ကိုလည်း စိုးရိမ်သည်။ သင်္ဘော မရွေ့နိုင်သောကြောင့်လည်း လွန်စွာ ကြောက်ရွံ့သည်။ ထို့ကြောင့် ရှင်အရဟံ ရဟန္တာ အရှင်မြတ်ကို တိုင်တည် တမ်းတလျက် အော်ဟစ်ငိုကြွေးရှာတော့သည်။

မင်းသမီး၏ ငိုကြွေး တိုင်တည်သံကို ရဟန္တာ အရှင်မြတ်သည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြားသိတော်မူသည်။ မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်နှင့် အသေအချာ သက်ဆိုင်နေသည့် ကိစ္စ ဖြစ်သောကြောင့် ဘုရားသားတော် ရဟန္တာ ရှင်အရဟံမထေရ်မြတ်သည် သင်္ဘော တည်ရှိရာသို့ ကြွလာတော်မူပြီး ရေနတ်နဂါးတို့ကို ဖယ်ရှားပေးတော်မူသည်။

ရေနတ် နဂါးတို့ ဖယ်ရှားသွားသည့် ခဏဝယ် သင်္ဘောသည် သိန္ဓောမြင်းကဲ့သို့ လေ၏လျင်မြန်သော အဟုန်ဖြင့် ပြေးထွက်သွားပေ၏။ ထိုအချိန်မှစ၍ မင်းသား မင်းသမီးတို့မှာ စွယ်တော်ဓာတ်မြတ်ကို လုံခြုံစွာ သိမ်းဆည်းထားကြသည်။ သင်္ဘောလည်း ရက်များစွာ မကြာမြင့်မီပင် လင်္ကာဒီပကျွန်း ဇမ္ဗုကောလပဋ္ဋန ဆိပ်ကမ်းသို့ ချောမောစွာ ဆိုက်ကပ်မိလေသတည်း။

ဒန္တကုမာရ မင်းသားနှင့် ဟေမမာလာ မင်းသမီး တို့သည် ဆင်းရဲသား ပုဏ္ဏားအသွင်ဖြင့်ပင် သင်္ဘောမှ ဆင်းသက်ခဲ့ကြ၏။ သင်္ဘောသူကြီးမှာ စွယ်တော်မြတ် အရေးကိစ္စသာ တာဝန်ကြီး အဖြစ်မပါရှိလျှင် သင်္ဘောဖြင့်ပင် ဆက်လက် သည်ဆောင်သွားပြီး သမီးရှင်း သားရှင်းအမှတ် မေးစားလိုသည်အထိ ချစ်ခင်ရှာသည်။ မခွဲခွာလျှင် မဖြစ်၍လွှတ်လိုက်ရသည့်အတွက် ဝမ်းနည်း ပက်လက်ဖြစ်လျက် ကျန်ရစ်ရှာ၏။

မင်းသား မင်းသမီးတို့သည် မျက်ရည် စက်လက်ဖြင့် ဆင်းလာကြရာ လှည်းကုန်သည်များ တည်းခို ပေါင်းဆုံလေ့ရှိသော သာလာယာ ဇရပ်ကြီးသို့ လာခဲ့ကြ၏။ ဇရပ်တွင် သင့်လျော်မည့် နေရာကို ရှာဖွေ စခန်းချကာ ချက်ပြုတ် စားသောက်ရင်း အနုရာဓပူရမြို့သို့ သွားသောလမ်းစဉ် စခန်းစဉ်ကို လှည်းကုန်သည်များထံတွင် စုံစမ်းကြရသည်။

သို့ဖြင့် အနုရာဓသို့သွားမည့် လှည်းငါးရာကို တွေ့ရသဖြင့် ၎င်းတို့ ထွက်ခွာမည့် နေ့ရက်ကို စောင့်ဆိုင်းကာ ယင်းလှည်းကုန်သည်တို့နှင့် လိုက်ပါလာခဲ့ကြ၏။ ညှိပျောင်းအထပ်ထပ် တောအတန်တန်ကို ရက်ပေါင်း များစွာ ဖြတ်သန်းပြီးနောက် အနုရာဓမြို့သို့ ဆိုက်ရောက်ကြ၏။ လှည်းကုန်သည်တို့လည်း ဆင်းရဲသားအသွင်ဆောင်သောမင်းသားနှင့် မင်းသမီးတို့ကိုနှုတ်ဆက်ပြီး စခန်းချရာ နေရာသို့ ထွက်ခွာသွားကြသည်။

---

နိုလာစာပေ

မင်းသားနှင့် မင်းသမီးတို့သည် မင်းနေပြည်တော်သို့ ရောက်ရှိစေကာမူ နန်းတော်သို့သွား လမ်းကို မသိကြသေးချေ။ သို့ဖြင့် လမ်းဘေးတွင်တွေ့သော မုန့်သည်တယောက်ထံ ချဉ်းကပ် စုံစမ်းကြ၏။

"မဟာသေနမင်း စံနန်းတော်သို့ သွားလမ်းသိပါက ညွှန်ပြပါဘိ အမိငယ်"

မုန့်သည်မသည် မသင်္ကာ မျက်လုံးဖြင့် ပြုံး၍ ကြည့်သည်။

"အမောင်အမိတို့သည် ဤရပ် ဤဒေသမှ မဟုတ်ကြယောင်တကား။ မဟာသေနမင်း နတ်ရွာလားခဲ့သည်မှာ ကိုးနှစ်ကြာခဲ့ချေပြီ"

မင်းသားမင်းသမီးတို့မှာ 'ဟင်' ကနဲအော်မိကြသည်။ ဖခမည်းတော်၏ မိတ်ဆွေမှာ မဟာသေနမင်းသာ ဖြစ်သည်။ သူမရှိရာ အရပ်တွင် မင်းသမီး မင်းသားတို့ အားထားရာမဲ့ ချေပြီ။

သို့ရာတွင် လူတို့စိတ်မှာ အမျိုးမျိုးရှိကြ၏။ မကောင်းသော ပြည့်ရှင်မင်း လက်အောက်တွင် နှိပ်စက်မှုကို ထပ်ဖန်တလဲလဲခံရလွန်းပါက ယင်းမင်းကို သေပါစေဟုဆုတောင်းကြ၏။ ယင်း၏ သတင်းကို မေးလာသူရှိလျှင်လည်း တကယ်မသေဘဲနှင့် "သေပြီ" ဟုပြောတတ်ကြ၏။

မုန့်သည်မသည် မဟာသေနမင်းကို မုန်းတီးသောကြောင့် သေပြီ ပြောသလောဟူ၍ ဖြေသိမ့် တွေးတောကာ အခြားတယောက်ထံ စုံစမ်းကြပြန်၏။ အဖြေကား မုန့်သည်မ၏ အဖြေနှင့် ထပ်တူပင်။ ယင်းသို့ တယောက်ပြီးတယောက် မေးသော်လည်း မဟာသေနမင်း နတ်ရွာစံတော်မူကာ သားတော် ကိတ္တိသီရိ

မေဃ်မင်းနန်းစံသည်မှာ ကိုးနှစ်ရှိခဲ့ပြီဖြစ်သည်ဟူ၍ တညီတညွတ်တည်းသတင်းပေးကြလေ၏။

တွေ့သမျှလူတိုင်းထံတွင် မေးမြန်း စုံစမ်းစေကာမူ "အညီအညာ များတကာလို့ မှန်ရာသဘောတင်လျှောက်ပြောက မင်းဆေးပွား နတ်ရွာလား၍ လွမ်းအားမပြေ မျက်ရည်မစဲ စမ်းထဲပုမ်း မိုးတောကဲထိန် အရှိန်မသတ် ရှိလတ်တုံ့ရှောင်း နောက်ထပ်လောင်း၍ မင်းကောင်းမင်းမြတ် ဖမြတ်ဘုန်းစေ မိတ်ဆွေရင်းချော မဟာသေန ရာဇသင့်နှင်း သီဟိုဠ်မင်းသည် မကင်းမေ့ဘာ နတ်ရွာပြောင်းပံ တင်လျှောက်သံကို ထပ်မံကြားပြန်က ဒုက္ခဒုက္ခကြုံ မိုးတပုံတွင် ပေါင်းအုံရောရှက် မိုးတပုံဆက်သော ကြောင့် အသက်ပြောင်ပြန် အူသဲလန်မျှ ခန္ဓာပြတ်ကြွေ သေလုခမန်း ပင်ပန်းရှိရှား တအားငိုနှဲ့ ငိုမဲ့မဲ့နှင့်ယိုခဲ့မျက်ရည် မဆည်တတ်နိုင်၊ တောင်ယိုင်မြောက်ယိမ်း ဖြေသိမ်းမရ သောကပရိဒေဝ ဒုက္ခပိုင်း တောင်ကြီးစတေ ဖုံးအုပ်လေသို့ ပြင်းစွာတွေ့ဝေ ပရိဒေဝ ဒုက္ခပိစီး သောကမီးကြောင့် မင်းသမီး မင်းသားတို့အား ဆယ်ပါးဒိသာ စကြဝဠာပတ်ကုံး မိုးလုံးမဲမဲ တခဲနက်မှောင်ကြီး ပိတ်ဆီးဝန်းကျင် ရှိသကဲ့သို့" သွားစရာမရှိ ချဉ်းကပ်ခိုကိုးစရာမရှိ ဖြစ်နေကြရလေသည်။

အဖ၏သားသမီးသည် အဖ၏မိတ်ဆွေကိုသာ မိတ်ဆွေအဖြစ်၊ အဖအဖြစ်ဤကဲ့သို့ ရေခြား မြေခြား ဒေသတွင် သဘောထားနိုင်ကြသည်။ မိတ်ဆွေ၏ သားမူကား အဖမိတ်ဆွေ မဟုတ်သဖြင့် စိတ်ထဲက စိမ်းနေသည်။

---

နိဿာဝါဓပ

ဤသဘောအရပင် ကိတ္တိသိရိမေဃမင်းထံ ဝင်ရောက်ရန် စိတ်မရဲဘဲ ငြိမ်နေကြသော်လည်း တဖန် စိတ်အားကို တင်းလိုက်ပြန်၏။

"မဟာသေနမင်း မရှိသော်လည်း ၎င်း၏ အရိုက်အရာကို ဆက်ခံသော ကိတ္တိသိရိမေဃမင်းသည် ခမည်းတော်၏ မိတ်သဟာများကို မိတ်ဝတ်မပျက် လက်ခံတန်ရာပါသည် မောင်တော်"

မင်းသမီးက အားတင်း၍ နှစ်သိမ့်စကား ပြောလေငြားမင်းသား ဘဝင်မဖြောင့်နိုင်ပါချေ။

"နှမတော် ပြောသည်မှာ မှန်ပေသည်။ သို့သော် မင်း၏ မိတ်ဆွေ မင်းအနေဖြင့် သွားချေမှ သင့်လျော်မည်။ ယခုသော်ကား နှစ်ပါးဒို့ အခြေအနေမကောင်း၊ နွမ်းဟောင်းဝတ်လဲ ညစ်မွဲ မပြောင် အရောင်မရှိန်း အစွန်းစွန်းနှင့် မင်းခမ်းမပါ ဗလာခြံရွေ ဤအနေနှင့် သွားချေ၍ လားလားမျှ မလျော်ပေ နှမတော်"

မင်းထံသို့ မင်းအဖြစ်ဝင်ရောက်လိုလျှင် မင်းနှင့်ထိုက်လျောက်သော နောက်လိုက်ရံရွေ ပါရမည်။ အဆင့်အတန်းနှင့်ညီသော တန်ဆာ ဘောင်းနားခွာင်း ဆင်ယင်ရမည်။ သဝဏ်လွှာတံဆိပ်နှင့် လက်ဆောင်ပဏ္ဏာ ပါရမည်။

ယခုမူ စုတ်ပြတ်ပေကျံနေသော အဝတ်အစားနှင့် ကာလိင်မင်း၏ တူတော်နှင့် သမီးတော်ဟု မည်သူ ယုံကြည်မည်နည်း။ သည်သို့ပြောတိုင်း ယုံကြည်လက်ခံပါက လူတိုင်း လာ၍ပြောနေကြတော့မည်။ ထို့ကြောင့် ကိတ္တိသိရိမေဃမင်းထံ ဝင်ရောက်ရန် စိတ်ကူးမှာ ပျက်ပြားသွားတော့သည်။ ထိုသို့ဖြင့် နားရန်

ခိုရန် နေရာကို စဉ်းစားရသည်။ စွယ်တော်ခတ်မြတ်နှင့် သင့်လျော်မည့် အထိုက်တန်ဆုံး နေရာကိုလည်း ရှာဖွေကြရသည်။

ရတနာသုံးပါး သာသနာတော် ထွန်းကားသော အရပ်ဒေသတွင် ခိုကိုးရာမဲ့ သူတို့၏ အားထားရာသည် ဘုရားသားတော် ရဟန်းသံဃာများနှင့် ၎င်းတို့၏ ကျောင်းအာရာမ်များ ဖြစ်တော့၏။ ထိုအကြောင်းကို မင်းသားသည် မင်းသမီးအား ပြောပြ တိုင်ပင်သည်။

"ရဟန်းတော်တို့ မည်သည်ကား သနားတတ်သော ကရုဏာသည် မကွာနိစ္စ ရှိတတ်ကြ၏။ သပြေတည်ထွန်း ဇမ္ဗူကျွန်းမှ ဖြန့်ယှန်းကူးလာ ကြောင်းရာကုန်ဖင် လျှောက်တင်ပြီးကာ လက်ခေါ်ညွှန်း သီဟိုကျွန်း၌ ခင်ပွန်းမိတ်ဆွေ အခြေပြုရာ မရှိပါ၍ မျက်နှာညှိုးငယ် ကိုးကွယ်မရ ရှိပါကြောင်းကို လျှောက်ထား ရလျှင် ကြည့်ရှုစောင်မရန် အကြောင်းရှိရာ၏"

မင်းသမီးလည်း မင်းသား၏ စကားကို လက်ခံသဘောတူကာ တည်းခိုဝင်ထွက်ရန် သင့်လျော်မည့် ကျောင်းတိုက်တခုသို့ ဝင်ခဲ့ကြသည်။ ထိုကျောင်းတိုက်သည် မဟာဝိဟာရကျောင်းတိုက် ဖြစ်ပေသည်။

ကျောင်းတိုက်ကြီး၏အကြီးဥက္ကဋ္ဌဆရာတော်မှာ သဃ်နာယက မထေရ်မြတ် ဖြစ်ပေ၏။ မထေရ်မြတ်သည် ညွတ်တွားရှိသေစွာ ဖြင့် ဦးသုံးကြိမ်ချ ကန်တော့ကြသော ဆင်းရဲသားလင်မယားကို အကဲခတ်ပြီးမှ မေးမြန်း၏။

"အနေအထိုင် ခံ့ခိုင်ကျော့ရှင်း အဆင်းရုပ်ဝါ လှပစွာဖြင့် အင်္ဂါလက်ခြေ ပြေပြစ်ချောသွယ် ရှုဘွယ်မညောင်း ကောင်း

သောလက္ခဏာ ပုံပန်းမှာမူ တေဇာခမောက်ဖြိုး မျိုးရိုးဇာတိ သာကီနွယ်ဝင် မှတ်ထင်စရာ ယခုမှာမူ မျက်နှာမကောင်း နွမ်းဟောင်းဝတ်လဲ ညစ်မွဲမပြောင် အရောင်မရွန်း အစွန်းစွန်းနှင့် ဘယ်ကျွန်းဒီပါ ဘယ်ရွာဘယ်မြို့ ဘယ်တိုင်းတို့က ဘယ်သို့တစ်ကိစ္စရှိ၍ လာဘိသနည်း ဒါယကာ”

“မှန်လှပါ ဆရာသခင် မြတ်ထေရ်ရှင်ဘုရား၊ တပည့်တော် ဘပည့်တော်မတို့သည် မြတ်စွာဗုဒ္ဓ ပွင့်ရာဌာန မဇ္ဈိမ၏ ကာလိင်္ဂတသီး တိုင်းကြီးအရှင် ဘုရင်ဂုဟာသီဝမင်း၏ မယွင်းမျက်ဖျော် သားမက်တော်နှင့် သမီးတော်တို့ ဖြစ်ကြောင်းပါဘုရား။ တိုင်းခွင်ပြည်ရေး ရှုပ်ထွေးစစ်မက် မငြိမ်သက်၍ ကိုယ့်ဖက်ရှုံးမည် အတည်မကျ ကြားသိရလျှင် ‘ဗုဒ္ဓမြတ်စွာ မဟာအတုလ သုံးလူ့ဘ၏ ကာယအစိပ်အဆစ် စွယ်တော်မြတ်အစစ်ကို ယူလစ်ဘိမ်းရှောင် တောတောင်ပုန်းကွယ် စင်ကြယ်သီလ ဗြာဟ္မဏအလား ပုဏ္ဏားအယောင် တူစွာဆောင်၍ လွတ်အောင်အရေး သီဟိုသို့ပြေးကြ၊ ငါ၏သဟာယ အဒိဋ္ဌမိတ်ဆွေ မဟာသေနရာဇ သေဠှနင်း ပြည့်ရှင်မင်းသို့ ဆောင်နှင်းပေးဆက်လော့’ဟူသော မင်းစောရာဇာ မိန့်အာဏာကြောင့် လင်္ကာဒီပ နာမခေါ်ညွှန်း ဤရပ်ကျွန်းသို့ မှစွန်းမငြိ မထိဘေးရန် ကူးရောက်ခဲ့အမှန် ဖြစ်ပါကြောင်း အရှင်ကောင်းဘုရား”

မဟာအတုလ လောကထိပ်နင်း တရားမင်း၏ စွယ်တော်ဓာတ်မြတ်သည် မထင်မှတ်ဘဲ မိမိကျောင်းပေါ်သို့ ရောက်ရှိလာသည်ကို သိရသောအခါ အရှင်မြတ်မှာ နှစ်သက် အားရတော်မူစွာဖြင့် ဖွင့်လှစ်၍ ကြည်ညိုရှိခိုးလေ၏။ သဒ္ဓါဗလဝဖြင့် မဝနိုင်

အောင် ရှိခိုးပြီးမှ မင်းသားနှင့် မင်းသမီးတို့အား သင့်လျော်သော အဆောက်အဦတခုတွင် နေရာချထား ပေးလေသည်။ မဟာသေနမင်း မရှိတော့သော်လည်း အားငယ်ရန်မလိုစသည်ဖြင့် နှစ်သိမ့်အားပေးတော်မူ၏။

မထေရ်မြတ်သည် ကျောင်းပေါ်သို့ ပြန်တက်လာပြီးမှ စဉ်းစားမိပြန်၏။

"မင်းသားမင်းသမီးတို့ အားထားကိုးကွယ်ရာ မြတ်စွာဘုရား၏အသ[illegible]ဓာတ်သွားတော်မြတ်စွယ်တော်ဓာတ်ပါလာကြောင်းနှင့် မင်းကောင်းနရိန္ဒ သာသနာ့ဒါယကာ သဒ္ဓါရှန်းမြို့ ကိတ္တိသိရိမေဃ တေဇော်လင်း ပြည့်ရှင်မင်း၏ ရှေ့တော်မှောက်သို့ ရောက်ပျော်ယှဉ်ရှိသော မင်း၏မျက်ဖျော် ရင်သွေးတော်များလည်း လျော်သင့်လျောက်ပတ် မြောက်စားလတ်သဖြင့် ကြီးမြင့်အခြေမြိုးတင့်ပေမည်။ ယခုနေခါ ငါမှတပါး အားကိုးစရာဘယ်မှာတစ် ရှိတော့အံ့နည်း"

ယင်းသို့ ထေရ်တော်မြတ်၏အရေး၊မင်းနှစ်ပါးတို့၏ ရှေ့ရေးတို့ကို တွေးဆင်ခြင်ပြီးလျှင် ရဟန်းသာမဏေတို့ကို ဆင့်ခေါ်၍ ကျောင်းတိုက်ကြီးအတွင်း ရှင်းလင်းသန့်စင်စေသည်။ တပြိုင်နက်ပင် ဘုရင့်ထံဝင်ရောက်ရန် အဆင်ပြေမည့် ရဟန်းတပါးကို ခေါ်ကာ မိန့်တော်မူ၏။

"ငါ့ရှင်ရဟန်း၊ မင်းခမ်းသဘင် စံရှင်ကျင်းပကိတ္တိသိရိမေဃ နရမှန်ကင်း မင်း၏ အထံသို့ သွား၍ စကားကြားသို့ ကြားတုံမြို့လော့။ လူနတ်တို့ဆရာ သမ္မာသမ္ဗုဒ္ဓ လောကမျက်ရှု သဗ္ဗညုတို့ အောင်ဆုချွေရာ မဏ္ဍိမာဒေသ ဇေယျကြင့်နန်း ညောင်နန်း

ဗောဓိ တည်ရှိပေါ်ထွန်း ဇမ္ဗူကျွန်း၌ မော်ကွန်းတန်ဆောင် စိုက်ထောင်ပွင့်လင်း ကာလိင်္ဂမင်း၏ အရင်းအစစ် ချစ်ရှိမငြိုး သမီးတော် ဟေမမာလာ အောင်ချာပူရီ ဥဇ္ဇေနီမင်း၏ မျက်ကွင်းပတ္တမြား သားတော် ဒန္တကုမာရ ဆွေမယ် မောင်နှမတို့ ဗြာဟ္မဏအသွင်ဖန်စီရင်၍ ယခုပင်ရောက်ရှိလာကြသည်”

ဖခင်မြတ်လှ ဂုဟသီဝ နာမကျော်ရှိန် မင်းနရိန်က မုန်မြတ်စွာ ဓာတ်ဒါဌာကို ရတနာရွှေကြုတ်နှင့်တကွ သီဟဠကျွန်း ဖြန့်ဝှန်းအာဏာ မဟာသေန တေဇလျှံဖိတ် ငါ့မိဆွေရင်း ပျော်ခင်းစံရာ ကျွန်းလင်္ကာသို့ ယူကာဆောင်သွား အမိန့်တော်ထားသည်နှင့် နှစ်ပါးမောင်မယ် စွယ်တော်ကို ယူဆောင်၍ ကျွန်းဘောင်ညီညွှန်း ဌာနသို့ ဆိုက်မှာတော်မူလိုက်သော ခမည်းတော် မြတ်စကားဖြင့် မင်းဖျားရာဇ မဟာသေနမင်း အကြောင်းကို မေးသော်-

အရေးမလှ နတ်ရွာသို့ ကြွကြောင်းကိုကြားလျှင် အားထားစရာမရှိပါ၍ မဟာဝိဟာရ ကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသော သင်္ဃနာယကမထေရ် ထံမှောက်သို့ ရောက်ရာတွင်-

“သုံးလူ့ရှင်စွယ်တော်ဓာတ်သည် မြတ်ရာဟင်ထား ထင်ရှားယခု ရှိပါကြောင်း၊ သာသနာ ဒါယကာ သဒ္ဓါလက်ရှိ ကိတ္တိသီရိမေဃမင်းထံ အကြောင်း ကြားချေလော့”

မထေရ်မြတ် စေခိုင်းသောရဟန်းသည် သက်နှင်းကို ကြည်ညိုဘွယ်ရာ ဝတ်ရုံလျက် နန်းတော်သို့ဝင်ရာ ဘုရင်က ကောင်းမွန်ရိုသေစွာ နေရာထိုင်ခင်းပေး၍ ကြွရောက်လာသည့် အကြောင်းကို မေးလျှောက်၏။

---

နိလာစာပေ

ရဟန်းတော်သည် ဆရာမ်ထေရ်မြတ် မိန့်မှတ်သည့်အတိုင်း မိန့်ကြားပြီးနောက် မဟာဝိဟာကျောင်းတိုက်ရှိ စွယ်တော်မြတ်ကို မဖူးရသေးသဖြင့် အလျင်အမြန် ပြန်ကြွသွားလေ၏။

"အရှင်တော်လေစွ၊ မင်္ဂလာကောင်း သတင်းဖြစ်ပေစွ"

ကိတ္တိသိရိမေဃမင်းမှာ ဝမ်းမြောက်လွန်းသဖြင့် ထရမလိုလို ထိုင်ရမလိုလိုနှင့် ကြည်နူးရွှင်ပြလျက် ကျန်ခဲ့သည်။

ပမာဆိုသော်-

"ကိတ္တိသိရိမေဃမင်းသည် သတင်းမင်္ဂလာ ကြားသောအခါ၌ အလွန်ဆင်းရဲလှစွာသော ယောကျ်ားသည် ကံအားလျော်စွာ စကြာမင်းစည်းစိမ် ရိပ်ငြိမ်ရွှန်းဝေအသရေ ရှိသောသူ၏ အဖြစ်သို့ ရောက်သောအခါ လွန်စွာ ဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇ ဖြစ်သကဲ့သို့" အလွန်အကျူးဝမ်းမြောက် နေတော့သည်။

"ဟဲ့....ဟဲ့ မင်းချင်းတွေ လာကြစမ်း။ စစ်အင်္ဂါလေးပါး ခင်းကျင်းဘို့ စစ်သူကြီးအမတ်ကိုလျှောက်ချေကြ။အမတ်ပညာရှိများ အတွင်းဝန် အပြင်ဝန်များထံ အသီးသီးသွားရောက် လျှောက်ထားချေကြ"

မင်းကြီးမှာ-

"တကြိမ်တခါမှ ဖူးတွေ့ရန်မဆိုထားဘိ ကြားသိရန်အလွန်ခက် အိပ်မက်တွင်မျှ မမြင်မက်ဘူးသော အထူးအမြတ် စွယ်တော်ဓာတ်သည် စံတည်တော်မူရာ အနုရာဓ သာစွအုပ်မိုင်း တိုင်းတော်ပြည်တော်အတွင်း မဟာဝိဟာရ ကျောင်းတိုက်၌ ကိန်းဝပ်တော်မူကြောင်းကို ကြားသိထားရ ထိုခဏ၌ သောမနဿ ပီတိ ဆီထိသော ဂွမ်းကဲ့သို့ ဝမ်းမြောက်နှစ်သက် ကိုယ်လက်စိမ့်

စိမ့် တုန်ဖိမ့်ချမ်းမြ ကြက်သီးထလျက် အားရရွှင်လန်းတော်မူသဖြင့်” ဂဏာမငြိမ် ဣန္ဒြေမရ လှုပ်ရှားရွှင်လန်း နေတော်မူ၏။

အခေါ်တော်လွှတ်ထားသော စစ်သူကြီးနှင့် မှူးကြီးမတ်ရာ သေနာပတိတို့ ရောက်ရှိ မလာသေးမီပင် ဘုရင်မင်းသည် စိတ်လှုပ်ရှားလျက် တမျိုးအကြံ ပေါက်လာခဲ့ရပြန် ချေသည်။

“ငါသည် စစ်အင်္ဂါလေးပါးခြံရံလျက် မြတ်စွာဘုရား၏ စွယ်တော်ကို ဖူးမျှော်မည် ကြံစည်၏။ ဤသည်တို့ဖြင့် အဘယ်သို့သော အကျိုးဖလ ဖြစ်ထွန်းသနည်း။ လောကီ အဆောင်အယောင် များသာဖြစ်ချေသည်”

စွယ်တော်မြတ်ကို မဖူးမြင်ရခင်ကပင် သဒ္ဓါကြည်ညိုလွန်းသဖြင့် ဘုရင်မင်းမြတ် အမျိုးမျိုး ကြံစည်စိတ်ကူးမိနေခြင်းဖြစ်၏။

“လူနတ်တို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်ကို ဖူးမျှော်ရန်သွားရာတွင် စစ်အင်္ဂါလေးပါးခင်းကျင်းရုံသာမက ကောင်းမြတ်သော လှူဘွယ်ဝတ္ထုများလည်း ပါရလိမ့်မည်။ ငါသည် မည်ကဲ့သို့သော မြင့်မြတ်သည့် ပစ္စည်းကို လှူဒါန်းရပါမည်နည်း။ သာမညဝတ္ထုဖြင့် လှူဒါန်း ပူဇော်ရန်ကား မသင့်”

ဘုရင်မင်းမြတ်မှာ အကောင်းတကာ့ အကောင်းဆုံး အမြတ်တကာ့ အမြတ်ဆုံးကို စဉ်းစား စိတ်ကူး မရသေးချေ။ သူ၏ မိဖုရားကြီး လေးပါးမှာမူ ရံရွေတော်များကို ဦးစီးလျက် လှူဘွယ်များကို စိတ်ကူးကြံဆ၍ ရသမျှ စီမံနေကြ၏။ ပြင်ဆင်နေကြ၏။ ရောင်မျိုးစုံသော ပန်းများကို အခိုင်လိုက် အဆုပ်လိုက် တမျိုး တွဲ၍ သီ၍တဖုံ မွှမ်းမံကြ၏။ ရွှေခွက်ဖြင့် ထည့်သော

နံ့သာရည်က အဖုံဖုံ၊ မီးရှို့ပူဇော်ရန် နံ့သာကအဝဝ တဦးနှင့် တဦးမထပ်အောင် ပြင်ဆင်နေကြသည်။

ဘုရင်ကြီးသည် မိဖုရားများ မောင်းမမိဿံများ လုပ်ကိုင်ဆောင်ရွက်နေပုံကို လေပြူတင်းမှ မြင်ရ၏။

''သာမန်ပစ္စည်းကို လှူလျှင်ကား သူတို့လှူဒါန်းသောပစ္စည်းနှင့် တူချေတော့မည်။ ထူးလည်းထူး၍ မြတ်လည်း မြတ်သည့်ပြင် သူတကာတို့ လှူနိုင်ခဲ့သော ရတနာဖြင့် ခြယ်စီအပ်သောမင်္ဂလာသင်းကျစ် ရတနာကို ငါလှူဒါန်းအံ့''

မင်းမြောက် တန်ဆာများတွင် မင်္ဂလာသင်းကျစ်သည် မြင့်မြတ်သော ရတနာဖြစ်၏။ အဖိုးလည်းထိုက်၏။ သို့တစေ ကိုယ်တိုင်ရှိ ဝံမဃမင်းကြီးမှာ ဤမျှလောက် လှူဒါန်းရခြင်းကိုလည်း သေးငယ်လှသေးသည်ဟု ထင်၏။

သို့ဖြင့် မှူးကြီးမတ်ရာ သေနာပတိမင်းသား မင်းသမီး မင်းမြေးမိဖုရား မောင်းမမိဿံများ ခြံရံလျက် စစ်အင်္ဂါလေးပါးခင်းကျင်းကာ ကြီးကျယ်စွာ ထွက်စမွာယ်တော် မူလာခဲ့လေသည်။

စစ်အင်္ဂါလေးပါး၏နောက်ဝယ် စွယ်တော် ခတ်မြတ် ကြွချီလာကြောင်း သတင်းကြားရသော မြို့သူမြို့သားများမှာလည်း ထီး တံခွန်ကုက္ကား ပန်းနံ့သာများ စွဲကိုင်လျက် လိုက်ပါလာကြ၏။

အနုရာဓမြို့၏ လမ်းတိုင်းလမ်းတိုင်းကိုလူအုပ်ကြီး ဖုံးအုပ်နေလေတော့သည်။

---

**နိလာစာပေ**

(၅)

ထိုလူအုပ်ကြီးမှာ ဘုရင့်စစ်သည်များ ဝန်းရံ တားဆီးထားမှုကြောင့် မဟာဝိဟာရ ကျောင်းတိုက်တွင်းသို့ ဝင်ခွင့်မရကြပေ။ အဝေးမှသာ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော် ကျေးဇူးတော် များကို ရည်မှတ်ပူဇော်ကြရ၏။

ဘုရင်မင်းမြတ်သည် စွယ်တော်မြတ်ကို ဖူးမြော်မိသည်နှင့် တပြိုင်နက်တည်းမင်္ဂလာသင်းကျစ်ကို ဖြုတ်ယူပူဇော်လိုက်လေ၏။ တခဏချင်းပင် သဒ္ဓါစိတ် လွှမ်းမိုးလာကာ မိမိတွင် ရှိရှိသမျှသော ရတနာအားလုံးနှင့် လင်္ကာဒီပကျွန်း တကျွန်းလုံးကိုပါ လှူဒါန်းလိုက်လေတော့၏။

ယင်းသို့ လှူဒါန်းကြည်ညိုရင်း "မြတ်စွာဘုရား၏ ဘုန်းတော်ခြောက်တန်၊ ဉာဏ်တော်ဆယ်ပါး၊ အားတော်ဆယ်မျိုး တန်ခိုးတော် အပေါင်းနှင့်တကွ ကောင်းမြတ်သော ပြည်နိဗ္ဗာန်သို့ ဘင်ယူတော်မူပေသော ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်း" တို့ကို အဖန်တလဲလဲဆင်ခြင်မိကာ အဖန်တလဲလဲ ကြည်ညိုရာက နှလုံးသားများ ပူလောင်လာရလေသည်။

"ဩော်....ငါသည်ကား ကြီးမားသော ချမ်းသာစည်းစိမ်ကို ရပါလျက် ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံတော် မူပေသော မြတ်စွာဘုရားကို မဖူးမြင်ခဲ့ရချေ။ ကိုယ်တော်မြတ်၏ စွယ်တော်ကိုသာလျှင် ဖူးမြင်ရပါတော့သည်တကား"

ဘုရင်မင်းမြတ်ဟာ ဝမ်းနည်းပူဆွေးခြင်းကို မချုပ်တီးနိုင်ဘဲ ငိုကြွေးမြည်တမ်းမိသည်။ မျက်ရည်ပေါက်ကြီးငယ်တို့ ယိုစီးလာ

သည်။ ကြည်ညိုသဒ္ဓါ ရှိခိုးရာမှ နှလုံးသား ပူလောင်လွန်းသဖြင့် သတိမေ့မြောကာ လဲကြသွားလေ၏။

မိဖုရားကြီးနှင့် မှူးမတ်များမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြ၏။ နှာနှပ်သူကနှပ်၊ ယပ်ခတ်သူက ယပ်ခတ်ဖြင့် ဝိုင်းဝန်းပြုစုကြရာ တဖြည်းဖြည်း သတိပြန်ရလာပေသည်။

မင်းကြီးသည် သတိရလျှင်ရချင်းလူးလဲထကာ စွယ်တော်မြတ်ကို ငေးမော ရှိခိုးရင်း—

"မြတ်စွာဘုရား သက်တော်ထင်ရှားကို မဖူးမြင်ရစေကာမူ ကိုယ်စားတော်ဓာတ်ကို ဖူးမြင်ရခြင်း၊ လှူဒါန်းပူဇော်ရခြင်းသည် လည်း နတ်ရွာနိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမှုကုသိုလ်ပင် ဖြစ်ပေသည်" ဟူ၍ အောက်မေ့ဖြေဆည်နေရပေတော့သည်။

မဟာဝိဟာရ ကျောင်းတိုက်အတွင်းသို့ ဆင်းရဲသူ ဆင်းရဲသား အသည်သား ကုန်သည် စသည်တို့ ပဝင်ရန် ဘုရင်မင်းမြတ်၏ စစ်သည်တော်များ ဝန်းရံပိတ်ဆို့ထားပါလျက်နှင့် လူအများ သည် အကြိုအကြားမှ တိုးဝင်လာကြသည်။ ရဟန်း သံဃာနှင့် ပညာရှိများသာ ဝင်ရောက်ဖူးမျှော်ခွင့် ရကြသည်။

ရောက်ရှိလာသူများထဲမှရဟန်းပညာရှိ လူပညာရှိနှင့် မှူးမတ် ပညာရှိတို့သည် စွယ်တော်ဓာတ်မြတ်ကို စေ့စေ့ကြည့်ရှုကြည်ညို ရင်း သံသယစကား ဆိုကြ၏။

"အစိန္တေယျ သုံးလောကမျက်ရှုသဗ္ဗညု ရှင်တော်ဘုရားသည် ဖူးစင်သော စွယ်သွားတော်ရှိတော်မူ၏။ ထို့ကြောင့် ဤအရာသည် မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်ဖြစ်ပါမူ ဖြူဖွေးနေသင့် ပေသည်"

"မှန်ပေ၏။ ဤစွယ်တော်မှာမူ အချို့သော အစိတ်အပိုင်းဥ ချိပ်ရည်အသွေးကဲ့သို့ ထွေးထွေးနီမြန်းနေသည်တကား"

"ထွေးထွေးနီမြန်းရုံဖြင့် မပြီးသေး၊အချို့နေရာဝယ် သင်္ကနိုက္ခ ရွှေရောင်နှယ် ဝင်းပြောင်နေပေ၏"

"သင်တို့-သင်တို့ပြောစကားများ မှန်ကန်၏။ ကျွန်ုပ်လည်း ခရုသင်းပွတ်သစ်ငွေကြိုးနှင့်အတူ ဖြူသော အဆင်းကို တွေ့ရပေသည်"

"ကျွန်ုပ်ကား မုလေးငုံ အဆင်းကဲ့သို့ စဉ်းငယ်ဖြူနီရောင် ရှိသော နေရာကိုလည်း တွေ့မြင်ရပေသည်"

"ယင်းသို့တပြီးကား သုံးလူ့သနင်း တရားမင်းရှင်တော်မြတ် ၏ စွယ်တော်အစစ်မှ ဟုတ်ပါအံ့လော"

သံသယစကားကို တိတိလင်းလင်း ထုတ်ဖော်၍ နောက်ဆုံး ညည်းတွားလိုက်သူများမှာ ရေမြေသနင်းပြည့်ရှင်မင်းဖြစ်လေ၏။

ထိုခဏဝယ် မြတ်စွာဘုရား၏ စွယ်တော် ဓာတ်မြတ်သည် ကောင်းကင်သို့ ပျံတက်၍ နှစ်သက်ဖွယ် အတန်တန် လျှပ်မြန်ခြင်း အဟုန်ဖြင့် တောင်ပံကို ဖြန့်ကျင်း၍ ဟင်္သာမင်း၏ ပျံခြင်းကဲ့သို့ အဇ္ဈာကောင်းကင်ရပ်၌ အထပ်ထပ်ပြန်လည်၍ ရောင်ခြည်တော် ကွန်ယက်ကို ထွက်စေတော်မူလျက် ရွှေကြုတ်ထက်သို့ သက်၍ တဖန် တန့်ရပ်စံနေတော်မူသောအခါ ရဟန်းရှင်လူ အပေါင်းတို့ မှာ မိမိတို့ ပြောမိဆိုမိသည်ကို ခွင့်လွှတ်တော်မူပါရန် ဦးနှိမ်ချ၍ တောင်းပန်ရှိခိုးကြလေ၏။

ပြည့်ရှင်မင်းသည် ကြက်သီးမွေးညှင်း ထလျက် သဒ္ဓါပီတိ ဖြစ်ရလေသည်။

---

နိလာစာပေ

မြတ်စွာဘုရား၏ စွယ်တော်မြတ်ကို ယုံမှားသံသယ လုံးဝ ကင်းစင်သွားပေသည်။ သို့သော် အချို့သော ရဟန်းပညာရှိ လူပညာရှိတို့၏ မျက်နှာများတွင် ဒုန်းဒုန်းချ ယုံကြည်လာသည့် အရိပ်လက္ခဏာကိုကား မတွေ့ရသေးပေ။

ထိုသူတို့၏ ယုံမှားသံသယကို နောက်ထပ်တဖန် မရှည်လျား စေလိုသော စေတနာသည် ပြည့်ရှင်မင်း၏ စိတ်တွင် ဖြစ်ပေါ်၏။

သို့ကြောင့် ကောင်းမြတ်သော နေရာ၌ နူးညံ့သိမ်မွေ့လှစွာ သော အခင်းတို့ကို အထပ်ထပ် ခင်းကျင်းစေ၍ စွယ်တော်ကို ပင့်ထားပြီးလျှင် မြူသန့်စင်ကြယ် စံပယ်ပန်း မုလေးပန်း တို့ဖြင့် ဖုံးအုပ်ပိတ်ကာသည်ကို ပြု၏။

ထိုအခါ စွယ်တော်မြတ်သည် အလိုလိုပျံတက်၍ ပန်းစု၏ အထက်၌ တည်တော်မူလျက် ဘော်စင်ငွေတူ ပုံယူနှိုင်းစပ် ပန်းဇလပ်အသွေး မုလေးပွင့်နွယ် စံပယ်ကြက်ရုံး ဂမုန်းလဝန်းပွင့် နှင့်အတူ ဖွေးဖွေးဖြူသော သဒ္ဒါတရောင်ခြည်တော်ကို ပတ်လည် ဝန်းကျင်ဆယ်ခွင်သောအရပ်သို့ နှံ့စပ်တော်မူလျက် မြင်သူခပင်း တို့၏ နှစ်သက်ခြင်းပီတိစိတ်ကြောင့် မမှိတ်သောမျက်စိ ရှိသည်တို့ ကို ပြုတော်မူကာ ဥဟစိတ်ဝင်နေသူများကို ဆုံးမတော်မူ၏။

ကျန်ရှိနေသေးသော သံသယချင်များမှာ မိမိတို့အမှားကို ခွင့်လွှတ်သည်းခံတော်မူပါရန် နဖူးနှင့်ကြမ်း အကြိမ်ကြိမ်ထိညွှတ် ၍ တောင်းပန် တိုးလျှိုးကြလေသည်။

ကိတ္တိသိရိမေဃမင်းသည် စကြာရတနာ ဆိုက်ရောက်လာခြင်း သက် အဆရာထောင် နှစ်သက်မြတ်နိုးတော်မူသည်။

မိမိ၏ ပူဇော်ခွင့်ပူဇော်ထိုက် ရှိခြင်းကို ပို၍ ထင်ရှားစေရန် သစ္စာဓိဋ္ဌာန် ပြုတော်မူပြီးလျှင် မြတ်သောသူတို့အားသာ ထိုက်သော ငှက်ပျောညွန့်ကဲ့သို့ နူးညံ့သိမ်မွေ့ ပြုကတေ့ ထူထဲသော ဘွဲ့ဖြူ ပုဆိုးတရာတို့ကို အထပ်ထပ်ခေါက်လျက် စွယ်တော်ကို ဖုံးအုပ်၍ ထားပြန်၏။

ထိုအခါ ဘုရားမြတ်ကိုယ်တော်၏ စွယ်တော်ဓာတ်အရှင်သည် ဖြူစင်သော မိုးတိမ်တိုက်အတွင်းမှ လွတ်ရှင်းကာ ထွက်ပေါ်လာသောယုန် စန္ဒာလမင်း၏ အဆင်းတရထည် ရောင်ခြည်အသရေကဲ့သို့ ဖြူစင်သန့်ရှင်းစွာ တရာသောပုဆိုးကို စွယ်တော်မြတ် တန်ခိုးဖြင့် ထိုးဖောက်ကာထွက်ပြီးလျှင် ထိုပုဆိုးတို့၏ အထက်၌ ငြိမ်သက်စွာနေတော်မူလျက်ထွက်သစ်စနေလုလင်ပမာ ရောင်ဝါ တောက်ထိန် ဝဇီရစိန်တန်း၊ ပုလဲအဟန် ဗိမာန်ငွေရွက် စံပယ် ခက်ခြူးအုံ မုလေးငုံနှင့် ပုံစနစ်ယူ ကြာဖြူမသွေ့ ငွေပန်းအတူ ဖွေးဖွေးဖြူသော သြဒါတ ရောင်ခြည်ဖြင့် ဆယ်ဖော်သော ရပ်ခပင်းကိုထွန်းလင်းစေတော်မူသည်တွင် တအံ့တသြ အော်ဟစ်၍ ကောင်းချီးပေးကြလေတော့သည်။

ပန်းမြတ်ပန်းသင်းတို့ဖြင့် အုပ်ထားသော်လည်း ပန်းများပေါ်သို့ ကြွတော်မူလာ၏။ ပုဆိုးတရာအထပ်ထပ်ခေါက်ပြီး ဖုံးသော်လည်း ပုဆိုးခေါက် ပုဆိုးထပ်များကိုဖောက်ထွက်ကာ နှိုင်းမကုန်ယှဉ်မဝသော ရောင်ခြည်တော် ပုလဲဖြူကွန့်မြူးတော် မူရကား-

ပရိသတ် ခပဲတို့သည် ဤသို့ အလွန်အကဲအံ့သြမဆုံး ပတ်ကုံး ထွက်လည် သြဒါတရောင်ခြည်နှင့်တကွ ပြာဋိဟာတန်ခိုးတော်ကို ဖူးမျှော်ထင်ထင် မျက်မှောက်တွင်ဝယ် မြင်ဘိရကား ယုံမှား

ကင်းပြောက် ဘဝင်ရောက်မျှ သာဓုကာရ ခေါ်ဆိုကြလျက် ဗုဒ္ဓသခင် စွယ်တော်ရှင်ကို ကြည်လင်ပသန္န သဒ္ဓဟန လက္ခဏာ သဒ္ဒါလှိုင်းလိမ့် နှစ်သိမ့်အားရမ်း ဝါဂွမ်းဆိနစ် ပီတိဖြစ်လျက် သက်တော်ထင်ရှား ဘုရားကိုယ်တော်ထင် ဖူးမြင်တွေ့ကြုံ အာရုံ ခံဇာစိတ် မနော့ညိတ်၍ ဦးထိပ်လက်မိုး ရှိခိုးပူဇော်ကြသူတတွေ။

ဂူနြေ့နှုတစုဝန်းလျား လူအများတို့မှာ လက်ဝါးရင်တီး အံ့ချီးကြေးကြော် ဟစ်အော် ဆူဝေ ဆွေမျိုး ညာတိအပေါင်း သံညောင်း မြှက်ဖော် ခေါ်ကြအထူး ဗလဝသဒ္ဒါပူး၍ မိန့်မူး ခိုင်တွေ့ရှိနေသူမရှား။

ရွှေငွေမြဖလ် လှူဒါန်းရန် အမျိုးမျိုး အပိုးထိုက်ဝတ္ထုအစုစု အငန်းငန်း အဆန်းဆန်းအဖုံဖုံ၊ အပေါ်ရုံပုဆိုး ပိုးမြှတ်ရတနာ ဂိဝါလည်သွဲ ပုလဲပုတီး ညီးညီးရောင်လျှပ် အာရုံ တပ်သား လက်စုပ်လက်ကောက် စိန်ကျောက်ပတ္တမြား နားမှာ နပန်ဝတ် ဆင်ရန် တန်ဆာအထူးတို့ကို လွန်ကြူးသောသဒ္ဓါတရားကြောင့် လှူဒါန်းသူများလည်း တဖုံ။

စိတ်အာရုံပီတိပြောလျက် ထောမနာပြုကြသော ကောင်းချီး သံသည် အနုရာတေမြို့လုံးအုတ်အုတ်ကျွက်ကျွက်တခဲနက် ဆူဝေ၍ သေသူကို ရှင်သူက တရသော ကြည်နူးမှုမင်္ဂလာ အခါဖြစ်နေ တော့သည်။

ပြည့်ရှင်မင်း၏ စစ်သည်များမှာလည်း ရတနာသုံးပါးအရေး ဖြစ်သောကြောင့် လူများကို မတားနိုင် မဆီးနိုင်ကြတော့ပေ။ မဟာဝိဟာရကျောင်းတိုက်အတွင်း ခြေချစရာမရှိအောင် များ

ပြားသော လူထုကြီးသည် တိုးဝှေ့ ဖူးမျှော်ပူဇော်ကြရာ နင်းမိ တိုက်မိတိုးမိသံ၊ လဲပြိုအော်ဟစ်သံများလည်း ညံမစဲတော့ချေ။

မမြင်စဖူးထူးကဲသော တန်ခိုးပြာဋိဟာတို့ကို ဖူးမျှော်ရသဖြင့် အလွန်အကြူး နှစ်သက်ဝမ်းမြောက်နေသော ပြည့်ရှင်မင်းသည် "စွယ်တော်ကြုတ်"ကို မိမိကိုယ်တိုင် ဦးခေါင်းဖြင့်ရွက်၍ နန်းတော်သို့ ပင့်ဆောင်တော်မူခဲ့ပြီးလျှင် မြတ်သောသူတို့သာ ထိုက်တန်သော ရတနာပလ္လင်၌ တင်၍ ပူဇော်ကိုးကွယ်ခြင်းကိုပြု၏။

ထိုမှ ဆက်လက်၍ အဖိုးသိန်းသန်းကုဋေ တန်ဖိုးဖြတ်၍ မရနိုင်သော စွယ်တော်ဓာတ်မြတ်ကို ဆင်းရဲပင်ပန်းခံကာ ပင့်ဆောင်လာခဲ့ကြသော ဒန္တကုမာရမင်းသားနှင့် ဟေမမာလာမင်းသမီးတို့ကိုလည်း အထူး ကျေးဇူးတင်လှသဖြင့် နေစရာ အိုးအိမ်တိုက်တာ ခြွေရံသင်းပင်းများ ပေးအပ်သည်။ ရတနာရွှေငွေများလည်း ချီးမြှင့်သည်။ ရာထူးဌာနန္တရအဆောင်အယောင်နှင့် မြို့စားအဖြစ်ပါ ခန့်အပ်တော်မူလိုက်လေသည်။

ကိတ္တိသိရိမေဃဘုရင်သည် ထိုအချိန်မှစ၍ စွယ်တော်ဓာတ်မြတ် ရတနာကို နန်းတွင်းတွင်သာထား၍ ကြည်ညိုလွန်းမက ကြည်ညိုစွာ သဒ္ဓါလွန်းမက သဒ္ဓါပိုကာ ဆည်းကပ်ကိုးကွယ်နေတော့သည်။

စွယ်တော်ဓာတ်မြတ်ရတနာကို နန်းတွင်းသူ နန်းတွင်းသားများနှင့် သူဌေးကြီး သူကြွယ်ကြီးများသာ ဖူးမျှော်ကြည်ညိုခွင့်ရသည်။

အခြားသူများမူ စွယ်တော်မြတ်ရတနာကို ဖူးမျှော်ရန်မဆိုထားဘိ၊ နန်းတော်နားသို့ပင် သီခွင့် ချဉ်းခွင့် မရကြပေ။

"မြတ်စွာဘုရား စွယ်တော်ဓာတ်မြတ်ရတနာ အနုရာဓပူရမှာ ကိုန်းဝပ်တော်မူသတဲ့"

ဤသတင်းသည် လင်္ကာဒီပကျွန်းကြီးတကျွန်းလုံး ပျံ့နှံ့သွားခဲ့သည်။

လူအများမှာ ဘုရားရတနာကို ကြားဖူးရုံသာရှိ၍ မမြင်ဘူးကြချေ။ အကြားအသိဖြင့်သာ ကြည်ညိုပူဇော်ကြရ၏။ မြတ်စွာဘုရား၏ သရီရဓာတ်တော်များလည်း ကြွင်းကျန်ခဲ့သည်သာကြားဘူး၍ မဖူးမတွေ့ဘူးကြချေ။

ယခု ကံကောင်းကြ၍ သရီရဓာတ်စွယ်တော်မြတ် ကြွရောက်ကိန်းဝပ်တော်မူသည်။ ကြားရသူများမှာ စွယ်တော်ဓာတ်ကို ဖူးမြော်ရန် ရပ်ဝေးရပ်နီးမှ ကုန်းတတန် ရေတတန်လာကြသည်။

စွယ်တော်ဓာတ်မြတ် ကိန်းဝပ်ရာ အရပ်ကို တဝဲလည်လည် စုံစမ်းပြီးနောက်ဆုံးတွင် ဆင်းရဲသားများဝင်ခွင့်မရှိသော အရပ်၌ ရောက်ရှိနေကြောင်း သိကြရတော့သည်။ ခါလေသမျှသဲရေကျဖြစ်ကာ တောက်တခေါက်ခေါက်နှင့် မကျေနပ်ကြချေ။

စွယ်တော်မြတ်ကို ဖူးမြင်ခွင့် ရရာရကြောင်း နည်းလမ်းရှာကြရင်းနှင့် သောင်တင်နေသူများသာမက နေ့စဉ်နှင့်အမျှ ထပ်၍ထပ်၍ ရောက်ရှိလာသော စွယ်တော်ဖူးပရိသတ်မှာ အံ့မခန်းများပြားလာလေ၏။

နစ်နာရင်းကလည်း ရှိ၊ လူစုအင်အားလည်း ကောင်းလာသောကြောင့် မင်းရင်ပြင်သို့ စုရုံးချီတက်ကာ အော်ဟစ်ကြသည်။

---

**နိဂုံးပိုင်းလာစာပေ**

"အရှင်မင်းကြီး၊ အကျွန်ုပ်တို့အားလည်း မြတ်စွာဘုရား၏ စွယ်တော်ဓာတ်ကို ဖူးမျှော်ခြင်းငှာ အခွင့်ပေးပါလော့။ သဗ္ဗညု မြတ်စွာဘုရားသည် လူသူသုံးပါးတို့၏ အကျိုးငှာ ပါရမီကို ဖြည့်ကျင့်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်ပါသည်။ အရှင်မင်းကြီး တပါးတည်း၏ အကျိုးငှာသာ ဘုရားဖြစ်သည် မဟုတ်ပါ။ သို့ဖြစ်၍ အကျွန်ုပ်တို့အားလည်း စွယ်တော်ဓာတ်ကို ဖူးမျှော်ခြင်းငှာ အခွင့်ပေးပါလော့"

သောသောအုတ်အုတ် ကြွေးကြော်အော်ဟစ်သံကိုကြားလျှင် ပြည့်ရှင်မင်းသည် လေသာပြူတင်းကို ဖွင့်၍ ရှုစားတော်မူ၏။ များပြားလှသော လူစုလူဝေးကြီးကိုလည်း မြင်၏။

ယင်းတို့ အလိုဆန္ဒကိုလည်း ကြားရသိရတော်မူ၏။

ဤမျှ များပြားသော လူထုလူအုပ်ကြီး၏ အလိုဆန္ဒသည် မှန်ကန်မျှတခြင်းရှိသဖြင့် ဘုရင်သည် ငြင်းပယ်ရန် မတတ်နိုင်ချေ။ သို့ကြောင့် လိမ္မာရေးခြားရှိသော အမတ်တယောက်ကို စေလွှတ်၍ ပြန်ကြားနှစ်သိမ့်စေ၏။

"လူအပေါင်းတို့၊ မစိုးရိမ်ကြကုန်လင့်။ အေးဆေးသက်သာစွာ ပြန်ကြကုန်လော့၊ ဘုရင်မင်းမြတ်သည် ဆရာတော်သံဃာတော်များကို ပင့်ဖိတ်ကာ စွယ်တော်မြတ်ဖွင့်လှစ်ပြသရန် သင့်လျော်သော နေရာဌာနကို ရွေးကောက်ထားတိုင်ပင်၍ သင့်လျော်သော နေရာဌာန၌ သင်တို့ ဖူးမြင်ပူဇော်ရန် ဖွင့်လှစ်ပြသပေအံ့"

လူစုကွဲသွားပြီးနောက် ပြည့်ရှင်မင်းသည် အနုရာဓ၌ရှိသော ဂိုဏ်းအသီးသီးမှ အကြီးအမှူးဆရာတော် မထေရ်ကြီးများကို

ပင့်ဖိတ်၍အများပြည်သူတို့ စုရုံးအောဲဟစ်ကြွပုံကို လျှောက်ထား တင်ပြတော်မူ၏။

"အရှင်ဘုရားတို့၊ ရခဲလှသော၊ ကြုံခဲလှသော စွယ်တော် မြတ်ကို ရုတ်ရုတ်သဲသဲ လူထုထဲတွင် ချပြ၍ သင့်လျော်ပါမည် လော"

"ဒါယကာတော်မင်းမြတ်၊ အများပြည်သူတို့ ပြောဆိုသော စကားသည် မှန်ကန်လှပေ၏။ တရားကြောင့် လူနတ်တို့ကို အစိုးရတော်မူသော မြတ်စွာဘုရားသည် အလုံးစုံသော သတ္တ လောက၏ အကျိုးစီးပွားအတွက် လောက၌ ဘုရားဖြစ်တော်မူ ခဲ့သည်။ အားလုံးသော လူနတ်ဗြဟ္မာသတ္တဝါတို့အတွက် ကျင့်ကြံ အားထုတ်တော်မူခဲ့သည်။ များစွာသော သတ္တဝါတို့၏အကျိုးငှာ ဓာတ်တော်ကို ခွဲဝေသနသောအားဖြင့် တပါးမက များစွာ ပွား ဖြန့်ခဲ့၍ ထားတော်မူခဲ့သည်။ ထို့ကြောင့် အများပြည်သူတို့အား စွယ်တော်ဓာတ်မြတ်ကို ပူးမျှော်ခွင့် ပေးသင့်လှပေသည်"

သံဃနာယက မထေရ်မြတ်က မိန့်တော်မူ၏။

"သို့ဖြစ်လျှင် စွယ်တော်မြတ်ကို အများပြည်သူ ပူဇော်ရန် အဘယ်သို့သော နေရာဌာနတွင် ဖွင့်လှစ်ပြသလျှင် သင့်လျော် ပါမည်လဲ အရှင်ဘုရားတို့"

ဤအခါ အသီးသီးသော ဂိုဏ်းဦးစီး မထေရ်များသည် မိမိတို့ ကျောင်းအာရာမ်တွင်းသို့ စွယ်တော်မြတ် ကြွရောက်ကိန်းဝပ်စေ ချင်ကြ၏။

ထို့ကြောင့် မိမိတို့ကျောင်း အာရာမ်သည် အရိပ်အာဝါသ ကောင်းကြောင်း၊ ရေမိုးပြည့်စုံကြောင်း၊ ကျယ်ဝန်းကြောင်း၊

မြေပြင်ညီညွတ် သန့်ရှင်းကြောင်း၊ သွားရေး လာရေး လွယ်ကူကြောင်း စသည်ဖြင့် ပြည့်ရှင်မင်း စိတ်ညွတ်လာအောင် ချီးမွမ်းပြောဆိုကြ၏။

ယင်းသို့ တယောက်တပေါက် ပြောဆိုကြသောအခါ ပြည့်ရှင်မင်းမှာ သံဃာတော်များလည်း မငြိုငြင်၊ ပြည်သူလည်း အလိုပြည့်မည့် နည်းလမ်းကို ကြံဆတွေးတောပြီး လျှောက်ထား၏။

"အရှင်ဘုရားတို့၊ ထိုသို့တပြီးကား မြတ်စွာဘုရား၏ စွယ်တော်ဓာတ်သည် သင့်လျော် လျောက်ပတ်သော အရပ်ဌာနသို့ အလိုအလျောက် ကြွလာပါလိမ့်မည်။ ဘုရားတပည့်တော် အလျော်ကန်ဆုံးဖြစ်အောင် ဆောင်ရွက်ပါမည်"

"ဒါယကာ မည်သို့ ဆောင်ရွက်မည်နည်း"

"ဖုံးသရထားထက်တွင် စွယ်တော်မြတ်ကိုတင်၍ သစ္စာဓိဋ္ဌာန်ပြုကာ ရထားကို လွှတ်ပါမည်။ ရထားဆိုက်ရာအရပ်၌ စွယ်တော်မြတ်ကို ဖွင့်လှစ် ပြသပါမည် အရှင်ဘုရားတို့"

"သာဓု-သာဓု-သာဓု။ သင့်မြတ်ပေစွ။ လျော်ကန်ပေစွ ဒါယကာ မင်းမြတ်"

မထေရ်မြတ်များ ရှင်လန်း အားရစွာ ပြန်ကြွသွားတော်မူသည်။

ပြည့်ရှင်မင်းသည် အမတ်တို့ကိုခေါ်ယူ၍ လမ်းခရီး တို့ကို သုတ်သင်သန့်စင်ရန် အမိန့်ထုတ်ဆင့်တော်မူ၏။

ဖုသရထားမည်သည် မောင်းသူမပါဘဲ မြင်းများဆွဲသွားရာသို့ လိုက်ပါရသော ရထားဖြစ်သည်။

ဤရထားမည်သည့်လမ်းဖြင့် သွားမည်ကို မည်သူမျှ ကြိုတင်မသိ။ ထို့အတွက် ရှိရှိသမျှ လမ်းဟူသမျှကို ချုံနွယ်ရှင်းခြင်း၊ မှက်ဖို့ခြင်းနှင့် မြေညှိခြင်းများ ပြုရ၏။

မင်းချင်း မင်းမှုထမ်းနှင့် အခစားအပါးများ လမ်းပြုပြင်ခြင်းသည် စွယ်တော်မြတ် ကြွချီရန်ဖြစ်ကြောင်း ကြားသိရသော တိုင်းသူပြည်သားများမှာ ခြင်းတောင်း၊ ပေါက်တူး၊ ဓား၊ ခရင်းငွှများ ယူဆောင်၍ ရုံးရောက်ရှိလာကြသည်။ လမ်းကို တယောက်တလက် ညီညာဖြဖြ ဝိုင်းဝန်း ပြင်ဆင်ကြသည်။

ထက်အောက် ဝန်းကျင် ရှင်းလင်းပြီးသောလမ်းကို သဲဖြူခင်းသည်။ ရာဇမတ်ကာသည်။ ငှက်ပျောပင်စိုက်သည်။ တံခွန်ကုက္ကားမှုလေးပွားများ ဆင်ယင်သည်။ အမျိုးမျိုးသော အကအခုန် အတီး အမှုတ်များဖြင့် စွယ်တော်မြတ်ကိုစောင့်ကြို ပူဇော်ကြသည်။

ဂိုဏ်းအသီးသီးမှ ရဟန်းများလည်း မိမိတို့ ကျောင်းအာရာမ်တွင်းသို့ အဖဘုရား၏ စွယ်တော်မြတ် ကြွလာတော်မူပါက အသင့် ဖြစ်နေစေရန် ကြိုတင်ရှင်းလင်း ပြင်ဆင်ထားကြလေသည်။

ကိတ္တိသိရိမေဃမင်းသည် နန်းဓလေ့ထုံးတမ်း၌ ကျေညက်သော ပညာရှိတို့နှင့် တိုင်ပင်ကာ ဖုဿရထားကို စီမံပြုလုပ်ပြီးလျှင် ကောင်းမြတ်အဖိုးတန်သော အခင်းများကို ရထားပေါ်၌ ခင်းကျင်းသည်။ ယင်းအထက်၌ စွယ်တော်ကြုတ်ကို တင်ကာ စွယ်တော်မြတ်အား ရှိခိုးတောင်းပန်၏။

"မှန်ိုင်ါးပါးကို အစိုးရတော်မူသော မြတ်စွာဘုရား၊ သစ္စာလေးပါးတရားကို သိတော်မူခြင်းငှာ ဗောဓိမဏ္ဍိုင်သို့ သူတပါးတို့ လျှောက်ထားမဆို ကိုယ်တော့်အလိုကို ကပ်တော်မူ သကဲ့သို့ရင်း၊-

"တိတ္ထိတို့ မာန်ကို နှိမ်နင်းခြင်းငှာကဏ္ဍအမည်ရှိသောသရက်ဖြူပင် အနီးသို့ သူတပါးတို့ လျှောက်ထားမဆို ကိုယ်တော်အလိုလို ကြွတော်မူသကဲ့သို့ရင်း၊-

"မြတ်သော ဓမ္မစကြာ တရားကို ခွဲခြမ်းဝေဘန်၍ ဟောတော်မူခြင်းမှာ မိဂဒါဝုန် သားမျိုးစုံသည့် ရဂုံတောသို့ သူတပါးတို့ လျှောက်ထားမဆို အလိုလိုသာလျှင် ကြွတော်မူသကဲ့သို့ရင်း၊-

"ယနေ့အဘို့လည်းပူဇော်ခြင်းငှာ လျှောက်ပတ်သောအရပ်သို့ ထို့အတူသာလျှင် ကိုယ်တော်မြတ် အလိုလို ကြွတော်မူပါလော့"

ရှိသေစွာ ရှိခိုးပူဇော်ပြီး ပြည့်ရှင်မင်း လျှောက်ထားတောင်းပန်ပြီးသည့်နောက်ဝယ် ဖုသ္သရထား စတင်ထွက်လေ၏။

ရထားသည် နန်းတော်ကို သုံးကြိမ်လှည့်ပတ်ပြီးလျှင် မြောက်တံခါးမှထွက်၍ စွယ်တော်မြတ် ကြွချီတော်မူလေတော့သည်။

စွယ်တော်မြတ် ကြွတော်မူရာ လမ်းတလျှောက်၌ လူအများကြိတ်ကြိတ်တိုး စည်ကားလျက် စွယ်တော်မြတ်ကို ပူဇော်ကြ၏။ အတီးစုံ အကစုံဖြင့် ပူဇော်ကြ၏။

ရဟန်း သံဃာများနှင့် ယင်းတို့ ပတ်သက်ရာ ပတ်သက်ကြောင်းဖြစ်သော ဒါယကာ ဒါယိကာမများလည်း စိတ်ထက်သန်ရာ ပြောဆိုကြလေသည်။

---

နိလာဝစာပေ

“ငါတို့ ကျောင်းတိုက်က ကျယ်လဲကျယ်တယ်။ သာလဲသာယာတယ်။ ဒါကြောင့် စွယ်တော်မြတ်ဟာ ဒို့ကျောင်းကို ကြွလာမှာ”

“အို....၊ ဒို့ကျောင်းက ရေးမိုး အဆင်ပြေတယ်။ မြေတလင်း ညီညာတယ်။ မုချ ဒို့ကျောင်းကို ကြွလာမှာပါ”

“ဒို့ကျောင်းကမှ အငြိမ်အာဝါသ ကောင်းတာဗျ။ သွားရေး လာရေးလဲ အဆင်ပြေတယ်။ ရဟန်းသံဃာ၊ ဘိက္ခုနီ၊ ပိုးသူတော်၊ သီလရှင် ယောဂီတွေလဲ များတယ်။ ဒါကြောင့် ဒို့ကျောင်းကို စွယ်တော်မြတ် ကြွလာမှာပါ။ မယုံစောင့်ကြည့်”

အချို့ကမူ လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးတောင်းပန်ကြ၏။

“အရှင်မြတ်ဘုရား၊ တပည့်တော်တို့၏ ကျောင်း ဥပစာသည် အလွန် သန့်ရှင်း စင်ကြယ်ပါသည်။ တပည့်တော်တို့ ကျောင်း ဥပစာသို့ ကြွတော်မူပါ ဘုရား”

မည်သို့ပင် အာသီသ ရှိသည့်အလျောက် လျှောက်ထား တောင်းပန်ကြစေကာမူ စွယ်တော်မြတ်ငံရာ ပုသရထားသည် မျက်နှာမလိုက် အကြိုက်မပါဘဲ ဆက်လက် ကြွသွားလေ၏။

ရှိခိုးဖူးမျှော်သော လူထုပရိသတ်ကြီးလည်း စည်၊ စောင်း ငြင်း၊ ခရသင်း၊ ပတ်သာကူရိယာတို့ တီးမှုတ် ကခုန်လျက် စွယ်တော်မြတ် ကြွသွားရာနောက်သို့ လိုက်ပါလာကြလေသည်။

စွယ်တော်မြတ်သည် မည်သူမျှ မထင်မှတ်သော ကျောင်း တိုက်ထဲသို့ ကြွမြန်းတော်မူ၏။

“ရှင်မဟာနွဲကျောင်းတိုက်ထဲ ကြွသွားပြီဟေ့”

အောင်ဟစ်သံကြီးသည် မိုးလုံးညံသွား၏။

စွယ်တော်ဓာတ်မြတ်သည် ရှင်မဟိန္ဒထေရ်မြတ် တရားဟော တော်မူရာသို့ရောက်မှ တန့်ရပ်တော် မူတော့သည်။

ရထားယာဉ်သာစီးနင်း၍ နောက်ပါးမှ ထက်ကြပ်မကွာလိုက် ပါလာသောပြည့်ရှင်မင်းသည်စွယ်တော်ကြုတ်ကို ဓမ္မပလ္လင်ထက် သို့ ပင့်ဆောင်လာသည်။

ရှိသေစွာရှိခိုး၍ စွယ်တော်ကြုတ်ကို ဖွင့်လိုက်သည်။

စွယ်တော်မြတ်ကို ဖူးမြင်ရသော လူအများမှာ ကြက်သီးမွေး ညှင်းထလျက် ပီတိအရသာကို ခံစားကြရ၏။ အသင့်ပါလာသော လှူဘွယ်များဖြင့် လှူဒါန်းပူဇော်ကြသည်။ ဦးတိုက်ငိုယိုကြသည်။

သဒ္ဓါပသန္နဖြိုးကြွလျက် ရှိခိုးပူဇော်နေကြစဉ် သုံးလောက ထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ လက်ဝဲအောက်ဓာတ် စွယ် တော်မြတ်သည် မုလေးပန်း စန္ဒကူးဖြူနှင့်တူသော အဆင်းရောင် တို့ဖြင့် တောင်သစ်ပင် ပြာသာဒ်တံခါးမုခ်အစရှိသည်တို့ကို ပွတ် သပ်လျှော်ဆေးညစ်ကြေးမတင် စင်ကြယ်နုဖြူဘောကျူသာခွါ ဖြင့် ပြီးသကဲ့သို့ဖြစ်အောင် ပြုတော်မူရာ တအံ့တဩ အောင်ဟစ် ချီးမွမ်းကြလေ၏။

လဆန်းပက္ခ ထွန်းသစ်စဥ္ဆ လထက်ဝက်အတူ မှည့်ရွှမ်းဖြူ သော အဆင်းအရောင်ရှိ၍ စဉ်းငယ်ညွှတ်ကွေး ငယ်သေးလှသော လခြမ်းရေးအတူ စဉ်းငယ်ညွှတ်သော သဏ္ဌာန်လည်း ရှိတော်မူ သော ဘုန်းမိုတုလွှတ် စွယ်တော်ဓာတ်သည် ဆွတ်ဆွတ်ဖြူဖွေး

မုလေးပန်းစံနစ် အလွန်သစ်သော စန္ဒကူးဖြူနှစ်ကဲ့သို့ အဆင်းရောင်ရှိသော ဖြူသောရောင်ခြည်တော် ကွန့်မြူးတော်မူသည်တွင် ဝန်းကျင်ရှိ ရှိရှိသမျှသက်မဲ့ အရာဝတ္ထုများမှာ သန့်စင်သော ဘောငွေအဆင်းနှယ် ဆွတ်ဆွတ်ဖြူဖွေးကုန်တော့သည်။

စွယ်တော်မြတ်၏ တန်ခိုး ပြာဋိဟာကို ဖူးမြင်ရသူများမှာ တပြိုင်နက် သာဓုခေါ်ကြသည်။ ထိုသာဓုခေါ်သံသည် ညီညွတ်ကျယ်လောင်များပြားသဖြင့် အနုရာဓ တမြို့လုံးကို လွှမ်းခြုံသွားလေ၏။

သူထက်ငါ တိုးဝှေ့ရှိခိုးကြည်ညိုသူများသည် ဘောင်း-ခေါင်းပေါင်းစသည်များ ချွတ်၍ မှန်မြတ်သောပစ္စည်းအဖြစ် ပစ်လွှင့်လှူဒါန်းကြ၏။

"မြတ်စွာဘုရားရဲ့ စွယ်တော်မြတ်ကို ဖူးမြင်ရတဲ့အတွက် သေပျော်ပြီဟေ့"

"ဒီအချိန်မှာ လူဖြစ်ပြီး အသက်ရှင်နေရတာဟာ တန်ခိုးရှိပါတယ်၊ [illegible]ကျိုးရှိပါပေတယ်"

ကျေနပ်စွာပြောသူများက ပြောသလို နားဍောင်း၊ လက်ကောက်၊ လည်ကပ်ဆွဲကြိုးဆံထိုးစသည်များ ချွတ်၍ လှူသူကလှူနှင့် သဒ္ဓါမိုးကြီးရွာဖြိုးနေချေ၏။

မကောင်းစိတ်အားကြီးသူများလည်းစွယ်တော်မြတ်၏တန်ခိုး ပြာဋိဟာကို ဖူးမြင်ရသဖြင့် သတိသံဝေဂရကာယုတ်မာညင်ငြမ်း ကြမ်းကြုတ်ကောက်ကျစ်သော လူအဖြစ်မှ စိတ်ကောင်းစိတ်မှတ် ဖြူစင်ဖြောင့်မတ် ရိုးသားသူများအဖြစ်သို့ ပြောင်းလဲလာကြ၏။

"ကံတော်လို့ စွယ်တော်မြတ်ကို ဖူးမြင်ရတာဘဲ။ ဖူးမြင်ရတာနဲ့ညီအောင် မကောင်းတဲ့စိတ်၊ မကောင်းတဲ့အပြုအမူတွေကို စွန့်လိုက်ပြီဟေ့"

ဝမ်းသာအားရ အော်သူက အော်၏။

"ဤသို့ လျှုဒါန်းပူဇော်ရသော အကျိုးကြောင့် သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားစင်စစ်ဖြစ်ရပါလို၏"

မြတ်စွာဘုရား၏ အံ့ချီးမကုန်သော ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ ဘုန်းတော်အနန္တ၊ တန်ခိုးတော်အနန္တကို ကြည်ညိုအားကျပြီး ဘုရားဆုပန်သူက ပန်လေသည်။

မိစ္ဆာဒိဋ္ဌိများလည်း မိမိတို့၏ တိတ္ထိအမူအကျင့်တို့ကို စွန့်ပယ်ကာ ရတနာသုံးပါးကို ကြည်ညိုညွတ်တွားသော သူများအဖြစ်သို့ ပြောင်းလဲလာကြလေ၏။

ကိတ္တိသီရိမေဃမင်းမှာ စွယ်တော်ဓာတ်မြတ်ကို အသပြာကိုးသိန်းထပ်ဆင့်လှူဒါန်းလိုက်ပြန်လေသည်။

အများပြည်သူ ဝင်ထွက်ဖူးမျှော်နိုင်ရန် စွယ်တော်ကျောင်းကြီးကို နန်းတော်နှင့်မနီးမဝေးတွင် တည်ဆောက်သည်။ လိုအပ်သော အစောင့်အရှောက် အလုပ်အကျွေးများချထားကာ စွယ်တော်မြတ်ကို တည်ထားကိုးကွယ်လေ၏။

ဤမင်းလက်ထက်မှစ၍ အနုရာဓမြို့တွင် တည်ထားကိုးကွယ်ခဲ့သော လက်ဝဲအောက်ခံတော်စွယ်တော်မြတ်မှာ တခုသော မင်းဆက်သို့ အရောက်၌ သံခန္ဓသေလမြို့သို့ ပြောင်းရွှေ့ကိန်းဝပ်တော်မူပေသည်။

နိဂုံး

---

နိလာစာပေ

ကျောင်းတိုင်၊ ကျောက်နံရံတို့ဖြင့် အခိုင်အခံ့ တည်ဆောက်ထားသော ဘုံနှစ်ဆင့် တိုက်ကျောင်းကြီးဝယ် သုံးလူ့ဦးကင်း တရားမင်း၏ လက်ဝဲအောက်ဓာတ် စွယ်တော်မြတ်သည် ယနေ့ထက်သိ ကိန်းဝပ်စံမှာယ်တော်မူလျက် ရှိလေသတည်း။ ။

နိ လာ၀ာ၆ပ

## ကျမ်းပြီးအမှာစကား

"အနန္တ တန်ခိုးတော်ရှင် ဗုဒ္ဓ" အမည်ရှိသော ဤစာအုပ်ကို ၁၃၃၈ခု၊ဝါဆိုလပြည့်ကျော် ၁၄ရက်၊ စနေနေ့ (၂၄-၇-၇၆) တွင် ရေးသားပြုစု၍ ပြီးစီးပါသည်။

'ခင်ပွန်းကြီးဆယ်ပါး' ဟူသော ရှိခိုးရှိသေအပ် မြတ်နိုးပူဇော်အပ်သော ပုဂ္ဂိုလ်များ၏ ကျေးဇူးဂုဏ်ကို ယုံကြည်အောက်မေ့လျက် ရေးသားပြုစုသောကြောင့် ချောမော အောင်မြင်စွာ ပြီးစီးရခြင်း ဖြစ်ပေသည်။

'မဟာဝံသဋီကာ' နှင့်ညီညွတ်သော ဖြစ်စဉ် ဖြစ်ရပ်များကို ဖော်ပြသော ကျမ်းများကို 'ဝံသကျမ်း' သို့မဟုတ် 'ဝင်ကိုးဝင်' ဟု ဆိုစမှတ်ပြုကြ၏။

ဝင်ကိုးဝင်ဟု ပြောစမှတ် ပြုကြခစကာမူ စင်စစ်အားဖြင့် ၁၃ ဝင် အထိ ရှိနေပေသည်။

နီလာဥစ္စာပေ

ယင်းတို့မှာ-

(၁) ဗုဒ္ဓဝင်၊
(၂) အနာဂတဝင်၊
(၃) ဒီပဝင်၊
(၄) မဟာဝင်၊
(၅) ဗောဓိဝင်၊
(၆) ဒါဌာဓာတုဝင်၊
(၇) နဠာဋဓာတုဝင်၊
(၈) ထူပဝင်၊
(၉) ရွှေပြည်ဝင်၊
(၁၀) ဆကေသဓာတုဝင်၊
(၁၁) သာသနာဝင်၊
(၁၂) ဂန္ထဝင်၊
(၁၃) ရာဇဝင် တို့ ဖြစ်ပေသည်။

ဗုဒ္ဓဝင်ဟူသည်မှာ ပွင့်တော်မူခဲ့ပြီးသော မြတ်စွာဘုရားတို့၏ ဖြစ်စဉ်ဖြစ်ရပ်မှ အညွှန်းပြအတ္ထုပ္ပတ္တိကို ခေါ်ပေသည်။

ဗုဒ္ဓဝင်ကျမ်းများမှာ-

(က) မူလ ဗုဒ္ဓဝင်ပါဠိတော်၊
(ခ) အရှင်မဟာဗုဒ္ဓဒတ္တထေရ် ပြုစုတော်မူသော 'ဗုဒ္ဓဝင်အဋ္ဌကထာ'၊

(ဂ) အရှင်သောဘိတထေရ်ပြုစုရေးသားတော်မူသော–'ဗုဒ္ဓဝင်ဋီကာ' နှင့်
(ဃ) အခြားဆရာများ ပြုစုရေးသားခဲ့သော ဗုဒ္ဓဝင် ပါဠိတော် နိဿျ၊
(င) ဗုဒ္ဓဝင် အဋ္ဌကထာနိဿျ၊
(စ) ဗုဒ္ဓဝင်ဝတ္ထုနှင့် နှောင်းပုဂ္ဂိုလ်များ ရေးသားပြုစုသော ဗုဒ္ဓဝင် ကျမ်းများ၊ စာအုပ်များ ဖြစ်ပေသည်။

**အနာဂတဝင်ကျမ်းမှာ** ပွင့်တော်မူမည့် မြတ်စွာဘုရားများ၏ ဖြစ်စဉ်ဖြစ်ရပ် အတ္ထုပ္ပတ္တိကို ခေါ်ပေသည်။

**အနာဂတဝင် ကျမ်းများမှာ**–

(က) မူလ အနာဂတဝင် ပါဠိတော်၊
(ခ) သီဟိုဠ်ကျွန်း မဟာဥပတိဿမထေရ် ရေးသား စီရင်တော်မူသော အနာဂတဝင် အဋ္ဌကထာနှင့်-
(ဂ) အခြား ပညာရှိ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ ရေးသား ပြုစုသော ဒသဗုဒ္ဓ အနာဂတဝင် ပါဠိ၊
(ဃ) အနာဂတဝင်ပါဠိတော် နိဿျ၊
(င) အနာဂတဝင် အဋ္ဌကထာနိဿျနှင့်-
(စ) အနာဂတဝင် ဝတ္ထုတို့ ဖြစ်၏။

ဒီပဝင် ဟူသည်ကား တောင်ကျွန်း၊ မြောက်ကျွန်း၊ အရှေ့ကျွန်း၊ အနောက်ကျွန်း ဟူသော ကျွန်းကြီးလေးကျွန်းနှင့် လက်ာ ဒီပစသည့်ကျွန်းငယ်များ၏ ဖြစ်စဉ်ဖြစ်ရာ အတ္ထုပ္ပတ္တိများကို ခေါ် ပေသည်။

---

နိဂုံးပေ

ဒီပဝင်ကျမ်းများမှာ-

(က) သီဟိုဠ်ဘာသာဖြင့်ရှိသော မူလဒီပဝင်ကျမ်း၊
(ခ) မာဂဓဘာသာဖြင့် ဒီပဝင်ပါဠိ၊
(ဂ) မန္တလေးမြို့ ဒက္ခိဏာရာမ ပထမ ဘုရားကြီး ဆရာတော် စီရင်တော်မူသော ဒီပဝင်ဋီကာ၊
(ဃ) ၎င်းတို့အပြင် အခြားဆရာများ စီရင်ရေးသားကြသော ဒီပဝင် နိဿျ၊
(င) ဒီပဝင်ဝတ္ထုတို့ ဖြစ်သည်။

မဟာဝင် ဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရားနှင့် သာသနာပြု ရဟန်းသံဃာ အရှင်မြတ်များ၊ သာသနာပြု ဘုရင်မင်းမြတ်များ ၏ ဖြစ်စဉ်ဖြစ်ရပ်များကို ဖော်ပြသော အတ္ထုပ္ပတ္တိ ဖြစ်ပေသည်။

ယင်းတို့မှာ-

(က) မူလ သီဟိုဠ်ဘာသာဖြင့်ရှိသော မဟာဝင်၊
(ခ) သာသနာတော်နှစ်ရှစ်ရာကျော်တွင် သီဟိုဠ်ရှင်နာမထေရ် စီရင် ပြုစုတော်မူသော မာဂဓဘာသာ မဟာဝင် ပါဠိနှင့်-
(ဂ) နှောင်းဆရာမြတ်တို့ ပြုစုကြသော မဟာဝင် နောက် ဆက်တွဲခေါ် စူဠဝင် ပါဠိများ၊
(ဃ) မဟာဝင်နိဿျ၊
(င) ကျီးသဲလေးထပ် ဆရာတော် ရေးသား ပြုစုတော်မူသော မဟာဝင် ဝတ္ထုတို့ ဟူ၍ ဖြစ်၏။

---

ဗောဓိဝင် ဟူသည် မဟာဗောဓိနှင့် အာနန္ဒာဗောဓိ၊ ဒက္ခိဏာသာခါ ဗောဓိတို့၏ ဖြစ်စဉ် ကြောင်းလျှားများကို ဖော်ပြသော အတ္ထုပ္ပတ္တိ ဖြစ်ပေ၏။

ယင်းတို့မှာ-

(က) သီဟိုဠ်ဘာသာဖြင့်ရှိသော မူလဗောဓိဝင်၊
(ခ) သီဟိုဠ်အရှင် မဟာဥပတိဿထေရ် စီရင်တော်မူသည့် မဟာဗောဓိဝင်ပါဠိ၊
(ဂ) ပုဂံပြည် ပေါင်လောင်အရှင် မဟာကဿပမထေရ် စီရင်တော်မူသော မဟာဗောဓိဝင်ဋီကာ၊
(ဃ) ဒုတိယ ငခုံဆရာတော် ပြုစုတော်မူသော မဟာဗောဓိဝင် နိဿျ၊
(င) အမည်မသိ ဆရာတဦး ပြုစုတော်မူသော မဟာဗောဓိဝင် ဋီကာနိဿျတို့အပြင်-
(စ) ဗောဓိဝင် ဝတ္ထုတို့ ဖြစ်ကြလေသည်။

ဒါဌာဓာတုဝင်မှာ မြတ်စွာဘုရား၏ သရီရဓာတ်တော်များ ဖြစ်သော စွယ်တော်မြတ်များ၏ ကြောင်းခြင်းထုပ္ပတ်ကို ခေါ်ပေသည်။

ယင်းတို့ကား-

(က) မူလ သီဟိုဠ်ဘာသာဖြင့် ရှိခဲ့သော ဒါဌာဓာတုဝင်၊
(ခ) သီဟိုဠ်ကျွန်းအရှင် သဒ္ဓမ္မကိတ္တိထေရ် စီရင်တော်မူသော မာဂဓဘာသာ ဒါဌာ ဓာတုဝင်ပါဠိ၊

(ဂ) အမည်မသိ ပုဂ္ဂိုလ်များ ပြုစုသော ဒါဌာ ခေတ်ဝင်ရှိကာ၊
(ဃ) ဒါဌာ ခေတ်ဝင်နိသျ စသည်တို့ အပြင်-
(င) ဒါဌာခေတ်ဝင် ဝတ္ထုတို့ ဖြစ်ကြ၏။

နာဠဓာတုခေတ်ဝင်မှာမူ မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်မြတ် ဖြစ်စဉ်ကြောင်းခြင်းရာကိုဖော်ပြသော အတ္ထုပ္ပတ္တိပေတည်း။

၎င်းတို့မှာ-
(က) အမည်မသိ ဆရာများ ပြုစုတော်မူခဲ့ကြသည့် မူလနဠဓာတုခေတ်ဝင်ပါဠိ၊
(ခ) နဠဓာတု ခေတ်ဝင်ရှိကာ၊
(ဂ) နဠဓာတုခေတ်ဝင်နိသျ၊
(ဃ) နဠဓာတု ခေတ်ဝင် ဝတ္ထုတို့ ဖြစ်ကြပေ၏။

ထူပဝင်မှာ သီဟိုဠ်ကျွန်းရှိ ဟေမမာလီ မဟာစေတီတော်မြတ်၏ ဖြစ်ရပ်ကို ဖော်ပြသော အတ္ထုပ္ပတ္တိမှ စတင်၍ ထိုသည့်နောက်တွင် တည်ထားသော ဘုရားစေတီများ၏ ကြောင်းခြင်းရာများကိုပါ ခေါ်ဆိုကြပေသည်။

ယင်းတို့မှာ-
(က) သီဟိုဠ်ကျွန်း ဝါစိဿရထေရ် စီရင်သော မူလထူပဝင်ပါဠိ၊
(ခ) အမည်မသိ ပုဂ္ဂိုလ်များ ပြုစုကြသော စူဠထူပဝင်ပါဠိ၊
(ဂ) ထူပဝင်နိသျ၊

(ဿ) ထုပဝင်ဝတ္ထု စသည်တို့အပြင်-

(င) ညောင်းကာလများတွင် ပြုစုရေးသားကြသော ထုပဝင်များနှင့် အခြား ဘုရား စေတီသမိုင်းများ ဖြစ်ကြ၏။

ရွှေပြည်ဝင်ဟူသည်ကား မြတ်စွာဘုရားနှင့် အဂ္ဂသာဝက နှစ်ပါးတို့ ပရိနိဗ္ဗာန် စံဝင်တော်မူပုံကို ပြဆိုခြင်း ဖြစ်သည်။ ယင်းအတွက် အမည်မသိ ပုဂ္ဂိုလ် စီရင်သော ရွှေပြည်ဝင် ဝတ္ထု ရှိခဲ့ရာ နောက်ပိုင်းတွင် ထင်ရှားသော ရဟန္တာ အရှင်မြတ်များ ပရိနိဗ္ဗာန် ပြုပုံကိုပါ ရွှေပြည်ဝင်ဟုထည့်သွင်းခေါ်တွင်၍ ဆရာ အများပြုစုသော ရွှေပြည်ဝင် အမျိုးအစား ကျမ်းများစွာ ရှိလာ ခဲ့လေတော့သည်။

ဆ-ကေသဓာတုဝင်မှာ မြတ်စွာဘုရား၏ ဆံတော်မြတ် ခြောက်ဆူ၏ ကြွရောက်ပုံနှင့် တည်နေကိန်းဝပ်ပုံကို ဖော်ပြခြင်း ဖြစ်သည်။ ယင်းအတွက်-မူလအမည်မသိ ပုဂ္ဂိုလ်စီရင်သော 'ဆ-ကေသဓာတုဝင်ပါဠိ' ရှိခဲ့၏။

နောက်- ညောင်းကာလတွင်ကား တဆူစီဖြစ်စေ၊ တဌာနစီ ဖြစ်စေ ရှုံးပေါင်း၍ ဖော်ပြသောကျမ်းများ ပေါ်ထွက်ခဲ့၏။

သာသနာဝင် ဟူသည်ကား သာသနာပြုဆရာ အစဉ်အဆက် ကို ပြဆိုခြင်းဖြစ်၏။ မောင်းထောင် ဆရာတော် စီရင်သည့် 'သာသနာဝံသဒီပိကာ ပါဠိ'သည် သာသနာဝင် ကျမ်းဖြစ်ကာ ညောင်းကာလတွင် ပညာရှိအသီးသီးတို့ ခေတ်ကာလအလျောက် ပြုစုကြသဖြင့် သာသနာဝင်ကျမ်းများ များစွာရှိနေပေပြီ။

ဂန္တဝင်မှာ မည်သည့်ကျမ်းဂန်ကို မည်သည့်ဆရာ ပြုစုသည် စသည်ဖြင့် ကျမ်းဂန်များနှင့် ကျမ်းပြုဆရာများကို ဖော်ပြထားခြင်း ဖြစ်သည်။

အစတွင်-

(က) မူလဂန္ထဝင်ပါဠိ၊

နောက်ပိုင်းတွင်–

(ခ) ကြီးသဲလေးထပ်ဆရာတော် ပြုစုသော စူဠဂန္ထဝင်၊ ပါဠိတို့သာ ရှိခဲ့ရာ-

ယခုအခါတွင် ဂန္ထဝင်အမျိုးအစားဝင် ကျမ်းများ မြောက်မြားစွာကို ရဟန်းပညာရှိ၊ လူပညာရှိတို့ ပြုစုထားပြီးကြလေပြီ။

ရာဇဝင်ကား မင်းစဉ်မင်းဆက်ကို ပြသည်။ သက္ကရာဇ် ၈၆၄ တွင် ရှင်မဟာသီလဝံသထေရ်မိရင်ကော်မူသောသမန္တပါသာဒိကကျမ်းခေါ် 'ရာဇဝင်ကျော်'မှ အစ နောက်ကာလတွင် ပြုစုသော ရာဇဝင်များ များစွာ ရှိပေသည်။

ဤသို့ တည်ရှိခဲ့သော "ဝင်"ကျမ်းများအနက်မှ သာသနာ၌ ကြည်ညိုခြင်း၊ ရတနာသုံးပါး၌ ယုံကြည်ကိုးကွယ်သော မျိုးရိုးစဉ်လာရှိသော်ငြား အသိဗဟုသုတ အားနည်းသော လူများ သိမြင်ကြည်ညိုစေလိုခြင်း ဟူသော အကြောင်းချက်များကြောင့် ဒါဌာဓာတုဝင်ကျမ်းကို မှီငြမ်းပြု၍ ဤစာအုပ်ကို ပြုစုခြင်း ဖြစ်ကြောင်း ထပ်လောင်း ဖော်ပြလိုပါသည်။

ဒါဌာဓာတုဝင်ကျမ်းလာ ကိတ္တိသိရိမေဃမင်းကို သိရိမေဃဝဏ္ဏမင်း ဟူ၍လည်း ခေါ်တွင်၍ သာသနာနှစ် ၈၄၆ တွင် နန်းတက်သည်။

---

နိလာစာပေ

သာသနာနှစ် ၁၁၀၄ တွင် နန်းတက်သော ကိတ္တိသီရိမေဃ မင်းနှင့် အမှတ်မမှားကြစေရန် ဖြည့်စွက် အမှာစကားပြုပါသည်။

သို့ဖြင့် ကျမ်းပြီးအမှာစကားကို ဖော်ပြရင်း—

"အညစ်အကြေး မတင်သောမြတ်စွာဘုရား၊

"အညစ်အကြေးဖြင့် မည်သို့ပင် သုတ်လိမ်းစေကာမူ ပေကျံခြင်း မရှိသော မြတ်စွာဘုရား။

"ဤသဗ္ဗညု မြတ်စွာဘုရားကို ယုံကြည် သဒ္ဓါဖြင့် ကိုးကွယ်ဆည်းကပ်ရန် ဟိုက်တွန်းလိုပါသည်။

"စည်းစိမ်ဥစ္စာကိုလို၍ ဆည်းကပ် ကိုးကွယ်ခြင်းကို မြတ်စွာဘုရား အားမပေးပါ။

"လောကီရေးရာ လူ့ကိစ္စ အခက်အခဲများ ပြေလည်စေရန် ဝပ်တွားဆည်းကပ် ခြင်းကိုလည်း မြတ်စွာဘုရား မချီးကျူးပါ။

"တန်ခိုးပြာဋိဟာကို အထင်ကြီး၍ ပူဇော်ခြင်းကိုလည်း မြတ်စွာဘုရား အားမပေးပါ။

"သို့ရာတွင် ထိုသို့သောအကြောင်းများဖြင့်လာရောက် ကိုးကွယ် ဆည်းကပ် လာခြင်းကိုလည်း မြတ်စွာဘုရားသည် ငြင်းဆန်စေလွှတ်လေ့ မရှိပါ"

ထို့ကြောင့် ဆန္ဒအမျိုးမျိုး ပယောဂ အသွယ်သွယ်ကြောင့် ဟိုဟိုဒီဒီ ချဉ်းကပ်ကိုးကွယ်နေခြင်းတို့ထက် မြတ်စွာဘုရားတို့နှင့်

တကွ ရတနာသုံးပါးကို ယုံကြည်သဒ္ဓါပြည့်ဝစွာဖြင့် ကိုးကွယ်ပူဇော်ခြင်း၊ လိုက်နာခြင်း၊ ကျင့်ကြံ အားထုတ်ခြင်းသည် ပို၍မြတ်ပေသည်။ ပို၍ အကျိုးထူးပေသည်။

လောက သုခများသာမက လောကုတ္တရာ သုခများကိုပါ မလွဲမသွေ ရနိုင်ကြောင်းဖြင့် သတိပေး နှိုးဆော် လိုက်ရပါကြောင်း။

အပ္ပမာဒေန သမ္ပာဒေထ။

နီလာစာပေ

# သမိုင်းနောက်ခံ ဝတ္ထုကြီး

* ၆-ရာစုနှစ်က အိန္ဒိယနိုင်ငံမှ တောတောင် အထပ်ထပ်ကို ဖြတ်ကျော်ပြီး၊ တရုတ်ပြည်သို့ ဗုဒ္ဓ၏ တရားဓမ္မ ဖြန့်ဖြူးရန် အသက်ဆံဖျား စွန့်စားသွားရောက်ခဲ့သော ဘိက္ခုနရိန္ဒယသ၏ ကိုယ်ရေး အတ္ထုပ္ပတ် ပုံသဏ္ဍာန်ဖြင့် ရေးသားထားသည့် ထူးခြားဆန်းကြယ်သော သမိုင်းဝင် ဝတ္ထုကြီးဖြစ်သည့်-

ရာဟုလာသံကိစ္စည်း ၏

# အဖွ့ခံခရီးသည်

ပါရဂူ

မြန်မာပြန်သည်

* ဤဝတ္ထုကြီးသည် အသက်ဆံဖျား သွားရောက်ခဲ့သည့် ခရီးသွား မှတ်တမ်းကြီးသဖွယ်လည်း ဖြစ်သည်။
* ချစ်ခန်း၊ ကြိုက်ခန်း၊ စွန့်စားခန်းများ ပါဝင်နေသဖြင့် အချစ်နှင့် စွန့်စားခန်း ဝတ္ထုကြီးလည်းဖြစ်သည်။
* ဗုဒ္ဓဘာသာသမိုင်းနှင့် ဗုဒ္ဓတရားကို ဦးစားပေး ဖော်ပြထားသဖြင့် ဓမ္မဝတ္ထုကြီး အနေဖြင့်လည်း တည်ရှိနေပေသည်။

**အရွယ်ကြီး၊ ဆိုက်ကြီး၊ အခန့်ချုပ်၊ စာမျက်နှာ ၅၀၀ ကျော်၊ နှလုံးလှ အပြင်အဆင်ဖြင့် မကြာမီ ထွက်လာပါတော့မည်။**

# ဓမ္မပဒ

## ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ–လန်ဒန်)

○ ဓမ္မပဒသည် ကမ္ဘာ့စာပေနယ်၌ နေရာယူထားသော ကျမ်းတဆူ ဖြစ်ပေ၏။ ဗုဒ္ဓဘာသာဝင်များသာမက အခြား ဘာသာဝင်များကလည်း ဓမ္မပဒကို စိတ်ဝင်စားကြသည်။ အလေးအနက် ပြုကြသည်။ အဘယ့်ကြောင့်နည်း။

○ ဓမ္မပဒသည် ဗုဒ္ဓကိုယ်တော်တိုင် မြွက်ကြားခဲ့သည့် ဇာတ်လမ်းများ ဖြင့်ပေ၏။ အတွေးအခေါ် သဘောတရားများလည်း ဖြစ်၏။ ဝါဒ လမ်းစဉ်နှင့် လမ်းညွှန်ချက်များလည်း ဖြစ်၏။ ဆန့်ကျင်ဘက် အယူဝါဒ သမားများအား တုံ့ပြန်ရာ၌ အထိရောက်ဆုံးသော လက်ဆောင်မွန်လည်း ဖြစ်၏။

○ အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုး၊ လိမ္မာခြင်းနှင့် မိုက်မဲခြင်း၊ အကျိုးနှင့်အပြစ် စသည်ကို ခြေခြေမြစ်မြစ် လင်းပါး ညွှန်ပြရာ၌ ဓမ္မပဒသည် သြဇာအကြီးမားဆုံးသော တရားသူကြီး ဖြင့်၏။

○ ဓမ္မပဒကို ပုံစံအမျိုးမျိုးဖြင့် ထုတ်နုတ် ရေးသားခဲ့ဘူးကြပြီ။ ယခု ဓမ္မပဒသည် မည်သည့် ဓမ္မပဒနှင့်မျှမတူ။ အပြည့်အစုံ လိုရင်းကျကျ ရှင်းလင်း ပီပြင်သော ဓမ္မပဒ ဖြစ်သည်။

**နှလုံးလှစာပေ၏မူအတိုင်း ဝေဝေဆာဆာ ထွက်လာပါမည်။**

* အရှင် မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုသော ရဟန္တာ တဆောင်တို့သည် တတိယ သံဂါယနာ တင်ကြပြီးနောက် သီရိဓမ္မာသောကမင်းသည် ကိုးတိုင်းကိုးဌာနသို့ သာသနာ ပြုရန် စီစဉ်စေလွှတ်ခဲ့သည်။
* ဘာ့ကြောင့် သာသနာပြု စေလွှတ်ရသနည်း။ မည်မျှလောက် အောင်မြင်ခဲ့သနည်း။ ထိုစဉ်က သာသနာတော်ကို ဘယ်သူ တွေက ဖျက်ဆီးပစ်ကြသနည်း။ ဘယ်နည်း ဘယ်ပုံ ဖျက်ဆီး ပစ်ကြသနည်း။ ကိုးတိုင်းကိုးဌာန ဟူသည်မှာ ယနေ့ ဘယ် နိုင်ငံများနည်း။ ထိုနိုင်ငံများ၌ ယနေ့ ဗုဒ္ဓသာသနာ အခြေ အနေ စသည် စသည်....။ ထို့ပြင်-
* ကိုးတိုင်းကိုးဌာန၌ ရဟန္တာကြီးများ သာသနာပြုဟောကြား ခဲ့သော တရားလမ်းစဉ်များ၊ အစီအစဉ် လုပ်ဆောင်ချက် များ၊ အနှောက်အယှက် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်း ရပုံများ။

# ကိုးတိုင်းကိုးဌာန
# သာသနာပြုမှတ်တမ်း

## အယ်ဒီတာဦးလေးမြိုင်

* ခေတ်အဆက်ဆက် မှတ်တမ်းတင်ခဲ့ကြသော ကျမ်းပေါင်း များစွာထဲမှ လိုရင်းကို ထုတ်နုတ်စီစဉ်ထားပါသည်။ လွယ်ကူ ရှင်းလင်းရမည်၊ စိတ်ဝင်စားဘွယ် ရှိရမည်၊ ပြည့်ပြည့်စုံစုံ ရှိရ မည်။ ထို့ပြင် ဖတ်ရှုသူတိုင်း နှစ်သက်ကြည်ညိုစိတ် ပွားလာ စေရပါမည်။

နှလုံးလှစာပေမှ အထူးစီစဉ်မွမ်းမံလျက် ထွက်တော့မည်။

# သူ့ဘဝ၊ သူ့တရား၊ သူ့ကျေးဇူး

○ သူ့အကြောင်းကား ထူးခြားလှပေသည်။ သူ့ကျေးဇူးတရားကား ကမ္ဘာ့အတိုင်းအတာထိ ကြီးမားလှ၏။ စာတတ်ဆရာတော်ကြီးများပင် သူ့ထံ၌ နည်းနာခံခဲ့ရဘူး၏။

○ သူကား စာမတတ် ပေမတတ် လယ်သမားကြီး တဦး။ သို့သော် လယ်တီဆရာတော်ဘုရားကြီးကပင် ကမ္မဋ္ဌာန်းနည်းပေး၍တရားပြ ဆရာလုပ်ရန် အထူးတိုက်တွန်းခံရသူဖြစ်၏။ ထူးခြားစွာ အမြင်အသိ သန့်သူလည်း ဖြစ်သည်—

# အနာဂါမ် ဆရာသက်ကြီး

## ဓမ္မာစရိယ ဦးဌေးလှိုင်

○ ဝိပဿနာ လုပ်ငန်းများ ယခုအခါကဲ့သို့ မကျယ်ပြန့် မကျော်ကြား မီကပင် သူသည် တနိုင်ငံလုံး ကျော်ကြားခဲ့၏။ လက်ဆုပ်သင် လက်ဆွေးစင် ရဟန်းရှင်လူ တပည့်ပေါင်း အမြောက် အမြား ရှိခဲ့ပြီ။ ထိုမျှသာ မကသေး။

○ ယနေ့ အမေရိက, ဥရောပနှင့် ဣန္ဒိယစသော နိုင်ငံကြီးများ၌ သူ့နည်း သူ့တရားတို့သည် သိပ္ပံပညာကြား၌ အထူးရေပန်း စားလျက် ရှိသည်။ သိပ္ပံဆရာကြီးများ ကိုယ်တိုင် သူ့နည်းစနစ် အရ ကမ္မဋ္ဌာန်းပြနေကြ၏။

○ သူ့ကို အကြောင်းပြု၍ 'ဗုဒ္ဓဝါဒနှင့် မြန်မာပြည်'သည် အနာဂတ် ကမ္ဘာ၌ မည်သည့် အတိုင်းအတာအထိ ပွဲတောင်းခံလာရမည်ကို ဤစာအုပ်ဖြင့် အကဲဖြတ် မြီးစမ်း နိုင်ပါ၏။

**ဆက်လက် ထွက်လာမည့် 'နှလုံးလှ' စာအုပ်ကောင်း တအုပ်**

## အနန္တတန်ခိုးတော်ရှင် ဗုဒ္ဓ

- မြတ်စွာဘုရား၏ အလောင်းတော်ကို တေဇောဓာတ် လောင်ကျွမ်းသောအခါ အင်ကြင်းပင် ကိုင်းကြား၊ ခွကြား၊ အရွက်ကြား၊ အခက်ကြားမှ မိုးတောက်ကြီးများသည် နံ့သာထင်းပုံပေါ်သို့ ကျဆင်းလာသည်။ ထိုမိုးတောက်များ ကြားတွင် ပင့်ကူ-ခြ-ပရွက် စသော ပိုးမွှားများ မပူမလောင် သွားလာနေခဲ့သည်။
- တေဇောဓာတ် လောင်ကျွမ်းပြီးနောက် ညှပ်ရိုးတော် နှစ်ဆူ၊ နဖူးသင်းကျစ်တော်တဆူနှင့် စွယ်တော်လေးဆူတို့ မကွဲမပြား တည်ကြွင်းခဲ့၏။
- ဤစာအုပ်သည် ထိုဓာတ်တော်ကြီး ခုနစ်ဆူအနက် တဆူသော ဓာတ်တော်-လက်ဝဲအောက်ဓာတ် စွယ်တော်မြတ်အကြောင်းကို ဖော်ပြထားပေသည်။
- စွယ်တော်ဓာတ်မြတ်ကို ကြီးကျယ်ခမ်းနားစွာ ပူဇော်သူလည်း ရှိ၏။ စော်ကား ဖျက်ဆီးသူလည်း ရှိ၏။ သို့ရာတွင် ပေပေါ် တင်ထုလျှင် ပေတုံးထဲ ဝင်သွား၏။ မကြေမွ မပဲ့ရွဲ့။ မီးထဲ ပစ်ချ၏။ မီးထဲမှ ပေါ်လာသော လှည်းဘီးခန့် ကြီးမားသည့် ကြာပွင့်ကြီး ပေါ်တွင် စံတော်မူ၏။ ရေထဲ ပစ်ချ၏။ ကောင်းကင်သို့ ပျံကြွတော်မူ၏။ ဖျက်ဆီးရန် ကြိုးစားကြသော်လည်း စွယ်တော်မြတ်ကား ပျောက်ပျက်မသွားချေ။
- မြတ်စွာဘုရား၏ ရေတွက်ပိုင်းခြား၍ မရနိုင်သော အနန္တဘုန်းဂုဏ် ပါရမီတော်များအနက်မှ အလွန် သေးဖွဲသော အကြောင်းအရာ၊ သို့သော် အံ့မခမ်းကြီးကျယ်သော အဖြစ်အပျက်တခုကို ရေသာများ၍ ငါးမတွေ့ ခုန်ပျံကျော်လွှား ဗျာပါဒများနေသူများ ဖတ်ရှု ကြည်ညိုကြရန် ရည်သန်ပေသည်။